# လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများကို ဘယ်လိုကာကွယ်ပေးမလဲ

မြန်မာနိုင်ငံရှိ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများ အခြေအနေနှင့်
သင့်တော်သည့် ကာကွယ်စောင့်ရှောက်ရေးယန္တရားများအကြောင်း အစီရင်ခံစာ

# လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများကို ဘယ်လိုကာကွယ်ပေးမလဲ

## မြန်မာနိုင်ငံရှိ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများ အခြေအနေနှင့် သင့်တော်သည့် ကာကွယ်စောင့်ရှောက်ရေး ယန္တရားများအကြောင်း အစီရင်ခံစာ

နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ) နှင့်
မြန်မာ့အရေးပူးပေါင်းဆောင်ရွက်သူများ၏ ရှေ့ပြေးအသံ မူဝါဒသုတေသနစီမံကိန်းတို့မှ ပူးတွဲရေးသားထုတ်ဝေသည်။

မြန်မာ့အရေးပူးပေါင်းဆောင်ရွက်သူများ
www.burmapartnership.org
info@burmapartnership.org

နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ)
www.aappb.org
info@aappb.org

## နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း

နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) သည် ထိုင်းနိုင်ငံ မဲဆောက်မြို့တွင် အခြေစိုက်သည့် ကိုယ်ကျိုးစီးပွားမပါသော လူ့အခွင့်အရေးဆိုင်ရာ အစိုးရမဟုတ်သည့်အဖွဲ့အစည်း (NGO) တစ်ခုဖြစ်သည်။ AAPP ကို ၂၀၀၀ ခုနှစ်တွင် ထိုင်း-မြန်မာ နယ်စပ်တွင် ရောက်ရှိနေကြသည့် နိုင်ငံရေးအကျဉ်းသားဟောင်းများက တည်ထောင်ခဲ့သည်။ ထိုအချိန်မှစ၍ နိုင်ငံရေးအကျဉ်းသားဟောင်းများမှ ဦးဆောင်လှုပ်ရှားခဲ့သော AAPP သည် ၂၀၁၂ ခုနှစ်တွင် မြန်မာနိုင်ငံတွင်း ရန်ကုန်မြို့နှင့် မန္တလေးမြို့များတွင် ရုံးနှစ်ရုံးဖွင့်ခဲ့သည်။

AAPP ၏ အဓိကလုပ်ငန်းစဉ်မှာ လူ့အခွင့်အရေးအတွက် စည်းရုံးလှုံ့ဆော်ရန်ဖြစ်ပြီး အထူးသဖြင့် မြန်မာနိုင်ငံရှိ နိုင်ငံရေး အကျဉ်းသားအားလုံး လွတ်မြောက်ရန်ဖြစ်သည်။ AAPP သည် မြန်မာနိုင်ငံရှိ နိုင်ငံရေးအကျဉ်းသားအားလုံး လွတ်မြောက်ရေး အတွက်လည်းကောင်း၊ နိုင်ငံတွင်းဆက်လက်ဖြစ်ပွားနေသည့် လူ့အခွင့်အရေးဖောက်ဖျက်မှုများ ဖော်ထုတ်ရာတွင် လည်းကောင်း၊ နိုင်ငံရေးတက်ကြွလှုပ်ရှားသူများနှင့် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူ (HRD) များအား ဆက်လက် ထောက်ခံအားပေးရာတွင် လည်းကောင်း အဓိကအင်အားတစ်ခုအဖြစ် စည်းရုံးလှုံ့ဆော်မှု၊ ချဉ်းကပ်တိုက်တွန်းမှု လုပ်ငန်းများကို လုပ်ဆောင်လျှက်ရှိသည်။ ထို့အပြင် အနာဂတ်တွင် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုအတွက် ကြိုးပမ်းရာ၊ အဓိကအခန်းကဏ္ဍမှ ပါဝင်နိုင်ရန်ရည်ရွယ်ပြီး မှတ်တမ်းကောက်ယူခြင်း၊ အချက်အလက်စုဆောင်းခြင်းများကို နိုင်ငံအနှံ့ ဆောင်ရွက်နေသည်။

AAPP သည် မြန်မာနိုင်ငံတွင်း၊ လှုပ်ရှားမှုအများအပြား လုပ်ဆောင်၍ နိုင်ငံရေးအကျဉ်းသားများနှင့် နိုင်ငံရေးအကျဉ်းသားဟောင်းများကို ထောက်ပံ့ကူညီခြင်း၊ ၎င်းတို့မိသားစုများကို ထောက်ပံ့ကူညီခြင်း ပြုလုပ်နေသည်။ နိုင်ငံရေးအကျဉ်းသား ဟောင်းများအား ပညာရေး၊ ကျန်းမာရေးအရ တတ်စွမ်းသ၍ အကူအညီပေးခြင်း၊ နည်းပညာသင်တန်းများ၊ အသက်မွေးဝမ်းကျောင်းသင်တန်းများ ပြုလုပ်ပေးခြင်းများ ဆောင်ရွက်ပေးလျှက်ရှိသည်။

ထို့အပြင် စိတ်ကျန်းမာရေး အထောက်အကူလုပ်ငန်းစဉ်ဖြင့် နိုင်ငံရေးအကျဉ်းသားဟောင်းများကို စိတ်ကျန်းမာရေး နှစ်သိမ့် ဆွေးနွေးသူများဖြစ်အောင် လေ့ကျင့်သင်တန်းပေးပြီး နိုင်ငံရေးအကျဉ်းသားဟောင်း အဝန်းအဝိုင်းများအား စိတ်ပိုင်းဆိုင်ရာ ပြန်လည်မြင့်တင်ရေး အစီအစဉ်ဖြင့် နှစ်သိမ့်ဆွေးနွေးမြင့်တင်မှုများ ပြုလုပ်ပေးလျှက်ရှိသည်။

## မြန်မာ့အရေးပူးပေါင်းဆောင်ရွက်သူများ (BP) အကြောင်း

မြန်မာ့အရေးပူးပေါင်းဆောင်ရွက်သူများအဖွဲ့သည် အာရှ-ပစိဖိတ်ဒေသတလွှားမှ အဖွဲ့အစည်းများ၏ ကွန်ရက်အဖွဲ့ဖြစ်ပြီး မြန်မာနိုင်ငံ ဒီမိုကရေစီရေးနှင့် လူ့အခွင့်အရေးလှုပ်ရှားမှုအတွက် စည်းရုံးလှုံ့ဆော်နေပါသည်။ မိမိတို့သည် နယ်ပယ်ကဏ္ဍစုံမှလာသည့် မိတ်ဖက်အဖွဲ့အစည်းများ၊ တိုင်းရင်းသားလူမျိုးပေါင်းစုံ ဦးဆောင်သော နိုင်ငံရေးအဖွဲ့အစည်းများ၊ ပြည်တွင်းနှင့် ပြည်ပ အရပ်ဖက်လူထုအဖွဲ့အစည်းများမှသည် ဒေသတလွှားရှိမိတ်ဖက်အဖွဲ့အစည်းများနှင့် ကျယ်ပြန့်သည့် သွေးစည်းညီညွတ်မှုပြအဖွဲ့များထံမှ မိမိတို့၏အင်အားကို အခြေခံထားပါသည်။

BP သည် လူ့အခွင့်အရေး၊ တန်းတူညီမျှရေးနှင့် တရားမျှတရေး အခြေခံမူများကို ကိုင်စွဲအားပေးသည့် လွတ်လပ်၍ ဒီမိုကရေစီကျသော မြန်မာနိုင်ငံကို မျှော်မှန်းပါသည်။ BP သည် မြန်မာပြည်သူအားလုံး လူမှုရေး၊ စီးပွားရေးနှင့် နိုင်ငံရေးဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်သည့် လုပ်ငန်းများ၊ တက်ကြွစွာပါဝင်ဆောင်ရွက်ကြပြီး အာရှ-ပစိဖိတ်ဒေသမှ ပြည်သူများနှင့် သွေးစည်းညီညွတ်စွာ ပူးပေါင်းလုပ်ဆောင်သည့် လူ့အဖွဲ့အစည်းတစ်ရပ်ကို မျှော်မှန်းပါသည်။ BP ၏ အလုပ်အဖွဲ့ကို အောက်ဖော်ပြပါအဖွဲ့များဖြင့် ဖွဲ့စည်းထားပါသည်။

***မြန်မာတပ်ပေါင်းစုအဖွဲ့အစည်းများ***

Forum for Democracy in Burma (FDB)

Nationalities Youth Forum (NYF)

Students and Youth Congress of Burma (SYCB)

***ဒေသတွင်း သွေးစည်းညီညွတ်မှုပြကွန်ရက်များ***

Alternative ASEAN Network on Burma (Altsean-Burma)

Asian Forum for Human Rights and Development (Forum-Asia)

Asia Pacific Solidarity Coalition (APSOC)

***နိုင်ငံအလိုက်သွေးစည်းညွတ်မှုညွန့်ပေါင်းအဖွဲ့များ***

Solidaritas Indonesia UNtuk Burma (Indonesian Solidarity for Burma) (SIB)

Free Burma Coalition-Philippines (FBC-Philippines)

Burma Campaign Korea (BCK)

Hong Kong Coalition for a Free Burma (HKCFB)

People's Forum on Burma (PFB) (Japan)

ရှေ့ပြေးအသံသည် ၂၀၁၅ ခုနှစ် နှစ်ဆန်းတွင် BP မှ စတင်ခဲ့သော ထူးခြားဆန်းသစ်သည့် စမ်းသပ်စီမံကိန်းတစ်ခု ဖြစ်သည်။ ရှေ့ပြေးအသံ၏ ရည်မှန်းချက်မှာ တိကျမှန်ကန်သော သုတေသနပြုလုပ်၍ အဖြေအဓိကထားပြီး တီထွင်မှုရှိရှိဖြင့် ဖြောင့်မှန်သည့် ပေါ်လစီအကြံပြုတိုက်တွန်းချက်များ ဖော်ထုတ်ရန်ဖြစ်သည်။ ယင်းသို့အားဖြင့် သော့ချက်ကျသည့် ဆုံးဖြတ်ချက်နှင့် ပေါ်လစီချမှတ်သူများ၊ လူငယ်များ၊ အခြေခံလူထုအဖွဲ့အစည်းများနှင့် တိုင်းရင်းသားလူနည်းစု ဘာသာရေး လူနည်းစုများ အပါအဝင် အပစ်ပယ်ခံအစုများအား ထိတွေ့ဆက်ဆံ၊ ထောက်ကူ၊ အားတက်စေပြီး မြန်မာနိုင်ငံပြည်သူအားလုံး အကျိုးရှိစေမည့် စစ်မှန်သော ဒီမိုကရေစီကျ နိုင်ငံရေးနှင့် လူမှု-စီးပွားရေး အပြောင်းအလဲ ရရှိနိုင်ရန် မျှော်လင့်သည်။

# မာတိကာ


**အမှာစာ** ..... ၅
**အဓိပ္ပာယ်ဖွင့်ဆိုချက်များနှင့် အတိုကောက်များ** ..... ၆
**အနှစ်ချုပ်** ..... ၈
**(၁) နိဒါန်း** ..... ၁၀
**(၂) ရည်မှန်းချက်၊ နယ်ပယ်အတိုင်းအတာနှင့် နည်းနာဗေဒ** ..... ၁၂
၂. ၁ ရည်မှန်းချက် ..... ၁၂
၂. ၂ နယ်ပယ်အတိုင်းအတာ ..... ၁၂
၂. ၃ နည်းနာဗေဒ ..... ၁၄
၂. ၃. ၁ လိုအပ်ချက်များအတွက် ရှေ့ပြေးအကဲဖြတ်ချက် (PNA) ..... ၁၄
၂. ၃. ၂ သုတေသန ..... ၁၆
**(၃) ဥပဒေပိုင်းဆိုင်ရာမူဘောင်** ..... ၁၈
၃. ၁ ကြေညာစာတမ်း ..... ၁၈
၃. ၂ အခြေခံလွတ်လပ်ခွင့်များ ..... ၁၈
၃. ၃ မျှတသောတရားစီရင်မှုရပိုင်ခွင့် ..... ၁၉
၃. ၄ ဖိနှိပ်သည့်မြန်မာနိုင်ငံဥပဒေ ..... ၂၀
၃. ၅ အဆောက်အအုံပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲရေး ..... ၂၉
**(၄) သုတေသနတွေ့ရှိချက်များနှင့် ဆန်းစစ်သုံးသပ်ချက်** ..... ၃၄
၄. ၁ တရားစီရင်ရေးပိုင်းနှင့် ဥပဒေပိုင်းနှောင့်ယှက်မှု ..... ၃၄
၄. ၂ ဥပဒေအထောက်အကူနှင့် တရားမျှတမှု လက်လှမ်းမီရေး ..... ၃၆
၄. ၃ ပုဂ္ဂိုလ်ရေးလုံခြုံမှုကို ခြိမ်းခြောက်မှုများ -
ဥပဒေမဲ့သတ်ဖြတ်မှု၊ လက်စဖျောက်မှုနှင့် အကြမ်းဖက်မှုများ ..... ၃၉
၄. ၄ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုနှင့် ကျားမခွဲခြားဖိနှိပ်မှု ..... ၄၃
၄. ၅ လိင်စိတ်ခံယူမှုကွဲပြားသူများ (LGBTIQ) အပေါ် အကြမ်းဖက်မှုနှင့် ခွဲခြားဖိနှိပ်မှု ..... ၄၅
၄. ၆ ဘာသာရေးနှင့် ယုံကြည်မှုပေါင်းကူးခြင်းဆိုင်ရာ ခွဲခြားဖိနှိပ်မှု ..... ၄၆
၄. ၇ ရပ်ရွာလူထုများ စိတ်ဝမ်းကွဲမှုနှင့် အထီးကျန်ကင်းကွာမှု ..... ၄၈
၄. ၈ ဘဝများနှင့် အသက်မွေးဝမ်းကျောင်းမှုများ ဖရိုဖရဲဖြစ်မှု ..... ၅၀
၄. ၉ စောင့်ကြည့်ထောက်လှမ်းခြင်းနှင့် အထွေထွေနှောင့်ယှက်မှု ..... ၅၂
၄. ၁၀ အရပ်ဖက်လူထုအဖွဲ့အစည်းများကြား ဆက်စပ်ညှိနှိုင်းမှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့်
အရည်အချင်းမလုံလောက်မှု ..... ၅၄
၄. ၁၁ အလှူရှင်နှင့် INGO များ၏ ထိရောက်မှုမရှိသော မဟာဗျူဟာများ ..... ၅၆
**(၅) နိဂုံး** ..... ၆၂
**(၆) အကြံပြုတိုက်တွန်းချက်များ** ..... ၆၃
**နောက်ဆက်တွဲ** ..... ၆၈
**ကျေးဇူးတင်လွှာ** ..... ၇၁

# အမှာစာ

မစ္စတာသောမတ်စ်အိုဟေးကင်တာနား
မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂလူ့အခွင့်အရေးကိုယ်စားလှယ်ဟောင်း

မြန်မာနိုင်ငံ၏ သမိုင်းကြောင်းအရ လွန်ခဲ့သည့်နှစ် (၅၀) အတွင်း အဓိကဇာတ်ရုပ်မှာ စစ်တပ်ဖြစ်နေခဲ့သည်။ ၄င်းတို့သည် ၁၉၆၂ ခုနှစ်တွင် အင်အားသုံး၊ အာဏာယူခဲ့ပြီး အရပ်သားကိုယ်စားလှယ်များအဖြစ် အသွင်ပြောင်းရန်ပြုလုပ်ခဲ့သည့် ၂၀၁၀ ခုနှစ် အတုအယောင်ရွေးကောက်ပွဲမှ တဆင့်လည်း အာဏာဆက်ယူခဲ့သည်။

သို့ရာတွင် အာဏာရအဝန်းအဝိုင်းက လျစ်လျူရှုထားသည့် အခြားဇာတ်လမ်းမှာ မြန်မာနိုင်ငံတွင် လူ့အခွင့်အရေး လေးစားလိုက်နာရေးနှင့် ဒီမိုကရေစီပြန်လည်ထူထောင်ရေးအတွက် နှစ်ပေါင်းများစွာ တိုက်ပွဲဝင်ခဲ့သူများ၏ ဇာတ်လမ်းပင်ဖြစ်သည်။ လေယူရာယိမ်းနွဲ့သော်လည်း မပြိုမလဲ ရှိနေသည့် ကျူပင်ကဲ့သို့ အဆိုပါ အမျိုးသား၊ အမျိုးသမီးများသည် မိမိတို့၏ဘဝ၊ လွတ်လပ်မှုနှင့် အခြေခံအခွင့်အရေးများကို စွန့်လွှတ်ပြီး အာဏာရှင်စနစ်၏ အဆိုးဝါးဆုံးထိုးနှက်ချက်များကို ခုခံတွန်းလှန်ခဲ့ကြသည်။

ပြည်ပမှတိုက်ပွဲဝင်၍သော်လည်းကောင်း၊ အန္တရာယ်များသည့် မြန်မာပြည်နယ်နိမိတ်အတွင်း နေထိုင်လျက်သော်လည်းကောင်း ဤလူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများသည် နောက်ဆုံးတွင်မူ စစ်အစိုးရ၏အာဏာကို ဖောက်ထွင်းနိုင်ပြီး တိုင်းပြည်၏ကံကြမ္မာကို ပြောင်းလဲပစ်နိုင်ခဲ့သည်။ စစ်တပ်၏ ဆယ်စုနှစ်ပေါင်းများစွာ အုပ်စိုးမှုက ယနေ့တိုင်တည်ရှိနေသော ဆိုးဝါးသည့်အခြေအနေများကို ဖန်တီးခဲ့သလို ယနေ့ကာလတွင် ပုံစံအသစ် တစ်ခု လမ်းဖွင့်ပေးလိုက်သလို ထင်ရသော်လည်း ပထမအချက်အနေဖြင့် စစ်တပ်နှင့် ကိုက်ညီအောင်လုပ်ထားသည့် နိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေက စစ်တပ်အား အခြားအချက်များအပြင် ဥပဒေနှင့်အညီ မဲပေးစရာမလိုဘဲနှင့် လွှတ်တော်ကို ထိန်းချုပ်ခွင့်ရစေသည်။ ဒုတိယအချက်မှာ စစ်တပ်အုပ်စိုးမှု ကာလအတွင်း တည်ထောင်ခဲ့သည့် စစ်တပ် ကျောထောက် နောက်ခံပြုပါတီက နိုင်ငံတော်အစိုးရယန္တရားကို အလုံးစုံထိန်းချုပ် စီမံနေခြင်းဖြစ်သည်။

ဤအခင်းအကျင်းထဲတွင် ဒီမိုကရေစီပြန်လည်ထူထောင်ရေးအတွက် မော်ကွန်းဝင်တိုက်ပွဲကို လက်ရှိအစိုးရက အသိအမှတ်ပြုခြင်း မရှိသေးပေ။ ၈ လေးလုံးလှုပ်ရှားမှုကဲ့သို့ ထူးခြားသည့် မှတ်တိုင်များကို အထိမ်းအမှတ်ပွဲများ ကျင်းပနေကြသော်လည်း ပကတိအခြေ အနေမှာမူ စစ်အာဏာရှင်စနစ် ဆယ်စုနှစ်ပေါင်းများစွာ ကြာခဲ့ပြီးသည့်တိုင် အမှန်တရားနှင့် တရားမျှတမှု ဖော်ဆောင်ရေးမူဝါဒများ ဖော်ထုတ်ရန် အထူးလိုအပ်နေသည်။ ပြည်တွင်းစစ်၏ သားကောင်များ၊ နိုင်ငံရေးကြောင့် အကျဉ်းချ နှိပ်စက်ညှဉ်းပန်းခံခဲ့ရသည့် ထောင်နှင့်ချီသောလူများ၊ ဆင်ဆာထိသောသတင်းစာဆရာများ၊ နှိပ်ကွပ်ခံရသော လူမှုရေးလှုပ်ရှားမှုများနှင့် တိုင်းရင်းသားလူမျိုးစုများ၊ သိန်းနှင့်ချီသော အိုးအိမ်စွန့်ပြည်သူများနှင့် ဒုက္ခသည်များ၊ ဖယ်ကြဉ်ထားခြင်းခံရသော စီးပွားရေးမူဝါဒများကြောင့် ဝတ်ပြတ်နေသည့်ပြည်သူများနှင့် နောက်ထပ် နှိပ်ကွပ်ချိုးနှိမ်ခံရသူများအားလုံးမှ အသိအမှတ်ပြုခံရရေးနှင့် တရားမျှတရေးကို တောင်းဆိုနေကြသည်။

ဤကဲ့သို့သော အမှန်တရားနှင့် တရားမျှတရေးမူဝါဒများ ရှိမနေခြင်းက မတရားပြုမှုများ ဆက်လက်ဖြစ်ပေါ်ခွင့် သို့မဟုတ် ထပ်မံဖြစ်ပေါ်ခွင့်ကို တွန်းအားပေးနေပြီး လက်ရှိကာလနှင့် အထူးသဖြင့် ရောက်ရှိလာမည့် အထွေထွေရွေးကောက်ပွဲ အခင်းအကျင်း ကာလများတွင် ထိုမတရားပြုမှုများ ဆက်လက်ဖြစ်ပေါ်နေဦးမည်ဖြစ်သည်။ လူ့အခွင့်အရေး ကာကွယ် စောင့်ရှောက်သူများ၏ အခြေအနေအကြောင်း တင်ပြသော ယခုအစီရင်ခံစာက မြန်မာနိုင်ငံ၊ လူ့အခွင့်အရေးများ လိုက်နာကျင့်သုံးရေးအတွက် လှုပ်ရှားနေကြသူများ၏ အခွင့်အရေးများ လွတ်လပ်ခွင့်များကို ထိန်းချုပ်ဖိနှိပ်မှုဖြစ်စဉ် အလားအလာကြီးထွားနေသည်ကို အမှန်တကယ် တပ်လှန့်သတိပေးထားပါသည်။

နိုင်ငံရေးအရပြောရလျှင် ဤနှိပ်ကွပ်မှုပြန်လည်ခေါင်းထောင်လာခြင်း၏ အထူးခြားဆုံးအကျိုးဆက်မှာ အနာဂတ် မြန်မာနိုင်ငံ၏ နိုင်ငံရေးဇာတ်ခုံတွင် နိုင်ငံရေး၊ လူမှုရေးနှင့် စီးပွားရေး ပြန်လည်ထူထောင်ရန် ဆွေးနွေးတိုင်ပင်မှုများတွင် အရပ်ဖက်လူထု အဖွဲ့အစည်းများအား ဖယ်ထုတ်ရန်ဖြစ်သည်။ အမှောင်ရိပ်မှထွက်ပြူလာနေသည့် တိုင်းပြည်တစ်ပြည်ကို တည်ဆောက်ရာ၊ လူမှုရေးလှုပ်ရှားမှုများ၏ အကျိုးပြုဖြည့်ဆည်းချက်မှာ အချက်အခြာကျပြီး၊ အထူးသဖြင့် ဆုံးဖြတ်ချက်ချမှုဖြစ်စဉ်တွင် စစ်တပ်အတွေးအခေါ်သက်သက်ကို ကျော်လွှားနိုင်ရန်ဖြစ်သည်။ နှစ်ငါးဆယ်နီးပါး စစ်တပ်အုပ်စိုးမှုက နိုင်ငံကို ပြည်တွင်းစစ်များအတွင်း ဆင်းရဲစုတ်ပြတ်စွာဖြင့် နှစ်ထားပြီး ကမ္ဘာကြီးနှင့် ကင်းကွာအထီးကျန်စေခဲ့သည့် သမိုင်းမှရရှိသော သင်ခန်းစာများကို လျစ်လျူရှု၍ မရပါ။

ထို့အပြင် မြန်မာနိုင်ငံ၏ နယ်ပယ်အားလုံးတွင် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများအပါအဝင် ပြည်သူများနှင့် အဖွဲ့အစည်းများက ဖြစ်ပေါ်လာသည့် သမိုင်းဝင်အခွင့်အလမ်းတွင် ပါဝင်ဆောင်ရွက်ခွင့်ရှိသည်။ ထိုသူများက တိုင်းပြည်ကို လူ့အခွင့်အရေး လေးစားလိုက်နာသည့်၊ တန်းတူညီမျှရေးကို အားပေးမြင့်တင်သည့်၊ အမျိုးသားညွှတ်ရေးကို ခိုင်မာစေသည့် လူမျိုးပေါင်းစုံဒီမိုကရေစီ နိုင်ငံတော်အဖြစ်သို့ ဦးဆောင်သွားနိုင်ရန် လိုအပ်သည်။ ထိုမျှသာမက အရပ်ဖက်လူထုအဖွဲ့အစည်းများ သည် သဘာဝသယံဇာတများနှင့် အမျိုးသားစီးပွားရေးအကျိုးစီးပွားများ ကာကွယ်စောင့်ရှောက်ရာတွင် အစိုးရ၏မဟာမိတ် ဖြစ်သင့်သည်။

အထက်ပါ အကြောင်းများအားလုံးကြောင့်ပင် မြန်မာနိုင်ငံရှိ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများ၏ အခြေအနေများကို စေ့စေ့စပ်စပ် ဖော်ပြထားသည့် ဤအစီရင်ခံစာသည် အရပ်ဖက်အသိုင်းအဝိုင်းအဖွဲ့အစည်းများ ထမ်းရွက်ရမည့် အရေးပါသည့်အခန်းကဏ္ဍနှင့် ၄င်းတို့ကို ကာကွယ်ပေးရန် အကာအကွယ်စနစ်များကို ဒီမိုကရေစီအသွင်ကူးပြောင်းရေးတွင် လျစ်လျူရှု၍မရတော့သည့်အချိန်၌ အချိန်ကိုက်ထွက်ရှိလာခြင်းဖြစ်သည်။ ဤကဲ့သို့သော အခြေအနေမျိုးတွင် နိုင်ငံတကာအသိုင်းအဝိုင်းအနေနှင့်လည်း ၄င်းတို့၏ ခိုင်မာသည့် လူ့အခွင့်အရေးကတိကဝတ်များနှင့် ကိုက်ညီစေရေးအတွက် လုပ်ငန်းစဉ်များထဲတွင် အရပ်ဖက်အသိုင်းအဝိုင်းနှင့် ပူးပေါင်းဆောင်ရွက်ရေးကိုထည့်သွင်းရန် လိုအပ်နေပြီဖြစ်သည်။

ယခုအချိန်သည် လူ့အခွင့်အရေး၊ ဒီမိုကရေစီနှင့် နိုင်ငံရေးအတွက် အရေးကြီးသည့်အချိန်အခါဖြစ်သောကြောင့် လာမည့် အထွေထွေရွေးကောက်ပွဲကာလတွင် မိမိတို့အားလုံးအနေဖြင့် မိမိတို့၏ဆန္ဒများနှင့် ရည်မှန်းချက်များကို လက်တွေ့ကျပြီး အဓိပ္ပာယ်ရှိသည့် အပြောင်းအလဲအတွက် ပြန်လည်အလေးထားရပါလိမ့်မည်။ ဤ စံနှင့်တန်ဖိုးများကို ကာကွယ်သူများသည်လည်း မရှိမဖြစ်အရေးပါသူများ၊ ချန်လှပ်ထား၍မရသူများ ဖြစ်ပေသည်။

# အဓိပ္ပာယ်ဖွင့်ဆိုချက်များနှင့် အတိုကောက်များ

| | |
|---|---|
| AAPP | ■ နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း |
| မြေ၊ စု၊ စီဥပဒေ | ■ ၂၀၁၁ ခုနှစ် ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာဥပဒေ |
| သင်းဖွဲ့ဥပဒေ | ■ ၂၀၁၄ ခုနှစ် အသင်းအဖွဲ့များမှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေ |
| ဗကသ | ■ ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ် |
| BP | ■ မြန်မာ့အရေးပူးပေါင်းဆောင်ရွက်သူများ |
| အခြေခံဥပဒေ | ■ ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ |
| CSO | ■ အရပ်ဖက်လူထုအဖွဲ့အစည်း |
| CSRPP | ■ လက်ကျန်နိုင်ငံရေးအကျဉ်းသား စိစစ်ရေးကော်မတီ |
| ကြေညာစာတမ်း | ■ ကုလသမဂ္ဂ၏ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများဆိုင်ရာကြေညာစာတမ်း |
| DKBA | ■ ဒီမိုကရေစီအကျိုးပြုကရင့်တပ်မတော် |
| DVB | ■ ဒီမိုကရက်တစ်မြန်မာ့အသံ |
| FGD | ■ ဦးတည် အစုအဖွဲ့ဆွေးနွေးပွဲ (Focus Group Discussion) |
| HRD | ■ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူ |
| ICCPR | ■ အပြည်ပြည်ဆိုင်ရာ နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် |
| INGO | ■ အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်း |
| LGBTIQ | ■ လိင်စိတ်ခံယူမှု ကွဲပြားသူများ |
| MDCF | ■ ဒီမိုကရေစီရေးစဉ်ဆက်မပြတ်လှုပ်ရှားမှုအင်အားစု |
| MNHRC | ■ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် |
| MNHRC အစီရင်ခံစာ | ■ "မြန်မာနိုင်ငံ - သမ္မတဘက်တော်သားများ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အကြောင်း အစီရင်ခံစာ" |
| MPC | ■ မြန်မာငြိမ်းချမ်းရေးနှင့် ပြန်လည်ထူထောင်ရေး ဗဟိုဌာန |
| NGO | ■ အစိုးရမဟုတ်သောအဖွဲ့အစည်း |
| NLD | ■ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် |
| OHCHR | ■ ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီးရုံး |
| OSA | ■ ၁၉၂၃ ခုနှစ် မြန်မာနိုင်ငံအစိုးရလျှို့ဝှက်လုပ်ငန်းအက်ဥပဒေ |
| ရာဇသတ်ကြီး | ■ ၁၈၆၀ ခုနှစ် ရာဇသတ်ကြီးဥပဒေ |
| PNA | ■ လိုအပ်ချက်များအတွက် ရှေ့ပြေးအကဲဖြတ်ချက် |
| PCAC | ■ နိုင်ငံရေးအကျဉ်းသားရေးရာကော်မတီ |
| ပုံနှိပ်ဥပဒေ | ■ ၂၀၁၄ ခုနှစ် ပုံနှိပ်နှင့်ထုတ်ဝေခြင်းဆိုင်ရာဥပဒေ |
| ရှေ့ပြေးအသံ | ■ BP ၏ ရှေ့ပြေးအသံ မူဝါဒသုတေသနစီမံကိန်း |
| RCSS/SSA | ■ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ။ ရှမ်းပြည်တပ်မတော် |
| အစီရင်ခံစာ | ■ "လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများကို ဘယ်လိုကာကွယ်ပေးမလဲ - မြန်မာနိုင်ငံရှိ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများ အခြေအနေနှင့် သင့်တော်သည့်ကာကွယ်စောင့်ရှောက်ရေး ယန္တရားများအကြောင်း အစီရင်ခံစာ" |
| SNLD | ■ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် |
| UAA | ■ ၁၉၀၈ ခုနှစ် မတရားအသင်းအက်ဥပဒေ |
| UDHR | ■ အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်း |
| UN | ■ ကုလသမဂ္ဂ |
| UNCAT | ■ ညှဉ်းပန်းနှိပ်စက်မှုဆန့်ကျင်ရေးဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ် |
| UNGA | ■ ကုလသမဂ္ဂအထွေထွေညီလာခံ |
| ဝမ်ပေါင် | ■ မြန်မာဝမ်ပေါင်ကြေးနီတူးဖော်ရေးလီမိတက် |
| WGAD | ■ တရားလက်လွတ်ဖမ်းဆီးထိန်းသိမ်းခြင်းဆိုင်ရာ ကုလသမဂ္ဂအလုပ်အဖွဲ့ |

# မြန်မာနိုင်ငံမြေပုံ


INDIA
CHINA
LAOS
THAILAND
BANGLADESH
Nagaland
Manipur
Yunnan Province
Putao
KACHIN STATE
Myitkyina
Bhamo
SAGAING DIVISION
Kale
Lashio
CHIN STATE
Sagaing
Mandalay
Panghsang
SHAN STATE
Mong La
Keng Tung
MANDALAY DIVISION
Meiktila
Taunggyi
RAKHINE (ARAKAN) STATE
Akyab (Sittwe)
MAGWAY DIVISION
Loi-kaw
Chiang Rai
KAYAH (KARENNI) STATE
Mae Hong Son
Chiang Mai
Prome
Sandoway
BAGO (PEGU) DIVISION
Bay of Bengal
Manerplaw
Henzada
KAYIN (KAREN) STATE
Pegu
AYEYARWADY (IRRAWADDY) DIVISION
RANGOON
Thaton
Bassein
YANGON (RANGOON) DIVISION
Mae Sot
Phitsanulok
Moulmein
MON STATE
Nakhon Sawan
Three Pagodas Pass
Ye
Indian Ocean
Tavoy
Kanchanaburi
BANGKOK
TANINTHARYI (TENASSERIM) DIVISION
Andaman Sea
Mergui
N
International boundary
State/division boundary
Land above 200m
National capital
City or town
kilometres

# အနှစ်ချုပ်



*၂၀၁၅ ခုနှစ် မတ်လ ၁၀ ရက်နေ့ လက်ပံတန်းမြို့တွင် ရဲများမှ ကျောင်းသားတစ်ဦးအား ရိုက်နှက်ဖမ်းဆီးနေစဉ်*
*Copyright: Sai Zaw / The Irrawaddy*

အစီရင်ခံစာ၏ အပိုင်း (၁) ဖြစ်သော နိဒါန်းပိုင်းတွင် မြန်မာနိုင်ငံမှ HRD များ ကြုံတွေ့ရသည့်ကိစ္စရပ်များ၏ နောက်ခံသမိုင်းကြောင်းကို ရှင်းပြထားပြီး တိုင်းပြည်၏ လက်ရှိနိုင်ငံရေးအခြေအနေကို ဖော်ပြထားသည်။ အကျဉ်းပြောရလျှင် သမ္မတဦးသိန်းစိန်၏ အရပ်သားတစ်ပိုင်းအစိုးရ အာဏာရလာသည့် ၂၀၁၁ ခုနှစ် အစောပိုင်းမှစ၍ မြန်မာနိုင်ငံသည် ပြုပြင်ပြောင်းလဲမှုများစွာကို ဖြတ်သန်းခဲ့ရာ HRD များ၏အခြေအနေ တိုးတက်လာမည်ဟု လူအများမျှော်လင့်ခဲ့ကြသည်။ ၎င်းတို့အနေဖြင့် တန်ဖိုးရှိပြီး တရားဝင်မှုရှိသော လူ့အခွင့်အရေးအလုပ်ကို လွတ်လပ်စွာလုပ်ဆောင်ခွင့် ရလိမ့်မည်ဟု မျှော်လင့်ခဲ့ကြသည်။ သို့သော်လည်း ပြည်တွင်းမှ ထွက်ဆိုချက်များနှင့် အစီရင်ခံစာများက အလွန်တရာကွဲပြားသော မြင်ကွင်းကို ပြနေရာ ၂၀၁၅ ခုနှစ် နိုင်ငံလုံးဆိုင်ရာ ရွေးကောက်ပွဲများ နီးသထက်နီးလာချိန်တွင် HRD များ လှုပ်ရှားနိုင်သည့် ဒီမိုကရေစီနယ်ပယ်၊ အရပ်ဖက်အသိုင်းအဝိုင်းနယ်ပယ်မှာ ထိတ်လန့်စရာကောင်းလောက်အောင် ပြန်လည်ကျဉ်းမြောင်းလာ နေသည်။ ယခုအခါ လူ့အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန် ကြိုးစားသူများသည် ယခင်ကလိုပင် အန္တရာယ်များသည့် ပတ်ဝန်းကျင်၌ လှုပ်ရှားနေကြရဆဲဖြစ်သည်။

အပိုင်း (၂) တွင် အစီရင်ခံစာ၏ ရည်မှန်းချက်၊ နယ်ပယ်အတိုင်းအတာနှင့် နည်းနာဗေဒတို့ကို ဖော်ပြထားသည်။ အထူးသဖြင့် သုတေသနလုပ်ရာတွင် တွေ့ဆုံမေးမြန်းခြင်း အမေးအဖြေ (၇၅) ခုနှင့် FGD နှစ်ခုပါဝင်ပြီး မြန်မာနိုင်ငံတွင်း နယ်မြေဒေသအသီးသီး၊ လုပ်ဆောင်နေသည့် HRD များနှင့် ပြုလုပ်ခဲ့သည်။ ဤကျယ်ပြန့်သော သုတေသနအတိုင်းအတာကြောင့် AAPP နှင့် BP တို့အနေဖြင့် လူ့အခွင့်အရေးလုပ်ငန်းပေါင်းစုံထဲတွင် ကဏ္ဍတစ်ခုချင်းအတွင်းနှင့် ကဏ္ဍအချင်းချင်းကြား ဖြစ်ရပ်ပုံစံများကို ဖော်ထုတ်တွေ့ရှိခဲ့သည်။ အစီရင်ခံစာ၏ ရည်မှန်းချက်များမှာ ၂၀၁၅ ခုနှစ်တွင် မြန်မာနိုင်ငံမှ HRD များရင်ဆိုင်နေရသည့် သီးသန့်အန္တရာယ်များနှင့် စိန်ခေါ်မှုများကို အကြမ်းဖျင်းဖော်ပြပေးရန်၊ HRD များ၏ အခြေအနေတိုးတက်စေနိုင်မည့် လက်တွေ့ ကာကွယ်စောင့်ရှောက်ရေး ယန္တရားအချို့နှင့် မူဝါဒအကြံပြုတိုက်တွန်းချက်များကို တင်ပြရန် ဖြစ်သည်။ ရေရှည် ရည်ရွယ်ချက်မှာမူ HRD တို့၏ဘဝများကို တိုးတက်စေရန်သာမကဘဲ မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေ တစ်စုံလုံးကိုပါ တိုးတက်စေရန် ဖြစ်သည်။ သို့မှသာ မြန်မာနိုင်ငံတွင် နေထိုင်ကြသူအားလုံး အကျိုးရှိမည် ဖြစ်သည်။

အပိုင်း (၃) တွင် HRD များနှင့် ၎င်းတို့၏ တရားဝင်မှုရှိသောအလုပ်ကို ကာကွယ်စောင့်ရှောက်နိုင်ရန် ရည်ရွယ်သော နိုင်ငံတကာ ဥပဒေဘောင်ကို ဦးစွာ အလေးပေးထောက်ပြထားသည်။ ထို့နောက် မြန်မာနိုင်ငံမှ HRD များ၏ အလုပ် သို့မဟုတ် ဘဝများကို ခြိမ်းခြောက်ရာကျသည့် သို့မဟုတ် ပစ်မှတ်ထားနှိပ်ကွပ်ရန် လက်တွေ့အသုံးပြုနေသည့် ပြည်တွင်းဥပဒေများကို တင်ပြထားသည်။ ထိုသို့တင်ပြရာ၊ မီဒီယာများတွင်သတင်းပါခဲ့သည့် နာမည်ကြီးအမှုများကို မီးမောင်းထိုးပြပြီး သက်ဆိုင်ရာ ဥပဒေကို မည်သို့အသုံးချပုံအား တင်ပြထားသည်။ ထို့နောက် HRD များကို လတ်တလောဖိနှိပ်နေမှု၊ ၎င်းတို့အလုပ်ကို နှိပ်ကွပ် ချုပ်ခြယ်နေမှု အနေအထားထဲတွင် အရေးပါသည့် မြန်မာ့အဆောက်အအုံ အဆင့်ဆင့်၏ အခန်းကဏ္ဍကို ပိုင်းခြားသုံးသပ်၊ အဆုံးသတ်ထားသည်။

အပိုင်း (၄) တွင် တွေ့ဆုံမေးမြန်းခဲ့သည့် အမေးအဖြေများ၊ FGD များတို့မှ တွေ့ရှိချက်များကို တင်ပြပြီး ဆန်းစစ်သုံးသပ်၊ အမျိုးတူ စုစည်းဖော်ပြထားသည်။ အပိုင်းခွဲတစ်ခုစီတွင် မြန်မာနိုင်ငံရှိ HRD အမျိုးမျိုးတို့ ရင်ဆိုင်နေရသည့် စိန်ခေါ်မှုမျိုးစုံ၊ အန္တရာယ် မျိုးစုံတို့၏ သဘောသဘာဝကို ဦးစွာ အာရုံစိုက်ပြီး အမှန်တကယ်သော်လည်းကောင်း၊ ယူဆချက်အဖြစ်သော်လည်းကောင်း ရှိနေသည့် မတရားပြုမှုများ၊ အန္တရာယ်များ၊ ခြိမ်းခြောက်မှုများတို့၏ အလားအလာလမ်းကြောင်းများနှင့် ပုံစံများကို ဖော်ပြ ထားသည်။ ထို့နောက် လက်ရှိ ရှိပြီးသားနှင့် ဖြစ်လာနိုင်ခြေရှိသည့် ကာကွယ်စောင့်ရှောက်မှု ယန္တရားများကို ဖော်ပြထားပါသည်။

အပိုင်း (၅) တွင် အရေးပါသည့် အခန်းကဏ္ဍတွင် ရှိနေသူများနှင့် အကျိုးစီးပွားသက်ဆိုင်သူများအတွက် လက်တွေ့ကျသည့် ဖြေရှင်းချက်များနှင့် မူဝါဒအကြံပြုတိုက်တွန်းချက်များ အားလုံးကို ဖော်ပြထားသည်။ ယင်းတို့မှာ တွေ့ဆုံမေးမြန်းခဲ့သည့် HRD များ၏ အတွေ့အကြုံများနှင့် အမြင်သဘောထားများမှ တိုက်ရိုက်ကောက်နုတ်ထားခြင်း ဖြစ်သည်။ ဤအကြံပြု တိုက်တွန်းချက်များ ကြောင့် မြန်မာနိုင်ငံမှ HRD များ၏ အခြေအနေ တိုးတက်စေပြီး ၎င်းတို့၏ တန်ဖိုးရှိပြီး တရားဝင်မှုရှိသော လူ့အခွင့်အရေးအလုပ်ကို အနှောင့်အယှက်ကင်းကင်း ဆောင်ရွက်ခွင့်ရမည်ဟု မျှော်လင့်ရပါသည်။

အပိုင်း (၆) နိဂုံးပိုင်းတွင် ၂၀၁၅ ခုနှစ် ရောက်နေသည့်တိုင် မြန်မာနိုင်ငံရှိ HRD များမှာ တိုက်ခိုက်မှုများနှင့် မတရားပြုမှုများ မျိုးစုံ ခံစားနေရဆဲဖြစ်သဖြင့် ကာကွယ်စောင့်ရှောက်မှု အရေးတကြီး လိုအပ်နေကြောင်း ဖော်ပြထားသည်။ အကယ်၍ မြန်မာအစိုးရက HRD များအတွက် ကာကွယ်စောင့်ရှောက်မှုများ စတင်ကာ ၎င်းတို့၏အခွင့်အရေးများနှင့် တန်ဖိုးရှိပြီး တရားဝင်မှုရှိသည့် အလုပ်ကို လေးစားလာပါက မြန်မာနိုင်ငံမှ အထွေထွေလူ့အခွင့်အရေးအခြေအနေ တိုးတက်လာမည်ဖြစ်၍ မြန်မာပြည်သူ ပြည်သားအားလုံး အကျိုးရှိမည် ဖြစ်သည်။

# (၁) နိဒါန်း

> လူ့အခွင့်အရေးကိစ္စတွေ ဆောင်ရွက်တဲ့အခါ ကျနော်တို့ဟာ ပုဂ္ဂိုလ်ရေးကိစ္စတွေ ဘေးဖယ်ထားရတယ်။ ကျနော်တို့ရဲ့ ပုဂ္ဂိုလ်ရေး၊ ငွေရေးကြေးရေးနဲ့ မိသားစုအခြေအနေတွေအပေါ် ဆိုးကျိုးတွေရှိတယ်။ ကျနော်တို့ဟာ တထိတ်ထိတ်တလန့်လန့်ဘဝမှာ နေနေရတယ်

အစီရင်ခံစာအတွက် လုပ်ဆောင်ခဲ့သည့် သုတေသနလုပ်ငန်းစဉ်အတွင်း တွေ့ဆုံမေးမြန်းခဲ့သည့် HRD တစ်ဦးက အထက်ပါ ခံစားမှုကို ဖော်ပြခဲ့သည်။ ယင်းခံစားမှုသည် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲဆီသို့ လှမ်းချီနေချိန်တွင် မြန်မာနိုင်ငံရှိ HRD များအတွက် လက်ရှိအခင်းအကျင်း အနေအထားကို ပကတိအတိုင်း လှစ်ပြလိုက်ခြင်းဖြစ်သည်။

၄၉ နှစ်ကြာ ရက်စက်ကြမ်းကြုတ်သည့် စစ်အာဏာရှင်စနစ် လွန်မြောက်ပြီးနောက် သမ္မတဦးသိန်းစိန်၏ အရပ်သားတစ်ပိုင်း အစိုးရ အာဏာရလာသည့် ၂၀၁၁ ခုနှစ် နှစ်ဆန်းပိုင်းမှစ၍ မြန်မာနိုင်ငံသည် ပြုပြင်ပြောင်းလဲမှုများစွာကို ဖြတ်သန်းခဲ့ရာ HRD များ၏ အခြေအနေ တိုးတက်လာမည်ဟု လူအများ မျှော်လင့်ခဲ့ကြသည်။ ၎င်းတို့အနေဖြင့် တန်ဖိုးရှိပြီး တရားဝင်မှုရှိသော လူ့အခွင့်အရေးအလုပ်ကို လွတ်လပ်စွာလုပ်ဆောင်ခွင့် ရလိမ့်မည်ဟုလည်း မျှော်လင့်ခဲ့ကြသည်။ ကနဦးတွင် အစိုးရသစ်သည် လူ့အခွင့်အရေးနှင့် အထွေထွေအရပ်ဖက်လွတ်လပ်ခွင့်များကို စိတ်ရှည်သည်းခံကာ သဘောထားကြီးစွာဖြင့် ချဉ်းကပ်နေသယောင် လုပ်နေခဲ့သည်။ ယင်းအချက်ကို ဖော်ပြသော အချက်အလက်များမှာ နိုင်ငံတွင်း၌ နိုင်ငံတကာမှ ဝင်ရောက်လုပ်ကိုင်မှု တိုးမြင့်လာခြင်းနှင့် ပြည်တွင်းမီဒီယာ ပွင့်လင်းလာခြင်းတို့ဖြစ်သည်။ အမှန်တကယ်လည်း ယခင်စစ်အစိုးရ လက်အောက်တွင် HRD များမှာ ပြင်းထန်လှသည့် အကြွင်းမဲ့ဖိနှိပ်မှု အနေအထား၌ လုံးဝမြေအောက်လျှိုး လှုပ်ရှားခဲ့ရသည်။ ၂၀၁၁ ခုနှစ် နောက်ပိုင်းတွင်မှ ၎င်းတို့သည် မိမိတို့ လှုပ်ရှားမှုများကို ပိုမိုပွင့်ပွင့်လင်းလင်းဆောင်ရွက်လာနိုင်ကြောင်း တွေ့ရှိခဲ့ပြီး ပြည်တွင်း၌လည်းကောင်း၊ နိုင်ငံတကာအသိုင်းအဝိုင်း၌လည်းကောင်း လူ့အခွင့်အရေးပြဿနာများ တင်ပြနိုင်ရန် ပိုမိုကျယ်ပြန့်သော အဝန်းအဝိုင်း ရရှိလာခဲ့သည်။

သို့သော်လည်း အခြေအနေအရပ်ရပ်မှာ လွန်ခဲ့သော လေးနှစ်က မြင်ခဲ့ရသကဲ့သို့ သာယာလှပနေသယောင် အခြေအနေ မဟုတ်တော့ပေ။ ပြည်တွင်းမှထွက်ဆိုချက်များနှင့် အစီရင်ခံစာများက သဘောထားကြီးပြီး သည်းခံလိုက်လျောမှုဖြင့် ချဉ်းကပ်သော လွတ်လပ်သည့် မြန်မာနိုင်ငံသစ်အဖြစ် မြန်မာအစိုးရမှ ကမ္ဘာသို့မြင်စေချင်သည့် မြင်ကွင်းနှင့် အလွန်တရာ ကွဲပြားနေသည်။ ဘာသာရေးဆိုင်ရာ သည်းမခံနိုင်မှုနှင့် အမုန်းစကားများ တိုးပွားလာကာ ဖွံ့ဖြိုးရေးနှင့် ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများ များပြားလာပြီး မြေသိမ်းမှုနှင့် အတင်းအကျပ် နှင်ထုတ်မှု မြောက်မြားစွာမှာလည်း ကပ်ဆိုက်သည့် အတိုင်းအတာသို့ ရောက်လာရာ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ နီးသထက်နီးလာချိန်တွင် HRD များလှုပ်ရှားနိုင်သည့် ဒီမိုကရေစီနယ်ပယ်၊ အရပ်ဖက် လူထုအဖွဲ့အစည်းနယ်ပယ်မှာ ထိတ်လန့်စရာကောင်းလောက်အောင် ပြန်လည်ကျဉ်းမြောင်း လာနေသည်ကို မြင်တွေ့ရသည်။ လူ့အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ရန် ကြိုးစားသူများ သို့မဟုတ် မြန်မာအစိုးရ၊ မြန်မာစစ်တပ်နှင့် ၎င်းတို့၏ လက်ဝေခံ ခရိုနီစီးပွားရေးသမားများ၏ အာဏာနှင့် ပြောဆိုချက်များကို ပြန်လှန်မေးခွန်းထုတ်ရန် ကြိုးစားသူများသည် ယခုအခါတွင် ယခင်ကကဲ့သို့ပင် အန္တရာယ်များသည့် ပတ်ဝန်းကျင်၌ လှုပ်ရှားနေကြရသည်။

သို့သော် HRD များနှင့် ပတ်သက်၍ - (၁) HRD ဆိုသည်မှာ အဓိပ္ပာယ်ဖွင့်ဆိုချက် အတိအကျက ဘာလဲ၊ (၂) ၎င်းတို့ ဘာကြောင့် အလွန်အရေးပါနေသလဲ ဆိုသည့် မကြာခဏ မေးသည့် မေးခွန်းနှစ်ခုရှိသည်။ ကုလသမဂ္ဂ (UN) ၏ HRD များဆိုင်ရာ ကြေညာစာတမ်း[1] (ကြေညာစာတမ်း) တွင် အဓိပ္ပာယ်ဖွင့်ဆိုထားပြီး ဥရောပသမဂ္ဂ၏ HRD ဆိုင်ရာလမ်းညွှန်ချက်[2]၊ ထပ်မံ အတည်ပြုထားသည်မှာ -

---

1. United Nations, General Assembly, *Declaration on Human Rights Defenders,* A/RES/53/144 (1998), available from http://www.ohchr.org/EN/Issues/SRHRDefenders/Pages/Declaration.aspx.
2. European Union, General Affairs Council of 8 December 2008 *Ensuring Protection-European Guidelines on Human Rights Defenders*, available from https://www.consilium.europa.eu/uedocs/cmsUpload/GuidelinesDefenders.pdf.

*"မိမိတို့တစ်ဦးချင်းဖြစ်စေ၊ အခြားသူများနှင့် ပူးပေါင်း၍ ဖြစ်စေ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များကို တိုးတက်မြင့်မားအောင် ကာကွယ်စောင့်ရှောက်သူများဖြစ်သည်။ [HRD များ] ကို ၎င်းတို့အလုပ်ပေါ်မူတည် သတ်မှတ်၍ ၎င်းတို့လုပ်ရပ်များနှင့် လှုပ်ရှားရသည့် အနေအထားအချို့ကို သရုပ်ဖော်ပြခြင်း အားဖြင့်သာ ယင်းဝေါဟာရကို အကောင်းဆုံး ရှင်းပြနိုင်မည် ဖြစ်သည်။"*

အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း (UDHR)[3] ထုတ်ပြန်ပြီး နှစ် ၅၀ အကြာ၊ HRD ဆိုင်ရာ ကြေညာချက် မူကြမ်းအပေါ် ဆွေးနွေးညှိနှိုင်းမှုများ စတင်ပြီး နှစ် ၂၀ အကြာ ၁၉၉၈ ခုနှစ်တွင် ကုလသမဂ္ဂအထွေထွေညီလာခံ (UNGA) မှ ဤကြေညာစာတမ်းကို အတည်ပြုခဲ့သည်[4]။ ဤကြေညာစာတမ်းသည် ကမ္ဘာတလွှား၊ လူ့အခွင့်အရေးများ ကာကွယ်စောင့် ရှောက်နိုင်ရေး လုပ်ကိုင်နေသည့် အားလုံးသော လူအမျိုးမျိုးအစားစားကိုလည်းကောင်း၊ လူ့အခွင့်အရေးများ အားပေးမြှင့်တင်ခြင်းနှင့် ကာကွယ်စောင့်ရှောက်ခြင်း အလုပ်လုပ်နေစဉ်အတွင်း ၎င်းတို့ရင်ဆိုင်ရသည့် ဆိုးဝါးသော အန္တရာယ်များနှင့် စိန်ခေါ်ချက်များ ကိုလည်းကောင်း တိတိကျကျ ကိုယ်စားပြုပေးသည်။ HRD များအနေဖြင့် မိမိတို့၏ အခွင့်အရေးများကို ကာကွယ်နိုင်စွမ်းလည်းရှိ၊ မကြာခဏလည်းကာကွယ်ကြရသလို အခြားသူများ၏အခွင့်အရေးများကိုလည်း ကာကွယ်ပေးရမည် ဟု အများကအလေးအနက် ခံယူထားကြသည်။ သို့ဖြစ်ရာ ယေဘုယျအားဖြင့် အောက်ဖော်ပြပါ လူများကို HRD များအဖြစ် ထည့်သွင်းသတ်မှတ်ကြသည် - (လူ့အခွင့်အရေးနှင့် NGO လုပ်သားများ၊ ဒီမိုကရေစီရေးလှုပ်ရှားတက်ကြွသူများ၊ လူ့အခွင့်အရေးရှေ့နေများ၊ အလုပ်သမားသမဂ္ဂခေါင်းဆောင်များ၊ သတင်းစာဆရာများ၊ မြေယာအခွင့်အရေးလှုပ်ရှားတက်ကြွသူများ၊ အမျိုးသမီးအခွင့်အရေး လှုပ်ရှားတက်ကြွသူများ၊ LGBTIQ အခွင့်အရေး လှုပ်ရှားတက်ကြွသူများ၊ တိုင်းရင်းသားနှင့် ဘာသာရေး လူနည်းစု အခွင့်အရေး လှုပ်ရှားတက်ကြွသူများ၊ ကျောင်းသားနှင့် လူငယ် လှုပ်ရှားတက်ကြွသူများ။)

ဒုတိယမေးခွန်းဖြစ်သော '၎င်းတို့ ဘာကြောင့် အလွန်အရေးပါနေသလဲ' မေးခွန်းအတွက် အဖြေမှာ ထင်ရှားနေပြီးဖြစ်သည်ဟု မျှော်လင့်ပါသည်။ ကြေညာစာတမ်းတွင် *"လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များအား ချိုးဖောက်မှုအားလုံးကို ထိထိရောက်ရောက် ဖယ်ရှားရှင်းလင်းရေးအတွက် အကျိုးပြုသည့် လူပုဂ္ဂိုလ်များ၊ အစုအဖွဲ့များ၊ အသင်းအပင်းများတို့၏ တန်ဖိုးရှိသောအလုပ်"* ကိုလည်းကောင်း၊ *"နိုင်ငံတကာငြိမ်းချမ်းရေး၊ လုံခြုံရေး နှင့် လူ့အခွင့်အရေးများ၊ အခြေခံလွတ်လပ်ခွင့်များ ရရှိခံစားရေးအကြားဆက်စပ်မှု"* ကိုလည်းကောင်း အသိအမှတ်ပြုထားသည်။ တနည်းအားဖြင့်ဆိုရလျှင် မည်သည့် နယ်ပယ်၊ မည်သည့် အနေအထား သို့မဟုတ် မည်သည့်နိုင်ငံတွင်မဆို လူ့အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေး၊ အားပေးမြှင့်တင်ရေး၊ လေးစားလိုက်နာရေးအတွက် အကောင်းဆုံး နည်းလမ်း မှာ HRD များကို ကာကွယ်စောင့်ရှောက်ရန်ဖြစ်သည်။ သို့မှသာ လူ့အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးနှင့် အားပေးမြှင့်တင်ရေးဟူသည့် တရားဝင်မှုရှိသော အလုပ်ကို ၎င်းတို့ကိုယ်တိုင် ကိုယ်ကျ အကောင်အထည်ဖော်နိုင်မည်ဖြစ်သည်။ ကြေညာစာတမ်းမှ အလေးပေးထောက်ပြထားသလို HRD များအား ကာကွယ်စောင့် ရှောက်ရေးသည် နိုင်ငံတော်အစိုးရ၏ တာဝန်ဖြစ်ပြီး၊ ယင်းသို့လုပ် ဆောင်ရန် ပျက်ကွက်သည့် နိုင်ငံအစိုးရများကို တာဝန်ခံခိုင်းရန် မှာလည်း နိုင်ငံတကာအသိုင်းအဝိုင်း၏ တာဝန်ပင်ဖြစ်ပေသည်။

ဤအစီရင်ခံစာ၏ ရည်မှန်းချက်များနှင့် နယ်ပယ်အတိုင်းအတာကို အောက်ပါ အပိုင်း ၂ တွင် အသေးစိတ်ထပ်မံ ဖော်ပြထားသည်။ သို့သော် လောလောဆယ်တွင်မူ အစီရင်ခံစာအနေဖြင့် မြန်မာနိုင်ငံမှ HRD များ ၂၀၁၅ ခုနှစ်တွင် ရင်ဆိုင်နေရသည့် သီးခြား အန္တရာယ်များနှင့် စိန်ခေါ်မှုများကို တစ်စုံတစ်ရာ ဖော်ပြပေးနိုင်ရန်နှင့် HRD များ၏ အခြေအနေ တိုးတက်စေနိုင်မည့် လက်တွေ့ကာကွယ်စောင့်ရှောက်ရေး ယန္တရားအချို့နှင့် မူဝါဒအကြံပြုတိုက်တွန်းချက်များအား တင်ပြပေး နိုင်ရန်လောက်သာ ရည်ရွယ်သည်။ ရေရှည်ရည်ရွယ်ချက်မှာမူ HRD များ၏ ဘဝတိုးတက်စေရန်သာမကဘဲ မြန်မာနိုင်ငံ၏ အထွေထွေ လူ့အခွင့်အရေးအခြေအနေ တစ်စုံလုံးကို တိုးတက်စေပြီး မြန်မာနိုင်ငံတွင် နေထိုင်ကြသူအားလုံး အကျိုးရှိစေရန် ဖြစ်သည်။

3. United Nations, General Assembly, *Universal Declaration of Human Rights*, 217/A/(III) (10 December 1948), available from http://www.un.org/en/documents/udhr/
4. *United Nations, General Assembly,* Declaration on Human Rights Defenders*, A/RES/53/144 (1998), available from http://www.ohchr.org/EN/Issues/SRHRDefenders/Pages/Declaration.aspx.*

# (၂) ရည်မှန်းချက်၊ နယ်ပယ်အတိုင်းအတာ နှင့် နည်းနာဗေဒ

## ၂. ၁ ရည်မှန်းချက်

ဤအစီရင်ခံစာ၏ လတ်တလောရည်မှန်းချက်မှာ မြန်မာနိုင်ငံရှိ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူ (HRD) များ၏ လက်ရှိ အခြေအနေကို ပြည့်ပြည့်စုံစုံဖော်ပြရန်ဖြစ်ပြီး ၎င်းတို့ရင်ဆိုင်နေရသည့် ခြိမ်းခြောက်မှုများ အန္တရာယ်များကို ဖော်ပြရန်၊ HRD များ၊ မြန်မာအာဏာပိုင်များနှင့် အခြားသက်ဆိုင်သူများအား ခိုင်မာပြီးလက်တွေ့ကျသည့် သုတေသနကို အခြေခံကာ ဖြေရှင်းသည့် မူဝါဒအကြံပြုတိုက်တွန်းချက်များကို တင်ပြရန်၊ HRD များအား လုံလောက်ပြီး လက်တွေ့ဖြစ်နိုင်သည့် ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းစဉ်များဖြင့် အားပေးကူညီရန်၊ မြန်မာနိုင်ငံရှိ HRD များအတွက် ဥပဒေနှင့် တရားစီရင်ရေးပိုင်းဆိုင်ရာ ကာကွယ်စောင့်ရှောက်ရေး ယန္တရားများ အားကောင်းလာစေရန် ဖြစ်သည်။

ရေတိုရည်မှန်းချက်မှာ HRD များ လွတ်လပ်စွာလုပ်ရှားနိုင်ပြီး ၎င်းတို့၏ တန်ဖိုးရှိပြီး တရားဝင်မှုရှိသော လူ့အခွင့်အရေး လုပ်ငန်းများကို ဆောင်ရွက်နိုင်မည့် ဝန်းကျင်တစ်ခု ပေါ်ထွန်းလာရေးကို ပံ့ပိုးအားပေးရန်ဖြစ်သည်။ ရေရှည်ရည်မှန်းချက်မှာမူ မြန်မာနိုင်ငံတွင် တိုးတက်သည့် လူ့အခွင့်အရေး အခြေအနေဖြစ်ထွန်းရန် ဖြစ်သည်။ သို့မှသာ ဘာသာရေး၊ တိုင်းရင်းသားနှင့် လူနည်းစုများ၊ ဒေသခံ အခြေခံလူထုလူတန်းစား၊ ခွဲခြားခံဆင်းရဲသားများ၏ အခွင့်အရေးများ အပါအဝင် လူထုလူတန်းစားအားလုံး၏ လူ့အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ခံရ၊ လေးစားလိုက်နာခံရ၊ အားပေးမြှင့်တင်ခံရမည် ဖြစ်သည်။

## ၂. ၂ နယ်ပယ်အတိုင်းအတာ

AAPP နှင့် BP နှစ်ဖွဲ့စလုံး၏ ကျယ်ပြန့်သည့် ကွန်ရက်များ အကူအညီဖြင့် တွေ့ဆုံမေးမြန်းမှု ၇၅ ခု ပြုလုပ်ခဲ့ပါသည်။ ယင်းကွန်ရက်များမှာ မြန်မာနိုင်ငံအနှံ့တွင်တည်ရှိပြီး နယ်ပယ်ကဏ္ဍအမျိုးမျိုးမှဖြစ်သည်။ တွေ့ဆုံမေးမြန်းမှုများကို HRD မျိုးစုံနှင့် လုပ်ခဲ့ခြင်းဖြစ်ရာ ယင်းအထဲတွင် အလုပ်သမား သမဂ္ဂဝင်များနှင့် အလုပ်သမားအခွင့်အရေး လှုပ်ရှားတက်ကြွသူများ၊ LGBTIQ အခွင့်အရေး လှုပ်ရှားတက်ကြွသူများ၊ ရပ်ရွာလူထုခေါင်းဆောင်များ၊ လူ့အခွင့်အရေးလုပ်သားများ၊ တိုင်းရင်းသားအခွင့်အရေးနှင့် ငြိမ်းချမ်းရေးလှုပ်ရှားတက်ကြွသူများ၊ မြေယာအခွင့်အရေး လှုပ်ရှားတက်ကြွသူများ၊ အမျိုးသမီးအခွင့်အရေး လှုပ်ရှားတက်ကြွသူများ၊ ကျောင်းသားနှင့် လူငယ် လှုပ်ရှားတက်ကြွသူများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး လှုပ်ရှားတက်ကြွသူများ၊ လူ့အခွင့်အရေး ရှေ့နေများနှင့် သတင်းစာဆရာများ ပါဝင်သည်။ ဤကျယ်ပြန့်လှသော သုတေသနနယ်ပယ်အတိုင်းအတာကြောင့် AAPP နှင့် BP တို့သည် လူ့အခွင့်အရေး လုပ်ငန်းပေါင်းစုံအတွင်း ကဏ္ဍတစ်ခုချင်းအတွင်းနှင့် ကဏ္ဍအချင်းချင်းကြား ဖြစ်ရပ်ပုံစံများကို ဖော်ထုတ်နိုင်ခဲ့သည်။ မြန်မာနိုင်ငံတွင်းမှ HRD များနှင့် ပြုလုပ်ခဲ့သည့် တွေ့ဆုံမေးမြန်းမှုများအပြင် ထိုင်း-မြန်မာနယ်စပ်တလျှောက် အခြေစိုက်လှုပ်ရှားနေသူများနှင့်လည်း တွေ့ဆုံမေးမြန်းမှုအချို့လုပ်ခဲ့သည်။ နိုင်ငံခြားသား လူ့အခွင့်အရေး လုပ်သားများနှင့် တွေ့ဆုံဆွေးနွေးခြင်းဖြင့်လည်း HRD ကိစ္စရပ်များအပေါ် ကွဲပြားသည့် ရှုဒေါင့်များနှင့် ၎င်းတို့ ရင်ဆိုင်ရနိုင်သည့် သီးခြားစိန်ခေါ်မှုများကို သိရှိခဲ့ရပါသည်။

ထို့အပြင် FGD နှစ်ခုလည်း ပြုလုပ်ခဲ့သည်။ တစ်ခုတွင် ကျောင်းသားနှင့် လူငယ်လှုပ်ရှားတက်ကြွသူများနှင့် တွေ့ဆုံခဲ့ခြင်းဖြစ်ပြီး နောက်တစ်ခုတွင် မြန်မာနိုင်ငံတွင်းလုပ်ကိုင်နေသည့် သတင်းစာဆရာခြောက်ဦးနှင့် တွေ့ဆုံခဲ့ခြင်း ဖြစ်သည်။

လိုအပ်ချက်များအတွက် ရှေ့ပြေးအကဲဖြတ်ချက် (PNA) အပေါ်အခြေခံ၍ (အောက်ပါအခန်း ၂. ၃. ၁ ကိုကြည့်ပါ) AAPP နှင့် BP တို့က HRD လှုပ်ရှားမှု အခြေပြုနေရာများအပေါ် မူတည်၍ ပုံသဏ္ဍာန်အမျိုးမျိုးဖြင့် ချဉ်းကပ်ကာ စံနမူနာများကို ဖော်ထုတ်သတ်မှတ်ခဲ့သည်။ ထို့ကြောင့် HRD များ ရင်ဆိုင်ရသည့် ခြိမ်းခြောက်မှုများအကြောင်းကိုလည်းကောင်း၊ ၎င်းတို့ လက်လှမ်းမှီသည့် ကာကွယ်စောင့်ရှောက်ရေး ယန္တရားများအကြောင်းကိုလည်းကောင်း၊ ၎င်းတို့လုပ်ကိုင်နေရသည့် နယ်ပယ်ကဏ္ဍများ အကြောင်းကိုလည်းကောင်း ခြုံငုံတွေ့မြင်နိုင်ရန်အတွက် မြန်မာနိုင်ငံ၏ ပြည်နယ်နှင့်တိုင်းပေါင်းစုံတွင် သုတေသန လုပ်ရန် အရေးကြီးကြောင်း ထင်ရှားလာသည်။ AAPP နှင့် BP တို့မှ ကွဲပြားသော တိုင်းရင်းသား နယ်မြေနှစ်ခု၊ ဗမာလူမျိုး အများစုနေထိုင်သည့် တိုင်းဒေသနှစ်ခုနှင့် နိုင်ငံ၏ အဓိကမြို့ကြီးနှစ်မြို့ဖြစ်သော ရန်ကုန်နှင့် မန္တလေးတို့အား အလေးပေး ရွေးချယ်ခဲ့သည်။ ထို့မျှမက လူအများက ရန်ကုန်မြို့ကို မြန်မာနိုင်ငံ၏ အခြားပထဝီဝင် ဒေသအားလုံးထက်ပို၍ အန္တရာယ် ပိုကင်းသည်ဟု ယူဆထားသည်ကိုလည်း PNA က ဖော်ပြခဲ့သည်။ ထို့ကြောင့် လုံခြုံရေးအရ ရန်ကုန်မြို့ကို HRD များ တစုတစည်းတည်း နေနိုင်သည့် အကောင်းဆုံးရွေးချယ်စရာအဖြစ် ယူဆကြသည်။

ကွဲပြားခြားနားသော ဒေသများအား ရွေးချယ်ခဲ့ခြင်းသည်မှာ အရေးကြီးသည့် အချက်အလက်များကို နေရာအနှံ့မှ ပြည့်ပြည့်စုံစုံ ရရှိနိုင်ရန်ဖြစ်သည်။

ရွေးချယ်ခဲ့သည့် ဒေသများမှာ -

၁) ***ဧရာဝတီတိုင်း*** - မြေသိမ်းမှု များပြားခြင်းနှင့် မိမိတို့ အခွင့်အရေးများအတွက် တိုက်ပွဲဝင်နေသည့် မြေယာ အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများ အများအပြား ရှိနေခြင်းတို့ကြောင့် ရွေးချယ်ခဲ့ခြင်းဖြစ်ပြီး မြေယာ အခွင့် အရေးကာကွယ် စောင့်ရှောက်သူများ၊ လူ့အခွင့်အရေး လုပ်ရှားဆောင်ရွက်သူများနှင့် ပတ်ဝန်းကျင်ရေးရာ တက် ကြွလှုပ်ရှားသူများအား အဓိကထား တွေ့ဆုံမေးမြန်းခဲ့သည်။

၂) ***မကွေးတိုင်း*** - ဤဒေသတွင် HRD များအား အထူး တလည်ဖိနှိပ်သည့်ဝန်းကျင် ရှိနေခြင်းကြောင့်လည်းကောင်း၊ မြို့ပြမဟုတ်သည့် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများ အခြေအနေကို သိရန်လိုအပ်ခြင်းကြောင့်လည်းကောင်း ရွေးချယ်ခဲ့ခြင်းဖြစ်ပြီး ဤဒေသရှိ မည်သည့် HRD ကိုမဆို လက်လှမ်းမှီသမျှ တွေ့ဆုံမေးမြန်းခဲ့သည်။ သို့သော် အများစုမှာ မြေယာအခွင့်အရေး ကာကွယ်စောင့်ရှောက် သူများ၊ သတင်းစာဆရာများ၊ ရပ်ရွာလူထုခေါင်းဆောင်များ၊ ကျောင်းသားလှုပ်ရှားတက်ကြွသူများနှင့် လူ့အခွင့်အရေး လုပ်သားများ ဖြစ်သည်။

၃) ***ကချင်ပြည်နယ်*** - လက်နက်ကိုင်ပဋိပက္ခနှင့် ဆက်နွယ် သော လူ့အခွင့်အရေးဖောက်ဖျက်မှုများကြောင့် လည်း ကောင်း၊ ပြည်နယ်မြို့တော် မြစ်ကြီးနားတွင် ဒေသခံ ကချင် တိုင်းရင်းသား HRD များရှိနေခြင်းကြောင့်လည်းကောင်း ရွေးချယ်ခဲ့ခြင်းဖြစ်ပြီး တိုင်းရင်းသား အခွင့်အရေးနှင့် ငြိမ်း ချမ်းရေးလှုပ်ရှားတက်ကြွသူများ၊ ပတ်ဝန်းကျင်ထိန်းသိမ်း ရေးနှင့် ကာကွယ်စောင့်ရှောက်သူများ၊ အမျိုးသမီး HRD များ၊ ရှေ့နေများကို အဓိကထား တွေ့ဆုံမေးမြန်းမှုများပြု လုပ်ခဲ့သည်။

၄) ***ရှမ်းပြည်နယ်တောင်ပိုင်း*** - တွေ့ဆုံမေးမြန်းမှု မေးခွန်း များ၏ စေ့စပ်သေချာမှုကို စစ်ဆေးသည့်အနေဖြင့် တွေ့ဆုံ မေးမြန်းမှု ပထမအကျော့ကို ဤနယ်မြေတွင် ပြုလုပ်ခဲ့ သည်။ ရှေ့နေများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ကာ ကွယ်စောင့်ရှောက်သူများ၊ လူ့အခွင့်အရေးလုပ်သားများ၊ လူငယ်လှုပ်ရှားတက်ကြွသူများ၊ အမျိုးသမီး HRD များ၊ ကျောင်းသားလှုပ်ရှားတက်ကြွသူများ၊ နိုင်ငံရေးလှုပ်ရှားတက် ကြွသူများနှင့် တိုင်းရင်းသားအခွင့်အရေးနှင့် ငြိမ်းချမ်းရေး လှုပ်ရှားတက်ကြွသူများအား အဓိကထား တွေ့ဆုံ မေးမြန်း မှုများ ပြုလုပ်ခဲ့သည်။

၅) ***ရန်ကုန်မြို့ နှင့် မန္တလေးမြို့***- အကြီးဆုံးမြို့ကြီးနှစ်မြို့ တွင် ကဏ္ဍမျိုးစုံဆောင်ရွက်နေသော HRD များ စုစည်း မှုမြင့်မား ခြင်းကြောင့် ရွေးချယ်ခဲ့ခြင်းဖြစ်ပြီး LGBTIQ အခွင့်အရေးလှုပ်ရှားတက်ကြွသူများ၊ နိုင်ငံရေးလှုပ်ရှား တက်ကြွသူများ၊ အမျိုးသမီး HRD များ၊ တိုင်းရင်းသား အခွင့်အရေးကာကွယ်စောင့်ရှောက်သူများနှင့် ငြိမ်းချမ်းရေး လှုပ်ရှား တက်ကြွသူများ၊ အလုပ်သမား သမဂ္ဂဝင်များနှင့် အလုပ်သမားအခွင့်အရေး ကာကွယ်စောင့်ရှောက်သူများ၊ လူ့အခွင့်အရေး လုပ်သားများ၊ ကျောင်းသားနှင့် လူငယ် လှုပ်ရှားတက်ကြွသူများ နှင့် ရှေ့နေများကို တွေ့ဆုံမေးမြန်း ခဲ့သည်။ ထို့အပြင် အချို့မှာ တနင်္သာရီတိုင်း (အထူးသဖြင့် ထားဝယ်) တွင် လုပ်ကိုင်နေသည့် HRD များ၊ ရခိုင်ပြည် နယ်ကဲ့သို့ ယုံကြည်ကိုးကွယ်မှု ပြဿနာများကို အဓိကလုပ် ကိုင်နေသူများ စသော ကွဲပြားသည့် အခြားဒေသများမှ လာကြသူများ ဖြစ်သည်။

၆) ***ထိုင်း-မြန်မာနယ်စပ်*** - မြန်မာနိုင်ငံတွင်း တွေ့ဆုံ မေး မြန်းမှုများနှင့် FGD များအားလုံး ပြီးစီးသွားသည့်အခါ ပြည် တွင်း၌သာ လုပ်ကိုင်လှုပ်ရှားနေသူများနှင့် မတူကွဲပြားသော အတွေ့အကြုံများရှိသည့် ထိုင်းနိုင်ငံအခြေစိုက် မြန်မာ HRD များကိုလည်း တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်ခဲ့သည်။

ရခိုင်ပြည်နယ်တွင် ဆိုးဝါးသည့် လူ့အခွင့်အရေးအခြေ အနေများ ဖြစ်ပွားနေသည်ကို သိရှိသော်လည်း AAPP နှင့် BP တို့၏ သုတေသနအဖွဲ့နှင့် ဒေသခံ HRD များကိုယ်တိုင်၏ လုံခြုံရေးအတွက် အန္တရာယ်အလားအလာမှာ အထူးသဖြင့် လွန်ခဲ့ သည့် သုံးနှစ်အတွင်း အလွန်မြင့်မားခဲ့ပြီး ယင်းအန္တရာယ်များကို ရှောင်ရှားနိုင်မည့် မဟာဗျူဟာလုပ်ငန်း မရှိသေးသောကြောင့် ရခိုင်ပြည်နယ်အား ချန်လှပ်ခဲ့ရပါသည်။ သို့ရာတွင် အထက်မှ အချက် ၅ တွင် ဖော်ပြခဲ့သလို သုတေသနအဖွဲ့အနေဖြင့် ရခိုင် ပြည်နယ်မှ HRD များနှင့်လည်းကောင်း၊ တနင်္သာရီတိုင်းနှင့် ကရင်ပြည်နယ်ကဲ့သို့ မြန်မာနိုင်ငံ အခြားဒေသများမှ HRD များနှင့်လည်းကောင်း ရန်ကုန်မြို့တွင် တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်နိုင်ခဲ့သည်။

## ၂.၃ နည်းနာဗေဒ

### ၂.၃.၁ လိုအပ်ချက်များအတွက် ရှေ့ပြေးအကဲဖြတ်ချက် (PNA)

HRD များအား ကာကွယ်စောင့်ရှောက်ရန် လိုအပ်သော ယန္တရားများနှင့်ပတ်သက်သည့် အရေးပေါ် တိုင်ပင်ညှိနှိုင်းမှု အမျိုးမျိုးကို BP နှင့် အခြားမိတ်ဖက်အဖွဲ့အစည်းများမှ အလုပ်ရုံ ဆွေးနွေးပွဲများ သို့မဟုတ် HRD များနှင့် အလွတ်သဘော တစ်ဦးချင်း ပြောဆိုမှုများအသွင်ဖြင့် စတင်ခဲ့သည်။ ယင်း ကနဦး တိုင်ပင်ဆွေးနွေးမှုများမှတဆင့် ၂၀၁၄-၂၀၁၅ ခုနှစ်တွင် AAPP နှင့် BP တို့မှ လုပ်ဆောင် သည့် မြန်မာနိုင်ငံရှိ HRD များ၏ အခြေအနေနှင့် ၎င်းတို့အား ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ သုတေသန လုပ်ငန်းစဉ် ဖြစ်ပေါ်လာခဲ့သည်။ ယခုအစီရင်ခံစာမှာ ထိုလုပ်ငန်းစဉ်၏ ရလာဒ် ဖြစ်သည်။

BP အဖွဲ့ဝင်နှစ်ဦးမှ PNA ကို ၂၀၁၄ ခုနှစ် နိုဝင်ဘာလ ၂၂ ရက်မှ ၂၅ ရက်နေ့အထိ ရန်ကုန်မြို့၌ လုပ်ဆောင်ခဲ့သည်။ အဖွဲ့အစည်းနှင့် ကွန်ရက် (၇) ခုမှ ခေါင်းဆောင်များ သို့မဟုတ် ဦးဆောင်အဖွဲ့ဝင် HRD ၁၂ ဦးနှင့် ကနဦး တွေ့ဆုံမေးမြန်းမှုများ လုပ်ခဲ့သည်။ ယင်း HRD ၁၂ ဦးထဲတွင် အလုပ်သမားအခွင့်အရေး ကာကွယ်စောင့်ရှောက်များ၊ သတင်းစာဆရာများ၊ လူ့အခွင့်အရေးလုပ်သားများ၊ မြေယာအခွင့်အရေး အကာအကွယ်စောင့်ရှောက်သူများ၊ လူငယ်လှုပ်ရှားတက်ကြွသူများ၊ တိုင်းရင်းသား အခွင့်အရေးနှင့် ငြိမ်းချမ်းရေး လှုပ်ရှားတက်ကြွသူများနှင့် အမျိုးသမီး HRD များ ပါဝင်သည်။

PNA ၏ အဓိကရည်မှန်းချက်များမှာ (၁) အကြောင်းအရာ - တနည်းအားဖြင့် HRD တို့၏ အမြင်၊ မြန်မာနိုင်ငံရှိ HRD များကို ကာကွယ်စောင့်ရှောက်မှု တိုးတက်စေနိုင်ရေးကို အထောက်အကူပြုသည့် အစီရင်ခံစာနှင့် သတင်းအချက်အလက် အမျိုးအစား၊ (၂) နည်းနာဗေဒ - တနည်းအားဖြင့် သုတေသန တွေ့ဆုံမေးမြန်းခြင်းများ လုပ်ဆောင်ရာတွင် အထူးဂရုပြုရမည့် "ဆောင်ရန်" နှင့် "ရှောင်ရန်" များ အပါအဝင် မည်သည့်နည်းလမ်းများက အကောင်းဆုံး ဖြစ်နိုင်သည်၊ (၃) နှစ်မြှုပ်လုပ်ဆောင်မှု - တနည်းပြောရလျှင် အသေးစိတ်အမေးအဖြေများနှင့် FGD များအတွက် တွေ့ဆုံဆွေးနွေးရန် သဘောတူသည့် HRD များ၊ သုတေသနတွေ့ဆုံမေးမြန်းမှုများထဲ ပါဝင်နိုင်မည့် အခြားသော HRD များနှင့် ထိတွေ့နိုင်ရန် ကွန်ရက်များအား စုစည်းပေးခြင်း အပါအဝင် အခြားကူညီပံ့ပိုးမှုများ လုပ်ဆောင်ပေးမည့်သူများကို ရှာဖွေဖော်ထုတ်ရန် ဖြစ်သည်။ အပြီးသတ် သုတေသန နည်းနာဗေဒ ရွေးချယ်ရန်အတွက်နှင့် HRD ကာကွယ်စောင့်ရှောက် ရေးယန္တရားများအကြောင်း အစီရင်ခံစာတစ်ခုတွင် ပါဝင်သင့်သည့် ကဏ္ဍများကို ရွေးချယ်ထည့်သွင်းရန်တို့အတွက် PNA မှာ အလွန်အရေးပါခဲ့ပြီး ရွေးချယ်ခဲ့သည့် ကဏ္ဍများမှာ အောက်ပါအတိုင်း ဖြစ်သည် -

### *အကြောင်းအရာ*

- ***ဥပဒေရေးရာဆန်းစစ်သုံးသပ်ချက်*** - HRD များအပေါ် သက်ရောက်သည့် ဥပဒေမူဘောင်၊ အထူးသဖြင့် HRD များနှင့် ၎င်းတို့၏လုပ်ငန်းများအား ပစ်မှတ်ထားနှိပ်ကွပ်ရာတွင် အသုံးပြုသည့် ဖိနှိပ်ရေးဥပဒေများကို စေ့စပ်သေချာသော ဥပဒေပိုင်းဆိုင်ရာ ဆန်းစစ်သုံးသပ်ချက် လုပ်ဆောင်ရန် အရေးကြီးမှု၊
- ***HRD ကို အဓိပ္ပာယ်ဖွင့်ဆိုခြင်း*** - HRD ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ဆုံးဖြတ်ပြဋ္ဌာန်းရန်အရေးကြီးမှု၊ အထူးသဖြင့် မြန်မာနိုင်ငံအခင်းအကျင်းတွင် အကြောင်းအရာတစ်ခုချင်းနှင့် အကြောင်းအရာမျိုးစုံ ဆက်စပ်လုပ်ကိုင်နေသူများ ခွဲခွဲခြားခြားသတ်မှတ်ရေးနှင့် ကွဲပြားခြားနားသော HRD အမျိုးအစားများကို ဖော်ထုတ်သတ်မှတ်ရန် အရေးကြီးမှု တို့အပြင် ၎င်းတို့ရင်ဆိုင်နေရသည့် လူ့အခွင့်အရေး ချိုးဖောက်မှုအမျိုးအစားများ၊ အထူးသဖြင့် တိုင်းရင်းသား ဒေသများရှိ HRD များအပေါ် ကျူးလွန်သည့် ချိုးဖောက်မှုများကို ဖော်ထုတ်သတ်မှတ်ရန်၊
- ***အကဲဖြတ်ချက်များ*** - ပုံစံအမျိုးမျိုးသော HRD တစ်ဦးချင်းနှင့် အဖွဲ့အစည်းများအကြား ရှိနေသည့် ဆက်စပ်မှုများကို အကဲဖြတ်ရန် အရေးကြီးမှု၊ ကွဲပြားခြားနားသည့် HRD များ ရင်ဆိုင်နေရသည့် အန္တရာယ်အတိမ်အနက်နှင့် ပုံစံများ အကြောင်း၊ ၎င်းတို့ဆောင်ရွက်နေသည့် HRD အလုပ်အမျိုးအစားပေါ် မူတည်၍ အန္တရာယ်ပုံစံများကွဲပြားခြင်း သို့မဟုတ် ပထဝီဒေသပေါ် မူတည်၍ အန္တရာယ်ပုံစံများကွဲပြားခြင်း၊ ပြုပြင်ပြောင်းလဲရေး ဖြစ်စဉ်စတင်သည့် ၂၀၁၁ ခုနှစ် မတိုင်ခင် ကာလတွင် HRD များရင်ဆိုင်ခဲ့ရသည့် အန္တရာယ်အတိမ်အနက်နှင့် ပုံစံများအကြောင်း၊ ပြုပြင်ပြောင်းလဲရေး ဖြစ်စဉ် အစောပိုင်းကာလများ၊လည်းကောင်း၊ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ နီးလာသည့် လတ်တလော ကာလ၌ လည်းကောင်း HRD ဘယ်နှစ်ဦး တိုက်ခိုက်ခံရ၊ ဖမ်းဆီးခံရ၊ ထောင်ချခံရသည် စသည့် သတင်း အချက်အလက်များ အပါအဝင် ရင်ဆိုင်ရသည့် အန္တရာယ်အခြေအနေ၊

- ***ကာကွယ်စောင့်ရှောက်ရေးယန္တရားများ*** - လက်ရှိ သို့မဟုတ် ဖြစ်ပေါ်လာနိုင်သည့် ကာကွယ်စောင့်ရှောက်ရေး ယန္တရားများကို ဖော်ထုတ်သတ်မှတ်ရန် အရေးကြီးမှု၊ ဥပမာအားဖြင့် နိုင်ငံတကာ NGO များ (INGO)၊ UN အဖွဲ့အစည်းများ၊ မီဒီယာများတည်ရှိနေမှုကြောင့် (အခြားဒေသများတွင် မရရှိသော်လည်း) ရန်ကုန်မြို့ရှိ HRD များအတိုင်းအတာတစ်ခုထိ ကာကွယ်စောင့်ရှောက်မှုရနေခြင်း၊ လတ်တလောတွင် HRD များအကြား ဆက်သွယ်ဆောင်ရွက်မှုများနှင့် ကွန်ရက်ချိတ်ဆက်မှုများ ရန်ကုန်မြို့ အားကောင်းသော်လည်း ရန်ကုန်မြို့နှင့် ၎င်းနှင့် အလှမ်းဝေးသည့် ဒေသများအကြား ချိတ်ဆက်မှုအားနည်းနေခြင်း၊ ရန်ကုန်မဟုတ်သည့် ဒေသအချင်းချင်းကြား ချိတ်ဆက်မှုများ ဆိုးဝါးစွာ အားနည်းနေခြင်းနှင့် HRD တစ်ဦးချင်းရရှိသည့် နိုင်ငံတကာနှင့် ပြည်တွင်း အသိအမှတ်ပြုမှုများ၊

## နည်းနာဗေဒ

- ***အချက်အလက်ကောက်ယူခြင်းနှင့် သုတေသနနယ်ပယ် အတိုင်းအတာ*** - သုတေသနလုပ်ငန်းအနေဖြင့် ပထဝီဒေသပိုင်း၊ HRD အမျိုးအစားများနှင့် လုပ်ဆောင်သည့် ကိစ္စရပ်များ၊ ကျယ်ပြန့်မှုနှင့် နက်ရှိုင်းမှုတို့ကြား ဟန်ချက်ညီစေရေးအတွက် တိုင်းရင်းသားဒေသများသာမက ရန်ကုန်နှင့် မန္တလေးမဟုတ်သော ဗမာလူမျိုးအများစု နေထိုင်သည့်ဒေသများ အထူးသဖြင့် ကျေးလက်ဒေသများသို့ပါ သွားရောက်၊ HRD များရင်ဆိုင်ရသည့် လူနေမှုဘဝနှင့် သက်မွေးဝမ်းကျောင်း ထိခိုက်နစ်နာမှုများအားလည်း သုတေသနပြုခဲ့သည်၊
- ***လုံခြုံရေးအန္တရာယ်*** - လုံခြုံရေးအန္တရာယ်ကို တွက်ချက်ရန် အရေးကြီးမှု၊ အန္တရာယ်အလားအလာများသည်ဟု သတ်မှတ်ခဲ့သည့် ဒေသများမှာ - စစ်ကိုင်းတိုင်း (အထူးသဖြင့် လက်ပံတောင်းနယ်မြေ)၊ ရခိုင်ပြည်နယ်၊ ကချင်ပြည်နယ် (တိုက်ပွဲများကြောင့်လည်းကောင်း၊ HRD များကို ဒေသခံအာဏာပိုင်များက မလိုမုန်းထား ဆက်ဆံသည့် အကျင့်စရိုက်ကြောင့်လည်းကောင်း)၊
- ***ဦးစားပေးဒေသများ*** - ဦးစားပေးအဖြစ်သတ်မှတ်ရန် နယ်မြေများ ရှာဖွေဖော်ထုတ်ရေး အရေးကြီးမှု၊ ရောဝတီတိုင်းနှင့် အထက်တွင်ဖော်ပြခဲ့သည့် အန္တရာယ်အလားအလာများသည့် ဒေသများပါဝင်မည်၊ ရန်ကုန်မြို့သည်လည်း စက်မှုဇုံများစုစည်းနေသည့်ဒေသဖြစ်သောကြောင့် အလုပ်သမားအခွင့်အရေး လှုပ်ရှားတက်ကြွသူများ၊ သမဂ္ဂဝင်များနှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ရန် အရေးပါဆုံးဒေသအဖြစ် သတ်မှတ်ခဲ့သည်၊
- ***တွေ့ဆုံမေးမြန်းမှုများအတွက်နေရာ*** - တွေ့ဆုံမေးမြန်းမှုများအတွက် သင့်တော်သည့်နေရာများကို ရှာဖွေ သတ်မှတ်ခြင်း၏ အရေးပါမှု၊ ဥပမာ - ရည်ညွှန်းအထောက်အထားများ၊ စာရွက်စာတမ်းများ၊ ပစ္စည်းကိရိယာများကို အလွယ်တကူ လက်လှမ်းမှီနိုင်မည်ဖြစ်သောကြောင့် HRD တို့၏ ရုံးခန်းများသည် FGD များလုပ်ရန် သင့်တော်သည်၊ သို့သော် အင်တာဗျူးများအတွက် HRD များ ကိုယ်တိုင် နေရာရွေးချယ်ခွင့်ရှိရန် အရေးကြီးသည်၊
- ***လျှို့ဝှက်ထိန်းသိမ်းမှု*** - သုတေသနလုပ်ငန်းတွင် ပါဝင်ခဲ့သည့် HRD အားလုံး၏ လုံခြုံရေးအတွက် ၎င်းတို့၏ ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ထိန်းသိမ်းထားရန် အရေးပါမှု၊
- ***သုတေသီများ*** - လုံခြုံရေး၊ ချဉ်းကပ်နိုင်စွမ်းနှင့် လုပ်ငန်းထိရောက်မှုတို့အတွက် သုတေသီများအနေဖြင့် မြန်မာနိုင်ငံသားဖြစ်ရန် အရေးပါမှု၊ အမျိုးသမီး HRD များ၊ အမျိုးသမီးအခွင့်အရေးကာကွယ်စောင့်ရှောက်သူများ၊ LGBTIQ အခွင့်အရေးကာကွယ်စောင့် ရှောက်သူများနှင့် တွေ့ဆုံမေးမြန်းရာတွင် အကဲဆတ်သည့်ကိစ္စရပ်များ ဆွေးနွေးသည့်အခါ၊ ၎င်းတို့ခံစားခဲ့ရသော အထူးသဖြင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတစ်ခုခုနှင့် စပ်လျဉ်း၊ ပြောဆိုသည့်အခါ ၎င်းတို့အနေဖြင့် ပိုမိုသက်တောင့်သက်သာရှိစေရေးအတွက် အမျိုးသမီး သုတေသီတစ်ဦး ထည့်သွင်းရန် အရေးပါမှု၊ ထိုသို့အကဲဆတ်သည့် ကိစ္စရပ်များအား မေးမြန်းဆွေးနွေးရာတွင် အဆင်ပြေချောမွေ့စေရန် ထိုအမျိုးသမီး သုတေသီအား အနီးကပ်သင်တန်းပေးရန် အရေးပါမှု၊
- ***ဦးတည်ပရိသတ်*** - မြန်မာအစိုးရကိုလည်းကောင်း၊ အထူးသဖြင့် နိုင်ငံတကာအသိုင်းအဝိုင်းကိုလည်းကောင်း ဦးတည်ပစ်မှတ်ထားခြင်း၏ အရေးပါမှု (အချို့က နိုင်ငံတကာအသိုင်းအဝိုင်း၏ အခန်းကဏ္ဍအပေါ် ယုံကြည်မှုနည်းသော်လည်း အချို့ကမူ မြန်မာအစိုးရကို ပစ်မှတ်ထားခြင်းမှာ အကျိုးမရှိဟု ယုံကြည်ကြသည်၊ အကြောင်းမှာ အစိုးရသည် တိုင်းပြည်တဝှမ်းတွင် HRD များကို ပြောင်ပြောင်တင်းတင်း၊ ရည်ရွယ်ချက်ရှိရှိ စနစ်တကျဖိနှိပ်နေသောကြောင့်ဖြစ်သည်)

### ၂. ၃. ၂ သုတေသန

သုတေသနနည်းနာကို အထက်တွင် အကျဉ်းဖော်ပြခဲ့သည့် PNA တွေ့ရှိချက်များအပေါ် အခြေခံရေးဆွဲထားသည်။ သုတေသနကို ၂၀၁၅ ခုနှစ် ဇန်နဝါရီနှင့် ဖေဖော်ဝါရီလများတွင် ပြုလုပ်ခဲ့ပြီး နိုင်ငံတဝှမ်းမှ HRD များနှင့် တစ်နာရီစာ ပုံစံချထားသော အမေးအဖြေ ၇၅ ခု ပါဝင်သည်။ ၎င်း HRD များမှာ နယ်ပယ်ကဏ္ဍစုံမှဖြစ်ပြီး တစ်သီးပုဂ္ဂလများ၊ အရပ်ဖက်လူထုအဖွဲ့အစည်းများနှင့် ကွန်ရက် ကိုယ်စားလှယ်များ ပါဝင်သည်။ တွေ့ဆုံမေးမြန်းခဲ့သည့် HRD များတွင် အမျိုးသား ၄၄ ဦး၊ အမျိုးသမီး ၂၉ ဦးနှင့် "အခြား" ဟု ဖော်ပြသူ ၂ ဦး ပါဝင်သည်။ သုတေသနထဲတွင် အုပ်စုတူများကို အခြေခံသော FGD နှစ်ခုလည်း ပါဝင်သည်။

သုတေသနအဖွဲ့က ခိုင်မာသည့်စာရင်းဇယား သို့မဟုတ် ကိန်းဂဏန်းများအပေါ် အလေးပေးခြင်းထက် အရည်အသွေးကို ပိုမိုအလေးပေးသည့်ချဉ်းကပ်နည်းကို အသုံးပြုခဲ့ပြီး ကိုယ်တွေ့အတွေ့အကြုံများနှင့် အမှန်တကယ်ကြုံရသော သို့မဟုတ် ကြုံရနိုင်သော ခြိမ်းခြောက်မှုပုံစံများကို အဓိကထား ဖော်ထုတ်ခဲ့သည်။ ထို့ကြောင့် အခြေအနေနှင့် တုန့်ပြန်မှုအပေါ် မူတည်၍ နက်ရှိုင်းစွာ ဆွေးနွေးရန်လိုအပ်သော တချို့အခြေအနေများကို လွတ်လပ်စွာ ဆွေးနွေးနိုင်ရန်အတွက် တစ်စိတ်တစ်ပိုင်းသာ ပုံစံချထားသော မေးခွန်းများကို အသုံးပြုခဲ့သည် (အင်တာဗျူးမေးခွန်းလွှာကို နောက်ဆက်တွဲ ၁ တွင် ကြည့်ပါ)။ FGD နှစ်ခုမှာ အဓိပ္ပာယ်အရပင်လျှင် ပိုမိုပျော့ပြောင်းပြီး ပုံစံချထားသည့် မေးခွန်းများအစား လွတ်လပ်စွာဖြေဆိုနိုင်မည့် မေးခွန်းများဖြင့် ပြုလုပ်ခဲ့သည်။ သို့သော် အစပိုင်းအဆင့်များ၊ သုတေသီမှ ဆွေးနွေးပွဲလမ်းကြောင်းကို ဦးတည့်ပေးရန် လိုအပ်သည် (FGD လမ်းညွှန်အတွက် နောက်ဆက်တွဲ ၂ တွင် ကြည့်ပါ)။ FGD များ၏ ထပ်ဆောင်းတန်ဖိုးမှာ အဓိကကျသော ကိစ္စရပ်အချို့နှင့် ပတ်သက်၍ ဆွေးနွေးမှုများ၊ သဘောကွဲလွဲမှုများကို အစဉ်မီ နှိုးဆွပေးပြီး ပါဝင်သူများကို ဆွေးနွေးလာစေရန်နှင့် အဖြေကောင်း ပေးနိုင်ရန် လှုံ့ဆော်ပေးသည်။

သုတေသနအဖွဲ့ငယ်တွင် သုတေသီသုံးဦးပါဝင်ပြီး အားလုံးမှာ မြန်မာနိုင်ငံမှ ဖြစ်သည်။ ၎င်းတို့အထဲတွင် ကရင်တိုင်းရင်းသား တစ်ဦးနှင့် အမျိုးသမီးတစ်ဦးပါဝင်သည်။ အချို့သော တိုင်းရင်းသားဒေသများတွင် ဗမာမဟုတ်သည့် သုတေသီအပေါ် ယုံကြည်မှု ပိုရှိနိုင်သောကြောင့် တိုင်းရင်းသားလူမျိုး သုတေသီတစ်ဦး ပါရှိခြင်းမှာ အရေးပါသည်။ အလားတူပင် အမျိုးသမီး သုတေသီ ရှိရန်လည်း အရေးကြီးသည်။ အကြောင်းမှာ အစီရင်ခံစာထဲတွင် အမျိုးသမီးပါဝင်မှုပိုင်းအရ အရေးကြီးရုံတင်မကဘဲ တွေ့ဆုံဆွေးနွေးခံသူ စုစုပေါင်း၏ (၃၈. ၆%) ကို ကိုယ်စားပြုသော အမျိုးသမီး HRD များကို အင်တာဗျူးနိုင်ရန်လည်း ဖြစ်သည်။ ထို့အပြင် HRD များ၏ အခန်းကဏ္ဍမှာ အခြားသူများ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ပေးသည့် တချိန်တည်းမှာပင် ၎င်းတို့ကိုယ်တိုင်လည်း လူ့အခွင့်အရေး ချိုးဖောက်မှုများ၏ သားကောင် ဖြစ်သွားနိုင်သည်။ သို့ဖြစ်ရာ အမျိုးသမီး HRD များကို အင်တာဗျူးရန် အမျိုးသမီးသုတေသီတစ်ဦး ထားရှိရန်မှာ အထူးလိုအပ်သည်။ အထူးသဖြင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကဲ့သို့သော ထိလွယ်ရှလွယ်ကိစ္စရပ်များဆိုင်ရာတွင် အလုပ်လုပ်နေသည့် HRD များနှင့် ဤအကြမ်းဖက်မှုများ၏ သားကောင်ဖြစ်ခဲ့သည့် HRD များကိုတွေ့ဆုံမေးမြန်းရန် ဖြစ်သည်။

တွေ့ဆုံမှုပြုလုပ်သည့်နေရာများကို တွေ့ဆုံမေးမြန်းခံသူများ၏ အကြံပြုချက်ကို အခြေခံ၍ ရွေးချယ်ထားသည်။ ဆိုလိုသည်မှာ ၎င်းတို့စိတ်ချလက်ချနှင့် သက်တောင့်သက်သာရှိမည့် နေရာများဖြစ်ပြီး ရုံးခန်း သို့မဟုတ် တစ်စုံတစ်ယောက်၏ နေအိမ် သို့မဟုတ် အများနှင့်သက်ဆိုင်သော နေရာတစ်ခုခုဖြစ်သည်။ တွေ့ဆုံမေးမြန်းသည့် နည်းနာများကို ချိန်ညှိရန် ပထမပိုင်း တွေ့ဆုံမေးမြန်းမှုများကို သုတေသနအဖွဲ့ဝင်နှစ်ဦး ပူးတွဲ၍လုပ်ဆောင်ခဲ့ပြီး နောက်ပိုင်းမှာမူ ကွဲပြားသည့်ဒေသများကို တစ်ဦးချင်းစီတာဝန်ယူလုပ်ဆောင်ခဲ့သည်။ မေးမြန်းထားသော အသံဖိုင်များကို သုတေသနအဖွဲ့တွင်း မျှဝေခြင်းဖြင့် မိမိတို့ အသုံးပြုသော သုတေသနနည်းလမ်းများကို ချိန်ညှိကာ သတင်း အချက်အလက်များ၏ အဆင့်နှင့် အရည်အသွေးများ တပြေးညီဖြစ်စေရေး သေချာစေခဲ့သည်။

နောက်ထပ်အလေးထားသည့်အချက်မှာ အစီရင်ခံစာထဲတွင် HRD များကို တစ်ဦးမှ အမည်ဖော်ပြမှု မရှိခြင်း ဖြစ်သည်။ အမည်ဖော်ပြလိုက်ပါက မြန်မာနိုင်ငံ၏ လက်ရှိနိုင်ငံရေးနှင့် လူ့အခွင့်အရေး အခြေအနေအောက်တွင် ၎င်းတို့နှင့် မိသားစုများအား အန္တရာယ်ဖြစ်စေနိုင်သောကြောင့် ဖြစ်သည်။ ထို့ကြောင့် ပြောဆိုချက်များကို ကောက်နှုတ်သုံးထားသော်လည်း သီးသန့်ပုဂ္ဂိုလ်တစ်ဦးဦးသို့ ရည်ညွှန်းထားခြင်းမရှိပေ။ ထို့အပြင် မီဒီယာတွင်ဖော်ပြခံရသော လူသိထင်ရှားအမှုများမှလွဲ၍ လူသိသွားနိုင်သော အမှုလေ့လာချက်များကို အစီရင်ခံစာထဲတွင် သုံးမထားပေ။ ယင်းအစား အတွေ့အကြုံများ၊ လှုပ်ရှားမှုများ၊ ခြိမ်းခြောက်မှုများနှင့် HRD ကာကွယ်စောင့်ရှောက်ရေး ယန္တရားများကို ယေဘုယျကျကျအဆင့်၌သာ သုံးသပ်ဆန်းစစ်ထားသည်။ ထိုမျှသာမက သုတေသနအတွက်လည်းကောင်း၊ အစီရင်ခံစာရေးသားရန်အတွက်လည်းကောင်း ပြင်ဆင်မှုတစ်စိတ်တစ်ပိုင်းအဖြစ် ပြည့်စုံ

ခြုံငုံမှုရှိသော လုပ်ငန်းပိုင်း အန္တရာယ်သုံးသပ်ဆန်းစစ်ချက် တစ်ခုကိုလည်း လုပ်ဆောင်ခဲ့သည်။

ကွင်းဆင်းသုတေသနအပြင် AAPP နှင့် BP တို့သည် အင်္ဂလိပ်ဘာသာ၊ မြန်မာဘာသာများဖြင့် ထုတ်ဝေသော ပြည်တွင်းပြည်ပ ပုံနှိပ်နှင့် အွန်လိုင်း သတင်းမီဒီယာနှင့်အခြားထုတ်ဝေမှု အမျိုးမျိုးအဖုံဖုံကို ပုံမှန်စောင့်ကြည့်လေ့လာခြင်းဖြင့်လည်း HRD ကိစ္စရပ်များနှင့် ကာကွယ်စောင့်ရှောက်ရေး ယန္တရားများအကြောင်း သက်ဆိုင်သည့် သတင်းအချက်အလက်များကို စုဆောင်းပြုစုခဲ့သည်။ ဤသို့လုပ်ဆောင်ရာတွင် HRD များ ရင်ဆိုင်နေရသည့် ဥပဒေပိုင်းနှင့် အဆောက်အအုံပိုင်းဆိုင်ရာ ခြိမ်းခြောက်မှုများအပေါ် ဆန်းစစ် သုံးသပ်မှုများကိုလည်း သေချာစွာလုပ်ဆောင်ခဲ့သည်။

အောက်တွင်ဖော်ပြထားသည့် အပိုင်း (၅) ပါ အကြံပြုတိုက်တွန်းချက်များမှာ ဥပဒေပြုရေးဆိုင်ရာဖြစ်ကာ မြန်မာလွှတ်တော်၊ မြန်မာအစိုးရနှင့် အတိုက်အခံပါတီများကို ဥပဒေတင်သွင်းပြဋ္ဌာန်းနိုင်သည့်အစုများအဖြစ် အဓိကဦးတည်ထားပြီး HRD များ၏ အကြံပြုချက်များကိုလည်း ထည့်သွင်းထားသည်။ ထို့အပြင် HRD များနှင့်ပတ်သက်သည့် မြန်မာနိုင်ငံ၏ ဥပဒေပိုင်း အခြေအနေကို ဆန်းစစ်သုံးသပ်ကာ တိုးတက်ကောင်းမွန်အောင် ပြုပြင်နိုင်မည့်နေရာများ ရှာဖွေဖော်ထုတ်ထားသည်။ တနည်းအားဖြင့်ပြောရလျှင် မြန်မာနိုင်ငံရှိ HRD တို့၏ အခွင့်အရေးများနှင့် ဘဝများကို အားပေးမြှင့်တင်ရေး၊ ကာကွယ် စောင့်ရှောက်ရေးပိုင်းများတွင် ဥပဒေအရ မည်သည့်အတိုင်းအတာအထိ အကျိုးပြုနိုင်မည်ကို ဖော်ထုတ်ထားသည်။ ဥပဒေပိုင်းမဟုတ်သည့် အကြံပြုတိုက်တွန်းချက်များမှာမူ လူ့အခွင့်အရေးနယ်ပယ်များတွင် အလုပ်လုပ်နေသည့် NGO များ၊ လှူပ်ရှားတက်ကြွသူများ၊ ကွန်ရက်များ၊ အဆောက်အအုံများအပါအဝင် အရပ်ဖက် အသိုင်းအဝိုင်းမိတ်ဖက်များသို့ အဓိကဦးတည်ထားသည်။ မိမိတို့အနေဖြင့် ကွင်းဆင်းသုတေသန တွေ့ရှိချက်များကို လေ့လာဆန်းစစ်သုံးသပ်ပြီး အထက်ပါဦးတည်ချက်နှင့် ကိုက်ညီအောင် ဤအစီရင်ခံစာကို ရေးသားဖော်ပြထားပါသည်။

နောက်ဆုံးအနေဖြင့် HRD ဖိုရမ်များ ဖြစ်ထွန်းရေးအတွက် ကြိုးစားနေသည့် မြန်မာနိုင်ငံအခြေစိုက် အဖွဲ့အစည်းများ ရှိနေပြီး HRD များ လုံခြုံရေးကို ကာကွယ်စောင့်ရှောက်မှု တိုးမြင့်လုပ်ဆောင်နိုင်ရန်အတွက် HRD များအချင်းချင်း သတင်းအချက်အလက် ဖလှယ်ရန်နှင့် ဆက်သွယ်မှုတိုးတက်စေရန် ရည်ရွယ်ချက်ဖြင့် ကွန်ရက်တစ်ခုထဲတွင် ပါဝင်ရန် ဖိတ်ခေါ်ထားပါသည်။ ထိုမှတဆင့် အချိန်နှင့်တပြေးညီ လုပ်ဆောင်မှုနှင့် တုန့်ပြန်လုပ်ဆောင်မှုရှိသည့် HRD ကာကွယ်စောင့်ရှောက်ရေး ယန္တရားသို့မဟုတ် ရုံပုံငွေကို ထူထောင်မည်ဖြစ်သဖြင့် HRD များအားကိစ္စရပ်တစ်ခုချင်းစီအပေါ် အခြေခံပြီး ဘဏ္ဍာရေးနှင့် ဥပဒေရေးရေးရာ အကူအညီ ထောက်ပံ့ပေးနိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် HRD ကိစ္စများကို လုပ်နေသည့် အခြားသော ပြည်တွင်းပြည်ပ အရပ်ဖက်လူထုအဖွဲ့အစည်းများနှင့် လူ့အခွင့်အရေး NGO များလည်း ရှိနေပြီး AAPP နှင့် BP တို့အနေဖြင့် ၎င်းတို့နှင့် ပုံမှန်ပူးပေါင်းလုပ်ဆောင်လျက်ရှိပါသည်။

# (၃) ဥပဒေပိုင်းဆိုင်ရာမူဘောင်

ဤအပိုင်းတွင် HRD များနှင့် ၎င်းတို့၏ တရားဝင်မှုရှိသောအလုပ်ကို ကာကွယ်စောင့်ရှောက်ရန် ရည်ရွယ်သော နိုင်ငံတကာ ဥပဒေမူဘောင်ကို ဦးစွာမီးမောင်းထိုး ဖော်ပြထားသည်။ ထို့နောက်တွင် မြန်မာနိုင်ငံရှိ HRD များ၏ အလုပ် သို့မဟုတ် ၎င်းတို့ ဘဝများကို ခြိမ်းခြောက်နေသည့် သို့မဟုတ် ၎င်းတို့အား ပစ်မှတ်ထားနှိပ်ကွပ်ရာတွင် အသုံးပြုသည့် ပြည်တွင်းဥပဒေများကိုလည်း တင်ပြထားသည့်အပြင် ထိုသို့သော အငြင်းပွားဖွယ် ဥပဒေများကို မည်သို့အသုံးပြုထားသည်ကို ပေါ်လွင်စေသည့် သတင်းမီဒီယာတွင် ဖော်ပြထားသော လူသိထင်ရှားအမှုများကို ထောက်ပြထားသည်။ အဆုံးပိုင်း၌ HRD များအပေါ် လက်ရှိ ဖိနှိပ်နေမှုနှင့် ၎င်းတို့အလုပ်ကို နှိပ်ကွပ်ချုပ်ချယ်နေမှု အခင်းအကျင်းတွင်းမှ မြန်မာနိုင်ငံ တရားစီရင်ရေးကဏ္ဍ၊ လွှတ်တော်၊ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင် (MNHRC) နှင့် လက်ကျန် နိုင်ငံရေးအကျဉ်းသား စိစစ်ရေးကော်မတီ (CSRPP) တို့၏ အခန်းကဏ္ဍများကို ဆန်းစစ်သုံးသပ်ထားသည်။

## ၃. ၁ ကြေညာစာတမ်း

အထက်မှ အပိုင်း (၁) တွင် တင်ပြခဲ့သလို ကုလသမဂ္ဂ၏ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများဆိုင်ရာပြောစာတမ်း (အပိုဒ် ၁) တွင် *"လူတိုင်းတွင် မိမိတို့တစ်ဦးချင်းဖြစ်စေ၊ အခြားသူများနှင့် ပူးပေါင်း၍ဖြစ်စေ လူ့အခွင့်အရေးနှင့် အခြေခံ လွတ်လပ်ခွင့်များကို နိုင်ငံတော်အဆင့်နှင့် နိုင်ငံတကာအဆင့်တို့တွင် တိုးတက်မြင့်မားအောင် လုပ်ဆောင်ခွင့်၊ ကာကွယ် စောင့်ရှောက်ခွင့်နှင့် အမှန်တကယ် ရရှိခံစားပိုင်ခွင့် ရှိသည်"* ဟု ဆိုထားသည်။ ထို့အပြင် အပိုဒ် (၂) တွင်လည်း *"အစိုးရ တိုင်းသည် လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များအတွက် ကာကွယ်ရန်၊ မြှင့်တင်ပေးရန်နှင့် အကောင်အထည်ဖော် ဆောင်ရွက်လုပ်ကိုင်ရန် တာဝန်ဝတ၊ရားများ ရှိသည်"* ဟု ပြဋ္ဌာန်းထားသည်။

ထို့ကြောင့် မြန်မာအစိုးရအနေဖြင့် ရဲရင့်ဖြောင့်မတ်ပြီး ကြိုးစားမှုရှိသည့် HRD များ၏ ငြိမ်းချမ်းပြီး တရားဝင်မှုရှိသော လူ့အခွင့်အရေးလှုပ်ရှားမှုများကို ကန့်သတ်ချုပ်ချယ်မည့်အစားအားပေးလိုက်လျောသင့်သည်။ မြန်မာအစိုးရအနေဖြင့် HRD များကို တိုင်းပြည်အန္တရာယ်အဖြစ် မရှုမြင်ဘဲ ၎င်းတို့နှင့် အခြားလွတ်လပ်သည့် အရပ်ဖက်လူထုအဖွဲ့အစည်းဝင်များကို နိုင်ငံ့အဆောက်အအုံ၏ တန်ဖိုးရှိသည့် အစိတ်အပိုင်းတစ်ခု၊ မြန်မာ့နိုင်ငံရေး သို့မဟုတ် ဒီမိုကရေစီရေး ပြုပြင်ပြောင်းလဲမှုများ ပိုမိုခရီးရောက်စေမည့် လိုအပ်သော အစိတ်အပိုင်းတစ်ခုအဖြစ် ခံယူသင့်သည်။ လွတ်လပ်ပြီး ရှင်သန်တက်ကြွသော အရပ်ဖက်အသိုင်းအဝိုင်း မရှိသည့်နိုင်ငံ၊ အရပ်ဖက်အသိုင်းအဝိုင်းအား ကန့်သတ်ချုပ်ခြယ်ပြီး HRD များနှင့် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့်လုပ်ငန်းများကို ရာဇဝတ်မှုအဖြစ် အပြစ်ပေးအရေးယူသော နိုင်ငံတစ်နိုင်ငံအနေဖြင့် နိုင်ငံတကာ လူ့အခွင့်အရေးစံနှုန်းများ၊ အစိုးရမှ ထမ်းဆောင်ရမည့် တာဝန်ဝတ္တရားများနှင့် ဆန့်ကျင်သွေဖယ်သည့်အပြင် စစ်မှန်သည့် ဒီမိုကရေစီ လမ်းကြောင်းပေါ်၌ မရှိနိုင်ပါ။

## ၃. ၂ အခြေခံလွတ်လပ်ခွင့်များ

UDHR နှင့် ICCPR[5] နှစ်ခုစလုံး၏ အပိုဒ် ၁၉ တွင် လူတိုင်းအတွက် လွတ်လပ်စွာထင်မြင်ယူဆခွင့်နှင့် ထုတ်ဖော်ပြောဆိုခွင့်များအား ပြဋ္ဌာန်းထားပြီး UDHR အပိုဒ် ၂၀ နှင့် ICCPR အပိုဒ် ၂၂ တွင်မူ လွတ်လပ်စွာ သင်းပင်းဖွဲ့စည်းခွင့်အား ဖော်ပြသည်။ UDHR အပိုဒ် ၂၀ နှင့် ICCPR အပိုဒ် ၂၁ တို့တွင် လွတ်လပ်စွာ စုဝေးခွင့်ကိုလည်း ဖော်ပြထားသည်။ ထိုကြေညာစာတမ်းနှင့် သဘောတူစာချုပ် နှစ်ခုစလုံး၏ အပိုဒ် ၁၈ တွင် လွတ်လပ်စွာတွေးတောပိုင်ခွင့်၊ ယုံကြည်ခွင့်နှင့် ကိုးကွယ်ခွင့်တို့အား ဖော်ပြထားသည်။ ယင်းအခွင့်အရေးများအပြင် UDHR အပိုဒ် ၃ တွင် ဖော်ပြထားသည့် လွတ်လပ်ခွင့်နှင့် လုံခြုံစိတ်ချစွာ အသက်ရှင်ရပ်တည်ခွင့်၊ အောက်တွင်ဖော်ပြထားသည့် အပိုဒ် ၃. ၃ ပါ မျှတသည့် တရားစီရင်မှု ရရှိပိုင်ခွင့်တို့ကဲ့သို့ အခွင့်အရေးများသည် နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေများမှ သေချာစွာ ကာကွယ်စောင့်ရှောက်ထားသည့် အခြေခံ လွတ်လပ်ခွင့်များ ဖြစ်သော်လည်း HRD များအနေဖြင့် တန်ဖိုးရှိပြီး တရားဝင်မှုရှိသော လူ့အခွင့်အရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် လွတ်လပ်ခွင့် ချိုးဖောက်မှုများ အဆိုးဆုံးခံရသည်များလည်း ရှိပါသည်။

5. United Nations, General Assembly, *International Covenant on Civil and Political Rights,* 2200A (XXI) (16 December 1966) available from http://www.ohchr.org/en/professionalinterest/pages/ccpr.aspx.

## ၃. ၃ မျှတသော တရားစီရင်မှု ရပိုင်ခွင့်

UDHR အပိုဒ် ၉ အရ *“မည်သူမျှ ဥပဒေမဲ့ ဖမ်းဆီးခြင်း၊ ချုပ်နှောင်ခြင်း သို့မဟုတ် ပြည်နှင်ခြင်း မခံစေရ”*။ ICCPR အပိုဒ် ၉ တွင် ဤအချက်ကို ချဲ့ထွင်ပြီး *“ဥပဒေဖြင့် ပြဋ္ဌာန်းထားသည့် ခြွင်းချက်များနှင့် လုပ်ထုံးလုပ်နည်းနှင့်အညီ မဟုတ်ပါက မည်သူမျှ ဥပဒေမဲ့ ဖမ်းဆီးခြင်း သို့မဟုတ် ချုပ်နှောင်ခြင်း၊ လွတ်လပ်မှု ရုပ်သိမ်းခြင်း မခံရစေရ”* ဟုဆိုထားသည်။ ဥပဒေမဲ့ ဖမ်းဆီးချုပ်နှောင်မှုများဆိုင်ရာ UN အလုပ်အဖွဲ့ (UNWGAD) အဆိုအရ UN ဆုံးဖြတ်ချက် ၁၉၉၇/၅၀ ၌ အကယ်၍ ပြည်တွင်းဥပဒေရေးရာ အပြီးသတ် ဆုံးဖြတ်ချက်၏ ရလာဒ်သည် (က) ပြည်တွင်းဥပဒေနှင့်အညီဖြစ်ခြင်း (ခ) UDHR တွင် ထည့်သွင်းပြဋ္ဌာန်းထားသည့် နိုင်ငံတကာစံနှုန်းများ၊ သက်ဆိုင်ရာနိုင်ငံများက လက်ခံထားသည့် နိုင်ငံတကာ သဘောတူ စာချုပ်များနှင့်အညီ ဖြစ်ပါက လွတ်လပ်မှုရုပ်သိမ်းခြင်းသည် ဥပဒေမဲ့လုပ်ရပ်မဟုတ်ဟု ဖော်ပြထားပါသည်[6]။ တိကျသည့် စံသတ်မှတ်ချက်များသုံးကာ လုပ်ငန်းတာဝန်များ အကောင်အထည်ဖော်နိုင်စေရန်အတွက် UNWGAD က မိမိထံသို့ တင်ပြလာသည့် အမှုများအား စဉ်းစားကိုင်တွယ်ရာ၊ အသုံးဝင်မည့် စံများအား သတ်မှတ်ခဲ့သည်။ ယင်းစံများကို UDHR ၊ ICCPR နှင့် ‘မည့်သည့်ပုံစံနှင့်မဆို အကျဉ်းကျနေသူ၊ ချုပ်နှောင်ခံနေရသူ မည်သူကိုမဆို ကာကွယ်စောင့်ရှောက်ရေး စည်းမျဉ်းများ’ ပါ ပြဋ္ဌာန်းချက်များမှ ထုတ်နှုတ်ခဲ့ခြင်းဖြစ်သည်[7]။ အကျိုးဆက်အားဖြင့် UNWGAD အလိုအရ အောက်ပါ အမျိုးအစားသုံးခုနှင့် ကိုက်ညီနေလျှင် လွတ်လပ်မှုရုပ်သိမ်းခြင်းသည် ဥပဒေမဲ့လုပ်ရပ် ဖြစ်သည် -

၁။ (အမျိုးအစား ၁) လွတ်လပ်မှုရုပ်သိမ်းခြင်းသည် ဥပဒေနှင့်အညီဖြစ်ကြောင်း ဥပဒေရေးရာအခြေခံတစ်ခုခုကို ကိုးကားကာ သက်သေမပြနိုင်လျှင် (ဥပမာ - လူတစ်ဦးကို ထောင်ဒဏ်ကာလ ပြည့်သွားပြီးနောက် သို့မဟုတ် ၄င်းနှင့် သက်ဆိုင်သည့် လွတ်ငြိမ်းချမ်းသာခွင့် ဥပဒေထွက်ပြီးနောက် ဆက်လက်ထိန်းသိမ်းထားခြင်း)

၂။ (အမျိုးအစား ၂) UDHR မှ အပိုဒ်အချို့ သို့မဟုတ် ICCPR အတည်ပြု လက်မှတ်ထိုးထားသည့် နိုင်ငံများအတွက်ဆိုလျှင် (အခြေခံလွတ်လပ်ခွင့်များနှင့်သက်ဆိုင်သည့် အပိုဒ်များ အပါအဝင်) ICCPR အပိုဒ်အချို့တွင် အာမခံထားသည့် အခွင့်အရေးများ သို့မဟုတ် လွတ်လပ်ခွင့်များအား ကျင့်သုံးမှုကြောင့် လွတ်လပ်မှုရုပ်သိမ်းခြင်း ဖြစ်ခဲ့လျှင်

၃။ (အမျိုးအစား ၃) UDHR နှင့် ICCPR တွင် ဖော်ပြထားသော မျှတသည့်တရားစီရင်မှု ရပိုင်ခွင့်နှင့် သက်ဆိုင်သည့် နိုင်ငံတကာစံများကို လုံးဝ သို့မဟုတ် တစ်စိတ်တစ်ပိုင်း မလိုက်နာပုံမှာ ဆိုးဝါးခြင်းကြောင့် လွတ်လပ်မှုရုပ်သိမ်းခြင်းမှာ ဥပဒေမဲ့သည့် လက္ခဏာဖြစ်သွားလျှင်[8]

အောက်ပါ အပိုင်း (၃. ၄) တွင် ဖော်ပြထားသည့် HRD အမှုများသည် ဥပဒေမဲ့ထိန်းသိမ်းချုပ်နှောင်ခြင်း ဟုတ်မဟုတ်၊ နိုင်ငံတကာဥပဒေနှင့် ဥပဒေမဲ့ထိန်းသိမ်းချုပ်နှောင်ခြင်းဆိုင်ရာ စံများကို အသုံးပြုကာ ချိုးဖောက်မှုမြောက်မမြောက် အသေးစိတ်ဆန်းစစ်သုံးသပ်ရန်မှာမူ ယခုအစီရင်ခံစာ၏ ဦးတည်ချက်နယ်ပယ်ထက် ကျော်လွန်နေသည်။ သို့ရာတွင် ယင်းအမှုနမူနာများမှာ HRD များ ဖမ်းဆီးထိန်းသိမ်း တရားစွဲ ထောင်ချခံရသည့် ဖြစ်ရပ်များနှင့် ယေဘုယျဆက်နွယ်နေသည့်အတွက် အမှုအားလုံး မဟုတ်သည့်တိုင် အများစုအနေဖြင့် အမျိုးအစား ၂ အောက်တွင် အကျုံးဝင်ရန် အလားအလာများသည် ဟုဆိုလျှင်လွန်မည် မဟုတ်ပေ။ HRD များမှာ UDHR နှင့် ICCPR ပါ အခြေခံလွတ်လပ်ခွင့်များ၊ အထူးသဖြင့် လွတ်လပ်စွာစုဝေးခွင့်နှင့် ထုတ်ဖော်ပြောဆိုခွင့်တို့အား ဥပဒေကြောင်းညီကျင့်သုံးမှုကြောင့် ဖမ်းဆီးထိန်းသိမ်းထောင်ချခံရခြင်းဖြစ်သည်။ ထို့အပြင် မျှတသောတရားစီရင်မှု ရပိုင်ခွင့်၊ အထူးသဖြင့် UDHR အပိုဒ် ၁၁ (၁) နှင့် ICCPR အပိုဒ် ၁၄ (၂) အရ ဥပဒေအရအပြစ်ရှိကြောင်း သက်သေမပြနိုင်သေးသရွေ့ အပြစ်ကင်းသူဟု ယူဆခံပိုင်ခွင့်နှင့် UDHR အပိုဒ် ၁၀ နှင့် ICCPR အပိုဒ် ၁၄ (၁) အရ လွတ်လပ်ပြီးမျှတမှုရှိသည့် ခုံရုံးဖြင့် တရားမျှတစွာ အများပြည်သူရှေ့မှောက်ကြားနာ လျှောက်လဲခံပိုင်ခွင့်တို့အား ကြီးမားစွာ ဖောက်ဖျက်သည့် အမှုများအားလည်း တွေ့ရှိရသည့်အတွက် ယင်းအမှုများသည်လည်း အမျိုးအစား ၃ အောက်တွင် အကျုံးဝင်ပြီး ဥပဒေမဲ့ ဖမ်းဆီးချုပ်နှောင်ခြင်းအဖြစ် မှတ်ယူနိုင်ပါသည်။

တရားစီရင်ရေးပိုင်းနှင့် ပတ်သက်ပြီး နောက်ဆုံးစဉ်းစားစရာအချက်မှာ လွတ်ငြိမ်းချမ်းသာခွင့်အရ လွတ်မြောက်လာခဲ့သည့် HRD အများအပြားသည် ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၄၀၁ အောက်တွင် ခြွင်းချက်ဖြင့် လွတ်မြောက်လာခြင်းဖြစ်သည့်အတွက် ပြစ်မှုမှတ်တမ်းများ ဆက်ရှိနေကြသည်[9]။ ဆိုလိုသည်မှာ

6. Office of the United Nations High Commissioner for Human Rights, *Fact Sheet No. 26, The Working Group on Arbitrary Detention*, available from http://www.ohchr.org/Documents/Publications/FactSheet26en.pdf.
7. OHCHR Fact Sheet No. 26.
8. OHCHR Fact Sheet No. 26.
9. *Article 401 of the Code of Criminal Procedure on Suspentions, Remissions and Commutations of Sentences*. available from http://www.burmalibrary.org/kyawnaing/Laws/Article_401_of_The_Code_Of_Criminal_Procedure(en).pdf.

၄င်းတို့အခြေအနေသည် မရေမရာဖြစ်နေပြီး တည်ဆဲဥပဒေ တစ်ခုခုချိုးဖောက်ပါက အချိန်မရွေး ဝရမ်းမပါဘဲ ပြန်အဖမ်းခံရပြီး ထောင်သို့ တန်းပို့ခံရမည့် အန္တရာယ်ရှိနေသည့်အပြင် အစိုးရမှ ပုဒ်မ ၄၀၁ ပါ အချက်များသုံးကာ လက်ကျန်ပြစ်ဒဏ်များ ပြန်လည်ကျခံစေပါက ကျခံရမည့် လက်ကျန် ထောင်ဒဏ်များမှာ နှစ် ၅၀ ကျော်လေ့ရှိသည်။ ဤသည်မှာ မျှတသည့် တရားစီရင်မှုရပိုင်ခွင့်၊ လွတ်လပ်ခွင့်နှင့်၊ ဥပဒေမဲ့ ဖမ်းဆီးထိန်းသိမ်းခြင်း မခံရပိုင်ခွင့်များကို ကျူးလွန်ချိုးဖောက်ခြင်းဖြစ်သည်သာမက ကြေညာစာတမ်းမှ ကာကွယ်စောင့်ရှောက်ထားသည့် ၄င်းတို့၏ တန်ဖိုးရှိပြီး တရားဝင်မှုရှိသော လူ့အခွင့်အရေးအလုပ်ကိုလည်း ထိခိုက်စေပါသည် (အထက်မှ အပိုင်း (၃. ၁) တွင် ဆွေးနွေးထားသည်)။ သို့ဖြစ်သဖြင့် မြန်မာအစိုးရ၏ နိုင်ငံရေးစိတ်ဆန္ဒအပေါ် သံသယပွားစေပါသည်။ မကြာသေးမီက လွတ်မြောက်လာသည့် HRD များမှာ နှောင့်ယှက်ခြိမ်းခြောက်မှုများ၊ နိုင်ငံကူးလက်မှတ် ထုတ်မပေးခြင်းကဲ့သို့ လွတ်လပ်စွာ သွားလာလှုပ်ရှားခွင့်နှင့် ၄င်းတို့၏ နိုင်ငံသားအခွင့်အရေးများကို ချုပ်ချယ်မှုများအား ရင်ဆိုင်နေရသည်။ အလုပ်အကိုင် ရှာဖွေခြင်းကဲ့သို့ အခက်အခဲများမှလည်း ၄င်းတို့၏ဘဝများကို ဆိုးကျိုးသက်ရောက်စေပါသည်။

## ၃. ၄ ဖိနှိပ်ချုပ်ချယ်သည့် မြန်မာနိုင်ငံဥပဒေ

### ***၂၀၁၁ ခုနှစ် ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာဥပဒေ (ငြိမ်း၊စု၊စီ ဥပဒေ)***

၂၀၁၄ ခုနှစ် မတ်လတွင် မြန်မာလွှတ်တော်အမတ်အချို့နှင့် အရပ်ဖက်လူမှုအသိုင်းအဝိုင်းအချို့က ငြိမ်း၊စု၊စီ ဥပဒေ၊ ပြဋ္ဌာန်းထားသည့် ဆန္ဒပြရန်အတွက် ကြိုတင်ခွင့်ပြုချက်ရယူရန် လိုအပ်မှုကို ပြင်ဆင်ပယ်ဖျက်ရေး လှုပ်ရှားမှု အောင်မြင်ခဲ့ပြီဟု ယူဆခဲ့ကြသည်[10]။ ယင်းကြိုတင်ခွင့်ပြုချက် လိုအပ်မှုမှာ UDHR အပိုဒ် ၂၀ (၁) နှင့် ICCPR အပိုဒ် ၂၁ တို့မှ အာမခံထားသည့် လွတ်လပ်စွာစုဝေးခွင့်အပေါ် ဥပဒေနှင့်မညီသည့် ကန့်သတ်မှုဖြစ်ပြီး ယင်းအစား အာဏာပိုင်များအား သာမန်အသိပေး အကြောင်းကြားခြင်းနှင့် အစားထိုးရန် လှုပ်ရှားမှုလုပ်ဆောင်ခဲ့ခြင်း ဖြစ်သည်[11]။ သို့သော် သမ္မတဦးသိန်းစိန် က ၂၀၁၄ ခုနှစ် ဇွန်လ ၂၄ ရက်နေ့တွင် ဥပဒေ ပြင်ဆင်ချက်အား လက်မှတ်ရေးထိုးသည့်အခါတွင်မူ အသေးအဖွဲ့အပေါ်ယံ ပြင်ဆင်မှုများကိုသာ ထည့်သွင်းခဲ့သည်[12]။

ပထမအချက်မှာ ငြိမ်းချမ်းစွာစုဝေးမှု၊ စီတန်းလှည့်လည်မှုလုပ်ဆောင်လိုသည့် HRD များသည် ယခုအခါ အာဏာပိုင်များထံမှ “ခွင့်ပြုချက်” အစား “သဘောတူညီချက်” ရယူရမည်ဖြစ်ရာ လက်တွေ့တွင် ကွာခြားမှုမရှိဘဲ လွတ်လပ်စွာ စုဝေးခွင့်ဆိုင်ရာ နိုင်ငံတကာ ဥပဒေ စံချိန်စံညွှန်းများအား ဖောက်ဖျက်ရာကျနေဆဲဖြစ်သည်။ ဒုတိယအချက်မှာ နာမည်ဆိုးဖြင့်ကျော်ကြားသော ပုဒ်မ ၁၈ အရ အာဏာပိုင်များထံမှ ကြိုတင်သဘောတူညီချက် မရရှိဘဲ ငြိမ်းချမ်းစွာစုဝေးမှု သို့မဟုတ် စီတန်းလှည့်လည်မှု လုပ်ဆောင်ခြင်းအတွက် ယခုအခါ အမြင့်ဆုံးထောင်ဒဏ်အား တစ်နှစ် မဟုတ်တော့ဘဲ ခြောက်လသာ ချခြင်း ဖြစ်သည်။ သို့သော်လည်း ဤပြင်ဆင်ချက်မှာ အခွင့်အရေးများ၊ အထူးသဖြင့် လွတ်လပ်မှုအခွင့်အရေးများနှင့် ဥပဒေမဲ့ ဖမ်းဆီးထိန်းသိမ်းခြင်း မခံရပိုင်ခွင့် တို့အား ချိုးဖောက်ခံနေရသည့် HRD များ အတွက်မူ မည်သည့်ထူးခြားမှုမှ မရှိပါ။

ယခုပြင်ဆင်ထားသည့်ဥပဒေ၊ အာဏာပိုင်များအနေဖြင့် သဘောမတူကြောင်း ငြင်းဆန်နိုင်ခွင့်ပိုင်းကို ဖယ်ရှားထားသည်ဖြစ်၍ ‘သဘောတူညီမှုရယူရေး’ လိုအပ်ချက်အား ‘အသိပေးအကြောင်းကြားရန်’ လိုအပ်ချက်အဖြစ်နှင့် အစားထိုး ပြောင်းလဲသွားမည် ဖြစ်သောကြောင့် ငြိမ်း၊စု၊စီ ဥပဒေသည် နိုင်ငံတကာ ဥပဒေနှင့် ပိုမိုကိုက်ညီသည်ဟု ထင်မှတ်စရာဖြစ်သည်။ သို့သော်လည်း ပြင်ဆင်ထားသည့် ဥပဒေတွင် အာဏာပိုင်များအနေဖြင့် သဘောတူညီချက်ကို တစ်နည်းမဟုတ်တစ်နည်း ငြင်းပယ်နိုင်သည့် အခွင့်အလမ်းများစွာ ရှိနေဆဲဖြစ်သည်။ အထူးသဖြင့် ဆန္ဒပြရန် လျှောက်ထားသူများသည် *“သဘောတူညီမှု စည်းမျဉ်းစည်းကမ်းများနှင့် အညီ”* လျှောက်လွှာတင်ရမည်ဆိုသည့် ပြဋ္ဌာန်းချက်ကြောင့် ဖြစ်သည်။ ထို့အပြင် အာဏာပိုင်များအနေဖြင့် ပြဋ္ဌာန်းသတ်မှတ်ချက်ကို အသိပေးအကြောင်းကြားရေးအဆင့်သို့ အမှန်တကယ်လျှော့ချလိုပါက ၄င်းတို့အနေဖြင့် *“ခွင့်ပြုချက်”* ကို *“သဘောတူညီချက်”* အဖြစ် ပြင်ဆင်မည့်အစား *“အသိပေးအကြောင်းကြားချက်”* အဖြစ် ပြင်ဆင်ခဲ့မည်သာ ဖြစ်သည်။

သို့သော် အထက်ပါ စဉ်းစားစရာများရှိစေကာမူ မြန်မာ

10. *The Right to Peaceful Assembly and Peaceful Procession Act 2011.* available from http://www.burmalibrary.org/docs15/2011-Peaceful_Assembly_and_Procession_Act-en.pdf.
11. ARTICLE 19, 14 March 2014. *“Myanmar: Need for Permission Dropped from Assembly Law”*. available from https://www.article19.org/resources.php/resource/37484/en/myanmar:-need-for-permission-dropped-in-assembly-amendment
12. ARTICLE 19, 27 June 2014. *“Myanmar: Disappointment surrounds amendment to assembly law”,* available from http://www.article19.org/resources.php/resource/37606/en/myanmar:-disappointment-surrounds-amendment-to-assembly-law.

အာဏာပိုင်များသည် လွတ်လပ်စွာစုဝေးခွင့်နှင့် ထုတ်ဖော် ပြောဆိုခွင့်ဆိုင်ရာ နိုင်ငံတကာဥပဒေ စံချိန်စံညွှန်းများကို ချိုးဖောက်ပြီး ၂၀၁၄ ခုနှစ် တစ်နှစ်လုံးနှင့် ၂၀၁၅ ခုနှစ် ထဲတွင် ငြိမ်း၊စု၊စီ ဥပဒေကို HRD များအား နှိပ်ကွပ်ရန် ဆက်လက်အသုံးပြုခဲ့သည်။ မကြာသေးမီက ဖြစ်ခဲ့သည့် ထင်ရှားသော အမှုတစ်ခုမှာ နန္ဒာစစ်အောင်၏ အမှုဖြစ်သည်။ ၄င်းအား ငြိမ်း၊စု၊စီ ဥပဒေ ပုဒ်မ ၁၈ ဖြင့် စွဲချက်ပေါင်း ၄၇ ခု စွဲဆိုခဲ့ရာ ၂၀၁၅ ခုနှစ် မတ်လ ၁၀ ရက်နေ့ လက်ပံတန်းကျောင်းသားသပိတ် ဖြိုခွဲမှုအပြီး နောက်ပိုင်း (ဇွန်လအထိ) တွင် ၄င်းရင်ဆိုင်နေရသည့် အမှု စုစုပေါင်းမှာ ၅၆ ခု ရှိသွားပြီ ဖြစ်သည်[13]။

ထို့အပြင် အဓိပ္ပာယ်မဲ့ ရှက်ဖွယ်လိလိဖြစ်ရပ်တစ်ခုမှာ ယမန်နှစ်က နေပြည်တော်တွင် အမျိုးသားညီညွတ်ရေးအတွက် တကိုယ်တော် ဆန္ဒပြသူတစ်ဦးကို ဖမ်းခဲ့ခြင်းဖြစ်သည်[14]။ တစ်ကိုယ်တော်ဆန္ဒပြသမားကို မည်သို့မှ "စုဝေးမှု" သို့မဟုတ် "စီ တန်းလှည့်လည်မှု" အဖြစ် မဖော်ပြနိုင်ပေ။ ယင်းစကားရပ်များသည် အဓိပ္ပာယ်ဖွင့်ဆိုချက်အရပင် လူအုပ်စုတစ်စုနှင့် ပတ်သက်ရမည်ဖြစ်သည်။ ငြိမ်း၊စု၊စီ ဥပဒေ ထဲတွင်ပင် "စုဝေးမှု" နှင့် "စီတန်းလှည့်လည်မှု" တို့ကို "လူတစ်ဦးထက်ပို၍" ပတ်သက်ခြင်းဟု အဓိပ္ပာယ်ဖွင့်ထားသည်။

မြန်မာအစိုးရက ငြိမ်း၊စု၊စီ ဥပဒေကို ICCPR ကဲ့သို့ နိုင်ငံတကာလူ့အခွင့်အရေး စံသတ်မှတ်ချက်များနှင့် ကိုက်ညီအောင် လိုအပ်သည့် ပြင်ဆင်ချက်များလုပ်ရန် တွန့်ဆုတ်နေခြင်းသည် ယခုအထိ အစိုးရပေးခဲ့သည့်ကတိများနှင့် "နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုများ" ဖြောင့်မှန်မှုမရှိကြောင်း ဖော်ပြနေသည့်အပြင် ပုဒ်မ ၁၈ ဖြင့် ထိန်းသိမ်းခံနေရသည့် HRD အားလုံး အတွက် သမ္မတဦးသိန်းစိန်၏ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက်နေ့ လွတ်ငြိမ်းချမ်းသာခွင့်မှာ အများထင်သလို စိတ်စေတနာ မမှန်ကြောင်းလည်း ထင်ရှားစေပါသည်။ ထိုမျှသာမက နိုင်ငံတကာလူ့အခွင့်အရေး ဥပဒေများနှင့် စံချိန်စံညွှန်းများကို ဖောက်ဖျက်ကာ HRD များ၏ လွတ်လပ်စွာစုဝေးခွင့်နှင့် ထုတ်ဖော်ပြောဆိုခွင့် ဟူသော အခြေခံအခွင့်အရေးများအပေါ် တိုးမြှင့်ကန့်သတ်ချုပ်ချယ်မှုများ တရားဝင်စေရန်အတွက် ငြိမ်း၊စု၊စီ ဥပဒေအား ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနေသည်။

### ***၁၉၀၈ ခုနှစ် မတရားအသင်းအက်ဥပဒေ (UAA)***[15]

၂၀၁၄ ခုနှစ် အသင်းအဖွဲ့များမှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေ[16] (သင်းဖွဲ့ဥပဒေ) သစ်ကို ပြည်ထောင်စုလွှတ်တော်က ၂၀၁၄ ခုနှစ် ဇွန်လ ၂၅ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့သည်။ ၂၀၁၄ ခုနှစ် ဇူလိုင်လ ၉ ရက်နေ့တွင် သမ္မတဦးသိန်းစိန်က လေ့လာသုံးသပ်ပြီး ပြင်ဆင်ခဲ့သည်။ ၂၀၁၄ ခုနှစ် ဇူလိုင်လ ၁၆ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်က လေ့လာသုံးသပ် အတည်ပြုခဲ့ပြီး ၂၀၁၄ ခုနှစ် ဇူလိုင်လ ၂၀ ရက်နေ့တွင် သမ္မတဦးသိန်းစိန်က တရားဝင် "ပြန်တမ်း" အဖြစ်လက်မှတ်ထိုးပြီး ထုတ်ပြန်ခဲ့သည် (တနည်းအားဖြင့် အစိုးရသတင်းစာတွင် ပုံနှိပ်ထုတ်ဝေခဲ့သည်)။ သင်းဖွဲ့ဥပဒေ ပြဋ္ဌာန်းလိုက်ခြင်းဖြင့် ၁၉၈၈ ခုနှစ် အသင်းအဖွဲ့များ ဖွဲ့စည်းခြင်းဆိုင်ရာဥပဒေဆိုးကို ဖျက်သိမ်းလိုက်သည်[17]။

သင်းဖွဲ့ဥပဒေ ပြဋ္ဌာန်းခဲ့သော်လည်း ကိုလိုနီခေတ် UAA နှင့် ပုဒ်မ ၁၇ (၁) ကို HRD များအား ချိုးနှိမ်ရန်၊ အထူးသဖြင့် တိုင်းရင်းသားလူနည်းစုများအား ဖိနှိပ်ချုပ်ချယ်ရန် ဆက်လက်အသုံးပြုနေသည်။ လက်ရှိနိုင်ငံရေး အကျဉ်းသားထဲတွင် ၂၀၁၃ ခုနှစ် မှစတင် အကျဉ်းကျခဲ့သည့် ကချင်အမျိုးသားသုံးဦးရှိနေပြီး ပုဒ်မ ၁၇ (၁) အရ ထောင် ၅ နှစ်မှ ၇ နှစ် ထိ ကျခံနေကြရသည်။ ၄င်းတို့အား ချုပ်နှောင်မှုနှင့် ထောင်ချထားမှုက ပုဒ်မ ၁၇ (၁) ကို မည်သို့အသုံးချသည်ကို သက်သေနေသည်။ လောလောဆယ်တွင် ပုဒ်မ ၁၇ (၁) ဖြင့် ထိန်းသိမ်းထားသည့် နိုင်ငံရေးအကျဉ်းသား စုစုပေါင်း ၁၃ ဦးရှိနေပြီး ထောင်ဒဏ် ၇ နှစ်၊ ၅၆ နှစ်နှင့် တစ်သက်တစ်ကျွန်းအထိ ကျခံနေကြသည်[18]။

### ***၂၀၁၄ ခုနှစ် ပုံနှိပ်နှင့်ထုတ်ဝေခြင်းဆိုင်ရာဥပဒေ (PPE ဥပဒေ) နှင့် အများပြည်သူဝန်ဆောင်မှု မီဒီယာဥပဒေကြမ်း***

၂၀၁၄ ခုနှစ် မတ်လတွင် သတင်းမီဒီယာဥပဒေနှစ်ခု ပြဋ္ဌာန်းခဲ့သည်။ ၄င်းတို့မှာ ပြန်ကြားရေးဝန်ကြီးဌာနက ရေးဆွဲသည့် PPE ဥပဒေနှင့် အတန်ငယ်လွတ်လပ်သည့် ယာယီ စာနယ်

13. AAPP, 2015. *personal conversation.* Nandar Sit Aung
14. *Eleven Myanmar*. Man Arrested for Calling for National Unity on International Peace Day. 22 September 2014. (Online) available from http://elevenmyanmar.com/index.php?option=com_content&view=article&id=7637:man-arrested-for-calling-for-national-unity-on-international-peace-day&catid=44:national&Itemid=384.
15. *The Unlawful Associations Act 1908.* available from http://www.burmalibrary.org/docs09/UNLAWFUL_ASSOCIATIONS_ACT.pdf.
16. *The Registeration of Organizations Law (Draft) 2013.* vailable from http://www.burmalibrary.org/docs18/2013-Bill_on_Organization_Registration-en.pdf.
17. The International Center for Not-for-Profit Law, 5 November 2014. *NGO Law Monitor: Myanmar (Burma)*. available from http://www.icnl.org/research/monitor/Myanmar.html.
18. AAPP, political prisoner data 2015. *Political Prisoner Data. (Online)* available at http://aappb.org/political-prisoner-data/.

ဇင်းကောင်စီကရေးဆွဲသော မီဒီယာဥပဒေဖြစ်သည်[19]။ PPE ဥပဒေမပြဋ္ဌာန်းမီ ထောင်ဒဏ်များဖျက်သိမ်းခြင်း၊ ချိုးဖောက်မှုများအတွက် ငွေဒဏ်များ လျှော့ချခြင်း၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအား ဝေဖန်မှုပိတ်ပင်ချက်ဖယ်ရှားပေးခြင်း၊ လူပုဂ္ဂိုလ်တစ်ဦးကို ဂုဏ်သိက္ခာကျစေရန် ရည်ရွယ်သည့် ပုဂ္ဂိုလ်ရေးတိုက်ခိုက်မှုများပိတ်ပင်ချက် ဖယ်ရှားပေးခြင်း စသည့် ကြိုဆိုအပ်သည့် ပြင်ဆင်ချက်အချို့ လုပ်ဆောင်ခဲ့သည်[20]။ ထို့အပြင် သတင်းစာဆရာများ၊ HRD များ၊ နိုင်ငံရေး နှင့် ဥပဒေရေး ကျွမ်းကျင်သူများ၏ ယေဘုယျသဘောထားမှာလည်း PPE ဥပဒေသည် စစ်အစိုးရခေတ်က ရက်စက်ကြမ်းကြုတ်လှသည့် ၁၉၆၂ ခုနှစ် ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင် ဥပဒေထက် များစွာပိုကောင်းသည့် တိုးတက်မှုအဖြစ် ယူဆကြသည်။ အထူးသဖြင့် ဥပဒေသစ်အား ဒီမိုကရေစီမှုဘောင်များကို ပိုမိုကိုယ်စားပြုကာ ကောင်းမွန်အောင် ရေးဆွဲထားသည့်အပြင် အရေးကြီးဆုံးမှာ နာမည်ဆိုးဖြင့်ကျော်ကြားသည့် စာပေစိစစ်ရေးအဖွဲ့ကို ဖျက်သိမ်းခြင်းဖြစ်သည်ဟု အများက ယူဆကြသည်။

သို့ရာတွင် စာနယ်ဇင်းလောကအပါ် အစိုးရအုပ်ချုပ်ရေးပိုင်းမှ ဆက်လက်ထိန်းချုပ်ထားခြင်း၊ PPE ဥပဒေအောက်တွင် ပြန်ကြားရေးဝန်ကြီးဌာနက လိုင်စင်ထုတ်ပေးခြင်းနှင့်၊ ဘာသာရေးစော်ကားမှု၊ တရားဥပဒေစိုးမိုးရေးကို ထိပါးနှောင့်ယှက်မှု သို့မဟုတ် တိုင်းရင်းသား စည်းလုံးညီညွတ်မှုအား ထိခိုက်စေသည့် လုပ်ရပ်များဟု အကျယ်တဝင့် အဓိပ္ပာယ်ဖွင့်ဆိုနိုင်သည့် လုပ်ရပ်များ လုပ်ဆောင်သည်ဟု ယူဆပါက လိုင်စင်ရုပ်သိမ်းနိုင်ခွင့်တို့အား အကြွင်းမဲ့ဆုံးဖြတ်ခွင့် ဆက်ရှိနေသည့်အတွက် သတင်းမီဒီယာ လွတ်လပ်ခွင့်မှာ ဝေးကွာနေဆဲ ဖြစ်သည်[21]။ မည်သည့်ပုဂ္ဂိုလ် သို့မဟုတ် သတင်းမီဒီယာဖြစ်စေ မှတ်ပုံမတင်ဘဲ ပုံနှိပ်ခြင်း သို့မဟုတ် ထုတ်ဝေခြင်းပြုလျှင် အရေးယူခံရမည်ဖြစ်ရာ ဤ ဝေဝေဝါးဝါး ဥပဒေသည် သတင်းစာဆရာများ၊ မီဒီယာ သမားများ၊ အထူးသဖြင့် အယ်ဒီတာများကို ခြိမ်းခြောက်ကာ သတင်း စုံစမ်းဖော်ထုတ် တင်ပြမှုနှင့် အကဲဆတ် ခေါင်းစဉ်များ ဖြစ်သည့် အကျင့်ပျက်ခြစားမှုနှင့် အာဏာအလွဲသုံးစားမှုများအကြောင်း သတင်းပေးပို့မှု တို့ကို ချုပ်ချယ် တားဆီးနိုင်သည်[22]။ ထို့ကြောင့် သတင်းစာဆရာများက ယင်းဥပဒေသည် ပိုမိုသိမ်မွေ့သည့် ဆင်ဆာစနစ်သစ်ကို မိတ်ဆက်ပေးခြင်း ဖြစ်သည်ဟု ဝေဖန်နေကြသည်[23]။ ထုတ်ဝေမှုများအား ထုတ်ဝေပြီးနောက် လေ့လာစစ်ဆေးရန် အသစ်တည်ထောင်လိုက်သည့် မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနသို့ တင်ပြရမည့် စည်းကမ်းသတ်မှတ်ချက်နှင့် အထက်ပါအချက်အား ပေါင်းလိုက်လျှင် အာဏာပိုင်များအနေနှင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်[24] ဆိုင်ရာ နိုင်ငံတကာဥပဒေ စံချိန်စံညွှန်းများ၊ အထူးသဖြင့် UDHR နှင့် ICCPR အပိုဒ် ၁၉ တို့ဖြင့် ကာကွယ် စောင့်ရှောက်ထားသည့် အခွင့်အရေးများအား ချိုးဖောက်ပြီး သတင်းမီဒီယာအမှီခိုကင်းမှုနှင့် လွတ်လပ်မှုကို အာဏာ အလွဲသုံးစားလုပ်၊ ကန့်သတ်နိုင်မည့် အလားအလာ အမှန်တကယ် ရှိနေသည်။

ပြုပြင်ပြောင်းလဲနေသည့် မြန်မာနိုင်ငံတွင် အထင်ရှားဆုံး တိုးတက်သည့် နယ်ပယ်တစ်ခုအဖြစ် အစပိုင်း၊ ချီးကျူးခံရသော သတင်းမီဒီယာလွတ်လပ်မှုသည် ၂၀၁၂ ခုနှစ် နောက်ပိုင်းတွင် နှေးကွေးသွားရာမှ သိသိသာသာ နောက်ပြန်ဆုတ်သွားခဲ့သည်။ PPE ဥပဒေပြဋ္ဌာန်းမှုကြောင့် ဖြစ်လာသည့် လတ်တလော ခြိမ်းခြောက်မှုအပြင် သတင်းမီဒီယာလွတ်လပ်ခွင့်အတွက် စိန်ခေါ်မှုများ၊ စိုးရိမ်ပူပန်စရာများ အများအပြားရင်ဆိုင်နေရသည်[25]။ မြန်မာနိုင်ငံတွင် သတင်းမီဒီယာများအတွက် အလုပ်လုပ် နေကြသည့် သတင်းစာဆရာများ၊ သတင်းထောက်များ၊ ဝန်ထမ်းများက BP နှင့် ၂၀၁၄ ခုနှစ်၊ အင်တာဗျူး လုပ်ခဲ့စဉ်က ယင်းအခက်အခဲများကို အောက်ပါအတိုင်း ပြောပြခဲ့ကြသည်။

ယင်းတို့မှာ - (၁) သတင်းစာဆရာများကို လုံခြုံရေးအဖွဲ့များက စစ်ဆေးမေးမြန်းခြင်း နှောင့်ယှက်ခြင်းဖြင့် ကိစ္စရပ်အချို့နှင့် ပတ်သက်သည့် သတင်းများ သို့မဟုတ် ဆောင်းပါးများ မထုတ်ဝေရဲအောင် ခြိမ်းခြောက်ခြင်း၊ (၂) သတင်းစာဆရာများကို ၁၈၆၁ ခုနှစ် ရာဇသတ်ကြီးဥပဒေ နှင့် ၁၉၂၃ ခုနှစ် မြန်မာနိုင်ငံအစိုးရ လျှို့ဝှက်လုပ်ငန်း အက်ဥပဒေ (OSA)(အသေးစိတ်ကို အောက်တွင်ကြည့်ပါ) ကဲ့သို့ အခြားဥပဒေများဖြင့် ဖမ်းဆီးခြင်း

19. *The Irrawaddy*. Burma's Parliament Approves 'Parallel' Media Laws. 5 March 2014. (Online) available from http://www.irrawaddy.org/burma/burmas-parliament-approves-parallel-media-laws.html.
20. *Democratic Voice of Burma*. Burma amends controversial publishing law. 13 November 2013. (Online)available from http://www.dvb.no/news/burma-amends-controversial-publishing-law/34369.
21. Human Rights Watch, 2014. *Burma: Repression Marks Press Freedom Day*. Press release, 3 May 2014. available from http://www.hrw.org/news/2014/05/03/burma-repression-marks-press-freedom-day.
22. Human Rights Watch 2014.
23. Human Rights Watch 2014.
24. The Copyright and Registration Division was instituted after the dissolution of the press censorship board previously known as the Press Scrutiny and Registration Division.
25. Burma Partnership, 10 January 2014. *Journalists and Freedom of Speech Under Threat in Burma*. (Online) *available from http://www.burmapartnership.org/2014/01/weekly-highlights-journalists-and-freedom-of-speech-under-threat-in-burma/*




*ယူနတီ အပတ်စဉ်ဂျာနယ်ဝန်ထမ်းများ*
*Copyright: Amnestay International*

သို့မဟုတ် စာနယ်ဇင်း လောကတစ်ခုလုံး ကြောက်လန့် သွားအောင် ရည်ရွယ်လျက် ထုတ်ဝေမှုများကို နမူနာပြအဖြစ် တရားစွဲခြင်း၊ (၃) ပြည်ပသတင်းစာ ဆရာများအပေါ် ပြည်ဝင်ခွင့် ဗီဇာကန့်သတ်မှုများ တိုးမြှင့်ခြင်းအားဖြင့် နိုင်ငံခြားသတင်းမီဒီယာများတွင် မြန်မာနိုင်ငံအကြောင်း ဖော်ပြမှုများကို ကန့်သတ်ပစ်ခြင်း၊ (၄) သတင်းမီဒီယာကျင့်ဝတ်များ၊ အရည်အသွေးရှိမှုနှင့် တာဝန်သိသတင်းစာပညာ၊ (၅) သတင်းစာ ဆရာများနှင့် ဖွဲ့စည်းလိုက်သောယာယီစာနယ်ဇင်းကောင်စီကို သမ္မတရုံးက တိုက်ရိုက်ခန့်အပ်မှုများ၊ နေရာခွဲတမ်းများ၊ အလျှင့်ငွေထည့်ဝင်ခြင်းများ[26] အသုံးပြုကာ သြဇာခံဖြစ်အောင် သိမ်းသွင်းခြင်း၊ (၆) အချို့ထုတ်ဝေမှုများက အကဲဆတ်ခေါင်းစဉ်များဖြစ်သည့် ဘာသာရေး အကြမ်းဖက်မှုများ၊ မြန်မာစစ်တပ်ကျူးလွန်သည့် လူ့အခွင့်အရေး ချိုးဖောက်မှုများ၊ ဥပဒေမဲ့မြေသိမ်းမှုနှင့် နှင်ထုတ်မှုများ၊ အကျင့်ပျက်ခြစားမှုများနှင့် ဆက်နွယ်နေသည့် စီးပွားရေးကိစ္စရပ်များအား ရှောင်လွှဲကာ လူနေမှုဘဝနှင့် စီးပွားရေးကဲ့သို့ ပြဿနာတက်ဖွယ်မရှိသည့် သာမန်ကိစ္စရပ်များကို ပိုမိုအလေးပေးခြင်းဖြင့် မိမိဖာသာ ဆင်ဆာဖြတ် တောက်ခြင်း။

မြန်မာအစိုးရအနေဖြင့် (၁) နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေ စံချိန်စံညွှန်းများနှင့် ကိုက်ညီသည့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် လွတ်လပ်သည့် သတင်းမီဒီယာတို့ကို အပြည့်အဝလေးစား၊ ကာကွယ်စောင့်ရှောက်၊ အားပေးမြှင့်တင်ခြင်း၊ (၂) ဖော်ပြသည့် သတင်းများ၏ အကဲဆတ်မှုအပေါ် အာရုံစိုက်ခြင်း

26. *Eleven Myanmar.* Press Council (Interim) and Me. 19 August 2014. (Online) available from http://www.elevenmyanmar.com/index.php?option=com_content&view=article&id=7253:press-council-interim-and-me&catid=38&Itemid=361.

ထက် သတင်းမီဒီယာ ကျွမ်းကျင်ပီသမှု၊ အရည်အသွေးရှိမှုနှင့် တာဝန်ယူမှုရှိသော သတင်းစာပညာပေါ် အခြေခံကာ လိုင်စင်များထုတ်ပေးခြင်း၊ ပယ်ဖျက်ခြင်း (၃) HRD များနှင့် သတင်းစာဆရာများ တရားဝင်မှုရှိသောလုပ်ငန်း လုပ်ဆောင်မှုအပေါ် နှောင့်ယှက်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ ဖမ်းဆီးချုပ်နှောင် ခြင်းတို့ကို ရာဇဝတ်မှုအဖြစ် သတ်မှတ်ခြင်းတို့ပါဝင်သည့် ပြည့်စုံခြိုင်မှုရှိသော မီဒီယာဥပဒေကို ပြဋ္ဌာန်းနိုင်ရန် တာဝန်ယူ အားထုတ်သင့်သည်။ နောက်ဆုံးတခုမှာ နိုင်ငံခြားသတင်းစာဆရာများကို မြန်မာနိုင်ငံနှင့်ဆိုင်သည့် ကိစ္စရပ်များအကြောင်း ပွင့်လင်းမြင်သာစွာ သတင်းပို့ခြင်း မပြုနိုင်ရန်ရည်ရွယ်၊ ပြည်ဝင်ခွင့်ဗီဇာ ကန့်သတ်ထားခြင်းမျိုး မပြုလုပ်သင့်ပေ။

## *မြန်မာနိုင်ငံ အစိုးရလျှို့ဝှက်လုပ်ငန်း အက်ဥပဒေ (OSA)*

နိုင်ငံတော်အစိုးရနှင့် သက်ဆိုင်သည့် ကန့်သတ်သတင်းအချက်အလက်များ လက်ဝယ်ရှိခြင်းကို ပြစ်မှုမြောက်စေသည့် OSA ကိုအသုံးပြုပြီး သတင်းစာဆရာများကို တရားစီရင်ရေးပိုင်းနှင့် ဥပဒေပိုင်းအရ နှောင့်ယှက်ခြင်း၊ ချုပ်နှောင်ခြင်း၊ ပြစ်ဒဏ်ချခြင်းနှင့် ထောင်ချခြင်းများ လုပ်ခဲ့သည်[27]။ ယူနတီအပတ်စဉ်ဂျာနယ်မှ သတင်းစာဆရာလေးဦးနှင့် အမှုဆောင် အရာရှိချုပ်တို့ကို ၂၀၁၄ ခုနှစ် ဇန်နဝါရီလ ၃၀ နှင့် ၃၁ ရက်နေ့တို့တွင် ဖမ်းဆီးခဲ့သည်။ မြန်မာအစိုးရက မကွေးတိုင်း ပေါက်မြို့နယ်ရှိ စစ်ဖက်ဆိုင်ရာဌာနတစ်ခုတွင် ဓာတုလက်နက်များ လျှို့ဝှက်ထုတ်လုပ်နေသည်ဟု ရေးသားဖော်ပြထားသော ဆောင်းပါးတစ်ပုဒ်ကို ၂၀၁၄ ခုနှစ် ဇန်နဝါရီလ၊ ထုတ်ဝေခဲ့သောကြောင့် ဖမ်းဆီးခံရခြင်းဖြစ်သည်[28]။ ထို့နောက်တွင် ၎င်းတို့အား ပိုင်နက်ကျူးလွန်မှု၊ OSA ပုဒ်မ ၃(၁)(က)[29]အရ နိုင်ငံတော်လျှို့ဝှက်ချက်များ ပေါက်ကြားစေမှုတို့ဖြင့် စွဲချက်တင်ခဲ့ပြီး ၂၀၁၄ ခုနှစ် ဇူလိုင်လ ၁၀ ရက်နေ့တွင် အလုပ်ကြမ်းနှင့် ထောင်ဒဏ် ဆယ်နှစ်ချမှတ်ခဲ့သည်[30]။ တရားခံရှေ့နေမှ ၂၀၁၄ ခုနှစ် ဩဂုတ်လ ၂၈ ရက်နေ့၊ အယူခံတင်ခဲ့ပြီးနောက် အောက်တိုဘာလ ၂ ရက်နေ့တွင် ပြစ်ဒဏ်များကို ခုနစ်နှစ်သို့ လျှော့ပေါ့ပေးခဲ့သည်[31]။ ၎င်းတို့၏ နောက်ဆုံးအယူခံကို တရားရုံးချုပ်က ၂၀၁၄ ခုနှစ် နိုဝင်ဘာလ ၂ ရက်နေ့တွင် ပယ်ချခဲ့သည[32]။ ယင်းကဲ့သို့ မတရားမှုများမှာ အထူးသဖြင့် HRD များအတွက် UDHR နှင့် ICCPR အပိုဒ် ၁၉ တို့အရ ကာကွယ် စောင့်ရှောက်ထားသည့် အခွင့်အရေးများ၊ UDHR အပိုဒ် ၉ အရ ဥပဒေမဲ့ဖမ်းဆီးချုပ်နှောင်မှု မခံရပိုင်ခွင့်နှင့်၊ UDHR အပိုဒ် ၁၀ နှင့် ICCPR အပိုဒ် ၁၄ အရ အများပြည်သူရှေ့မှောက်၊ တရားမျှတစွာ စစ်ဆေးကြားနာမှု ရရှိပိုင်ခွင့်တို့ကဲ့သို့ နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေ စံချိန်စံညွှန်းများကို ချိုးဖောက်နေခြင်း ဖြစ်ပါသည်။

ဤအမှုနှင့် ပြစ်ဒဏ်များ၏ ပြင်းထန်မှုကိုကြည့်လျှင် မြန်မာအစိုးရသည် နိုင်ငံတကာ အသိုင်းအဝိုင်း၏ နှစ်သက် ထောက်ခံမှုကိုရရှိရန် သတင်းမီဒီယာဥပဒေသစ်များအား ဟန်ပြအဖြစ် ပြဋ္ဌာန်းကာ HRD များကို ကိုလိုနီခေတ်ဥပဒေများအပါအဝင် အခြားဖိနှိပ်သော ဥပဒေများကို ဆက်လက်အသုံးပြု၊ ပြင်းပြင်းထန်ထန် ဖိနှိပ်နေဆဲ ဖြစ်သည်။ ယင်းကဲ့သို့သော ဥပဒေများကို အမြန်ဆုံးဖျက်သိမ်း သို့မဟုတ် ပြင်ဆင်သင့်သည်။ သို့ရာတွင် မကြာသေးမီက ယင်းသို့ပြင်ဆင်ရန် အဆိုပြုချက်အား ချက်ချင်းပယ်ချသည်ကို ကြည့်ခြင်းအားဖြင့် ပြည်တွင်းဥပဒေများကို နိုင်ငံတကာလူ့အခွင့်အရေး ဥပဒေ စံချိန်စံညွှန်းများနှင့် ကိုက်ညီအောင် ပြင်ဆင်ပြဋ္ဌာန်းရန် အစိုးရတွင် နိုင်ငံရေးဆန္ဒကင်းမဲ့နေသည်ကို ဖော်ပြနေသည်[33]။

## *ရာဇသတ်ကြီးဥပဒေ*

ရာဇသတ်ကြီးဥပဒေ ပုဒ်မ ၅၀၅(ခ)[34] တွင် မည်သူမဆို ဖော်ပြချက်ကိုဖြစ်စေ၊ ကောလဟာလကိုဖြစ်စေ၊ သတင်းကိုဖြစ်စေ ပြုရာတွင် သို့တည်းမဟုတ် ထုတ်ပြန်ပြောရာတွင် သို့တည်းမဟုတ်

27. Asian Human Rights Commission, 19 July 201 *Burma: identifying and freeing remaining political prisoners* (Online) available from http://www.humanrights.asia/news/ahrc-news/AHRC-STM-135-2013.
28. *Democratic Voice of Burma*. Unity Weekly journalists in court for ‘disclosing state secret. 17 February 2014. (Online) available from http://www.dvb.no/news/unity-weekly-journalists-in-court-for-disclosing-state-secrets-burma-myanmar/37331.
29. Democratic Voice of Burma 2014
30. *The Irrawaddy.* Unity Journalists Sentenced to 10 Years Imprisonment with Hard Labor. 10 July 2014. (Online) available from http://www.irrawaddy.org/burma/unity-journalists-sentenced-10-years-imprisonment-hard-labor.html.
31. Burma Partnership, 2 September 2014. *Draconian Sentences of Unity Weekly Journalists Must at the Very Least be Drastically Reduced.* (Online) available from http://www.burmapartnership.org/2014/09/25-august-31-august-draconian-sentences-of-unity-weekly-journalists-must-at-the-very-least-be-drastically-reduced/.
32. *The Irrawaddy.* Supreme Court Rejects Appeal of Unity Journalists. 27 November 2014. (Online) available from http://www.irrawaddy.org/burma/supreme-court-rejects-appeal-unity-journalists.html.
33. *The Myanmar Times.* Proposal to reform State Secrets Act rejected. 29 September 2014. (Online) available from http://www.mmtimes.com/index.php/national-news/11798-proposal-to-reform-state-secrets-act-rejected.html.
34. The Penal Code 1861. available from http://www.burmalibrary.org/show.php?cat=1860.



*အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ အမျိုးသမီးလုပ်ငန်းဖော်ဆောင်ရေးအဖွဲ့နှင့် အင်္ဂါနေ့တိုင်းဆုတောင်းပွဲ ဦးဆောင်လှုပ်ရှားသူ နော်အုံးလှ*
*Copyright: Steve Tickner, Irrawaddy*

ဖြန့်ချိရာတွင် နိုင်ငံတော်အစိုးရကိုဖြစ်စေ၊ နိုင်ငံတော် ငြိမ်ဝပ်ရေးကိုဖြစ်စေ ထိခိုက်သည့်ပြစ်မှုကို တစ်ဦးတစ်ယောက်သောသူက ကျူးလွန်ချင်လာအောင် အများပြည်သူကို သော်လည်းကောင်း၊ အများပြည်သူ၏ သီးခြားလူစုကိုသော်လည်းကောင်း ကြောက်ခြင်း၊ ထိတ်လန့်ခြင်း တစ်ခုခုဖြစ်အောင် မပြုစေရန် တားမြစ်ထားသည်။ ယင်းပုဒ်မကို ငြိမ်း၊စု၊စီ ဥပဒေ ပုဒ်မ ၁၈ နှင့် မကြာခဏ တွဲဖက်အသုံးပြုလေ့ရှိသည်။ ယင်းပုဒ်မများကို အသုံးပြုကာ UDHR နှင့် ICCPR တို့တွင် ကာကွယ်စောင့်ရှောက်ထားသည့် လွတ်လပ်စွာစုဝေးခွင့်နှင့် ထုတ်ဖော်ပြောဆိုခွင့်ဟူသော အခြေခံလွတ်လပ်ခွင့်များကို ဥပဒေကြောင်းညီစွာ ကျင့်သုံးနေသူ HRD များအား ပစ်မှတ်ထား တိုက်ခိုက်နေသည်။

ဒေါ်နော်အုံးလှမှာ ယင်းဥပဒေနှစ်မျိုးစလုံးဖြင့် တပြိုင်တည်းစွဲဆိုခံရသည့် HRD များစွာအနက် တစ်ဦးဖြစ်သည်။ သူမသည် စစ်ကိုင်းတိုင်း ဆားလင်းကြီးမြို့နယ်ရှိ တရုတ်ကျောထောက်နောက်ခံပြု နာမည်ဆိုးလှသော လက်ပံတောင်းတောင်ကြေးနီစီမံကိန်းကို ကန့်ကွက်ဆန္ဒပြမှုနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အတွက် ဆုတောင်းပွဲများ စီစဉ်မှုတို့ကြောင့် လေးကြိမ်တိုင် ဖမ်းဆီးခံခဲ့ရသည်။ သူမသည် ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက်နေ့က ဒေါ်ခင်ဝင်းအသတ်ခံရမှု (အောက်ပါအခန်း ၄ ကိုကြည့်ပါ)[35] အား ကန့်ကွက်သည့် ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ တရုတ်သံရုံးရှေ့ ဆန္ဒပြပွဲတစ်ခုကို ဦးစီးခဲ့သဖြင့် စတုတ္ထအကြိမ်မြောက် အဖမ်းခံခဲ့ရသည်။ သူမကို ရာဇသတ်ကြီးဥပဒေ ပုဒ်မ ၅၀၅ (ခ) နှင့် ငြိမ်း၊စု၊စီ ဥပဒေ ပုဒ်မ ၁၈ တို့ဖြင့် (ရာဇသတ်ကြီးဥပဒေ ပုဒ်မ ၃၅၃ နှင့်အတူ)[36] တရားစွဲထားသည်။ ၂၀၁၅ ခုနှစ် ဧပြီလ ၂ ရက်နေ့တွင် ကျောင်းသူ မဖြူနှင်းထွေး (အသေးစိတ်ကို အောက်တွင်ကြည့်ပါ)[37] အပါအဝင် HRD များလွတ်မြောက်ရေး အတွက် တောင်းဆိုသည့် ဆန္ဒပြပွဲတစ်ခုကြောင့် ဒေါ်နော်အုံးလှကို

35. FIDH, 19 May 2015. *Burma/Myanmar: Arbitrary detention and sentencing of six human rights defenders. (Online) available from* https://www.fidh.org/International-Federation-for-Human-Rights/asia/burma/burma-myanmar-arbitrary-detention-and-sentencing-of-six-human-rights.
36. FIDH 2015.
37. FIDH 2015.

ငြိမ်း၊စု၊စီ ဥပဒေ ပုဒ်မ ၁၈ ဖြင့် ထောင်ဒဏ်လေးလ ချမှတ်ခဲ့သည်။ ထိုမျှသာမက ၂၀၁၅ ခုနှစ် မေလ ၁၅ ရက်နေ့တွင် သူမကို ရာဇသတ်ကြီးဥပဒေ ပုဒ်မ ၁၄၇၊ ၃၅၃၊ ၅၀၅(ခ) နှင့် ငြိမ်း၊စု၊စီ ဥပဒေ ပုဒ်မ ၁၈ တို့ဖြင့် ထောင်ဒဏ် လေးနှစ်နှင့် လေးလ ထပ်မံချမှတ်ခဲ့ရာ ယခုအခါ ရန်ကုန်မြို့ အင်းစိန်ဗဟို အကျဉ်းထောင်၊ ထိန်းသိမ်းခံနေရပြီး ငြိမ်း၊စု၊စီ ဥပဒေ ပုဒ်မ ၁၈ ဖြင့် နောက်ထပ်စွဲချက်များ ရင်ဆိုင်နေရသည်[38]။

ကိုထင်ကျော်အား ၂၀၁၄ ခုနှစ် တလျှောက်လုံး ပုဒ်မ ၅၀၅(ခ) ဖြင့် 'စဉ်ဆက်မပြတ်နှိပ်ကွပ်မှု[39]' က ဥပဒေပြုပြင်ပြောင်းလဲရေး အရေးတကြီးလုပ်ဆောင်ရန် လိုအပ်ချက်ကို ပြသနေသည်။ သမ္မတ၏ လွတ်ငြိမ်းချမ်းသာခွင့်အရ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလတွင် လွတ်မြောက်လာခဲ့သူ ကိုထင်ကျော်သည် မြေယာသိမ်းဆည်းမှု ဆန့်ကျင်ရေးနှင့် ဒီမိုကရေစီရေးအတွက် ဆော်ဩစည်းရုံးနေသည့် လူထုအခြေပြုအဖွဲ့အစည်းဖြစ်သော ဒီမိုကရေစီရေးစဉ်ဆက်မပြတ်လှုပ်ရှားမှုအင်အားစု (MDCF) နှင့် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ၏ ခေါင်းဆောင်ဖြစ်သည်။ သူသည် NLD ၏ လူငယ်အဖွဲ့ဝင်လည်း ဖြစ်ခဲ့ဖူးပြီး သူ၏ ယခင်အလုပ်ရှင်ကြောင့် NLD မှ မထွက်ချင်ဘဲ နှုတ်ထွက်ခဲ့ရသည်။ ၂၀၁၄ ခုနှစ် ဧပြီလနှင့် မေလအတွင်း သူသည် ရန်ကုန်မြို့တွင်း ၁၁ မြို့နယ်တွင် တရားဟောခြင်း၊ ပြောစာများ ဖြန့်ဝေခြင်းဖြင့် စည်းရုံးခဲ့ပြီး ၂၀၁၄ ခုနှစ် ဧပြီလ ၁၈ ရက်နေ့ညတွင် ရန်ကုန်မြို့၊ ဖယောင်းတိုင်ထွန်း ဆန္ဒပြပွဲပြုလုပ်ကာ မြန်မာအစိုးရ နှုတ်ထွက်ပေးဖို့ တောင်းဆိုခဲ့သည်[40]။ ၂၀၁၄ ခုနှစ် မေလ ၅ ရက်နေ့တွင် တောင်ဥက္ကလာပမြို့နယ် နန္ဒဝန်ဈေး၊ တရားဟောနေစဉ် တောင်ဥက္ကလာပ ရဲစခန်းမှူးနှင့် မြို့နယ်မှူးတို့က ဖမ်းဆီးခဲ့သည်။ MDCF မှ ကိုဇေယျာလင်း၏ အဆိုအရ ကိုထင်ကျော်ကို အာမခံမပေးဘဲ အင်းစိန်ထောင်တွင် ချုပ်နှောင်ထားသည်[41]။ ကိုထင်ကျော်ကို ၂၀၀၇ ခုနှစ်မှစ၍ ရှစ်ကြိမ် ဖမ်းဆီးခဲ့ပြီး စုစုပေါင်း ထောင်ဒဏ် ၂၅ နှစ်နှင့် ၇ လ ချမှတ်ခဲ့သည်။ ၂၀၁၄ ခုနှစ် မေလ တစ်လထဲမှာပင် ၎င်းအား ရာဇသတ်ကြီးဥပဒေ ပုဒ်မ ၅၀၅ (ခ) အရ အလုပ်ကြမ်းနှင့် ထောင်ဒဏ် စုစုပေါင်း ဆယ်နှစ်နှင့် ခြောက်လ ချမှတ်ခဲ့သည်။ ထို့အပြင် ၎င်းအား ငြိမ်း၊စု၊စီ ဥပဒေ ပုဒ်မ ၁၈ ဖြင့် ထောင်ဒဏ် ၁၀ လ ချမှတ်ခဲ့ရာ ယခုအခါ အင်းစိန်ထောင်တွင် အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၁၁ နှစ်နှင့် ၄ လ ကျခံနေရသည်[42]။

ရာဇသတ်ကြီးဥပဒေ ပုဒ်မ ၅၀၅ (ခ) နှင့်ပတ်သက်သည့် နောက်ထပ်လူသိထင်ရှားသည့် အမှုတစ်ခုမှာ သတင်းသမား ငါးဦးအမှု ဖြစ်သည်။ NLD ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် တိုင်းရင်းသားခေါင်းဆောင်များကို ကြားဖြတ်အစိုးရအဖြစ် ရွေးကောက် တင်မြှောက်လိုက်ကြောင်း MDCF ၏ ပြောချက်ကို ဘိုင်မွန်းတည့်နေဂျာနယ်မှ ၂၀၁၄ ခုနှစ် ဇူလိုင်လ ၇ ရက်နေ့တွင် ထည့်သွင်းပုံနှိပ်ပေးခဲ့သည်[43]။ ၂၀၁၄ ခုနှစ် ဇူလိုင်လ ၇ ရက် နှင့် ၈ ရက်နေ့များတွင် ရဲအထူး သတင်းတပ်ဖွဲ့က ကိုကျော်ဇောဟိန်း၊ ကိုဝင်းတင်နှင့် ကိုသူရအောင်တို့ကို ရန်ကုန်မြို့တွင် ဖမ်းဆီးခဲ့ပြီး ရှေ့နေအပါအဝင် မိသားစုများနှင့် တွေ့ခွင့်မပေးဘဲ ချုပ်နှောင်ထားခဲ့ပြီး ရာဇသတ်ကြီးဥပဒေ ပုဒ်မ ၅၀၅ (ခ) ဖြင့် စွဲချက်တင်ခဲ့သည်[44]။ ၂၀၁၄ ခုနှစ် ဇူလိုင်လ ၁၆ ရက်နေ့တွင် ကိုယဉ်မင်းထွန်း၊ ကိုကျော်မင်းခိုင်နှင့် ၎င်း၏ ဇနီးတို့ကို ထိုင်းအာဏာပိုင်များမှ ထိုင်း-မြန်မာနယ်စပ် မဲဆောက်မြို့တွင် ဖမ်းဆီးခဲ့ပြီး မြန်မာအာဏာပိုင်များသို့ လွှဲပြောင်းပေးခဲ့သည်။ ကိုကျော်မင်းခိုင်၏ဇနီးကိုမူ သက်သေ အထောက်အထား မခိုင်လုံသဖြင့် မကြာမီပြန်လွှတ်ပေးခဲ့သည်[45]။ ၎င်းတို့ကို မူလက အရေးပေါ်စီမံမှု အက်ဥပဒေ ပုဒ်မ ၅ (ည) နှင့် (ယ) တို့အရ တရားစွဲခဲ့သော်လည်း ၂၀၁၄ ခုနှစ် ဩဂုတ်လ ၄ ရက်နေ့တွင်မူ ရာဇသတ်ကြီးဥပဒေ ပုဒ်မ ၅၀၅(ခ) ဖြင့် စွဲချက်တင်ခဲ့သည်[46]။ ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၁၆ ရက်နေ့တွင် ၎င်း

38. FIDH 2015.
39. Amnesty International, 10 September 2014. *Myanmar: Authorities must end 'relentless persecution' of activist*. (Online) available from http://www.amnesty.org/en/for-media/press-releases/myanmar-authorities-must-end-relentless-persecution-activist-2014-09-10.
40. Amnesty International 2015.
41. *Eleven Myanmar.* MDCF Activist Detained for Government Protest. 6 May 2014. (Online) available at http://elevenmyanmar.com/index.php?option=com_content&view=article&id=5984:mdcf-activist-detained-for-anti-government-protest&catid=32:politics&Itemid=354.
42. *The Myanmar Times.* Jail Time Builds Up for Outspoken Activist. (Online) 12 September 2014. available at http://www.mmtimes.com/index.php/national-news/11625-jail-terms-near-10-years-for-activist.html.
43. International Federation of Journalists, 14 July 2014. *Nine Journalists Imprisoned and Detained in Myanmar.* (Press release) available from http://www.ifj.org/nc/news-single-view/backpid/51/article/nine-journalists-imprisoned-and-detained-in-myanmar/.
44. *Radio Free Asia.* Myanmar Sentences Five Reporters to Two Five Year Jail Terms. 16 September 2014. (Online) available from http://www.rfa.org/english/news/myanmar/sentences-10162014190705.html.
45. *The Irrawaddy.* Thailand Arrests 3 in Burma Newspaper Trial. 21 July 2014. (Online) available from http://www.irrawaddy.org/burma/thai-arrest-hand-3-burma-newspaper-trial.html.
46. AAPP, 2014. Political Prisoner Profile: BI-Midday Sun Journal. (Online) available from http://aappb.org/wp-content/uploads/2014/05/Bi-Mid-Day-Sun-Journal-Case.pdf.




*ဒီမိုကရေစီရေးစဉ်ဆက်မပြတ်လှုပ်ရှားမှုအင်အားစု (MDCF) ခေါင်းဆောင် ကိုထင်ကျော်*
***Copyright: Robert San Aung***

တို့ငါးဦးကို ပန်းဘဲတန်းမြို့နယ် တရားရုံးက ထောင်ဒဏ် ၂ နှစ်စီ ချမှတ်ခဲ့ပြီး ယခုအခါ အင်းစိန်ထောင်တွင် ထိန်းသိမ်းခံနေရသည်[47]။

HRD များကို ထောင်မှလွှတ်ပေးခြင်းသည် ဝမ်းမြောက်ရမည့်ကိစ္စဖြစ်သော်လည်း ယင်းသို့သော ဖမ်းဆီးမှု၊ ထိန်းသိမ်းမှုနှင့် သမ္မတ၏ ခြွင်းချက်ဖြင့် လွတ်ငြိမ်းခွင့်ပေးမှု သံသရာက ၎င်းတို့အား ရာဇဝတ်မှုများနှင့် စွဲဆိုနှိပ်ကွပ်သည့် အခြေခံ အကြောင်းအချက်များကို ဖြေရှင်းရန်ပျက်ကွက်နေသည်။ ထို့အပြင် မြန်မာနိုင်ငံတွင် HRD များ၏ လွတ်လပ်စွာ ထုတ်ဖော် ပြောဆိုခွင့်နှင့် စုဝေးခွင့်ဟူသော အခြေခံအခွင့်အရေးများကို ကာကွယ်စောင့်ရှောက်နိုင်ရန် လက်ရှိ ဥပဒေရေးရာစနစ်နှင့် တရားရေးစနစ်တို့မှာ လုံလောက်မှု မရှိကြောင်းလည်း ဤသံသရာက ပြသနေသည်။ HRD များအနေဖြင့် ဤသံသရာမှ ဖောက်ထွက်ပြီး အစိုးရ၏ လက်တုန့်ပြန်မှုကို ကြောက်စရာမလိုဘဲ မိမိဆန္ဒကို လွတ်လွတ်လပ်လပ် ထုတ်ဖော်နိုင်သည့် ကာလသို့ ရောက်နိုင်ရေးအတွက် ရာဇသတ်ကြီးဥပဒေကို နိုင်ငံတကာဥပဒေ စံချိန်စံညွှန်းများနှင့် ကိုက်ညီအောင် ပြုပြင်ပြောင်းလဲရန် အရေးတကြီး လိုအပ်နေသည်။ အထူးသဖြင့် ပုဒ်မ ၅၀၅ (ခ) တွင် ကြောက်စရာကောင်းလောက်အောင် ဝေဝါးလှသည့် "နိုင်ငံတော် ဆန့်ကျင်ရေးပြစ်မှုများ" နှင့် "နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေး" ဝေါဟာရများ ထည့်သွင်းထားမှုကြောင့် အာဏာပိုင်များမှ ၎င်းပုဒ်မအား အသုံးပြုကာ မတရား ချိုးဖောက်မှုများကျူးလွန်ရန် အလားအလာများ နေခြင်းနှင့် UDHR နှင့် ICCPR တို့တွင် ပြဋ္ဌာန်းထားသည့် လွတ်လပ်စွာ စုဝေးခွင့်၊ သင်းပင်းဖွဲ့စည်းခွင့်နှင့် ထုတ်ဖော်ပြောဆိုခွင့်များကို ချိုးဖောက်နေခြင်းတို့ကြောင့် ၎င်းပုဒ်မအား ပယ်ဖျက်သင့်သည်။

ပုဒ်မ ၅၀၀ ၌ ပြစ်မှုမြောက်သည့်အသရေဖျက်မှုအတွက် ထောင်ဒဏ်သတ်မှတ်ထားရာ UDHR နှင့် ICCPR အပိုဒ် ၁၉ များဖြင့် ကာကွယ်စောင့်ရှောက်ထားသည့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ဆိုင်ရာ နိုင်ငံတကာဥပဒေနှင့် စံချိန်စံညွှန်းများကို ဆန့်ကျင်နေသည်။ ထို့အပြင် UN လူ့အခွင့်အရေးကော်မတီ အထွေထွေမှတ်ချက် ၃၄ (CCPR/C/GC/34)[48] နှင့် လွတ်လပ်စွာ ထင်မြင်ထုတ်ဖော်ခွင့်ကို အားပေးမြင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ UN အထူး ကိုယ်စားလှယ်၏

47. AAPP 2014.
48. United Nations, Human Rights Committee, General Comment No.34: *Article 19: Freedoms of Opinion and Expression,* 102nd session (12 September 2011), available from http://www2.ohchr.org/english/bodies/hrc/docs/gc34.pdf.

အစီရင်ခံစာ (A/HRC/၂၀/၁၇)[49]တို့တွင် အသရေဖျက်မှုအား ပြစ်မှုအဖြစ် မသတ်မှတ်စေရန် တောင်းဆိုထားသည်။ သို့သော်လည်း ၂၀၁၃ ခုနှစ် နှောင်းပိုင်းတွင် အလဲဗင်းမြန်မာ သတင်းထောက် မနော်ခိုင်ခိုင်အေးချို ခေါ် မခိုင်ကို (ပိုင်နက် ကျူးလွန်မှုနှင့် ရုန့်ရင်း ကြမ်းတမ်းသော စကားသုံးမှုအပါအဝင်) အသရေဖျက်မှုစွဲချက်ဖြင့် ထောင်ဒဏ်သုံးလ ချမှတ်ခဲ့သည်။ သူမသည် တရားမဝင် ခိုးကူး ဗီဒီယိုခွေ ရောင်းဝယ်ဖောက်ကားမှုအကြောင်း စုံစမ်းဖော်ထုတ်ပြီး သတင်းရေးသားတင်ပြသောကြောင့် တရားစွဲဆိုခံရခြင်းဖြစ်သည်။ ဤပြစ်ဒဏ်ချမှုအား မြန်မာစာနယ်ဇင်းသမားများ ကွန်ရက်က ရန်ကုန်မြို့တွင် ကန့်ကွက် ဆန္ဒပြခဲ့သည်[50]။

ထိုမျှသာမကဘဲ ရာဇသတ်ကြီးဥပဒေရှိ အခြားထင်ရှားသည့် ရာဇဝတ်မှုစွဲချက်များဖြစ်သည့် ပိုင်နက်ကျူးလွန်မှု (ပုဒ်မ ၄၄၇)၊ အကျိုးစီးပွားဖျက်ဆီးမှု (ပုဒ်မ ၄၂၇)၊ လူပြန်ပေးဆွဲမှုနှင့် လူခိုးမှု (ပုဒ်မ ၃၅၉-၃၆၈) တို့ကိုလည်း HRD များကို ပစ်မှတ်ထား နှိပ်ကွပ်ရာတွင် ပိုမိုအသုံးပြုလာသည်။ မြေယာအခွင့်အရေးတက်ကြွလှုပ်ရှားသူ ကိုသော်ဇင်ကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာလက သမ္မတ၏ လွတ်ငြိမ်းခွင့်ဖြင့် လွှတ်ပေးခဲ့သော်လည်း ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် ပြန်လည် ဖမ်းဆီးကာ မတ်လ ၂၄ ရက်နေ့တွင် ရာဇသတ်ကြီးဥပဒေ ပုဒ်မ ၄၄၇ ပိုင်နက်ကျူးလွန်မှုဖြင့် တရားစွဲခဲ့သည်[51]။ ကိုသော်ဇင်မှာ ချုပ်နှောင်ခံထားရစဉ် ညည်းပန်းနှိပ်စက်ခံရသည့်အပြင် ပိုင်နက်ကျူးလွန်မှုအတွက် ထောင်ဒဏ် သုံးလ အပါအဝင် စုစုပေါင်းထောင်ဒဏ် ၁၅ လ ချမှတ်ခံခဲ့ရသည်။ ဒေသခံရွာသူရွာသားများကို ၄င်းတို့မြေယာအခွင့်အရေးများ ကာကွယ်ရန်နှင့် လက်ပံတောင်းတောင် ကြေးနီစီမံကိန်းကို ကန့်ကွက်ဆန္ဒပြရာတွင် ကူညီခဲ့သောကြောင့် ပြစ်ဒဏ်ချမှတ်ခံခဲ့ရခြင်းဖြစ်သည်[52]။

မြေယာသိမ်းဆည်းမှုပြဿနာများမှာ ရပ်ဆိုင်းမသွားသည့်အပြင် လျော့ပါးလာသည့်လက္ခဏာပင် မတွေ့ရပေ။ လက်တွေ့တွင် မြန်မာနိုင်ငံတွင်း ရင်းနှီးမြှုပ်နှံမှု တိုးမြင့်လာသည်နှင့်အမျှ မြေယာသိမ်းဆည်းမှုမှာ ပို၍သာဆိုးဝါးလာနေသည်။ မြန်မာအစိုးရနှင့် ပုဂ္ဂလိကကုမ္ပဏီများအကြား ဆက်သွယ်မှု အနေအထားအရ မြေယာပေါ်နေထိုင်ကြသည့် လယ်သမားများနှင့် ရွာသားများ၏ အခွင့်အရေးများမှာ မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံရေးနှင့် ဖွံ့ဖြိုးရေးလိုအပ်ချက်အောက် ဒုတိယတန်းအဆင့်အဖြစ်သာ မှတ်ယူခံရသည်။ အစိုးရ၊ စစ်တပ်နှင့် စီးပွားရေးလုပ်ငန်းကြီးများကြား ယခင်ကတည်းက ရှိနှင့်ပြီးသော ပတ်သက်ဆက်နွယ်မှုများက နိုင်ငံတကာကုမ္ပဏီကြီးများ သို့မဟုတ် မြန်မာစစ်တပ် အသုံးပြုရန်အတွက် မြေယာများကို ဥပဒေမဲ့သိမ်းဆည်းမှုနှင့် မြေယာတွင် နေထိုင်သူများကို နှင်ထုတ်မှုများသည် နိုင်ငံအနှံ့ပျံ့နေသည့် ကပ်ဘေးကြီးတစ်ခု ဖြစ်လာခဲ့သည်။ ဤပြဿနာ၏ အတိုင်းအတာမှာ ယခုအစီရင်ခံစာ၏ ဦးတည်ချက်နယ်ပယ်အဝန်းအဝိုင်းထက် ကျော်လွန်နေသော်လည်း ၄င်းပြဿနာသည် မြေယာအခွင့်အရေး လှုပ်ရှားနေသော HRD များ ပို၍ပို၍ အဖမ်းခံနေရ၊ ထောင်ချခံနေရမှုတွင် အရေးကြီးသည့် အချက်အလက်တစ်ခု ဖြစ်နေသည်။ ၄င်းတို့သည် မြေယာအခွင့်အရေး မတရားဖောက်ဖျက်မှုများကို ဆန့်ကျင်ဆန္ဒပြခြင်း၊ အများအားဖြင့် အသိမ်းခံထားရသော မိမိတို့မြေယာတွင် ပြန်လည်ဝင်ရောက်ထွန်ယက်ခြင်း၊ သို့မဟုတ် မိမိတို့မြေယာထဲ မဝင်နိုင်အောင် ကာဆီးထားသည့် ခြံစည်းရိုးများ အကာအရံများကို ဖယ်ရှားပစ်ခြင်း တို့ကြောင့် မကြာခဏ ဖမ်းဆီးခံရကာ ဥပဒေအရ မတရား အာဏာပြမှုကို ပြင်းပြင်းထန်ထန် ခံစားကြရသူများဖြစ်သည်။ အထက်ပါစွဲချက်များသည် မြေယာအခွင့်အရေး ကာကွယ် စောင့်ရှောက်သူမျာအား ဖမ်းဆီး၊ ထောင်ချ၊ ပြစ်ဒဏ်ပေးရာတွင် အဓိကသုံးသည့် စွဲချက်များ ဖြစ်သည်။

မြေယာအခွင့်အရေး ကာကွယ်စောင့်ရှောက်သူများနှင့် ၄င်းတို့၏ မိသားစုများကို အားပေးကူညီလျှင်၊ ပတ်သက်လျှင်ပင် ထိုပုဂ္ဂိုလ်များအတွက် ပြဿနာများ ဖြစ်စေသည်။ မကြာသေးမီက အမှုတစ်မှုတွင် တက်ကြွလှုပ်ရှားသူ ကျောင်းသူလည်းဖြစ် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ် (ဗကသ) အဖွဲ့ဝင်လည်းဖြစ်သူ မဖြူနှင်းထွေးကို ၂၀၁၄ ခုနှစ် မေလ ၁၈ ရက်နေ့မှ အဖြစ်အပျက်တစ်ခုနှင့် စပ်လျဉ်းပြီး စက်တင်ဘာလ ၁၃ ရက်

49. United Nations, General Assembly, Report of the Special Rapporteur on the promotion and protection of the right to freedom of opinion and expression, Frank La Rue, A/HRC/24/17 (4 June 2012), available from http://www.ohchr.org/Documents/HRBodies/HRCouncil/RegularSession/Session20/A-HRC-20-17_en.pdf.
50. *Eleven Myanmar.* Journalists Stage Protest Against Ma Khine Prison Sentence. 8 January 2013. (Online) available from http://www.elevenmyanmar.com/index.php?option=com_content&view=article&id=4665:journalists-stage-protest-against-ma-khine-prison-sentence&catid=44&Itemid=384.
51. *Democratic Voice of Burma.* Letpadaung activist Thaw Zin detained. 11 February 2014. (Online) available from https://www.dvb.no/news/politics-news/latpadaung-activist-thaw-zin-detained-burma-myanmar/37099.
52. FIDH, 17 October 2014. Burma: Release of Mr. Thaw Zin. (Online) available from https://www.fidh.org/International-Federation-for-Human-Rights/asia/burma/16261-burma-release-of-mr-thaw-zin.

နေ့တွင် ပြန်ပေးဆွဲမှုနှင့် လူခိုးမှုစွဲချက်များဖြင့် အမှုဆင် ဖမ်းဆီးခဲ့သည်[53]။ သူမကို အခြားခြောက်ဦးနှင့်အတူ လက်ပံတောင်းတောင် ကြေးနီစီမံကိန်း၏ အဓိကရင်းနှီးမြှုပ်နှံသူ မြန်မာဝမ်ပေါင် ကြေးနီတူးဖော်ရေး လီမိတက် (ဝမ်ပေါင်) မှ တရုတ်လူမျိုး ဝန်ထမ်းနှစ်ဦးအား ပြန်ပေးဆွဲမှုနှင့်[54] တရားစွဲခဲ့ရာ ရာဇသတ်ကြီးဥပဒေ ပုဒ်မ ၃၆၄ (လူပြန်ပေးဆွဲမှု)၊ ရာဇသတ်ကြီးဥပဒေ ပုဒ်မ ၃၆၈ (ပြန်ပေးဆွဲခြင်းကို အားပေးကူညီမှု)၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၅၁၂ (တရားရုံးတွင် သက်သေခံရန် ပျက်ကွက်မှု) တို့ဖြင့် စွဲချက်တင်ပြီး မုံရွာထောင်သို့ ပို့ဆောင်ချုပ်နှောင်ခဲ့သည်[55]။ ထို့နောက် ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၁၃ ရက်နေ့တွင် တရားရုံး၌ ကြားနာပြီးနောက် စွဲချက်အားလုံးအား ပလပ်ကာ အောက်တိုဘာလ ၁၅ ရက်နေ့တွင် ပြန်လွှတ်ပေးခဲ့သည်[56]။

တရားစီရင်ရေးပိုင်း ဥပဒေပိုင်းနှောင့်ယှက်မှုမှာ သူမ၏ တရားဝင်မှုရှိသော လူ့အခွင့်အရေးအလုပ်၏ တိုက်ရိုက်ရလဒ်ပင် ဖြစ်သည်။ တနည်းအားဖြင့် ဗကသ၏ ထင်ရှားသည့် အဖွဲ့ဝင်ဖြစ်နေမှုနှင့် ကြေးနီစီမံကိန်းကြောင့် ဖယ်ရှားခံရသော လယ်သမားများနှင့် မိသားစုများအား ကူညီပေးမှုသက်သက်ကြောင့် သူမသည် မတရား တဖက်သတ်စွဲချက်များနှင့် စွဲဆိုခံရပြီး ဥပဒေမဲ့ ဖမ်းဆီးထိန်းသိမ်းခြင်းခံရသည်[57]။ သို့ဖြင့် သူမ၏ တန်ဖိုးရှိပြီး တရားဝင်မှုရှိသော လူ့အခွင့်အရေးအလုပ် လုပ်ဆောင်နိုင်စွမ်းကို ပျက်ပြားစေသည်။

အထက်တွင် ဖော်ပြခဲ့သည်များနှင့်တကွ မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ်ဟောင်း မစ္စတာသောမတ်စ်အိုဟေးကင်တားနား ထောက်ပြခဲ့သည့် ဥပဒေများ (A/HRC/22/58)[58]၊ ဥပမာ - ၂၀၀၄ ခုနှစ် အီလက်ထရွန်နစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ၊ ၁၉၅၀ ခုနှစ် အရေးပေါ်စီမံမှုအက်ဥပဒေ၊ ၁၉၇၅ ခုနှစ် နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ အန္တရာယ်မှ ကာကွယ်ရေး အက်ဥပဒေ အပါအဝင် လက်ရှိဖိနှိပ်ရေး ဥပဒေများကို ပြန်လည်သုံးသပ်၊ ပြင်ဆင် သို့မဟုတ် ပယ်ဖျက်ပြီး မြန်မာနိုင်ငံတွင် HRD များနှင့် ၎င်းတို့အလုပ်အပေါ် ဆိုးကျိုး သက်ရောက်သည့် ဥပဒေအားလုံးကို နိုင်ငံတကာလူ့အခွင့်အရေး ဥပဒေနှင့် စံချိန်စံညွှန်းများ၊ အထူးသဖြင့် UDHR နှင့် ICCPR တို့နှင့် အပြည့်အဝ ကိုက်ညီစေရမည် ဖြစ်သည်။

## ၃. ၅ အဆောက်အအုံပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲရေး

### ***တရားရေးမဏ္ဍိုင်***

မြန်မာနိုင်ငံတရားရေးမဏ္ဍိုင်သည် နိုင်ငံရေး လွှမ်းမိုးမှုအောက် ရောက်နေပြီး လွတ်လပ်မှု၊ အရည်အချင်းပြည့်မှုနှင့် ပွင့်လင်း မြင်သာမှု ကင်းမဲ့နေသည်။ သို့ဖြစ်ရာ မြန်မာနိုင်ငံတွင် ထိရောက်သည့် တရားရေးပိုင်းနှင့် အခြားသော နစ်နာမှု ပြန်လည်ပေးလျော်သည့် ယန္တရားများ စိုးရိမ်ဖွယ်ချို့တဲ့နေမှုကို ယခုအစီရင်ခံစာတလျှောက် မီးမောင်းထိုး ဖော်ပြထားသော HRD များအပေါ် ဥပဒေပိုင်းဆိုင်ရာ နှောင့်ယှက်မှုနှင့် ဥပဒေမဲ့ဖမ်းဆီးထိန်းသိမ်းမှု အမှုပေါင်းစုံတွင် တွေ့နိုင်သည်။ လူ့အခွင့်အရေး ချိုးဖောက်ခံရသူများမှာ ၎င်းတို့ခံစားခဲ့ရသည့် ချိုးဖောက်မှုများအတွက် ပြန်လည်ပေးလျော်မှု ရယူနိုင်ရန် ထိရောက်သည့် နည်းလမ်းမရှိသည့်အပြင် မြန်မာနိုင်ငံတွင် HRD များ အသံတိတ်စေရန်နှင့် အရပ်ဖက် အသိုင်းအဝိုင်းနှင့် ဒီမိုကရေစီ အဝန်းအဝိုင်းတို့ကို ချုပ်ချယ်နှိပ်ကွပ်ရန် နည်းလမ်းတစ်ခုအဖြစ် တရားရေးမဏ္ဍိုင်ကို ပို၍အသုံးပြုလာနေသည်။

မြန်မာအာဏာပိုင်များသည် ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ဆန္ဒထုတ်ဖော်ခြင်း ဥပဒေ ပုဒ်မ ၁၈ နှင့် ရာဇသတ်ကြီးဥပဒေ ပုဒ်မ ၅၀၅ (ခ) ကဲ့သို့ အငြင်းပွားဖွယ် ဖိနှိပ်ရေးဥပဒေများကို “နိုင်ငံရေး” စွဲချက်များတွင် အတိအလင်းသုံးနေသည့်အပြင် HRD များ အသံတိတ်စေရေးနှင့် ပြည်သူလူထု၏ အခြေခံအခွင့်အရေးများကို ဖိနှိပ်ချုပ်ခြယ်ရေး မဟာဗျူဟာအား အကောင်အထည်ဖော်ရာတွင် နည်းနာသစ် တစ်ခုအဖြစ် ရာဇသတ်ကြီး ဥပဒေမှ ထင်ရှားသော ပုဒ်မများအား အသုံးပြုကာ HRD များကို “ရာဇဝတ်သားများ” အဖြစ် အမှုဆင် လုပ်ကြံ

53. *The Irrawaddy.* Villagers, Activists Claim Innocence of Student Charged in Chinese Workers’ Kidnapping. 22 September 2014 (Online) available from http://www.irrawaddy.org/burma/villagers-activists-claim-innocence-student-charged-chinese-workers-kidnapping.html.
54. The Irrawaddy 2014.
55. FIDH, 20 October 2014. *Burma: Release of Ms. Phyu Hnin Htwe.* (Online) available from https://www.fidh.org/International-Federation-for-Human-Rights/asia/burma/16267-burma-release-of-ms-phyu-hnin-htwe.
56. FIDH 2014.
57. Burma Partnership, 23 September 2014. *Arrest of Student on Trumped-up Charges is a Damning Indictment of Justice in Burma.* (Online) available from http://www.burmapartnership.org/2014/09/arrest-of-student-on-trumped-up-charges-is-a-damning-indictment-of-justice-in-burma/.
58. United Nations, Human Rights Counil, *Report of the Special Rapporteur on the situation of human rights in Myanmar, Tomas Ojea Quintana,* A/HRC/22/58 (6 March 2016) available from http://www.ohchr.org/Documents/HRBodies/HRCouncil/RegularSession/Session22/A.HRC.22.58_AUV.pdf.




*လက်ပံတောင်းတောင် ကြေးနီစီမံကိန်းအား ဆန့်ကျင်ဆန္ဒပြနေစဉ်*
*Copyright: Burma Partnership*

တရားစွဲမှုများ ပိုမိုလုပ်ဆောင်လာသည်ကို သတိပြုရန် အရေးကြီးသည်။ ဤသို့ HRD များကို "ရာဇဝတ်သားများ" အဖြစ် တံဆိပ်အသစ်ကပ်ခြင်းအားဖြင့် နိုင်ငံတကာအသိုင်းအဝိုင်း၏ ပြစ်တင်ရှုံ့ချမှုကို ရှောင်လွှဲနိုင်ရန် မျှော်လင့်နေသည်။

သို့ရာတွင် ထိုသို့သော နည်းနာသည် နာခံမှုရှိပြီး အကျင့်ပျက်ခြစားသည့် တရားစီရင်ရေးအပေါ် အားကိုးရသည်။ အာဏာပိုင်များ အနေဖြင့် ဥပဒေပြုပြင်ပြောင်းလဲမှုများ မဖြစ်မနေ လုပ်ဆောင်လာရပြီး အငြင်းပွားဖွယ် ဖိနှိပ်ရေးဥပဒေများအား အသုံးပြုခြင်းမှ အတတ်နိုင်ဆုံး ရှောင်ကြဉ်လာရသည့် အခြေအနေတွင် တရားရေးမဏ္ဍိုင်နာခံမှုရှိရေးသည် မြန်မာအစိုးရအတွက် ပို၍ အရေးကြီးလာသည်။ ဤသို့ဖြင့် တရားရေးမဏ္ဍိုင်သည် UDHR နှင့် ICCPR တို့မှ ကာကွယ်စောင့်ရှောက်ထားသော အခြေခံ လွတ်လပ်ခွင့်များနှင့် တရားမျှတစွာ တရားစီရင်ခံပိုင်ခွင့်၊ အထူးသဖြင့် ဥပဒေမဲ့ ဖမ်းဆီးချုပ်နှောင်ခြင်း မခံရပိုင်ခွင့်၊ အပြစ်ရှိကြောင်း သက်သေမပြနိုင်သေးသရွေ့ အပြစ်ကင်းသူဟု သတ်မှတ်ခံပိုင်ခွင့်၊ လွတ်လပ်ပြီးမျှတသည့် ခုံရုံးဖြင့် အများပြည်သူရှေ့မှောက် ကြားနာလျှောက်လဲ ခံပိုင်ခွင့်တို့နှင့် ပတ်သက်သည့် နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေ စံချိန်စံညွှန်းများကို စွဲကိုင်ကျင့်သုံးရန် သိသိသာသာ ပျက်ကွက်နေသည်။

## လွှတ်တော်

၂၀၁၁ ခုနှစ်တွင် မြန်မာနိုင်ငံလွှတ်တော် တည်ထောင်ခြင်း အပါအဝင် များစွာကြော်ငြာခံရသည့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ ရှိသော်လည်း မြန်မာနိုင်ငံသည် နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေ စံချိန်စံညွှန်းများ အထူးသဖြင့် အခြေခံ လွတ်လပ်ခွင့်ဆိုင်ရာ အခွင့်အရေးများနှင့် မကိုက်ညီသည့် ဥပဒေများကို ဆက်လက်ပြဋ္ဌာန်းနေဆဲဖြစ်ပြီး တည်ဆဲ ဖိနှိပ်ရေး ဥပဒေများကိုလည်း ပယ်ဖျက်ရန် ပျက်ကွက်နေသည်။ ထို့အပြင် ICCPR နှင့် နောက်ဆက်တွဲ လုပ်ထုံးလုပ်နည်း သဘောတူ စာချုပ်များအပါအဝင် နိုင်ငံတကာ လူ့အခွင့်အရေး သဘောတူညီချက်များအား အတည်ပြု လက်မှတ်ရေးထိုးရန် လုပ်ဆောင်မှု အနည်းငယ်သာ ရှိသည်။ ယင်းသဘောတူ စာချုပ်များအရ နိုင်ငံတကာ လူ့အခွင့်အရေး

မူဘောင်များကို ပြည်တွင်းဥပဒေအတွင်း ထည့်သွင်း ပြဋ္ဌာန်းပေးရမည်ဖြစ်၊ ထိုသဘောတူ စာချုပ်များအား လက်မှတ်ရေးထိုးလိုက်နာအကောင်အထည်ဖော်ပါက HRD များနှင့် မိသားစုများအတွက် အထူးလိုအပ်နေသော ကာကွယ်စောင့်ရှောက်မှု ပေးအပ်နိုင်လိမ့်မည် ဖြစ်သည်။

လွှတ်တော်၏ လုပ်ကိုင်ဆောင်ရွက်ပုံများကို အသေအချာ ဆန်းစစ်သုံးသပ်ရန်မှာ ဤအစီရင်ခံစာ၏ ဦးတည်ချက်နယ်ပယ် ကျော်လွန်နေသော်လည်း အထက်ဖော်ပြပါ အပိုင်း ၃. ၄ တွင် ဆွေးနွေးခဲ့သော နာမည်ဆိုးနှင့် ကျော်ကြားသည့် ငြိမ်း၊စု၊စီ ဥပဒေ အပေါ် ပြင်ဆင်ချက်များ တင်သွင်းခြင်း နှင့်စပ်လျဉ်းသည့် ဖြစ်စဉ်ကို ထပ်မံလေ့လာခြင်းဖြင့် ရှင်းလင်းသွားနိုင်သည်။ ၂၀၁၄ ခုနှစ် မတ်လတွင် မြန်မာလွှတ်တော်အမတ်အချို့က ငြိမ်း၊စု၊စီ ဥပဒေအား အောင်မြင်စွာ ပြင်ဆင်နိုင်ခဲ့သည်ဟု ယူဆခဲ့ကြသော်လည်း ၂၀၁၄ ခုနှစ် ဇွန်လ၊၃၀ အပြီးသတ်အတည်ပြု ပြဋ္ဌာန်းခဲ့သည့် ပြင်ဆင်ပြီး ဥပဒေတွင် မူလဥပဒေ၏ အနှစ်သာရများကို ဆက်လက်ထည့်သွင်းထားသည်ကို တွေ့ရသဖြင့် လွှတ်တော်၏ လုပ်ငန်းကို ထိခိုက်စေသည်။ မြန်မာလွှတ်တော်သည် အရည်အသွေး၊ ပွင့်လင်းမြင်သာမှုနှင့် လွတ်လပ်မှုရှိရန် များစွာ လိုအပ်နေဆဲ ဖြစ်သည်ဟု ဆိုရပေမည်။

သို့ရာတွင် အထက်တွင် ဆွေးနွေးတင်ပြခဲ့သလို မြန်မာလွှတ်တော်သည် ကိုယ့်ခြေပေါ် ကိုယ်ရပ်လာနိုင်ပြီး ရင့်ကျက် လာကာ နိုင်ငံတကာ လူ့အခွင့်အရေး စံနှုန်းများနှင့် ကိုက်ညီသည့် ဥပဒေများ ပိုမိုပြဋ္ဌာန်းလာနိုင်သည်နှင့်အမျှ မြန်မာအစိုးရ အနေဖြင့် HRD များကို ပစ်မှတ်ထားဖိနှိပ်ရာတွင် ဥပဒေပြုလွှတ်တော်ထက် တရားစီရင်ရေးမဏ္ဍိုင်ကို ဖိနှိပ်ရေးယန္တရား အဖြစ် ပိုမိုသုံးလာနိုင်ဖွယ်ရှိသည်။

သို့ဖြစ်၍ ဥပဒေပြုလွှတ်တော်နှင့် တရားစီရင်ရေးပိုင်းနှစ်ခုစလုံးတွင် ကြီးမားသည့် ပြုပြင်ပြောင်းလဲမှုများ အထူးအရေးတကြီး လိုအပ်နေသည်။ သို့မှသာ ၎င်းတို့သည် အုပ်ချုပ်ရေးပိုင်းနှင့် လွတ်ကင်းစွာ သီးခြားလည်ပတ် ဆောင်ရွက်နိုင်မည်ဖြစ်ပြီး အစိုးရ၏ အာဏာသုံးရပ် ခွဲဝေပိုင်းခြားရေးမူကို ထင်ဟပ်နိုင်စေရုံသာမက နိုင်ငံတကာဥပဒေ စံချိန်စံညွှန်းများနှင့် ကာကွယ် စောင့်ရှောက်ထားသော လူ့အခွင့်အရေး မူဘောင်တစ်ခုလုံးကိုလည်း ထင်ဟပ်နိုင်မည် ဖြစ်သည်။ မြန်မာနိုင်ငံရှိ HRD များ၊ ပြည်သူများနှင့် ရပ်ရွာလူထုများအားလုံး အကျိုးဖြစ်စေရန် အဆိုပါ ပြုပြင်ပြောင်းလဲမှုများ အကောင်အထည် ဖော်ရေးကို နိုင်ငံတကာအသိုင်းအဝိုင်းမှ မြန်မာအစိုးရအပေါ် ဆက်လက်ဖိအားပေးရမည် ဖြစ်သည်။

## *မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင် (MNHRC)*

MNHRC သည် တရားစီရင်ရေးမဏ္ဍိုင်၏ ဟာကွက်ကို ဖြည့်ဆည်းပြီး ပြည်သူများ တရားမျှတမှု ရရှိရန် လက်လှမ်းမီနိုင်မည့် အစားထိုး နည်းလမ်းများ ပေးစွမ်းနိုင်ရန် ယခုထိပျက်ကွက်နေဆဲ ဖြစ်သည်။ ၂၀၁၁ ခုနှစ် စက်တင်ဘာလ ၅ ရက်နေ့တွင် ထူထောင်ခဲ့သည့် MNHRC ၏ ရည်မှန်းချက်မှာ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ နိုင်ငံသားတို့၏ အခြေခံအခွင့်အရေးများကို အားပေး မြှင့်တင် ကာကွယ်ပေးရန်ဖြစ်သည်။ သို့ရာတွင် MNHRC သည် တိုင်းရင်းသား ပဋိပက္ခနယ်မြေများတွင် ဖြစ်ပွားသော လူ့အခွင့်အရေး ချိုးဖောက်မှုများကို စုံစမ်းစစ်ဆေးမည် မဟုတ်ကြောင်း MNHRC ဥက္ကဌ ဦးဝင်းမြက အင်တာဗျူး တစ်ခုတွင် ရှင်းရှင်းလင်းလင်းပြော သွားခဲ့သည်[59]။ ထို့အပြင် ယင်းကော်မရှင်မဖွဲ့စည်းမီက ဖြစ်ပွားခဲ့သော ချိုးဖောက်ကျူးလွန်မှုများကို စုံစမ်းစစ်ဆေးရန်လည်း အခွင့်အာဏာ မရှိသလို ရဲအဖွဲ့က စုံစမ်းစစ်ဆေးနေသည့် အမှုများနှင့်ဆိုင်သည့် တိုင်ကြားမှု များကိုလည်း တာဝန်ယူဆောင်ရွက်နိုင်စွမ်းမရှိပေ[60]။ အဆိုးဆုံးမှာ MNHRC အဖွဲ့ဝင် အများအပြားမှာ အစိုးရမှခန့်အပ်သူများ သို့မဟုတ် အစိုးရဘက်တော်သားများဖြစ်နေရာ MNHRC သည် အမျိုးသားလူ့အခွင့်အရေး အဆောက်အအုံများလိုက်နာရမည့် အနိမ့်ဆုံး နိုင်ငံတကာစံနှုန်းများဖြစ်သည့် UN "ပါရီအခြေခံမူများ"နှင့် ကိုက်ညီသည့် လွတ်လပ်၊ ထိရောက်သောယန္တရား ဖြစ်သည်ဟု မည်သို့မှမပြောနိုင်ပေ[61]။ ယခုထိ MNHRC တာဝန်ယူဆောင်ရွက်ခဲ့သည့် စုံစမ်းစစ်ဆေးမှုများတွင် ကျေနပ်လောက်ဖွယ် ရလဒ်များ ထွက်ပေါ်ခြင်းမရှိသေးသဖြင့် ယင်းကော်မရှင်သည် လူ့အခွင့်အရေး အခြေအနေ အပေါ် အကျိုးသက်ရောက်မှု အနည်းငယ်မျှသာရှိမည် သို့မဟုတ် လုံးဝမရှိဟု စိုးရိမ်နေကြခြင်း

59. Burma Partnership, 2015. *MNHRC Monitor*. (Online) available from http://www.burmapartnership.org/issues/nhrc-monitor/.
60. Burma Partnership 2015.
61. General Assembly Resolution 48/134, *national institutions for the promotion and protection of human rights,* A/RES/48/134 (20 December 1993), available from http://www.un.org/documents/ga/res/48/a48r134.htm.

မှာ အခြေအမြစ်ရှိပါသည်[62]။ ဤကော်မရှင်သည် ထိရောက်သည့် အဆောက်အအုံတစ်ခုသာဆိုပါက မြန်မာနိုင်ငံရှိ HRD များ အပေါ် လူ့အခွင့်အရေးချိုးဖောက်မှု ကျူးလွန်သူများအတွက် အခြေခံကျသည့် အဟန့်အတားအဖြစ် ဆောင်ရွက်နိုင်ရမည်ဖြစ်ရာ လက်ရှိမြန်မာနိုင်ငံ တရားရေးမဏ္ဍိုင် ပြုပြင် ပြောင်းလဲရေးနှင့် တရားမျှတမှု အခြေအနေတို့နှင့် နှိုင်းယှဉ်ကြည့်ပါက စိတ်ပျက်ဖွယ် အနေအထား ဖြစ်နေသည်။

## *လက်ကျန်နိုင်ငံရေး အကျဉ်းသားစိစစ်ရေးကော်မတီ (CSRPP)*

သမ္မတဦးသိန်းစိန်က ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် CSRPP ဖွဲ့စည်းကြောင်း ပြောခဲ့သည်[63]။ ၎င်းက CSRPP ၏ အကူအညီဖြင့် ၂၀၁၃ ခုနှစ် နှစ်ကုန်ပိုင်းတွင် မြန်မာနိုင်ငံရှိ နိုင်ငံရေးအကျဉ်းသားအားလုံး လွှတ်ပေးမည်ဖြစ်ကြောင်း ဗြိတိသျှဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်အား ၂၀၁၃ ခုနှစ် ဇူလိုင် လ ၁၅ ရက်နေ့တွင် ကတိပေးခဲ့သည်[64]။ ၂၀၁၃ ခုနှစ် တလျှောက် နိုင်ငံရေးအကျဉ်းသားများကို လွှတ်ပေးခဲ့ရာ နောက်ဆုံးနှစ်ကြိမ်ဖြစ်သော ဒီဇင်ဘာလ ၁၁ ရက်နေ့တွင် ၄၁ ဦး[65] နှင့် ၃၁ ရက်နေ့တွင် ၁၆ ဦး[66] လွှတ်မြောက်လာခဲ့သည်။ အငြင်းပွားဖွယ် "နိုင်ငံရေး" ပြစ်မှုအမျိုးမျိုးကြောင့်[67] ထောင်ကျနေသူများ၊ တရားစွဲခံနေရသူများ သို့မဟုတ် အမှုရင်ဆိုင်နေရသူများကို ပြစ်ဒဏ်လျှော့ပေးခြင်းသာဖြစ်သည့် ဒီဇင်ဘာလ ၃၀ ရက်နေ့ သမ္မတ၏ လွတ်ငြိမ်းသက်သာခွင့် အမိန့်အမှတ် ၅၁/၂၀၁၃ ထုတ်ပြန်ပြီးနောက် မြန်မာနိုင်ငံရှိ နိုင်ငံရေးအကျဉ်းသားအားလုံးကို လွှတ်ပေးပြီး ဖြစ်သည်ဟု မြန်မာအစိုးရက ဆိုခဲ့သည်[68]။

နိုင်ငံတကာ အသိုင်းအဝိုင်းကမူ ယင်းလုပ်ရပ်များအား နိုင်ငံရေးလွတ်လပ်မှု အာမခံရန်၊ လူ့အခွင့်အရေးများ လေးစားရန်၊ HRD များ၏ အခန်းကဏ္ဍကို လေးစားရန်နှင့် မြန်မာနိုင်ငံတွင် တရားဥပဒေစိုးမိုးရေး ထူထောင်ရန် ကတိပြုခဲ့သည့် သမ္မတဦးသိန်းစိန်၏ သက်သေပြ လက်တွေ့လုပ်ဆောင်ချက်အဖြစ် ယူဆကြသည်။ သို့သော်လည်း အစကတည်းကပင် "နိုင်ငံရေးအကျဉ်းသား" အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ပတ်သက်၍ တပြေးညီ သဘောတူညီမှု သို့မဟုတ် သတ်မှတ်အတည်ပြုမှု မရှိခဲ့သဖြင့် ဤလုပ်ဆောင်ချက်သည် မြန်မာအစိုးအတွက် "နိုင်ငံရေးအကျဉ်းသား" မဟုတ်ဟု အကြောင်းပြကာ တက်ကြွလှုပ်ရှားသူ အများအပြားကို ဆက်လက်ချုပ်နှောင်ထားနိုင်ရန် ကြီးမားသော အခွင့်အလမ်း ရသွားစေခဲ့သည်။ ထို့အပြင် ကော်မတီတွင်းမှ အရပ်ဖက်အသိုင်းအဝိုင်း ကိုယ်စားလှယ်များနှင့် အစိုးရကိုယ်စားလှယ်များ အကြား စေ့စပ် ဆွေးနွေးမှုမှာလည်း ၂၀၁၄ ခုနှစ်တွင် သိသိသာသာ ပျက်ပြားသွားခဲ့သည်။ ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ကော်မတီကို အသစ်ပြန်လည်ဖွဲ့စည်းချိန်မှစ၍ CSRPP သည် စတင်ဖွဲ့စည်းချိန်က ချမှတ်ခဲ့သည့် ရည်မှန်းချက်များကို အကောင်အထည် ဖော်နိုင်ခြင်း မရှိတော့ပေ။ အစိုးရအနေဖြင့် CSRPP ၏ ရည်ရွယ်ချက်များအပေါ် အမှန်တကယ် တာဝန်ယူ လုပ်ဆောင်ရန် စိတ်ဆန္ဒကင်းမဲ့ပြီး နိုင်ငံတကာထောက်ခံမှုရယူရန်၊ နိုင်ငံရေးအမြတ်ထုတ်ရန် ရည်ရွယ်ချက်ဖြင့်သာ ဟန်ပြဖွဲ့စည်းခဲ့ခြင်း ဖြစ်သဖြင့် လုပ်ငန်းများ အကောင်အထည် မဖော်နိုင်ခဲ့ခြင်း ဖြစ်သည်။

အသစ်တစ်ဖန် ဖွဲ့စည်းလိုက်သည့် နိုင်ငံရေးအကျဉ်းသားများရေးရာကော်မတီ (PCAC) သည်လည်း ပထမဆုံး အစည်းအဝေးကိုပင် မကျင်းပရသေး သို့မဟုတ် အဖွဲ့အစည်း လုပ်ပိုင်ခွင့်ကိုပင် မသတ်မှတ်ရသေးသဖြင့် CSRPP ကို ပျက်စီးစေခဲ့သော ကိစ္စရပ်များက ယခုကော်မတီအသစ်ကိုလည်း အစကတည်းကပင် အနှောင့်အယှက် အဟန့်အတား ဖြစ်စေနိုင်မည်ကို တွေ့နေရသည်။ မြန်မာအစိုးရ၏ သဘောထား ပြောင်းလဲတိုးတက်မှု

62. For a recent and more detailed review of the MNHRC and its flaws, see: "Burma: All the President's Men" (the "MNHRC Report"), Burma Partnership and Equality Myanmar, September 2014, http://www.burmapartnership.org/wp-content/uploads/2014/09/All-the-Presidents-Men1.pdf, as well as: "NGOs Slam Performance of National Human Rights Commission", The Irrawaddy, 25 September 2014, http://www.irrawaddy.org/burma/ngos-slam-performance-national-human-rights-commission.html, for a brief analysis of the announcement of President Thein Sein's Office – on the same day as the launch of the MNHRC Report – that it had replaced several members of the Commission – without consultation with civil society.

63. *The Global New Light of Myanmar.* Committee to be Formed to Grant Liberty to Remaining Political Prisoners. 7 February 2013. (Online) available from http://www.networkmyanmar.org/images/stories/PDF13/NLM-070213.pdf.

64. *Democratic Voice of Burma.* Thein Sein pledges to free all political prisoners by end of year. 16 July 2013. (Online) available from http://www.dvb.no/news/politics-news/thein-sein-pledges-to-free-all-political-prisoners-by-end-of-year/29926.

65. *The Irrawaddy.* Burma Releases 41 More Political Prisoners. 11 December 2013. (Onlline) available from https://www.dvb.no/news/burmese-president-pardons-all-remaining-political-prisoners-burma-myanmar/35635.

66. *Democratic Voice of Burma.* Burmese president pardons all remaining political prisoners. 31 December 2013. (Online) available from https://www.dvb.no/news/burmese-president-pardons-all-remaining-political-prisoners-burma-myanmar/35635.

67. The Republic of the Union of Myanmar, President Office, 30 December 2013. *(Order No. 51/2013)* available from http://myanmarpresidentoffice.info/en/?q=briefing-room/news/2014/01/02/id-3129.

68. *The Irrawaddy.* Remaining Political Prisoners Committed Other Crimes: Govt. 3 November 2015. (Online) available from http://www.irrawaddy.org/burma/remaining-political-prisoners-committed-crimes-govt.html.

ရှိမလာလျှင်လည်းကောင်း၊ အနှစ်သာရရှိပြီး စနစ်ကျသည့် အပြောင်းအလဲအချို့ မလုပ်လျှင်သော်လည်းကောင်း PCAC သည် ရပ်တန့်နေမည်ဖြစ်ပြီး ရည်ရွယ်ချက်များ ပြီးမြောက်အောင်မြင်လိမ့်မည် မဟုတ်ပေ။ ထို့အပြင် လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များ လေးစားရေးကို အာမခံနိုင်ရန်မှာ အရပ်ဖက် အသိုင်းအဝိုင်း၏ ပါဝင်ပတ်သက်မှုမှာ အဓိကကျသည်။ ထိုနည်းတူစွာပင် မြန်မာအစိုးရ၏ပြောချက်အပေါ် စိတ်ပူဖွယ်ကောင်းလောက်အောင် ယုံကြည်သက်ဝင်နေသော နိုင်ငံတကာ အသိုင်း အဝိုင်းအနေနှင့် PCAC ကို ပိုမိုနီးနီးကပ်ကပ် စောင့်ကြည့်ရန် လိုအပ်သည်။ နိုင်ငံတကာအသိုင်းအဝိုင်း၏ အလားတူ လေ့လာစိစစ်မှုကင်းမဲ့ခြင်း၊ စိတ်ဝင်စားမှု ကင်းမဲ့ခြင်းမှာ CSRPP ကို ဖျက်သိမ်းပြီး အသစ်ပြန်လည် ဖွဲ့စည်းလိုက်စဉ် ကပင် ပေါ်လွင်ခဲ့သည်။ ထိရောက်ပြီး လွတ်လပ်သည့် PCAC မဖြစ်ခဲ့လျှင် မြန်မာနိုင်ငံရှိ HRD များ၏ လွတ်လပ်မှုအတွက် တိုက်ပွဲဝင်နိုင်ရန် သို့မဟုတ် နိုင်ငံတွင်း၌ ပိုမိုကျယ်ပြန့်သည့် ဒီမိုကရေစီနှင့် အရပ်ဖက်အသိုင်းအဝိုင်းအတွက် နေရာကို ကာကွယ်စောင့်ရှောက် ထိန်းသိမ်းထားနိုင်ရန် မည်သည့်ယန္တရားမှ ရှိမည် မဟုတ်ပေ။ လက်ရှိဖြစ်ပွားနေသည့် HRD များအား ဖမ်းဆီးမှု၊ ထိန်းသိမ်းမှု၊ တရားစွဲမှုနှင့် ထောင်ချမှုတို့က အထက်ပါ ကောက်ချက်ကို အတည်ပြုထောက်ခံနေသည်။

နိုင်ငံရေးအကျဉ်းသားများနှင့် ပတ်သက်သည့် မြန်မာအစိုးရ၏ မူဝါဒအပေါ် နောက်ထပ်ဝေဖန်ချက်တစ်ခုမှာ အစိုးရသည် အချို့ကို လွှတ်ပေးပြီး တစ်ဖက်တွင် အခြားလူများကို ဆက်ဖမ်းဆီးနေခြင်း ဖြစ်သည်။ ဤ “ဆုံလည်တံခါး” မူဝါဒက မြန်မာနိုင်ငံ၏ အကျဉ်းထောင်များ အလုပ်မရှိ ဖြစ်သွားမည့် အန္တရာယ် မကျစေရန် အာမခံပေးနေသည်။ ဆုံလည်တံခါး မူဝါဒမှာ အမှန်တကယ် တံခါးဖွင့်ခြင်း မဟုတ်ပေ။ အမှန်တကယ်လည်း ၂၀၁၃ ခုနှစ်ကုန် လွတ်ငြိမ်းချမ်းသာခွင့်များ နောက်ပိုင်းတွင် ကမ္ဘာကြီး၏ အကြည့်က နိုင်ငံရေးအကျဉ်းသားကိစ္စအပေါ် အာရုံသိပ်မစိုက်တော့သည့်အချိန်၊ ယခုနှစ်၏ အထူးခြားဆုံး ဖြစ်ရပ်ဖြစ်မည့် အထွေထွေ ရွေးကောက်ပွဲသို့ လအနည်းငယ်သာ လိုတော့သည့်အချိန်တွင် “ဆုံလည်တံခါး” မူဝါဒကို အစိုးရက အငြိုးတကြီးနှင့် ပြန်လည် အသက်သွင်းလာသည်။

၂၀၁၃ ခုနှစ် နှစ်ကုန်တွင် နိုင်ငံရေးအကျဉ်းသား တစ်ယောက်မှ မကျန်တော့ ဆိုသည့် သမ္မတဦးသိန်းစိန်၏စကား[69] ကလည်း အစိုးရနှင့် အရပ်ဖက်အသိုင်းအဝိုင်း သို့မဟုတ် ပြည်သူလူထုနှင့် ဆက်ဆံရေးများကို တိုးတက်အောင် မလုပ်နိုင်ခဲ့ပေ။ ထို့အပြင် ခိုင်လုံသည့်အထောက်အထားများက မြန်မာအစိုးရသည် နိုင်ငံရေးအကျဉ်းသား ကိစ္စများကို သော်လည်းကောင်း၊ အခြေခံလွတ်လပ်ခွင့်များ အထူးသဖြင့် နိုင်ငံသားနှင့် နိုင်ငံရေး အခွင့်အရေးများကို ပြည်သူများ ခံစားနိုင်ရန် သော်လည်းကောင်း လုပ်ဆောင်ရန် ခံယူထားသည်ဆိုသည့် အယူအဆကို ငြင်းပယ်လျက်ရှိသည်။ သမ္မတဦးသိန်းစိန် မှ နိုင်ငံရေးအကျဉ်းသား အားလုံး လွှတ်ပေးပြီးဖြစ်သည်ဟု ပြောကြားချိန်တွင်ပင် AAPP မှတ်တမ်းများအရ နိုင်ငံရေးအကျဉ်းသား ၃၀ ဦး ဆက်လက် အကျဉ်းကျနေဆဲဖြစ်ပြီး ၂၀၁၄ ခုနှစ် တလျှောက်လုံး အရေအတွက် မှန်မှန်ကြီး တိုးလာခဲ့သည်[70]။ ထိုမျှသာမက ၂၀၁၅ ခုနှစ် ဇွန်လ ၁၈ ရက်နေ့ စာရင်းအရ နိုင်ငံရေးအကျဉ်းသား အနည်းဆုံး ၁၆၄ ဦး အကျဉ်းထောင်များထဲတွင် ပြစ်ဒဏ် ကျခံနေရသည်[71]။ ထို့အပြင် ၂၀၁၅ ခုနှစ်အတွင်း၊ တရားဝင်မှုရှိသော နိုင်ငံရေးလှုပ်ရှားမှုနှင့် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေး လှုပ်ရှားမှုများ လုပ်ဆောင်မှုကြောင့် သို့မဟုတ် လူမှု-စီးပွား မတရားမှုများကို ဆန့်ကျင်ကန့်ကွက်မှုကြောင့် ၂၁၀ ဦး ဖမ်းဆီးထိန်းသိမ်းခံရပြီး ၆၄ ဦး ထောင်ချခံရသည်။ နောက်ထပ် ၄၃၈ ဦးမှာ စွဲချက်အမျိုးမျိုးဖြင့် အမှုရင်ဆိုင်နေရဆဲ ဖြစ်ကာ ထိုအထဲမှ ၁၂၁ ဦးမှာ အချုပ်အဖြစ် အကျဉ်းထောင်တွင်းမှ အမှုရင်ဆိုင်နေကြရသည်[72]။

69. The Irrawaddy 2015.
70. The Irrawaddy 2015.
71. Latest political prisoner numbers available at: http://aappb.org/political-prisoner-data/
72. Latest political prisoner numbers available at: http://aappb.org/political-prisoner-data/

# (၄) သုတေသနတွေ့ရှိချက်များနှင့် ဆန်းစစ်သုံးသပ်ချက်

ဤအပိုင်းတွင် လုပ်ဆောင်ခဲ့သည့် တွေ့ဆုံမေးမြန်းမှုများနှင့် FGD များမှ တွေ့ရှိချက်များကို ဆန်းစစ်သုံးသပ်ပြီး ကဏ္ဍအလိုက် စုစည်းတင်ပြထားသည်။ အပိုင်းခွဲတစ်ခုစီ၏ ရှေ့ပိုင်းတွင် မြန်မာနိုင်ငံရှိ HRD များ ရင်ဆိုင်နေရသည့် စိန်ခေါ်မှုအမျိုးမျိုး အန္တရာယ် အလားအလာအမျိုးမျိုး၏ သဘာဝအပေါ် မီးမောင်းထိုးတင်ပြထားပြီး လက်ရှိကြုံတွေ့နေရသော သို့မဟုတ် ကြုံတွေ့လာနိုင်သော မတရားချိုးဖောက်မှုများ၊ အန္တရာယ်များနှင့် ခြိမ်းခြောက်မှုများ၏ လမ်းကြောင်းပုံစံများကို ဖော်ထုတ်ကာ လက်ရှိ နှင့် ဖြစ်နိုင်ချေရှိသော ကာကွယ်စောင့်ရှောက်ရေး ယန္တရားများကိုလည်း သေချာစွာ တင်ပြထားသည်။ ထို့နောက် တွေ့ဆုံမေးမြန်းခွင့်ပေးသူများ၏ အတွေ့အကြုံများနှင့် အမြင်သဘောထားများကို အစီခံစာ အပိုင်း (၆) မှုဝါဒအကြံပြု တိုက်တွန်းချက်များတွင် တိုက်ရိုက်ထည့်သွင်း ဖော်ပြ၊ မြန်မာနိုင်ငံရှိ HRD များ၏ အခြေအနေကို တိုးတက်စေရန် ရည်ရွယ်သည်။ နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေ စံချိန်စံညွှန်းများတွင် ဖော်ပြထားသည့်အတိုင်း HRD များအနေဖြင့် ၎င်းတို့၏ တန်ဖိုးရှိပြီး တရားဝင်မှုရှိသော လူ့အခွင့်အရေးလုပ်ငန်းများကို ပိုမိုကောင်းမွန်စွာ လုပ်ဆောင်ခွင့်ရလိမ့်မည်ဟု မျှော်လင့်ရသည်။

## ၄. ၁ တရားစီရင်ရေးပိုင်းနှင့် ဥပဒေပိုင်း နှောင့်ယှက်မှု

HRD များကို ပစ်မှတ်ထား ဖမ်းဆီး ချုပ်နှောင် ထောင်ချပြီး အသံတိတ်သွားစေရန် ယေဘုယျအားဖြင့် အသုံးပြုသည့် ဥပဒေများကို အထက်ပါ အပိုင်း (၃. ၄) တွင် ပိုမိုအသေးစိတ်ကျစွာ ဆွေးနွေးခဲ့ပြီး ဖြစ်သည်။ အစိုးရသည် နှိပ်ကွပ်သည့် ဥပဒေများကို ဖိနှိပ်ရေးနှင့် ချုပ်ကိုင်ရေး လက်နက်ကိရိယာများအဖြစ် အသုံးပြုနေပြီး လွတ်လပ်စွာထုတ်ဖော် ပြောဆိုခွင့်၊ သင်းပင်းဖွဲ့စည်းခွင့် သို့မဟုတ် ငြိမ်းချမ်းစွာစုဝေးခွင့် ဟူသော အခြေခံလွတ်လပ်ခွင့်များနှင့် စပ်လျဉ်း၍နိုင်ငံတကာ စံချိန် စံနှုန်းများကို ထင်ဟပ်ရန် ပျက်ကွက်နေသည်။ မည်သည့် လူ့အခွင့်အရေး အကျိုးပြု ဥပဒေမဆို ထိုဥပဒေအား အကောင်အထည်ဖော် ကျင့်သုံးခြင်း၊ လိုက်နာစေရန် ကြပ်မတ်ခြင်းတို့နှင့် ပတ်သက်သည့် အခက်အခဲများအား ကြုံတွေ့ ခံစားရနိုင်ခြေ ရှိပါသည်။

တွေ့ဆုံမေးမြန်းခွင့်ရခဲ့သည့် HRD အများအပြား အဆိုအရ မြန်မာနိုင်ငံရှိ HRD များအတွက် ဘေးရန်ကင်းသည့် ပတ်ဝန်းကျင်ကို အာမခံနိုင်ရန် အဓိကသော့ချက်မှာ တရားစီရင်ရေးနှင့် ဥပဒေပြုရေးစနစ်များ၏ တည်ဆောက်ပုံနှင့် လည်ပတ်ပုံတို့ကို လုံးဝပြင်ဆင် ပြောင်းလဲပစ်ရန် ဖြစ်သည်။ တရားစီရင်ရေးပိုင်းနှင့် MNHRC တို့ကို ပြုပြင်ပြောင်းလဲခြင်း၊ HRD များကို ဖမ်းဆီးရန် အသုံးပြုနေသည့် ဥပဒေများအားပယ်ဖျက်ခြင်း၊ HRD များ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန် ရည်ရွယ်သည့် ဥပဒေများကို ပြဋ္ဌာန်းခြင်းနှင့် စောင့်ထိန်းကြပ်မတ်ခြင်း တို့အားလုံးသည် တွေ့ဆုံမေးမြန်းခွင့်ပေးခဲ့သည့် HRD များမှ အထူးလိုလားသည့် အဓိကအပြောင်းအလဲများ ဖြစ်ကာ မြန်မာနိုင်ငံတွင် စစ်မှန်သည့် ဒီမိုကရေစီ အပြောင်းအလဲ ဖြစ်စေရေးအတွက်လည်း သော့ချက်ဖြစ်သည်။ HRD တစ်ဦးမှ ယခုလို မှတ်ချက်ချသည် -

> “ *အခြေအနေတွေကတော့ လွှတ်တော်နဲ့ [MNHRC] ကို အားကိုးဖို့ လက်တွေ့မှာ မဖြစ်နိုင်ဘူး။ လူ့အခွင့်အရေးကို နိုင်ငံတကာ စံနှုန်းတွေနဲ့ကိုက်ညီတဲ့ ဥပဒေတွေနဲ့ စောင့်ရှောက်ကာကွယ်ဖို့ လိုတယ်။ အခုတော့ အဲလိုမဟုတ်ဘဲ ဒီနိုင်ငံမှာ သတင်းထောက်တွေ အရိုက်ခံနေရတယ်။ ဒါကြောင့် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေး ဥပဒေထဲမှာ အသေအချာ ထည့်သွင်းကာကွယ်ထားပေးဖို့ လိုတယ်။ အခုအချိန်မှာတော့ မဖြစ်နိုင်သလောက်ပါဘဲ။ ဘာလို့လဲဆိုတော့ အမတ်တွေ အများကြီးကိုယ်တိုင်က လူ့အခွင့်အရေး ချိုးဖောက်ထားတယ်။ သူတို့အပြစ်ပေးခံရမှာကို ကြောက်နေတယ်။* ”

တွေ့ဆုံမေးမြန်းခွင့် ပေးခဲ့သည့် HRD အများစုက ငြိမ်း၊စု၊စီ ဥပဒေသည် ၎င်းတို့၏ အခြေခံအခွင့်အရေးများကို ဖိနှိပ်လွန်းသည်ဟု ယူဆကြပြီး ယင်းကဲ့သို့သော ဥပဒေမျိုးမှာ ပြည်သူလူထုကို ချုပ်ကိုင်ရန်နှင့် ငြိမ်ဝပ်စေရန် အသုံးပြုသော အစိုးရ၏ လက်နက်ကိရိယာ တစ်ခုအဖြစ် ရှုမြင်ကြသည်။ မြေယာအခွင့်အရေးများနှင့် ပတ်သက်ပြီး လုပ်ဆောင်နေသည့် ထားဝယ် လူမျိုး HRD တစ်ဦးက ဆန္ဒပြခွင့် လျှောက်လွှာတင်သည့်ဖြစ်စဉ်ကို ယခုလို ပြောပြသည် -

*“လယ်သမား၊ အလုပ်သမားနဲ့ ကျောင်းသားတွေဟာ ကိုယ့်ဟာကိုယ် အဖွဲ့အစည်းဖွဲ့ခွင့် ရှိတယ်။ ဒါပေမဲ့ အစိုးရချုပ်ကိုင်မှုအောက်မှာပဲ ရှိရမယ်။ အဲဒါက ကျနော်တို့ လိုချင်တဲ့ဟာ မဟုတ်ဘူး။ ကျနော်တို့ ဆန္ဒပြလို့ရတယ် ဆိုပေမဲ့ ခွင့်ပြုချက်ရဖို့ လိုနေသေးတယ်။ ဒါကြောင့် ဥပဒေမှာ အပြောင်းအလဲတွေ ရှိပေမယ့် အစိုးရကပဲ အကြွင်းမဲ့ ချုပ်ကိုင်နေတုန်း ဖြစ်တယ်။”*

HRD အများစုက ထောင်မကြောက်ကြောင်း ပြောကြသော်လည်း ထောင်ကျခြင်းကို အကြောင်းမလှသည့်ဖြစ်ရပ်ဟု အသိအမှတ်ပြုကြသည်။ ၄င်းတို့၏ မိတ်ဆွေများ လုပ်ဖော်ကိုင်ဖက်များမှာ ငြိမ်း၊စု၊စီ ဥပဒေ ပုဒ်မ ၁၈၊ ရာဇသတ်ကြီးဥပဒေ ပုဒ်မ ၅၀၅ (ခ) တို့ဖြင့် ထိန်းသိမ်းခံရသည်ကို HRD အများအပြား သိရှိကြသည်။ ထောင်ကျခဲ့ဖူးသော HRD အများစုက နောက်တစ်ကြိမ် ထောင်ကျမည်ကို မည်သို့မည်ပုံ ပြင်ဆင်ထားကြောင်း အလေးပေးပြောဆိုကြသည်။ ဤသည်မှာ ၄င်းတို့အပေါ် ဖမ်းဆီးခြိမ်းခြောက်မှု ကြုံနေရသည့် အတိုင်းအတာကို ထင်ဟပ်နေသလို ယင်းသို့ ဖြစ်နိုင်ချေ အလားအလာ မည်မျှရှိ၍ မည်မျှနီးကပ်သည်ကိုလည်း ဖော်ပြနေသည်။ ယင်းကဲ့သို့သော တရားစီရင်ရေးပိုင်းနှင့် ဥပဒေပိုင်း နှောင့်ယှက်မှုမှန်သမျှသည် HRD များအတွက် UDHR အပိုဒ် ၉ အရ ဥပဒေမဲ့ ဖမ်းဆီးချုပ်နှောင်ခြင်း မရှိစေရဆိုသည်ကို တိုက်ရိုက်ချိုးဖောက်နေခြင်း ဖြစ်သည်။

မြေယာအခွင့်အရေးလုပ်ဆောင်သော HRD များသည် တရားစီရင်ရေးပိုင်းနှင့် ဥပဒေပိုင်းနှောင့်ယှက်မှုကို ပို၍ပင် ကြီးကြီးမားမားခံရသည်။ ယေဘုယျအားဖြင့် မြေယာသိမ်းဆည်းမှုများနှင့် အတင်းအဓမ္မနှင်ထုတ်မှု အများစု၌ နယ်မြေတိုးချဲ့ရေး အကြောင်းပြချက်ပေးသည့် မြန်မာစစ်တပ်၏ ထင်ရှားသော အခန်းကဏ္ဍကို ၄င်း HRD တို့က လက်ညှိုးထိုးပြကြသည်။ သို့ရာတွင် HRD များကို အစုလိုက်အပြုံလိုက် ဖမ်းဆီးခြင်း၊ ဥပဒေမဲ့ သတ်ဖြတ်ခြင်းနှင့် အခြားအကြမ်းဖက်မှုများ အပါအဝင် အဆိုးဝါးဆုံး လူ့အခွင့်အရေး ချိုးဖောက်မှုများကို မြေယာသိမ်းဆည်းမှုနှင့် အဓမ္မနှင်ထုတ်မှု ဆန့်ကျင်ရေး ကန့်ကွက်ဆန္ဒပြမှု များအား နှိမ်နင်းရာတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ကုမ္ပဏီကြီးများကိုယ်စား မြန်မာစစ်တပ်၊ ရဲနှင့် လုံခြုံရေးတပ်ဖွဲ့များက ကျူးလွန်ကြသည်။

သတင်းမီဒီယာသမားများကလည်း ၄င်းတို့နှင့် ပြုလုပ်သည့် FGD ၌ MPC အပါအဝင် အာဏာပိုင်မျိုးစုံတို့၏ ဥပဒေမဲ့ဖမ်းဆီးမှု ခြိမ်းခြောက်ခြင်း စဉ်ဆက်မပြတ်ခံနေရပုံကို ထောက်ပြကြသည် -

*“ကျမတို့ကို MPC ကခြိမ်းခြောက်တယ်လေ။ တိုင်းရင်းသား ခေါင်းဆောင်တွေနဲ့ ကျမတို့ စကားပြောနေတာကို ဓာတ်ပုံတွေရိုက်ထားပြီး ၁၇ (၁) နဲ့ ကျမတို့ အဖမ်းခံရနိုင်တယ်လို့ ‘နောက်’ ကြတယ်။ ဒါပေမဲ့ အဲဒါ နောက်တာမဟုတ်ဘူး ဆိုတာ ကျမတို့သိတယ်။ ကျမတို့ MPC နဲ့ စ,အလုပ်လုပ်ပြီး သူတို့ဆီက သတင်း အချက်အလက်ယူတော့ ကျမတို့ကို တရားခံ ဓာတ်ပုံရိုက်သလို ရိုက်တယ်၊ ဒီတော့ ကျမတို့နဲ့ သူတို့စကားများကြတယ်။”*

တရားစီရင်ရေးပိုင်း၏ အနှောင့်အယှက်ပေးမှုအား ဥပဒေကြောင်းအရ ကာကွယ်နိုင်မှု လုံးဝမရှိခြင်းသည် အမှန်တကယ် ရှိနေသည့် ပြဿနာဖြစ်ကြောင်း သတင်းစာဆရာတစ်ဦးက ထောက်ပြသည်မှာ -

*“ဥပဒေအရတော့ တစ်ခုခုဖြစ်ရင် ကျနော်တို့မှာ ကိုယ်စား ပြုခံပိုင်ခွင့်ရှိတယ်။ ယူနတီ [အပတ်စဉ်ဂျာနယ်] သို့မဟုတ် ဘိုင် [မွန်းတည့်နေဂျာနယ်] အမှုတွေကလို သတင်းထောက်တချို့ကတော့ ဥပဒေအရ ကိုယ်စားပြုခံပိုင်ခွင့်ရတယ်ဆိုပေမဲ့ အဲသလောက်ပဲ။ ရှေ့နေငှားလို့ရတာကလွဲပြီး တခြားဘာမှလုပ်လို့ မရဘူး။ အာဏာပိုင်တွေက လုပ်ချင်သလိုလုပ်တာပဲ။ အခြေအနေက အဲသလိုဗျ၊ ဒါကတော့ ကျနော်တို့မှာရှိတဲ့ ဥပဒေအရ ကာကွယ်စောင့်ရှောက်မှု အတိုင်းအတာပေါ့။”*

တရားစီရင်ရေးပိုင်းနှင့် ဥပဒေပိုင်းနှောင့်ယှက်မှုများအား ဆန့်ကျင်နိုင်ရန် ပုဂ္ဂိုလ်ရေးလုံခြုံမှု အစီအမံများကျင့်သုံးခြင်းအပြင် မိမိတို့၏ အလွတ်သဘော ကွန်ရက်များနှင့် လူမှုမီဒီယာတို့ကို အကောင်းဆုံး အကာအကွယ်အဖြစ် HRD အများအပြားက ယူဆကြသည်။ အဘယ့်ကြောင့်ဆိုသော် ယင်းတို့မှတဆင့် မည်သည့် ဖမ်းဆီးမှုမျိုးကိုမဆို ဖွင့်ချနိုင်သည့် အလားအလာရှိ၍ နိုင်ငံတကာအသိုင်းအဝိုင်း၏ အာရုံစိုက်မှုကို ဆွဲဆောင်နိုင်ပြီး ဖမ်းဆီးထိန်းသိမ်း သို့မဟုတ် အကျဉ်းချခံရသူများအတွက် လွတ်မြောက်ရေးလှုပ်ရှားမှုကို အားပေးနိုင်သော ကြောင့် ဖြစ်သည်။ HRD တစ်ဦးက ယခုလိုပြန်ပြောင်းပြောပြသည် -

*“ကျနော်က ကိုယ့်အလုပ်ကို တရားဝင်လုပ်နေ၊ ပွင့်ပွင့်လင်းလင်း လုပ်နေပေမယ့်လည်း အစိုးရက တစ်မျိုးမျိုးအမှု ဆင်ပြီး ဖမ်းနိုင်တယ်။ ကျနော် တစ်ခုခုဖြစ်ရင် ကျနော့်ဒေသခံ သူငယ်ချင်းတွေနဲ့ ကွန်ရက်တွေက သိကြမယ်။ အဲဒီတော့ သူတို့က အများသိမြင် အောင်*

*ဖြန့်ပေးလိမ့်မယ်။ ဒါက သတင်းပြန့်အောင်လုပ်ဖို့ အကောင်းဆုံးနည်းပဲ။ ကွန်ရက်တွေကတဆင့် သတင်းတွေဖလှယ်ပြီး တစ်ယောက်ကိုတစ်ယောက် ကာကွယ်စောင့်ရှောက်ပေးဖို့ အကောင်းဆုံးနည်းလို့ ကျနော် ထင်တယ်။”*

အရပ်ဖက်လူထုအချင်းချင်းကြား မယုံကြည်မှုနှင့် လုံခြုံမှုမရှိခြင်းတို့ကို ကျော်လွှားနိုင်ရန် အရပ်ဖက်လူထုဖိုရမ်များ၊ ပူးပေါင်းပါဝင်၍ ဆက်ဆံရေးများ တည်ဆောက်ခြင်းမှာ အကောင်းဆုံး နည်းလမ်း ဖြစ်သည်ဟု တွေ့ဆုံမေးမြန်းခဲ့သူအများစုမှ ဖော်ပြကြသည်။ ထို့အပြင် သတင်းအချက်အလက်ဖလှယ်ခြင်းနှင့် အထောက်အကူပြု ကွန်ရက်များ ရှိခြင်းသည် ပြည်သူများကို ကာကွယ်စောင့်ရှောက်ရာတွင်၊ အထူးသဖြင့် ဥပဒေမဲ့ ဖမ်းဆီးခြင်းများ၊ ဥပဒေနှင့်မညီသော ထိန်းသိမ်းခြင်းများနှင့် စပ်လျဉ်း၊ တုန့်ပြန်ရာတွင် အသုံးဝင်သည့် နည်းလမ်းများ ဖြစ်နိုင်သည်။

## ၄.၂ ဥပဒေအထောက်အကူနှင့် တရားမျှတမှု လက်လှမ်းမှီရေး

ဥပဒေအထောက်အကူသည် အထူးလေးနက်သည့် ကိစ္စရပ်ဖြစ်ပြီး ယင်းကိုငြင်းပယ်ခြင်းမှန်သမျှမှာ HRD (သို့မဟုတ် မည်သူမဆို) UDHR အပိုဒ် ၈ ပါ “*ဖွဲ့စည်းပုံအခြေခံဥပဒေ သို့မဟုတ် ဥပဒေမှ ပေးအပ်ထားသည့် အခြေခံအခွင့်အရေးများကို ချိုးဖောက်သည့် လုပ်ရပ်များအား အရည်အချင်းပြည့် နိုင်ငံတော်အဆင့်ခုံရုံးဖြင့် ထိရောက်စွာ ကုစားမှု*” ခံယူနိုင်သည့် အခြေခံအခွင့်အရေးကို ချိုးဖောက်ခြင်းပင် ဖြစ်သည်။ ဥပဒေအထောက်အကူမရှိလျှင် HRD များအနေနှင့် မိမိတို့အခွင့် အရေးများကို ရယူရာတွင် အရေးပါသည့် ခြေလှမ်းများ လှမ်းနိုင်ရန် ခက်ခဲသည်။ ရှမ်းပြည်နယ်တွင် လှုပ်ရှားနေသည့် HRD တစ်ဦးက ပြောသည်မှာ -

*“ဥပဒေအထောက်အကူ ရှိသင့်တယ်ဗျ။ ဘာလို့လဲဆိုတော့ [မြေယာအခွင့်အရေးကာကွယ်စောင့်ရှောက်သူ] အများစုက ဥပဒေကိစ္စ ဘာမှမသိကြဘူး။ တစ်ယောက်ယောက်က ကျနော်တို့ကို အခွင့်အရေးအကြောင်း၊ ဥပဒေကိစ္စတွေနဲ့ စည်းမျဉ်း တွေအကြောင်း သင်ပေးသင့်တယ်။ တကယ်လို့ ကာကွယ်စောင့်ရှောက်ရေးနဲ့ ပတ်သက်တဲ့ သင်တန်းတွေ တက်ရရင် ကျနော်တို့အတွက် ပိုကောင်းတယ်။ ကျနော်တို့ အသက်အန္တရာယ်တော့ မရှိပါဘူး။ ဒါပေမဲ့ ဥပဒေကိစ္စတွေကို ကိုင်တွယ် နိုင်ဖို့တော့ လိုနေတယ်။”*

သို့သော်လည်း ဤဥပဒေပိုင်း အထောက်အကူကို ဆောင်ကျဉ်းပေးနိုင်ရန်မှာ သိပ်မလွယ်လှပေ။ အထူးသဖြင့် HRD အမှုများကို ကိုင်တွယ်နေသည့် ရှေ့နေများမှာလည်း HRD များနှင့် အလားတူ မြန်မာအစိုးရနှင့် အာဏာပိုင်များ၏ နှိပ်ကွပ်မှုကို ရင်ဆိုင်နေကြရသည်။ ၎င်းတို့ ကာကွယ်လျှောက်လဲပေးနေသည့် HRD များ၊ ဥပဒေနှင့် အရေးယူရန် ခြိမ်းခြောက်မှု ခံနေရသည့် HRD များမှာ မြေယာအခွင့်အရေးကာကွယ်စောင့်ရှောက်သူများ၊ LGBTIQ နှင့် အမျိုးသမီး HRD များ၊ ကျောင်းသား၊ သမဂ္ဂခေါင်းဆောင်နှင့် သတင်းထောက်များ စသဖြင့် ပါဝင်သည်။ တစ်နည်းအားဖြင့်ဆိုသော် ယင်းရှေ့နေများသည်လည်း HRD များပင် ဖြစ်သည်။ အကြောင်းမှာ ၎င်းတို့သည် အခြား HRD များအတွက် UDHR အပိုဒ် ၁၀ နှင့် ICCPR အပိုဒ် ၁၄ ပါ လွတ်လပ်ပြီး ဘက်မလိုက်သည့် ခုံရုံးဖြင့် တရားမျှတစွာ လူသိရှင်ကြား ကြားနာလျှောက်လဲခွင့်ရအောင် ကြိုးစားပေးခြင်းအားဖြင့် အခြားလူ့အခွင့်အရေးဆိုင်ရာများကို သွယ်ဝိုက်၍ ကာကွယ်ပေးနေသောကြောင့် ဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံအနှံ့ရှိ HRD များနှင့်အတူ ကိစ္စရပ်အမျိုးမျိုးအပေါ် လှုပ်ရှားဆောင်ရွက်နေသည့် ရှေ့နေအချို့ကိုလည်း သုတေသနလုပ်ငန်း၏ အစိတ်အပိုင်းအဖြစ် တွေ့ဆုံမေးမြန်းခဲ့သည်။

ကချင်ပြည်နယ်တွင် လုပ်ဆောင်နေသော ရှေ့နေတစ်ဦးက ၎င်းတွင် နိုင်ငံရေးအရ ကာကွယ်စောင့်ရှောက်မှုရှိသော်လည်း ၎င်းလို နိုင်ငံရေးအဆက်အသွယ် မရှိသူရှေ့နေများအနေဖြင့် HRD များကို ကိုယ်စားပြုရန် ကြိုးစားရာတွင် ဥပဒေပိုင်း သို့မဟုတ် တရားစီရင်ရေးပိုင်း ကာကွယ်စောင့်ရှောက်မှု လုံးဝမရှိ သို့မဟုတ် အနည်းငယ်မျှသာ ရှိသဖြင့် အန္တရာယ် ဖြစ်နိုင်ချေ အလားအလာ ပိုမိုကြီးသည်ဟု ဆိုသည် -

*“ကျနော့်အမြင်မှာတော့ ရာဇဝတ်မှုတွေမှာတောင် ဥပဒေက ဘာကာကွယ်စောင့်ရှောက်မှုမှ မပေးနိုင်ဘူး။ နိုင်ငံရေးအမှုဆို ဝေးရော။ တရားသူကြီးတွေဟာ နိုင်ငံရေးအမှုတွေမှာ ပုံမှန်ဥပဒေကြောင်း အတိုင်းလိုက်တယ် ဒါမှမဟုတ် တရားမျှတတဲ့ စစ်ဆေးကြားနာခွင့်တွေ ကျင့်သုံးတယ်ဆိုတာကို ကျနော့်အနေနဲ့ တကယ်သံသယရှိတယ်။ ကာကွယ်စောင့်ရှောက်မှု ရှိရင်လဲ ဥပဒေပိုင်း မဟုတ်ဘဲ နိုင်ငံရေးပဲရှိမယ်။ ကျနော် နိုင်ငံရေး နောက်ခံ*

*ရှိတဲ့ ရှေ့နေဖြစ်တာကို သူတို့သိကြတယ်။ နောက်ပြီး ကျနော့်မှာ လူငယ်ရပ်ရွာအလုပ် အတွေ့အကြုံလည်း ရှိတယ်။ ဒ့ါအပြင် ကျနော့်မှာ နိုင်ငံရေးအဆက်အသွယ် တွေ၊ CSO အဆက်အသွယ်တွေလည်းရှိတော့ သူတို့ သတိထားတယ်။”*

တရားမျှတသည့် ကြားနာလျှောက်လဲခွင့်အပေါ် လေးစားလိုက်နာမှု မရှိသည့်အခြေအနေအောက်တွင် အမှုလိုက်ရခြင်းက ရှေ့နေများအပေါ် ကြီးမားသည့် စိတ်ပိုင်းဆိုင်ရာနှင့် ဘဏ္ဍာရေးဆိုင်ရာ ဖိစီးမှုဖြစ်စေရာ လူ့အခွင့်အရေးအမှု ကာကွယ် လျှောက်လဲပေးရသည့် စားရိတ်မှာ သက်ဆိုင်ရာ HRD များ မတတ်နိုင်လောက်အောင်ပင် ကြီးမြင့်သွားလေ့ရှိသည်။ အထူးသဖြင့် HRD ၏ နေရပ်နှင့် ဝေးကွာလှသည့် တရားရုံးများတွင်လည်းကောင်း၊ ကာလရှည်ကြာပြီး စားရိတ်ကြီးလေးသည့် တရားရုံးထုတ်မှုများတွင်လည်းကောင်း တွေ့ရလေ့ရှိသည်။ ထို့ကြောင့် စားရိတ်စားခများမှာ ရှေ့နေများနှင့် ၄င်းတို့ ကွန်ရက်များအပေါ် အဓိကကျရောက်သွားတတ်သည်ကို HRD ရှေ့နေတစ်ဦးက ပြောပြသည် -

*“တစ်ခါတစ်လေ ကျနော် HRD တွေအတွက် ဥပဒေ အကူအညီ အခမဲ့ လုပ်ပေးတယ်။ ဘာလို့လဲဆို တော့ သူတို့ဟာ ငွေရေးကြေးရေး အခက်အခဲကြောင့် အချိန်အကြာကြီးဆွဲပြီး တရားရုံးထုတ်တာကို ရင်မဆိုင်နိုင်ကြဘူး။ သူတို့နေရပ်နဲ့ ဝေးတဲ့ တရားရုံးကို မသွားနိုင်ကြဘူး ဒါမှမဟုတ်ရင်လဲ အခြေအနေကို မကျော်လွှားနိုင်ကြဘူး။ အထူးသဖြင့် အမှုများများ ဆိုင်ရတဲ့အခါ ရပ်တည်ဖို့ ဝင်ငွေမရှာနိုင်တော့ဘူး။ အဲ့လိုအခြေအနေမျိုးမှာ ကျနော် သူတို့အတွက် တကယ့်ကို စိတ်မကောင်းဖြစ်ရတယ်။ အခြေအနေကို မချိတင်ကဲဖြစ်ရတယ်။”*

ပကတိအခြေအနေမှာ အလွန်တရာအကျင့်ပျက်ခြစားပြီး တရားမျှတမှု မရှိသည့် တရားစီရင်ရေးစနစ်အတွင်း၊ ရှေ့နေများ အလုပ် လုပ်နေရခြင်းဖြစ်သည်။ တွေ့ဆုံမေးမြန်းခဲ့သည့် ရှေ့နေအားလုံးနီးပါးက တရားစီရင်ရေးစနစ်အပေါ် အယုံအကြည် မရှိကြပေ။ ရှေ့နေများကို နှောင့်ယှက်မှု၊ လိုင်စင်သိမ်းမှု၊ ထောင်ချမှုကဲ့သို့ မတရားမှုများနှင့် ပြင်းထန်သည့် စိန်ခေါ်မှုများ အားလုံးမှာ ဤအကျင့်ပျက်ခြစားပြီး နိုင်ငံရေးအရ အပိုးကျိုးနေသည့် စနစ်ကြီးမှ ထွက်ပေါ်လာခြင်း ဖြစ်သည်။ အကယ်၍ ရှေ့နေများ လွတ်လပ်စွာ လုပ်ကိုင်ဆောင်ရွက်လာနိုင်ပြီး အခြေခံလူ့အခွင့်အရေးများကို ကာကွယ်လာနိုင်ပြီဆိုပါက ယင်းအခြေအနေ မှာ တရားစီရင်ရေးစနစ် တစ်ခုလုံးကို ကျယ်ကျယ်ပြန့်ပြန့် ပြင်ဆင်မွမ်းမံလိုက်ခြင်းကြောင့်သာ ဖြစ်လိမ့်မည်။ လူသိများသည့် HRD အမှု အတော်များများကို ကာကွယ်လျှောက်လဲပေးခဲ့သည့် ဝါရင့်ရှေ့နေတစ်ဦးက လက်ရှိတရားစီရင်ရေးစနစ်အပေါ် အောက်ပါအတိုင်း သဘောထားပေးသည် -

> *အမှုတွေရဲ့ ၀.၀၁ ရာခိုင်နှုန်းပဲ လွတ်လပ်တယ်။ တရားရေးစနစ်တစ်ခုလုံးက အစိုးရရဲ့ထိန်းချုပ်မှုအောက်မှာ ရှိနေတယ်။ မကြာသေးခင် လက်ပံတန်းတရားရုံးဖြစ်ရပ်တွေက တရားဥပဒေစိုးမိုးမှု မရှိဘူးဆိုတာ ပြနေတယ်။ ကျောင်းသားတွေကို ဆင့်ခေါ်တာ တရားဝင်အလုပ်ချိန်အတွင်း မခေါ်ဘဲ ညကျမှ ဆင့်ခေါ်တယ်။ တရားရေးစနစ် ဘယ်လောက်ပျက်စီး နေတယ်ဆိုတာ ရှင်းနေတယ်။ လူတွေက စနစ်ကို မကြိုက်ရုံတင်မကတော့ဘူး။ တအားကို မုန်းနေကြတယ်။ ပြည်သူလူထု တွေဟာ ဥပဒေရဲ့ အကာအကွယ် အစောင့်အရှောက် ဘာမှမရဘူး။ တရားရုံးမှာလည်း တရားသူကြီးတွေက သူတို့ကို ဂရုမစိုက်ဘူး။*

တွေ့ဆုံမေးမြန်းခွင့်ပေးသူများက ၄င်းတို့ လူ့အခွင့်အရေး အလုပ်အတွက် အထင်ရှားဆုံးသော အဟန့်အတားမှာ လွတ်လပ်သည့် တရားစီရင်ရေး မရှိခြင်း၊ တရားဥပဒေစိုးမိုးမှု မရှိခြင်း၊ အာဏာပိုင်များ လုံးဝပြစ်ဒဏ်ကင်းလွတ်စွာဖြင့် ၄င်းတို့ဆန္ဒရှိသလို မည်သူ့ကိုမဆို လွတ်လွတ်လပ်လပ် နှောင့်ယှက်၊ ဖမ်းဆီး၊ ထောင်ချနိုင်ခြင်း ပင်ဖြစ်သည်ဟု ပြောကြသည်။ တိုင်းပြည်သည် လွတ်လပ်ပွင့်လင်းပြီး ဒီမိုကရေစီကျသည့် လူ့ဘောင်အဖြစ်သို့ မှန်မှန်ရွေ့လျားနေသည်ဟု အစိုးရက ဆိုနေသော်လည်း HRD များ အလုပ်လုပ်နိုင်ရန် အန္တရာယ်ကင်းသည့် ပတ်ဝန်းကျင်ဖြစ်မနေသေးပေ။ နိုင်ငံ၏ လက်ရှိအခြေအနေအပေါ် မည်ကဲ့သို့ခံစားမိသည်ကို မေးသည့်အခါ တွေ့ဆုံမေးမြန်းခဲ့သူအများစုက ၂၀၁၁ ခုနှစ် နောက်ပိုင်းတွင် အစိုးရမှ အပြောင်းအလဲအချို့လုပ်ခဲ့သော်လည်း အများအားဖြင့် လှည့်ဖျားခြင်းသာဖြစ်ပြီး ပကတိအခြေအနေမှာမူ HRD များအနေဖြင့် အလွန်အန္တရာယ်ကြီးသော အခြေအနေများ၊ အလုပ်လုပ်နေရဆဲဖြစ်သည်ဟု ယူဆကြသည်။

ကာကွယ်စောင့်ရှောက်ရေးယန္တရားများနှင့် အန္တရာယ်ကင်းရေး ကြိုတင်သတိပေးချက်များသည် HRD များကို ၄င်းတို့အလုပ်

လုပ်ဆောင်နေစဉ်ကာလတွင် တတ်နိုင်သမျှ လုံခြုံမှုပေးနိုင်ရန် ဖြစ်သည်။ ဤလုပ်ငန်းများကို လက်တွေ့အကောင်အထည်ဖော်ရန် လိုအပ်နေရသည့် အကြောင်းရင်းမှာ မြန်မာနိုင်ငံ၌ တရားဥပဒေစိုးမိုးမှု လုံးဝကင်းမဲ့နေပြီး HRD များအတွက် ဥပဒေပိုင်းကာကွယ်စောင့်ရှောက်မှုဟူသမျှ လုံးဝမပေးနိုင်သည်မှာ သေချာနေသည့်အတွက် ဖြစ်သည်။ တွေ့ဆုံမေးမြန်းခဲ့သူ ၇၅ ဦးအနက် ၉၈% က တရားစီရင်ရေးစနစ်အပေါ် အယုံအကြည် မရှိကြောင်း သို့မဟုတ် အနည်းငယ်သာရှိကြောင်း ပြောခဲ့ကြပြီး ယုံကြည်သည်ဟု ဖြေခဲ့သည့် တစ်ဦးတည်းသော တွေ့ဆုံမေးမြန်းခဲ့သူမှာ အာဏာပိုင်များ၏ ဖမ်းဆီးမှုကို ထပ်ခါတလဲလဲ ရှောင်ရှားနိုင်ခဲ့ပြီး တွေ့ဆုံမေးမြန်းနေသည့်အချိန်မှာပင် လုံခြုံရေးတပ်ဖွဲ့များ၏ အန္တရာယ်မှ တိမ်းရှောင်နေရသူ ဖြစ်သည်။

အာဏာရှိသူများက HRD များအပေါ် အထူးသဖြင့် မြေယာအခွင့်အရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး လုပ်ဆောင်နေသည့် HRD များနှင့် ကျေးလက်ဒေသများတွင် လူ့အခွင့်အရေး ချိုးဖောက်မှုမျိုးစုံ ကျူးလွန်နေမှုသည် မြန်မာနိုင်ငံရှိ HRD များ ရရှိနေသည့် ကာကွယ်စောင့်ရှောက်မှု အတိုင်းအတာကို ရှင်းလင်းစွာ ဖော်ပြနေသည်။ ယေဘုယျအားဖြင့် HRD များမှာ တရားမျှတမှုရရှိရန် အားကိုးရာမရှိသည့်အပြင် ဒေသခံအာဏာပိုင်များက အားပေးအားမြောက်ပြုနေသည့် ဘက်လိုက်မှုများကြောင့် (အသေးစိတ်ကို အောက်တွင်ကြည့်ပါ) မိမိတို့ရပ်ရွာလူထုများ၏ စဉ်ဆက်မပြတ် ထောက်ခံအားပေးမှု ရရှိရန် မတတ်နိုင်ကြပေ။ တရားဥပဒေစိုးမိုးရေးနှင့် တရားရေး ပြုပြင်ပြောင်းလဲရေးမှာ မြန်မာနိုင်ငံ၏ လူ့အခွင့်အရေး နယ်ပယ်အားလုံး တိုးတက်လာစေရေးအတွက် ပိုမိုကျယ်ပြန့်သော ကိစ္စရပ်ဖြစ်နေသည့်တပြိုင်တည်းမှာပင် ကျေးလက်ဒေသများတွင် HRD များ လူ့အခွင့်အရေးအလုပ် လုပ်ဆောင်ရာတွင် နိုင်ငံတကာ၏ ပါဝင်ရပ်တည်ပေးမှုမှာ ပုဂ္ဂိုလ်ရေး လုံခြုံမှုပေးနိုင်မည့် ရေတိုဖြေရှင်းချက် တစ်ရပ်ဖြစ်သည်ဟု မြင်ကြသည်။

တွေ့ဆုံမေးမြန်းမှုပေးခဲ့သည့် HRD များက မြန်မာနိုင်ငံတရားရုံးများသည် ၎င်းတို့အား ကာကွယ်စောင့်ရှောက်ခြင်း မရှိ၊ တရားစီရင်ရေးပိုင်းသည် ဘက်လိုက်ပြီး ခြစားနေသည့်စနစ်ကြီး၏ အစိတ်အပိုင်းဖြစ်သည်ဟု အဓိကမြင်နေကြသည်။ တရားဥပဒေစိုးမိုးမှု လုံးဝကင်းမဲ့နေခြင်းနှင့် ပြုပြင်ပြောင်းလဲရေးများ အရေးတကြီးလိုအပ်နေခြင်းမှာ တွေ့ဆုံမေးမြန်းမှုများ တလျှောက် သိသာပေါ်လွင် နေသည်။ တွေ့ဆုံမေးမြန်းမှုပေးခဲ့သည့် HRD များ၏ ၇၁ ရာခိုင်နှုန်းက တရားစီရင်ရေးပိုင်းကို လုံးဝဥသုံ့ပြုပြင် ပြောင်းလဲမှု မရှိလျှင်သော်လည်းကောင်း၊ လူ့အခွင့်အရေး ချိုးဖောက်သူများကို တာဝန်ခံသည့် စစ်မှန်သော တရားဥပဒေစိုးမိုးမှု အမှန်တကယ် မထူထောင်နိုင်လျှင်သော်လည်းကောင်း မြန်မာနိုင်ငံတွင် အနှစ်သာရရှိပြီး ရေရှည်တည်တံ့ ခိုင်မြဲသည့် ပြောင်းလဲမှု ရရှိမည်မဟုတ်ဟု သိမြင်နေကြသည်။

HRD အများအပြားက မြန်မာနိုင်ငံပြည်သူများ၏ အခြေခံအခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ပေးမည့် ယန္တရားများနှင့် အဖွဲ့အစည်းများကို မြင်တွေ့လိုကြောင်း ဖော်ပြကြသည်။ ယခုအချိန်ထိမူ MNHRC သည် လူ့အခွင့်အရေး ချိုးဖောက်မှုများကို တစ်စုံတစ်ရာ လွတ်လပ်သည်ဟုဆိုနိုင်သည့် စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်ခဲ့ရာ ရလာဒ်များမှာမူ ကျေနပ်စရာ အလျဉ်းမရှိပေ။ ၎င်းသည် လူ့အခွင့်အရေး ချိုးဖောက်မှုများကို စုံစမ်းစစ်ဆေးမည့် လွတ်လပ်သည့်ကော်မရှင် ဖြစ်စေရန် ပြည်သူလူထု၏ တောင်းဆိုချက်ကို တုန့်ပြန်အဖြေပေးရန် မည်သို့မျှ မလုပ်နေသေးကြောင်း ကချင်ပြည်နယ် အခြေစိုက် ရှေ့နေတစ်ဦးက ပြောပြသည် -

> *"ကျနော်တို့ဟာ ကြောက်စရာကောင်းလှတဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေ ကျူးလွန်နေတဲ့ အဖွဲ့ကြီးတွေကို လူ့အခွင့်အရေး အလုပ်ကို ထောက်ခံအားပေးဖို့ ဒါမှမဟုတ် လူ့အခွင့်အရေးတွေ လေးစားလိုက်နာဖို့ မေတ္တာရပ်ခံမယ့်သဘော စဉ်းစားနေတာ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။ MNHRC ဟာ အမှန်တကယ် လွတ်လပ်တဲ့ အဖွဲ့ ဖြစ်သင့်တယ်။ အစိုးရအတွက် မဟုတ်ဘဲ ပြည်သူတွေအတွက် အလုပ်လုပ်တာ ဖြစ်သင့်တယ်။"*

MNHRC ကို မည်သို့သော ပြုပြင်ပြောင်းလဲမှုမျိုး လုပ်သည်ဖြစ်စေ ကော်မရှင်၏ အဖွဲ့ဝင်များကို ပြန်လည်ဖွဲ့စည်းရန်မှာ မဖြစ်မနေ လိုအပ်လိမ့်မည်ဟု HRD အတော်များများက ထောက်ပြကြသည် -

> *"MNHRC ဒုဥက္ကဋ္ဌ ဦးစစ်မြိုင်က အရင်စစ်အစိုးရက လာတာဖြစ်တယ်။ အရင်စစ်အစိုးရလက်ထက်က လူတွေကိုပဲ ဌာနသစ်တွေမှာ အမြဲထည့်နေမယ့်အစား MNHRC က လွတ်လပ်ရင် ပိုကောင်းမယ်။ အဲလိုမဟုတ်ရင် ဒီအဖွဲ့ကို ယုံကြည်ဖို့ ခက်တယ်။ အစိုးရအနေနဲ့ ဒီအဖွဲ့ကို လွတ်လပ်ခွင့်ပေးသင့်တယ်၊ လုပ်ပိုင်ခွင့်လည်း ပေးသင့်တယ်။"*

မြန်မာနိုင်ငံတလွှား ဖြစ်ပွားနေသည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို အကန့်အသတ်မရှိ စုံစမ်းစစ်ဆေးနိုင်သည့် အမှန်

တကယ် သြဇာအာဏာရှိ၍ UN ပါရီအခြေခံမူများနှင့် ကိုက်ညီပြီး လွတ်လပ်သည့် အမျိုးသား လူ့အခွင့်အရေးကော်မရှင် ဖြစ်မည်ဆိုလျှင် ကြီးမား၍ အပေါင်းလက္ခဏာဆောင်သောခြေလှမ်းဖြစ်လိမ့် မည်။ MNHRC အနေဖြင့် ယင်းကဲ့သို့သော ကော်မရှင်ဖြစ်ခဲ့လျှင်လည်း ကျူးလွန်သူများကို မည်ကဲ့သို့ အပြစ်ပေးမည်ကို သေသေချာချာ စောင့်ကြည့်ရန် လိုနေသေးသည်။ HRD များကို ကာကွယ်စောင့်ရှောက်ရန်နှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများကို အဆုံးသတ်ရန် သော့ချက်ခြေလှမ်းသည် တရားစီရင်ရေး မဏ္ဍိုင်တစ်ခုလုံးကို ပြုပြင်ပြောင်းလဲရေးဖြစ်သည်ဟု တွေ့ဆုံ မေးမြန်းခဲ့သည့် HRD အားလုံးနီးပါးက အဓိက ထောက်ပြကြသည်။

## ၄. ၃ ပုဂ္ဂိုလ်ရေးလုံခြုံမှုကို ခြိမ်းခြောက်မှုများ ဥပဒေမဲ့သတ်ဖြတ်မှု၊ လက်စဖျောက်မှုနှင့် အကြမ်းဖက်မှုများ

အဆိုးဝါးဆုံး လူ့အခွင့်အရေး ချိုးဖောက်မှုဖြစ်သည့် ဥပဒေမဲ့သတ်ဖြတ်မှု အန္တရာယ်အလားအလာကို မြန်မာနိုင်ငံရှိ HRD များ အားလုံး ရင်ဆိုင်နေရသည်။ ကျူးလွန်သူများ ရာနှုန်းပြည့်နီးနီး အပြစ်ဒဏ်ကင်းလွတ်ခွင့် ရရှိနေမှုကြောင့် ပိုမိုဆိုးဝါးလာသည့် ဥပဒေမဲ့သတ်ဖြတ်မှုများသည် HRD များအတွက် ကြီးမားသည့် အန္တရာယ်ဖြစ်ပြီး ၄င်းတို့အပေါ် ပိုမိုကျယ်ပြန့်စွာ ပစ်မှတ်ထား တိုက်ခိုက်မှု၏ အစိတ်အပိုင်းဖြစ်သည်ဟု ထောက်ပြကြသည်။

၂၀၁၄ ခုနှစ် အောက်တိုဘာလ ၄ ရက်နေ့က မွန်ပြည်နယ်တွင် သတင်းထောက်လည်းဖြစ် HRD လည်းဖြစ်သူ ကိုအောင်ကျော်နိုင် (ခေါ်) ကိုပါကြီး ကို မြန်မာစစ်တပ်မှ ထိန်းသိမ်းထားစဉ်အတွင်း သတ်ဖြတ်ခဲ့မှုမှာ ထင်ရှားသည့်အချက် ဖြစ်သည်။ ကိုပါကြီးသည် ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော် (DKBA) နှင့် မြန်မာစစ်တပ်အကြား တိုက်ပွဲများကို သတင်း ရယူရန် မွန်ပြည်နယ်သို့ ရောက်ရှိနေပြီး ၂၀၁၄ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့တွင် ကျိုက်မရောမြို့၊ ဒေသခံရဲများက ဖမ်းဆီးကာ မြန်မာစစ်တပ် ခြေမြန်တပ်ရင်း ၂၀၈ သို့ လွှဲပြောင်းပေးခဲ့သည်[73]။ ၄င်းအား DKBA ၏ နိုင်ငံရေးအဖွဲ့ဖြစ်သော ကလို့ထူးဘောကရင်အဖွဲ့၏ အဖွဲ့ဝင်အဖြစ် စွပ်စွဲခဲ့သည်။ ကိုပါကြီးသည် ထွက်ပြေးရန် ကြိုးစားနေစဉ် ပစ်သတ်ခံရသည်ဟု မြန်မာစစ်တပ်က နောက်ပိုင်းတွင် ပြောခဲ့သော်လည်း အလောင်းကို စစ်ဆေးသည့်အခါ ၄င်းခန္ဓာကိုယ်ပေါ်၌ တွေ့ရသော ဒဏ်ရာများအရ ယင်းပြောချက်နှင့် ဆန့်ကျင်နေသည်[74]။ ကိုပါ ကြီးသည် အလွတ်သတင်းထောက်အဖြစ် မလုပ်ကိုင်မီ နိုင်ငံရေး တက်ကြွလှုပ်ရှားသူအဖြစ် ၁၉၈၈ ခုနှစ် နိုင်ငံလုံးဆိုင်ရာ ဒီမိုကရေစီ အုံကြွမှုတွင်ပါဝင်ခဲ့ပြီး ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲ စည်း ရုံးရေးကာလတို့တွင် ဒေါ်အောင်ဆန်းစုကြည်၏ ကိုယ်ရံတော် အဖွဲ့ဝင်ဖြစ်ခဲ့သည်။ ကိုပါကြီးသတ်မှုဖြင့် စွပ်စွဲခံရသော စစ်သားနှစ်ဦးကို ၂၀၁၅ ခုနှစ် မေလ ၈ ရက်နေ့တွင် စစ်ဖက်ဆိုင်ရာ တရားရုံးတစ်ခုက တရားသေလွှတ်ပေးလိုက်ပြီး အရပ်ဖက် တရားရုံးသို့ လွှဲပြောင်းလိုက်သည့် အခါတွင်လည်း ဤလူသတ်မှုအတွက် လက်သည်မပေါ်ခဲ့ဘဲ ပြီးဆုံးသွားခဲ့သည်[75]။

လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနေရာတွင် ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်နေ့က မြေယာအခွင့်အရေးကာကွယ်စောင့်ရှောက်သူ ဒေါ်ခင်ဝင်းကို ပစ်သတ်ခဲ့မှုမှာလည်း နောက်ထပ်သာဓကဖြစ်သည်။ ဆည်တည်းရွာ ကြေးနီစီမံကိန်း ဆန့်ကျင်ရေး ဆန္ဒပြပွဲအတွင်း ရွာသားများက အာဏာပိုင်များကို ခဲများနှင့် ပေါက်ပြီးနောက် ရဲများက လူအုပ်ထဲသို့ သေနတ်နှင့် ပစ်ခတ်ရာမှ သူမကို သေနတ်ထိမှန်သေဆုံးခဲ့ခြင်း ဖြစ်သည်[76]။ MNHRC က စုံစမ်းစစ်ဆေးခဲ့ပြီး သူမသေဆုံးမှုအတွက် ရဲအဖွဲ့တွင် တာဝန်ရှိကြောင်း တွေ့ရှိခဲ့သည်[77]။ သို့ဖြစ်သည့်တိုင် အထက်ပါအမှုများအပါအဝင် အခြားပြောဆိုချက်များအရ မြန်မာနိုင်ငံရှိ HRD များသည် ယခုအခါ စိုးရိမ်ကြောက်လန့်ဖွယ်ဝန်းကျင်၊ လှုပ်ရှားလုပ်ကိုင်နေရကြောင်း ရှင်းရှင်းလင်းလင်း တွေ့နေရပြီး ယင်းသတ်ဖြတ်မှုများမှာ HRD များ ကြောက်လန့်သွားစေရန်နှင့် ယင်းသို့ကြောက်လန့်ပြီး တရားဝင်သည့် လူ့အခွင့်အရေး လှုပ်ရှားမှုများကို စွန့်လွှတ်သွားစေရန် ရည်ရွယ်သည်။

ဝေးလံသည့် ကျေးလက်နှင့် သို့မဟုတ် တိုင်းရင်းသားနယ်မြေများတွင် မြေယာအခွင့်အရေးများကို ကာကွယ်ရာ၊ အထူး ဆိုးဝါး

73. *The Irrawaddy.* Missing Reporter Killed in Custody of Burma Army: Report. 24 October 2014. (Online) available from http://www.irrawaddy.org/burma/missing-reporter-killed-custody-burma-army-report.html.
74. The Irrawaddy 2014.
75. *The Irrawaddy.* Case Closed in Par Gyi Inquiry, Widow Vows to Appeal. 23 June 2015. (Online) available from http://www.irrawaddy.org/burma/case-closed-in-par-gyi-inquiry-widow-vows-to-appeal.html.
76. *The Irrawaddy.* Police Kill Villager in Copper Mine Standoff. 22 December 2014. (Online) available from http://www.irrawaddy.org/burma/police-kill-villager-copper-mine-standoff.html.
77. *The Irrawaddy.* Human Rights Commission Faults Police Over Copper Mine Shooting. 15 January 2015. (Online) available from http://www.irrawaddy.org/burma/human-rights-commission-faults-police-copper-mine-shooting.html.



*အစိုးရစစ်တပ်၏ ညှဉ်းပန်းနှိပ်စက်သတ်ဖြတ်မှုခံလိုက်ရသည့် အလွတ်သတင်းထောက်နှင့် ဓာတ်ပုံသတင်းသမား ကိုအောင်ကျော်နိုင် (ခ) ကိုပါကြီး၏ဓာတ်ပုံအား သူ၏အမျိုးသမီး မသန္တာမှ ကိုင်ဆောင်ပြသစဉ်*
*Copyright: Irrawaddy*

သည့် အန္တရာယ်အလားအလာများ ကြုံရနိုင်သည်။ အလှမ်းဝေးသည့် နယ်မြေများတွင် အလွယ်တကူ ပျောက်သွားနိုင်ကြောင်း အများအပြားက မှတ်ချက်ချသည်။ ရှမ်းပြည်နယ်တွင် လုပ်ကိုင်နေသည့် HRD တစ်ဦးက ၎င်းနှင့် ၎င်း၏ လုပ်ဖော်ကိုင်ဖက်များ ရင်ဆိုင်ရသည့် အန္တရာယ်များကို ယခုလိုအကျဉ်းချုပ် ပြောပြသည်

> *"ကျနော်ခရီးထွက်ရင် ဘယ်သွားမယ်ဆိုတာ သိအောင် ကျနော် မိသားစုနဲ့ သူငယ်ချင်းတွေကို ပြောပြထားတယ်။ ခရီးသွားရတာ စိတ်မချရဘူး၊ ဘာလို့လဲဆိုတော့ ကျနော်တို့လို အလှမ်းဝေးတဲ့နေရာတွေမှာ ဘာမဆိုဖြစ်နိုင်တယ်လေ။ ကျနော်တို့က သဘာဝပတ်ဝန်းကျင်ကိစ္စတွေ မြေယာအရေးကိစ္စတွေကို လုပ်နေကြတာ။ စီးပွားရေးသမားတွေက ဒေါ်လာသန်းချီတဲ့ ရင်းနှီး မြှုပ်နှံမှုတွေ လုပ်နေတာဆိုတော့ သူတို့က တစ်ယောက်ယောက်ကိုသတ်ခိုင်းဖို့ ငွေကျပ်တစ်သိန်း၊ ဒါမှမဟုတ် ငါးသိန်းလောက်ပဲ လိုတယ်။ ရှမ်းပြည်မြောက်ပိုင်းမှာ မြေယာနဲ့ သဘာဝပတ်ဝန်းကျင်ကိစ္စတွေကို စောင့်ကြည့်တဲ့ လူတစ်ယောက် အသတ်ခံရတယ်။ ရှမ်းပြည်တောင်ပိုင်းမှာလဲ NLD မြို့နယ်ဥက္ကဌတစ်ယောက် အသတ်ခံရတယ်၊ ဒါပေမဲ့ တရားခံမပေါ်ဘူး။ ကျနော်တို့ကို သတ်ဖို့က အဲလောက်ကိုလွယ်တာ"*

စစ်တပ်အများအပြားရှိသည့် နေရာများတွင် ဥပဒေမဲ့သတ်ဖြတ်မှုများနှင့် အစဖျောက်မှုများ အလွန်ပေါများသည်။ *"လူတစ်ယောက်ယောက်ကို သတ်ဖို့က စျေးမကြီးဘူး"* ဟု HRD တစ်ဦးကပြောသည်။ ထို့အပြင် ကချင်ပြည်နယ်တွင် မြေယာအခွင့်အရေး လှုပ်ရှားနေသည့် HRD တစ်ဦးက အဆိုပါ သတ်ဖြတ်မှုများနှင့် အစဖျောက်မှုများကြောင့် HRD များ၏ လုပ်ဆောင်နိုင်စွမ်းအပေါ် ဆိုးကျိုးသက်ရောက်ပုံ၊ ထိုမှတဆင့် လူ့အခွင့်အရေးများအပေါ် ယေဘုယျအားဖြင့် ခြောက်ခြားဖွယ်သက်ရောက်မှု ဖြစ်ပုံတို့ကို ထောက်ပြခဲ့သည် -

*“ကချင်ပြည်နယ်မှာ အရင်က ရွာသူကြီးတွေ ရှိခဲ့တယ်။ ဒါပေမယ့် အခုတော့ ပုဒ်မ ၁၇ (၁) နဲ့ ရွာသူကြီး အများကြီး ထောင်ချခံခဲ့ရပြီး တချို့သူကြီးတွေလည်း အသတ်ခံရလို့ လုံခြုံမှု မကောင်းတာ ထင်ရှားလာတော့ ဘယ်သူမှ သူကြီးမလုပ် ချင်တော့ဘူး။ ရွာသူကြီးတွေ အကူအညီမပါတော့ ကျနော်တို့အတွက် သင်တန်းတွေ အလုပ်ရုံဆွေးနွေးပွဲတွေ စီစဉ်ရတာ ခက်သွားတယ်။”*

မြန်မာစစ်တပ်၏ အကြမ်းဖက်မှုတစ်ခုတည်းကိုသာ HRD များ ရင်ဆိုင်ကျော်လွှားနေရသည် မဟုတ်ပေ။ မကွေးတိုင်းတွင် လှုပ်ရှားနေသည့် HRD တစ်ဦးက လူဆိုးလူမိုက်များ ကျူးလွန်သည့် ကိုယ်ထိလက်ရောက် အကြမ်းဖက်မှုများကို ကြောက်ရွံ့နေရပုံကိုလည်း ပြောပြသည်။ ယင်းလူဆိုးလူမိုက်များမှာ ဒေသခံအာဏာပိုင်တို့ ညွှန်ကြားမှုအောက်၊ ငွေကြေးထောက်ပံ့မှု အောက်တွင် လှုပ်ရှားနေသည်ဟု လူအများက ယူဆနေကြသည်။

*“ဟုတ်တယ်။ ကျနော်စိုးရိမ်နေတယ်လေ ဘာကြောင့်လဲဆိုတော့ ကျနော် အချိန်မရွေး အဖမ်းခံရနိုင်တယ်။ ဒါမှမဟုတ် အဆိပ်ခတ်ခံရနိုင်တယ်။ အသတ်လည်း ခံရနိုင်တယ်။ ကြေးစားလူဆိုးလူမိုက်တွေ ချ (ရန်ပြု) တာလည်း ခံရနိုင်တယ်။ အထူးသဖြင့် ညဘက်မှာ ကားတိုက်တာ ဆိုင်ကယ်တိုက်တာလို ကိုယ်ထိလက်ရောက် တိုက်ခိုက်မှုတွေကို သတိထားကြည့်နေရတယ်။ ဒါကြောင့် ကျနော့်ဘဝက အရမ်းသတိထားပြီး နေနေရတယ်။”*

သဘာဝပတ်ဝန်းကျင်နှင့် သောက်သုံးရေသန့်ရရှိရေး လှုပ်ရှားနေသည့် HRD အတော်များများမှာ ကျေးလက်ဒေသများတွင် လှုပ်ရှား နေကြပြီး ထူးခြားသည့်ပြဿနာများ ကြုံတွေ့ခဲ့ရသည်။ ယင်းတို့ထဲတွင် အကြမ်းဖက်လုပ်ရပ်များနှင့် ဆိုးဝါးသည့် နှောင့်ယှက်မှုများ ခံရခြင်းတို့ပါဝင်ပြီး ပြဿနာဖြစ်နေသည့်ဒေသမှ ဒေသခံအာဏာပိုင်များနှင့် သက်ဆိုင်ရာ ရေရရှိရေး ကော်မတီဝင်များက ကျူးလွန်ခြင်း ဖြစ်သည်။ မကွေးတိုင်းတွင် ရေသန့်ရရှိရေး စည်းရုံးလှုံ့ဆော်နေသည့် အမျိုးသမီး HRD တစ်ဦးက ယခုလို ပြောပြသည် -

*“ရေကော်မတီဥက္ကဋ္ဌက ကျမကို ကားနဲ့တိုက်ဖို့ ကြိုးစားတယ်။ မြေသိမ်းခံရတဲ့ ကိစ္စတွေအတွက် လှုပ်ရှားနေတဲ့ နောက်အမျိုး သမီးတစ်ယောက်ရဲ့ ယောကျ်ားလည်း အဲသလို ကြုံရဖူးတယ်။ ဒေါ်ဥ ဆိုတဲ့ အသက် ၈၀ ကျော် အဖွားဆို တကယ်အတိုက် ခံလိုက်ရတယ်။ အဲ့ဒီဥက္ကဋ္ဌက ကျမတို့ကိုတွေ့တိုင်း လှောင်တယ်၊ ဆဲရေးတိုင်းထွာတယ်။ ဒ့ါအပြင် ကျမတို့ကို ‘အမှုနဲ့ ကြိတ်ပစ်မယ်’ လို့လည်း ခြိမ်းခြောက်သေးတယ်။”*

HRD များအတွက် ပုဂ္ဂိုလ်ရေးလုံခြုံမှုရရန် ကျေနပ်လောက်ဖွယ် အနေအထား အလွန်နည်းပါးလှပြီး အများအပြားမှာ မိမိတို့ အလုပ်ကို ထိထိရောက်ရောက် လုပ်နိုင်ရန်အတွက် အန္တရာယ်များကို ရင်ဆိုင်ကျော်လွှားနေရသည်။ HRD အများအပြားမှာ ရုပ်ခန္ဓာ ထိခိုက်မည့်အန္တရာယ်ကို သိမြင်ကြပြီး အချို့က ညဘက်တွင် ၎င်းတို့ကို နောက်ယောင်ခံလိုက်နေသည်ကို သိရကြောင်း ပြောပြကြသည်။ လုံခြုံသည့် သယ်ယူပို့ဆောင်ရေး ကင်းမဲ့မှုမှာ အထူးစိုးရိမ်ပူပန်စရာဖြစ်ပြီး ဒေသတစ်ခုနှင့်တစ်ခု ဆိုးဝါးမှုအတိုင်းအတာမှာမူ မတူညီကြပေ။ ကချင်ပြည်နယ်မှ ဥပဒေအထောက်အကူပြု လုပ်ငန်းလုပ်ဆောင်နေသူ ရှေ့နေတစ်ဦးက ယခုလို ပြောပြသည် -

> *ကချင်ပြည်နယ်မှာ ပြည်တွင်းစစ်ကြောင့်အပြင် တခြားဆက်စပ်နေတဲ့ သယ်ယူပို့ဆောင်ရေး ပြဿနာတွေကြောင့် တစ်ခါတစ်လေ ကျနော်တို့ဟာ တချို့ဒေသတွေကို ခရီးသွားခွင့်မရဘူး။ တစ်ခါတစ်လေလည်း လူတွေ အစပျောက်သွားတယ် ဒါမှမဟုတ် အသတ်ခံရတယ်။ တစ်ခါတစ်လေတော့ ခြိမ်းခြောက်ခံရပြီး သူ့တို့ဖုန်းတွေ ကင်မရာတွေ အသိမ်းခံရတယ်။*

FGD တွင် ပါဝင်ခဲ့သော သတင်းမီဒီယာသမားများကလည်း ၎င်းတို့အလုပ်လုပ်နေစဉ် ကိုယ်ထိလက်ရောက် အကြမ်းဖက်ခံရသည့် အတွေ့အကြုံများကို ဆွေးနွေးခဲ့ကြသည်။ ၂၀၁၅ ခုနှစ် မတ်လ ၁၀ ရက်နေ့က လက်ပံတန်းမြို့တွင် ကျောင်းသားဆန္ဒပြမှုကို ဖြိုခွင်းမှုမှာ မြန်မာနိုင်ငံမှ စာနယ်ဇင်းလုပ်သားများ သတင်းယူနေစဉ် ကြုံတွေ့ရသည့် အန္တရာယ်များ၏ လတ်တလော ဥပမာ ဖြစ်သည်။ သတင်းထောက်တစ်ဦးက ယခုလိုပြောပြသည် -

*“ကျနော်က ခေတ်ပုံသတင်းထောက်အဖြစ်နဲ့ လက်ပံတန်းဖြိုခွဲမှုတုန်းက ခြိမ်းခြောက်မှုတွေ ရင်ဆိုင်ခဲ့ရတယ်။ လုပ်ငန်းခွင် အန္တရာယ်ရှိတာကို ကျနော်သိပါတယ်။ ကျနော်တို့က ဖြိုခွဲမှုတွေအတွင်းမှာ မတော်တဆ ထိခိုက်နိုင်တယ်လေ။ ဒါပေမယ့် ဒီအမှုမှာ မီဒီယာတွေကို*

*အခင်းဖြစ်ရာ နေရာကထွက်ဖို့ တကယ့်ကို သတိပေးခဲ့တာ။ ဒါပေမယ့် ကျနော်တို့ မထွက်တဲ့အခါ ကျနော်တို့ကို သေသေချာချာ ပစ်မှတ်ထားခဲ့တယ်။ ကျနော်တို့ အရိုက်ခံရတယ်။ တိုက်ခိုက်ခံရတယ်။ အဆိုးဆုံးကတော့ အစိုးရမီဒီယာတွေက ကျနော်တို့ရိုက်ခဲ့တဲ့ ဓာတ်ပုံတွေကို ယူသုံးတယ်။ ဒါဟာ ကျင့်ဝတ်အရ မှားယွင်းပြီး ကျနော်တို့ အခွင့်အရေးတွေ ဆိုးဆိုးဝါးဝါး ချိုးဖောက်ခံရတာပဲ။"*

မြန်မာနိုင်ငံတွင် HRD များစွာက အထက်ပါ အန္တရာယ်များကိုရင်ဆိုင်ပြီး မိမိတို့ကိုယ်တိုင်အတွက်၊ မိမိတို့မိသားစုများအတွက်၊ မိမိတို့ရပ်ရွာလူထုများအတွက်နှင့် ပိုမိုကျယ်ပြန့်သည့် မြန်မာပြည်သူများအားလုံးအတွက် လူ့အခွင့်အရေးများကို ကာကွယ်နေသည်မှာ ထူးခြားလှပြီး လေးစားဖွယ်ဖြစ်သည်။ ၎င်းတို့အပေါ် မည်သည့်အကြမ်းဖက်မှု သို့မဟုတ် တိုက်ခိုက်မှုမဆို၊ အထူးသဖြင့် သတ်ဖြတ်မှုများနှင့် အစဖျောက်မှုများသည် UDHR အပိုဒ် ၃ တွင် အလေးပေးဖော်ပြထားသည့် လူသားတိုင်း အသက်ရှင်ခွင့်၊ လွတ်လပ်ခွင့်၊ ပုဂ္ဂိုလ်ရေး လုံခြုံခွင့်စသည့် အခြေခံအခွင့်အရေးများကို ကြီးမားစွာချိုးဖောက်မှု ဖြစ်သည်။ ထို့ကြောင့် မြန်မာအစိုးရသည် လုပ်နိုင်သမျှအားလုံးကို အစိုးရယန္တရားများ၊ ဌာနများအားလုံး အသုံးပြု၍ ချက်ချင်း လုပ်ဆောင်သင့်သည်။ HDR များ၏ အခွင့်အရေးများကို သင့်တော်စွာ ကာကွယ်စောင့်ရှောက်ရေးနှင့် လေးစားရေး၊ ပြောစာတမ်း၊ ဖော်ပြထားသည့်အတိုင်း ၎င်းတို့အနေနှင့် တရားဝင်မှုရှိသည့် လူ့အခွင့်အရေး လုပ်ရှားမှုများကို လွတ်လွတ်လပ်လပ်နှင့် အန္တရာယ်ကင်းစွာ လုပ်ဆောင်နိုင်ရေးတို့ကို အာမခံရမည် ဖြစ်သည်။ ထို့အပြင် မြန်မာနိုင်ငံ တရားစီရင်ရေးမဏ္ဍိုင်နှင့် MNHRC တို့သည် HRD များအပေါ် ကိုယ်ထိလက်ရောက် အကြမ်းဖက် ကျူးလွန်သည့် ပြစ်မှုများအားလုံးကို အပြည့်အဝ အသေအချာ စုံစမ်းစစ်ဆေးပြီး အနာဂတ်တွင် ယင်းသို့သော ပြစ်မှုများ ထပ်မံမဖြစ်ပေါ်စေရေးအတွက် သင့်တော်သည့်အစီအမံတစ်ခု ထူထောင်နိုင်ရေး အာမခံရမည်ဖြစ်သည်။

လက်ရှိအချိန်တွင် ပြစ်မှုကျူးလွန်သူများက ပြစ်ဒဏ်ကင်းလွတ်စွာဖြင့် ချိုးဖောက်မှုများကို ဆက်လက်ကျူးလွန်နေသော်လည်း HRD များသည် ကြောက်လန့်မသွားဘဲ ၎င်းတို့နှင့် မိသားစုများ ဘေးကင်းရေးအတွက် ခြိမ်းခြောက်မှု အန္တရာယ်များ နည်းပါးသွားစေရန် တတ်နိုင်သမျှ အစွမ်းကုန် ကြိုးစားလုပ်ဆောင်နေရင်း ၎င်းတို့၏ လူ့အခွင့်အရေးအလုပ်ကို မစွန့်လွှတ်ဘဲ ဆက်လက်လုပ်ရှားနေကြသည်ကို ထင်ထင်ရှားရှား တွေ့မြင်နေရသည်။ HRD များအနေဖြင့် ၎င်းတို့နှင့် မိသားစုများ နေ့စဉ် တွေ့ကြုံရင်ဆိုင်နေရသည့် အန္တရာယ်များကို ရနိုင်သမျှ သင့်တော်သည့် ရင်းမြစ်များ၊ နည်းနာများ၊ ကွန်ရက်များ၊ လုံခြုံရေးသတိပေးချက်များ သုံး၍ ရှောင်ရှားနိုင်လိမ့်မည်ဟု မျှော်လင့်ရသည်။

HRD အများစု၏ အဓိကရပ်တည်ချက်မှာ သင့်တော်သော ကာကွယ်စောင့်ရှောက်ရေးယန္တရား အသင့်မရှိခြင်းနှင့် ရှိနေသည့် ယန္တရားများအပေါ်လည်း ကြီးစွာသော စိတ်ပျက်မှု ဖြစ်နေကြခြင်းဖြစ်သည်။ လူ့အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ပေးနိုင်ရန် မြန်မာအစိုးရ၏ စစ်မှန်သည့်ပြုပြင်ပြောင်းလဲမှု သို့မဟုတ် မည်သည့်ကတိကဝတ်ကိုမှ HRD များ မမြင်ကြပေ။ ဤအချက်နှင့် ပတ်သက်၍ HRD တစ်ဦးက ဒေါ်ခင်ဝင်းနှင့် ကိုပါကြီးကို သတ်သူများနှင့် ပတ်သက်၍ တာဝန်ခံမှု လုံးဝကင်းမဲ့နေခြင်းအပေါ် ယခုလို ဝေဖန်အကဲဖြတ်ခဲ့သည် -

> "
> *တကယ်လို့ ကာကွယ်စောင့်ရှောက်ရေး ယန္တရား တစ်ခုခုရှိနေရင် လူတွေက အသိအမှတ်ပြုပြီး လေးစားကြလိမ့်မယ်။ အခုတော့ ဒီအခြေအနေကိုပဲကြည့် ကိုပါကြီးသေပြီ ဒေါ်ခင်ဝင်းသေပြီ ဒါပေမဲ့ ကျနော်တို့ ဘာလုပ်နိုင်လဲ။ ဘာမှမလုပ်နိုင်ဘူး။*
> "

တွေ့ဆုံမေးမြန်းမှု ပေးခဲ့သည့် HRD အများအပြားက ၎င်းတို့လုပ်ထားသည့် အလွတ်သဘော လုံခြုံရေးအစီအမံ အချို့ကို ပြောပြသည်။ ရန်ကုန်မြို့တွင် တွေ့ဆုံမေးမြန်းခဲ့သည့် ဝါရင့် HRD တစ်ဦးက မြန်မာနိုင်ငံရှိ HRD အချို့ နေထိုင်နေရသည့် ခြိမ်းခြောက်မှုနှင့် ကြောက်ရွံ့မှုအဆင့်ကို သရုပ်ဖော်ပြပြီး ၎င်းတို့၏ ပုဂ္ဂိုလ်ရေးလုံခြုံမှုအာမခံနိုင်ရန် ကျင့်သုံးနေသည့် အစီအမံများကို ပြောပြသည် -

*"ကျနော်က အမြဲပဲ ကိုယ့်လုံခြုံရေးကို အရင်ဆုံးပြင်ဆင်တယ်။ အမြဲပဲ ကိုယ့်ကိုယ်ကိုသတိပေးတယ် [...] တစ်ယောက်တည်း ခရီးမသွားနဲ့၊ လူစိမ်းတွေကျွေးတာ မစားနဲ့၊ တိုက်တာမသောက်နဲ့လို့။ လူတွေ ကျနော့်ကို ဖိတ်တာက တကယ်ပဲ လိုက်လိုက်လှဲလှဲနဲ့ ကြိုဆိုချင်လို့ ခဲ့ချင်တာ ဟုတ်မဟုတ် မသိဘူးလေ။ ကျနော်အပြင်ထွက်ရင် လူတွေက ကြည့်ကြတယ်။ ဘာလို့လဲဆိုတော့ သူတို့က ကျနော့်ကို မီဒီယာထဲမှာ တွေ့ဖူးထား လို့ပါ။ သူတို့က*

*မိတ်ဆက်ဖို့ ကျနော့်ဆီ လာရင် ကျနော် ပြုံးပြတယ်။ လက်ဆွဲနှုတ်ဆက်တယ်။ ဒါပေမယ့် ကိုယ့် အတွင်းစိတ်ထဲမှာတော့ မယုံသင်္ကာဖြစ်နေတယ်။ ဘာကြောင့်လဲ ဆိုတော့ ဘယ်သူက ဘာဆိုတာ ကျနော် မသိဘူး။ သူတို့ဟာ မိတ်ဆွေလား ရန်သူ လား မသိဘူး။ လူထုတွေထဲမှာ တအား ကွဲနေကြတယ်။ အခုဆို ဘယ်သူက ဘာဆိုတာ ဘယ်သူမှမသိကြဘူး။ ဘယ် သူကအစွန်းရောက်လဲ၊ ဘယ်သူက အမျိုးသားရေးသမားလဲ၊ ဘယ်သူက HRD လဲ၊ ဘယ်သူက အစိုးရသူလျှိုလဲ၊ မသိကြတော့ဘူး”*

## ၄. ၄ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုနှင့် လိင်ပိုင်းဆိုင်ရာ ခွဲခြားဖိနှိပ်မှု

အမျိုးသမီးအခွင့်အရေးသီးသန့် သို့မဟုတ် လူ့အခွင့်အရေး အပေါ် ယေဘုယျလုပ်ရှားနေသည့် တွေ့ဆုံမေးမြန်းခဲ့သည့် အမျိုးသမီး HRD များ၏ ၄၅ ရာခိုင်နှုန်းခန့်က လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်မှုနှင့် ခြိမ်းခြောက်အနိုင်ကျင့်မှုတို့ကို ကြုံတွေ့ ဖူးကြောင်း အချို့ဆိုလျှင် လိင်ပိုင်းဆိုင်ရာစော်ကားခံရမှု သို့မဟုတ် ကိုယ်ထိလက်ရောက် တိုက်ခိုက်မှုကို ကိုယ်တိုင်ကြုံတွေ့ ဖူးကြောင်း ပြောပြကြသည်။ ချိုးဖောက်မှုများနှင့် ၎င်းတို့၏ လူ့အခွင့်အရေး လုပ်ငန်းကို ကန့်သတ်ချုပ်ချယ် ခြင်းများအား ကျူးလွန်သူများမှာ မြန်မာစစ်တပ်နှင့် အချို့သော ဒေသခံရပ်ရွာလူထု၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့၊ အပစ်ရပ်တိုင်းရင်းသား အဖွဲ့များဖြစ်ကြောင်း အမျိုးသမီး HRD များက ထောက်ပြကြသည်။ တွေ့ဆုံမေးမြန်း ခဲ့သည့် အမျိုးသမီး HRD အားလုံးက ၎င်းတို့လှုပ်ရှားရာတွင် မုဒိမ်းနှင့် လိင်ပိုင်းဆိုင်ရာ မတရားပြုမှု ခြိမ်းခြောက်ချက် ရှိနေ သည်ကို သိမြင်ကြသည်။ တနင်္သာရီတိုင်း အခြေစိုက် အမျိုးသမီး HRD တစ်ဦးက ယခုလိုပြောသည် -

*“ကျမ တစ်ခါမှ ကိုယ်ထိလက်ရောက် စော်ကားခံရတာ မကြုံဖူးဘူး။ ခြိမ်းခြောက်ခံရရုံပဲရှိတယ်။ ကျမတို့ အသိုင်း အဝိုင်းမှာ တော်တော်များများကတော့ အာဏာပိုင် တွေက လိင်ပိုင်းဆိုင်ရာ အနှောင့်အယှက်ပေး တာခံရ တယ်။ တစ်ခါတစ်လေ ကျမကို မုဒိမ်းကျင့်မယ်လို့ ခြိမ်း ခြောက်တာရှိတယ်။ ဒါမှမဟုတ် ညဘက် အပြင်မထွက်ဖို့ သတိပေးကြတယ်။ ဘာလို့လဲဆိုတော့ သူတို့က ကျမရဲ့ လှုပ်ရှားမှုတိုင်းကို စောင့် ကြည့်နေတယ်လေ။”*

> *“ကျမကို အကြမ်းဖက် တိုက်ခိုက်တာတော့ မခံခဲ့ရဘူး။ ဒါပေမယ့် လိင်ပိုင်းဆိုင်ရာ တိုက်ခိုက်တာတော့ ခံခဲ့ရတယ်။ ဒ့ါအပြင် ထောက်လှမ်းရေး တွေက စစ်ဆေးတဲ့အခါ ကျမ ကို နှုတ်အားဖြင့် နှောင့် ယှက် စော်ကားကြတယ်။”*

အချို့နေရာများတွင် အမျိုးသမီး HRD များမှာ မိမိတို့ လူ့အခွင့်အရေးအလုပ်ကို လုပ်ဆောင်နိုင်ရန်အတွက် ညဘက်၊ မဖြစ်မနေ ခရီးထွက်ရသည်။ အန္တရာယ်ကိုသိလျက်၊ ရုပ်ခန္ဓာပိုင်း ထိခိုက်နာကျင်မည်ဟု ခြိမ်းခြောက်မှုများ ယခင်က ရထားလျက် သွားရခြင်း ဖြစ်သည်။ ရန်ကုန်မြို့၌ လှုပ်ရှားနေသည့် HRD အမျိုးသမီးငယ်တစ်ဦးက ယခုလိုပြောသည် -

*“သူတို့က ကျမကိုစောင့်ကြည့်နေပြီး မတရားတဲ့ ဥပ ဒေတွေနဲ့ ခြိမ်းခြောက်နေတယ်။ ကျမကို အကြမ်းဖက် တိုက်ခိုက်တာတော့ မခံခဲ့ရဘူး။ ဒါပေမယ့် လိင်ပိုင်းဆိုင် ရာ တိုက်ခိုက်တာတော့ ခံခဲ့ရတယ်။ ဒ့ါအပြင် ထောက် လှမ်းရေးတွေက စစ်ဆေးတဲ့အခါ ကျမကို နှုတ်အားဖြင့် နှောင့်ယှက်စော်ကားကြတယ်။”*

ထိုမျှသာမက မုဒိမ်းမှုကြောင့် ဖြစ်ရသည့် စိတ်ပိုင်းဆိုင်ရာ ခံစားရမှုနှင့် ဤမတရားပြုမှု၏ သဘောသဘာဝ အတိအကျကို နားလည်မှုချို့တဲ့နေကြောင်း အမျိုးသမီး HRD အချို့က ပြောဆို ကြသည်။ ယင်းကဲ့သို့သော လူ့အခွင့်အရေး ချိုးဖောက်မှုများကို ရပ်ရွာလူထုများ ကိုယ်တိုင် နားလည်မှု မရှိကြဘဲ အမျိုးသမီး HRD များကို ထောက်ခံလေ့မရှိသည့်အချက်သည် အခြေအနေ ကို ပိုမိုဆိုးဝါးစေသည်။ အမျိုးသမီးများ ဩဇာအာဏာရှိသည့် နေရာများကို ရယူရာ တွင် သို့မဟုတ် လူ့အခွင့်အရေး ကာကွယ် စောင့်ရှောက်သည့်လုပ်ငန်းများကို လုပ် ဆောင်ရာတွင် ၎င်းတို့၏ မိသားစုဝင်များက ပင် ထောက်ခံပံ့ပိုးရန် တွန့်ဆုတ်နေကြသည် ဟု အမျိုးသမီး HRD အတော်များများက ပြောပြကြသည်။ အမျိုးသမီးများသည် နိုင်ငံ ရေး သို့မဟုတ် အများပြည်သူရေးရာ များတွင် ပါဝင်ဆောင်ရွက်ရန် မသင့်ဟူသော သဘောထားကို ကျေးလက်ဒေသများတွင် အထူးတွေ့မြင်ရသည်။ ထားဝယ် အမျိုးသမီး HRD တစ်ဦးက ယခုလိုပြောပြသည် -

*“အမျိုးသမီးတစ်ယောက်ဖြစ်တော့ ကျမ မှာ စိန်ခေါ် မှုတွေ အများကြီးတွေ့ရတယ်။ ရုပ်ပိုင်းရော စိတ်ပိုင်းရော ပေါ့။ ဓလေ့ ထုံးစံအရ အမျိုးသမီးတွေ ဦးဆောင်ခွင့်*

*မရှိဘူး။ ဒါကြောင့် ကျမကို စိန်ခေါ်တာခံရတယ်။ ဖိနှိပ်ခံရတယ်။ စိတ်ဒုက္ခပေးတာ ခံရတယ်။ ဒီတော့ ကျမ စိန်ခေါ်မှုတွေ စော်ကားမှုတွေ အများကြီး ရင်ဆိုင်ရတယ် . . . ”*

နောက် အမျိုးသမီး HRD တစ်ဦးကလည်း ဖျက်လိုဖျက်ဆီး နည်းနာများအကြောင်း ယခုလိုပြောပြသည် -

*“သူတို့က ကျမကို လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်တာ တိုက်ရိုက် မလုပ်ရဲဘူး။ ဒါပေမဲ့ ကျမတို့ အဖွဲ့ဝင်တွေရဲ့ ကလေးနှစ်ယောက်ကို နှောင့်ယှက်ပြီး ကျမတို့ အမျိုးသမီးတွေကိုတော့ ဖုန်းဆက်ပြီး နှုတ်အားဖြင့် စော်ကားခဲ့တယ်။ ကျမတို့ နောက်ကွယ်မှာ ပြောတာတွေ၊ သွယ်ရိုက်ပြီး သွားပုပ်လေလွင့်ပြောတာတွေ လုပ်တယ်။ ကျမတို့ဟာ မိန်းမကောင်းတွေ မဟုတ်ဘူးလို့ ကျမတို့ လယ်သမားတွေကို သွားပြောတယ်။”*

ထို့အပြင် လူမျိုးရေးအရ ခွဲခြားဖိနှိပ်မှု အတိုင်းအတာကိုလည်း ကချင်၊ ကရင် နှင့် ချင်းပြည်နယ်များ အပါအဝင် ဒေသမျိုးစုံ၊ အမျိုးသမီးအခွင့်အရေး လှုပ်ရှားနေသော HRD တစ်ဦးကလည်း ယခုလိုပြောပြသည် -

*“စစ်တပ်ဟာ မတူတဲ့ တိုင်းရင်းသား လူနည်းစုတွေကို ခွဲခွဲခြားခြား ဆက်ဆံတယ်။ ဒါကြောင့် ကျမတို့ဟာ ဒီဒေသတွေကို သွားရင် ခွဲခြားမှု၊ တန်းတူညီမျှ မရှိမှုနဲ့ ဖိနှိပ်မှုတွေကို ရင်ဆိုင်ရတယ်။ ဒါက ပထမဆုံး စိန်ခေါ်မှုပဲ။”*

အာဏာပိုင်များနှင့် ရပ်ရွာများဘက်မှ ကျူးလွန်သော ယင်းကဲ့သို့ နည်းနာများမှာ အခြေခံလူ့အခွင့်အရေးများကို တိုက်ရိုက် ချိုးဖောက်နေသည်။ ယင်းအခွင့်အရေးများထဲတွင် (၁) UDHR အပိုဒ် ၂ နှင့် ၇ အရ ခွဲခြားဖိနှိပ်မှုမှ လွတ်လပ်ခွင့်၊ (၂) အပိုဒ် ၃ အရ လုံခြုံခွင့်၊ (၃) အပိုဒ် ၅ အရ ဂုဏ်သိက္ခာညိုးနွမ်းစေသည့် ဆက်ဆံမှု မခံရပိုင်ခွင့်၊ (၄) အပိုဒ် ၁၂ အရ မိမိ၏ ကိုယ်ရေးကိုယ်တာ၊ မိသားစု သို့မဟုတ် နေအိမ်အား ဥပဒေမဲ့ စွက်ဖက်ခြင်း မခံရပိုင်ခွင့်၊ သို့တည်းမဟုတ် ဂုဏ်သိက္ခာ သို့မဟုတ် နာမည်ဂုဏ်သတင်းအား တိုက်ခိုက်မခံရပိုင်ခွင့်၊ (၅) အပိုဒ် ၁၃ အရ လွတ်လပ်စွာလှုပ်ရှားခွင့် တို့ပါဝင်သည်။ တိုက်ခိုက်မှု၊ ခွဲခြားဖိနှိပ်မှုနှင့် အခြားလူ့အခွင့်အရေး ချိုးဖောက်မှုအားလုံးသည် အမျိုးသမီး HRD များအပေါ် ဆိုးဝါးသည့် ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ ဖိအားဖြစ်စေရာ ၎င်းတို့၏ ကောင်းမွန်အေးချမ်းစွာ နေထိုင်နိုင်မှုကိုလည်းကောင်း၊ တရားဝင်မှုရှိသော လူ့အခွင့်အရေးအလုပ် ဆက်လုပ်နိုင်စွမ်းကိုလည်းကောင်း ကြီးမားစွာ ထိခိုက်စေသည်။

ကံအကြောင်းမလှစွာပင် မတရားမှုကျူးလွန်သူများကို တရားဥပဒေရှေ့မှောက် ခေါ်ဆောင်လာနိုင်ရန် ခက်ခဲနေသေးသည်။ အထူးသဖြင့် ၎င်းတို့ကို အလွယ်တကူ ဖော်ထုတ်နိုင်လေ့မရှိသောကြောင့် ဖြစ်သည်။ သို့ရာတွင် အမျိုးသမီး HRD များနှင့် အမျိုးသမီးအဖွဲ့များအတွက် ပုဂ္ဂိုလ်ရေးလုံခြုံမှုပိုင်းအရ ပိုမိုအားကောင်းသော အထောက်အကူပြုကွန်ရက် မည်ကဲ့သို့ ဖန်တီးနိုင်သည်ကို ပညာပေးနိုင်သည့်အချက်များ၊ ပညာပေးသင့်သည့် အချက်များ များစွာရှိနေသည်။ ပုဂ္ဂိုလ်ရေးလုံခြုံမှု ပိုမိုမြင့်မားစေရန် အမျိုးသမီးအခွင့်အရေးနှင့် နည်းနာများကို ပညာပေးနိုင်ရေးအတွက် သင်တန်းများ၊ စွမ်းရည်မြှင့်တင်ရေးနှင့် အရပ်ဖက်လူထုအဖွဲ့အစည်းကွန်ရက်များ အားကောင်းခိုင်မာရေး လိုအပ်သည်ဟု တွေ့ဆုံမေးမြန်းခဲ့သည့် အမျိုးသမီး HRD အားလုံး၏ ၇၂ ရာခိုင်နှုန်းက ထုတ်ဖော်ပြောဆိုခဲ့သည်။ သို့ရာတွင် ခရီးလမ်းမှာ အစဉ်အမြဲ ချောမွေ့နေသည်တော့ မဟုတ်ကြောင်း အမျိုးသမီး HRD တစ်ဦးက ယခုလိုပြောပြသည် -

*“အမျိုးသမီးကိစ္စတွေအပေါ် ကျမစလုပ်တုန်းက သင်တန်းတချို့ တက်ရတယ်။ တချို့လူတွေက ဒီသင်တန်းတွေဟာ ကျမတို့လို ကျေးလက်ဒေသမှာ မလိုဘူးလို့ ဝေဖန်ကြတယ်။ တချို့ရွာတွေဆိုရင် ရွာလူကြီးကို ရွာထဲမှာ သင်တန်းပေး ခွင့်ပြုဖို့ မနည်း နားချရတယ်။ လက်တွေ့မှာ အမျိုးသမီးတွေကို သင်တန်းပေးရတာ ပြဿနာတွေရှိတယ်။ ဘာလို့လဲဆိုတော့ သူတို့အတွက် အသစ်အဆန်းဖြစ်နေပြီး သိပ်လည်းစိတ်မဝင်စားကြဘူး. . . ။ ဒီတော့ သူတို့ကို ဆွဲဆောင်နိုင်ဖို့ နည်းလမ်းတွေ ရှာရတယ်။”*

ကျေးလက်အသိုင်းအဝိုင်းများအတွင်း အခြေခံသည့် ပညာပေးရေးလုပ်ငန်းများသည် အမျိုးသမီး HRD များကို ထောက်ခံအားပေးရေးအတွက် ရည်ရွယ်နိုင်သည်။ အမျိုးသမီး HRD အများအပြားက ၎င်းတို့သည် လှုပ်ရှားတက်ကြွသူများ ကွန်ရက်တစ်ခု၏ အစိတ်အပိုင်းဖြစ်ပြီး လုပ်ဖော်ကိုင်ဖက် အများအပြားကလည်း တူညီသည့်ကိစ္စရပ်များအပေါ် လှုပ်ရှားနေကြသည်ဟု ပြောပြကြသည်။ အမျိုးသမီးများကို မိမိတို့အခွင့်အရေးများအကြောင်း ပညာပေးရန်နှင့် မိမိတို့အတွေ့အကြုံများ ဆွေးနွေးနိုင်ရေး အခွင့်အလမ်းပေးရန် ကြိုးပမ်းသော ရပ်ရွာလူထုအခြေပြုဖိုရမ်များသည် နှစ်သိမ့်ဆွေးနွေးမှု အသွင်တစ်ခုကို အလွတ်သဘော ဆောင်ကျဉ်း

ပေးနိုင်သည်။ ထို့ကြောင့် အမျိုးသမီး HRD များသည် မိမိတို့၏ အထောက်အကူပြု ကွန်ရက်များကို တိုးချဲ့နိုင်ကာ ယင်းလုပ်ငန်းစဉ်များမှတဆင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု၊ ခွဲခြားဖိနှိပ်မှုနှင့် လူ့အခွင့်အရေး လုပ်ငန်းတွင် အမျိုးသမီးများ အခန်းကဏ္ဍအပေါ် သဘောထားအမြင်များ ပြောင်းလဲအောင် ဆောင်ရွက်နိုင်သည်။

ထို့အပြင် မြန်မာနိုင်ငံသည် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများကို ကိုင်တွယ်နိုင်မည့်ယန္တရားများ သင့်လျော်စွာ တည်ဆောက်ထားရေးကို အာမခံရန် အရေးတကြီး လိုအပ်နေသည်။ ယင်းအထဲတွင် မြန်မာ့တရားရေးမဏ္ဍိုင်နှင့် MNHRC တို့ကို လေ့ကျင့်ပေးရေးနှင့် ရုပ်ပိုင်း သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ရေးအတွက် ဆေးဖက်ဆိုင်ရာ အထောက်အကူပေးရေးလည်း ပါဝင်သည်။ အစိုးရအနေဖြင့် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးယန္တရားများ မတည်ဆောက် ပေးသရွေ့ အမျိုးသမီး HRD များအနေဖြင့် အန္တရာယ်များနှင့် ဆက်လက်ရင်ဆိုင် တွေ့ကြုံနေကြရမည်ဖြစ်ပြီး အကျိုးဆက်မှာ မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးတစ်စုံလုံးဆိုင်ရာ၊ အထူးသဖြင့် အမျိုးသမီးအခွင့်အရေးများကို ခြိမ်းခြောက်မှုများ ဖြစ်ပေါ်စေမည်။

## ၄. ၅ LGBTIQ များအပေါ် အကြမ်းဖက်မှုနှင့် ခွဲခြားဖိနှိပ်မှု

LGBTIQ အခွင့်အရေးလုပ်ရှားနေပြီး မိမိကိုယ်မိမိ LGBTIQ အဖြစ် သတ်မှတ်သော HRD များသည် အထူးသဖြင့် ၎င်းတို့၏ ရပ်ရွာလူထုများထံမှ ခြိမ်းခြောက်မှု၊ မတရားပြုမှု၊ ခွဲခြားဖိနှိပ်မှုနှင့် အကြမ်းဖက်မှုတို့ကို တောက်လျှောက်ရင်ဆိုင်နေရသည်။ LGBTIQ အခွင့်အရေးများအတွက် လှုပ်ရှားနေသည့် မန္တလေးအခြေစိုက် HRD တစ်ဦးက သူမ၏ကား တိုက်ခိုက်ခံရမှုအပေါ် ယခုလို ပြောပြသည် -

> “ ၂၀၁၄ တုန်းက လူငယ်တစ်စုက ကျမကို တိုက်ခိုက် ပြီး ကျမကားမှန်တွေကို ခွဲပစ်ခဲ့တယ်။ ကျမကိုလည်း ‘ဘောပြား’ လို့ လှောင်ကြတယ် ”

LGBTIQ အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများသည် လူမှုမီဒီယာမှတဆင့် ရန်လိုစွာဖြင့် ဆိုးဝါးသော ပုဂ္ဂိုလ်ရေးတိုက်ခိုက်မှုများလည်း ခံနေရကြောင်း ပြောပြကြသည်။ ၎င်းတို့ကို သိက္ခာချရန်နှင့် နာမည်ပျက်စေရန် အွန်လိုင်းလှုပ်ရှားမှုများ လုပ်နေပုံကို အချို့က ယခုလိုပြောပြသည် -

> *“ကျနော့်ကို အဓိကအားဖြင့် လူမှုမီဒီယာမှာ တိုက်ခိုက်တာခံရတယ်။ ဥပမာဆိုရင် ကျနော့်ဓာတ်ပုံနဲ့ အချက်အလက်တွေ သုံးပြီး ဖေ့စ်ဘွတ်စာမျက်နှာတွေထောင်ကြတယ်။ ကျနော့်ဖုန်းကတဆင့်လည်း နှောင့်ယှက်တာ ခံရတယ်။ လိင်ကိစ္စပါတဲ့ စာတွေပုံတွေ ကျနော့်ဆီ ပို့ကြတယ်။ ကျနော့်အလုပ်ကို ဆက်လုပ်လို့ မရတော့ဘူး။”*

သို့ရာတွင် LGBTIQ အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများကို ဆန့်ကျင်စော်ကားသည့် လှုပ်ရှားမှုများသည် မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုဓလေ့ထုံးစံများ၊ နက်ရှိုင်းစွာ တည်ရှိနေသော ခွဲခြားနှိမ့်ချလိုစိတ်များ၏ လက္ခဏာဖြစ်သည်။ ယင်းခွဲခြားနှိမ့်ချလိုစိတ်များကို အာဏာပိုင်တို့က တက်ကြွစွာ မီးထိုးပေးပြီး အဆိုပါ HRD များကို နှောင့်ယှက်ခြိမ်းခြောက် သိက္ခာချခြင်းဖြင့် အရှုံးပေးအညံ့ခံ နှုတ်ဆိတ်သွားအောင် ခြောက်လှန့်ခြင်းပင် ဖြစ်သည်။ အားလုံးနှင့်ဆိုင်သည့် အနေအထား မဟုတ်သော်လည်း HRD အတော်များများက မိမိတို့ရပ်ရွာများအတွင်း မလုံခြုံမှုနှင့် ၎င်းတို့အလုပ်၏ သဘောသဘာဝအရ မိသားစုများထံမှပင် အထောက်အကူ မရကြောင်း ပြောကြသည်။

LGBTIQ အခွင့်အရေးကာကွယ်စောင့်ရှောက်သူ နောက်တစ်ဦးကလည်း ယခုလို မှတ်ချက်ပေးသည် -

> *“[LGBTIQ] တစ်ယောက်အနေနဲ့ ကျနော်တို့မှာ ကာကွယ်စောင့်ရှောက်မှု မရဘူး။ ကျနော်တို့ဟာ အာရုံစိုက်မှုပိုခံရပြီး လွယ်လွယ်နဲ့ နှောင့်ယှက်ဗိုလ်ကျစရာ ပစ်မှတ်တွေဖြစ်လာတယ်။ ရုပ်ပိုင်း စိတ်ပိုင်း လိင်ပိုင်း အားလုံးပဲ။ ဒါပေမယ့် ကျနော်တို့ကိုကာကွယ်စောင့်ရှောက်တဲ့ ဥပဒေမရှိဘူး။ အဲလိုဥပဒေမရှိတော့ [LGBTIQ] HRD တွေကို တရားစီရင်ရေးပိုင်းက နှောင့်ယှက်ဖို့ အင်မတန်လွယ်တဲ့ ပစ်မှတ်တွေ ဖြစ်သွားတယ်။ ဒါကြောင့် ကျနော်တို့ဟာ ဖိအားတွေ အများကြီးအောက် နေနေရတော့ လုပ်ရကိုင်ရတာ အရမ်းသတိထားနေရတယ်။ တစ်ခါတစ်လေ ကျနော်တို့ဟာ ဟန်ဆောင်ပြီး နေလို့ရတယ်။ ဘာလို့လဲဆိုတော့ လူတွေက ကျနော်တို့ကို မိတ်ကပ်ဆရာ အလှဖန်တီးရှင်တွေလို့ ထင်ကြလို့ပါ။ ဒါပေမဲ့ ကျနော်တို့ဟာ တက်ကြွ လှုပ်ရှားသူတွေလို့ သိသွားရင်တော့ အန္တရာယ်ရှိနိုင်တယ်။”*

အာဏာပိုင်များနှင့် ရပ်ရွာအသိုင်းအဝိုင်းများ၏ အထက်ပါကဲ့သို့သော ခွဲခြားနှိမ့်ချမှု နည်းနာများသည် အထက်တွင် ဖော်ပြခဲ့သည့် အမျိုးသမီး HRD များနည်းတူ ၎င်းတို့၏ အခြေခံ လူ့အခွင့်အရေးများကို တိုက်ရိုက်ချိုးဖောက်ခြင်းပင် ဖြစ်သည်။ တိုက်ခိုက်မှု၊ ခွဲခြားဖိနှိပ်မှုနှင့် အခြားလူ့အခွင့်အရေး ချိုးဖောက်မှုအားလုံးက LGBTIQ အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများအပေါ် ပြင်းထန်သည့် ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ ဖိစီးမှုများပေးပြီး ၎င်းတို့၏ ကောင်းမွန်အေးချမ်းစွာ နေထိုင်နိုင်မှုနှင့် တရားဝင်မှုရှိသော လူ့အခွင့်အရေးအလုပ် လုပ်ဆောင်နိုင်စွမ်းကိုလည်း ကြီးစွာသော ထိခိုက်မှုဖြစ်စေသည်။ တွေ့ဆုံ မေးမြန်းခဲ့သူအားလုံးထဲမှ LGBTIQ အခွင့်အရေး ကာကွယ်စောင့်ရှောက်သူအချို့က ပုဂ္ဂိုလ်ရေးဆန်ပြီး ရှုန့်ရင်းကြမ်းတမ်းသော ဆဲရေးတိုင်းထွာမှုများ ခံရပုံကို ပြောပြကြသည်။ စိတ်ကျန်းမာရေး အစီအစဉ်များနှင့် ရင်းနှီးမှု မရှိသေးသော မြန်မာ့ လူ့အဖွဲ့အစည်းတွင် အထက်ပါ မတရားပြုမှုများကြောင့်ရရှိသည့် စိတ်ပိုင်းဆိုင်ရာထိခိုက်မှု၊ ဒဏ်ရာနှင့် စိတ်ဓာတ်ကျဆင်းမှုတို့မှာ လူမသိသူမသိနှင့် လျစ်လျူရှုခံရလေ့ရှိသည်။

LGBTIQ အခွင့်အရေး လုပ်ငန်းနယ်ပယ်သည် အခြားလူ့အခွင့်အရေး လုပ်ငန်းနယ်ပယ်များထက် အရပ်ဖက် အသိုင်းအဝိုင်းနှင့် ရပ်ရွာလူထုအသိုင်းအဝိုင်းများ၏ အားပေးထောက်ခံမှု ပိုမိုနည်းပါးနိုင်သည်။ LGBTIQ အခွင့်အရေး ကာကွယ်စောင့်ရှောက်သူ တစ်ဦးထောက်ပြထားသလို မြန်မာနိုင်ငံ အရပ်ဖက်အသိုင်းအဝိုင်းသည် *"LGBTIQ အခွင့်အရေးအတွက် လှုပ်ရှားနေသည့် အဖွဲ့များနှင့် လူများကို ကာကွယ်စောင့်ရှောက်နိုင်ရန် ကောင်းမွန်သည့် ဆက်သွယ်မှု သို့မဟုတ် ပူးပေါင်းဆောင်ရွက်မှု"* မပြုလုပ်ကြပေ။ LGBTIQ အခွင့်အရေးအတွက် လှုပ်ရှားနေသည့် အရပ်ဖက်လူထုအဖွဲ့အစည်းများနှင့် HRD များတို့ စုစုစည်းစည်းအတူလက်တွဲကာ LGBTIQ အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများ ရင်ဆိုင်နေရသည့် အခက်အခဲများအပေါ် အသိအမြင် မြှင့်တင်ပေးကြပြီး အလုပ်ရုံ ဆွေးနွေးပွဲများ၊ သင်တန်းများ စီစဉ်ဖွင့်လှစ်၊ အချင်းချင်းအားပေးထောက်ကူနိုင်မည့် အားကောင်းသော အရပ်ဖက်လူထုကွန်ရက်တစ်ခု ရှိရန် လိုအပ်နေကြောင်း အကြံပြုကြသည်။ INGO များအနေဖြင့် ယင်း LGBTIQ ကွန်ရက်ကို အခြေခံလူ့အခွင့်အရေးများအကြောင်း ပညာပေးခြင်း၊ စိတ်ချရသည့် ဆက်သွယ်မှုကွန်ရက်များ ကမကထပြုပေးခြင်းတို့ဖြင့် အားပေးထောက်ကူနိုင်မည် ဖြစ်သည်။ LGBTIQ အခွင့်အရေးများအကြောင်း၊ LGBTIQ များအပေါ် ခွဲခြားဖိနှိပ်မှုနှင့် နှိမ့်ချခြင်း တို့ကြောင့် HRD များနှင့် ထိခိုက်နစ်နာသူများအပေါ် သက်ရောက်စေသည့်အကြောင်းများကို အာဏာပိုင်များ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ရပ်ရွာလူထုများကို ပညာပေးခြင်းအားဖြင့် LGBTIQ အခွင့်အရေးကာကွယ် စောင့်ရှောက်သူများ ၎င်းတို့၏ တန်ဖိုးရှိလှသော လူ့အခွင့်အရေး အလုပ်ကို ဆက်လုပ်နိုင်မည် ဖြစ်သည်။ နောက်ဆုံး အနေဖြင့် မြန်မာလွှတ်တော်က LGBTIQ များအပေါ် ခွဲခြားဖိနှိပ်မှုကို ပြစ်မှုမြောက်စေသည့် သက်ဆိုင်ရာဥပဒေများ ပြဋ္ဌာန်းပေးရန်နှင့် သက်ဆိုင်ရာအာဏာပိုင်များ၊ လုံခြုံရေးတပ်ဖွဲ့များက ထိရောက်စွာ စောင့်ထိန်းကြပ်မတ်ရန် အရေးကြီးပေသည်။

## ၄.၆ ဘာသာရေးနှင့် ယုံကြည်မှု ပေါင်းကူးခြင်းဆိုင်ရာ ခွဲခြားဖိနှိပ်မှု

ယုံကြည်မှုနှင့် ဘာသာရေးကိစ္စရပ်များဆိုင်ရာ လှုပ်ရှား လုပ်ဆောင်နေသည့် HRD များက ဒေသခံရပ်ရွာလူထုများကြောင့် အဆိုးဆုံးအခက်အခဲတချို့ ရင်ဆိုင်နေရကြောင်း ပြောပြကြသည်။ ၎င်းတို့သည် အစိုးရဌာနဆိုင်ရာများနှင့် ဒေသခံအာဏာပိုင်များကိုသာမက ရပ်ရွာလူထုများထဲမှ ခေါင်းဆောင်များ၊ လူထုများနှင့် တကွ အရပ်ဖက်လူမှုအသင်းအဖွဲ့များကိုပါ ထိပ်တိုက် ရင်ဆိုင်နေကြရသည်။ အာဏာပိုင်များသည် အချို့ဘာသာရေးခေါင်းဆောင်များနှင့် အစွန်းရောက်အမျိုးသားရေးအဖွဲ့များကို အသုံးချပြီး HRD များအပေါ် ခွဲခြားနှိမ့်ချမှုများ၊ ရန်လိုမှုများနှင့် ရန်စမှုများ ဖြစ်အောင် အားပေးအားမြှောက်ပြုနေသည်ဟု မှတ်ချက်ပြုကြသည်။ ယင်းသို့ဖြင့် HRD များအနေဖြင့် ကိုးကွယ်ယုံကြည်မှုများကို ပေါင်းကူးပေးသည့် ပိုမိုခိုင်မာသော ကွန်ရက်များ တည်ဆောက်နိုင်ရေး ကြိုးပမ်းရာတွင် ဘေးကင်းစွာဖြင့် လှုပ်ရှားနိုင်ရန် အလွန်ခဲယဉ်းလာသည်။

သို့ဖြင့် ယင်း HRD များသည် ခက်ခဲလှသော အခြေအနေတွင် လှုပ်ရှားနေရပြီး ကြောက်ရွံ့မှုနှင့် ရန်စောင်မှုဝန်းကျင်အတွင်း လုပ်ကိုင်နေရသည်။ ခရစ်ယာန်ဘာသာဝင် တက်ကြွလှုပ်ရှားသူတစ်ဦးက ၎င်းအနေဖြင့် လူမြင်ကွင်းတွင် ဘုန်းကြီးများနှင့် စကားပြောရန် ကြောက်ရွံ့နေမှုနှင့် ဘာသာပေါင်းစုံ ချစ်ကြည်ရေး ကိစ္စရပ်များအပေါ် လှုပ်ရှားနေသဖြင့် သူမ၏အဖွဲ့ ခြိမ်းခြောက်ခံနေရမှုများကို ဆွေးနွေးပြခဲ့သည်။ ဘာသာပေါင်းစုံ ချစ်ကြည်ရေး ရပ်ရွာကိစ္စများတွင် လှုပ်ရှားဆောင်ရွက်နေသည့် ရိုဟင်ဂျာ အမျိုးသမီး HRD တစ်ဦးကလည်း သူမ၏ အတွေ့အကြုံများကို ယခုလို ပြောပြသည် -

*"ကျမတို့ အသိုင်းအဝိုင်းက မြန်မာနိုင်ငံထဲမှာတင် မကဘူး။ တစ်ကမ္ဘာလုံးမှာပါ အထီးကျန်ဆုံးလို့ သတ်မှတ်ခံရတယ်။ ဒါကြောင့် ကျမအနေနဲ့ စိန်ခေါ်မှုတွေ၊ ခွဲခြားဖိနှိပ်မှု အန္တရာယ်တွေနဲ့ အသားကျနေပါပြီ။"*

ထိုမှျသာမက ဘာသာရေး အကျိုးစီးပွားများနှင့် အမျိုးသမီးအခွင့်အရေးများအကြား သဘောကွဲလွဲမှုများကြောင့် ဘာသာပေါင်းစုံ ချစ်ကြည်ရေးနှင့် အမျိုးသမီးအခွင့်အရေး နှစ်မျိုးစလုံးတွင် လှုပ်ရှားနေသည့် အမျိုးသမီး HRD အများအပြားမှာ မတရားပြုမှု၊ နှောင့်ယှက်အနိုင်ကျင့်မှုနှင့် အချို့နေရာများတွင် ကိုယ်ထိလက်ရောက် တိုက်ခိုက်မှုကိုပင် ခံကြရသည်။ အကြောင်းမှာ ယင်း အမျိုးသမီး HRD များအကြောင်း သွားပုပ်လေလွင့်ဖြန့်ထားသည့် မှတ်ချက်များက ဒေသခံရပ်ရွာလူထုများအပေါ် ဩဇာသက်ရောက်နေသော ကြောင့် ဖြစ်သည်။ HRD များ ယုံကြည်မှု အမျိုးမျိုးရှိသည့် အစုအဖွဲ့များနှင့် အတူလှုပ်ရှားသည့်အခါ ရင်ဆိုင်ရသည့် အခက်အခဲများကို ရန်ကုန်အခြေစိုက် အမျိုးသမီး HRD တစ်ဦးက ယခုလိုထောက်ပြသည် -

*"ကျမတို့မှာ ထိလွယ်ရှလွယ် အားနည်းချက်တွေ ရှိတယ်။ တစ်ခါတစ်လေ အမျိုးသမီးတွေနဲ့ မသင့်တော်ဘူးလို့ ဘာသာရေး အရ သတ်မှတ်ထားတဲ့ အလုပ်တွေကို လုပ်ရတယ်။ မြန်မာပြည်မှာ တချို့အသိုင်းအဝိုင်းတွေက အဲလိုအမျိုးသမီးတွေရဲ့ ပါဝင်မှု အခန်းကဏ္ဍကို လက်ခံလာဖို့ ခက်တယ်။"*

အမျိုးသမီးအခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ပေးနေပြီး ဘာသာပေါင်းစုံနှင့် အလုပ်လုပ်နေသော ရန်ကုန်အခြေစိုက် အမျိုးသမီး HRD နောက်တစ်ဦးကလည်း ယခုလိုပြောသည် -

*"လွန်ခဲ့တဲ့နှစ်နှစ်က အခြေအနေ နည်းနည်းကောင်းတယ်။ ဒါပေမယ့် ဘာသာခြား လက်ထပ်ထိမ်းမြားရေး ဥပဒေ ထွက်လာပြီးတော့ ပြန်ဆိုးလာတယ်။ ကျမတို့ အမျိုးသမီးတွေအတွက် အများကြီးထိခိုက်သွားတယ်။ ဥပမာဆိုရင် ကျမတို့ နိုင်ငံတကာ အမျိုးသမီးများနေ့ ကျင်းပတုန်းက [အာဏာပိုင်တွေ] လာပြီး ဓာတ်ပုံရိုက်တယ်၊ မှတ်တမ်းယူတယ်၊ မေးခွန်းတွေမေးတယ်။ ပြီးတော့ ကျမတို့က ဘာသာခြား လက်ထပ်ထိမ်းမြားရေး ဥပဒေကို ဆန့်ကျင်နေတယ်ဆိုပြီး ပြောတယ်။ ပြည်သူလူထုကို သတင်းမှားပေးတယ်။ ကျမတို့ကို တံဆိပ်ကပ်ပြီး နာမည်၊ ဓာတ်ပုံနဲ့ ဖုန်းနံပတ်တွေကို မြို့နယ်တွေမှာ လျှောက်ဖြန့်တယ်။"*

မြန်မာနိုင်ငံ ပြည်နယ်အသီးသီးတွင် အမျိုးသမီးအခွင့်အရေးလှုပ်ရှားနေသည့် အမျိုးသမီး HRD နောက်တစ်ဦးက ယခုလို ရှင်းပြသည် -

*"ကျမတို့ အမျိုးသမီးအခွင့်အရေး အကြောင်းပြောတဲ့အခါ ရှေးရိုးစွဲ ဘာသာရေးခေါင်းဆောင်တွေက စိတ်ဆိုးကြတယ်။ တချို့ အာဏာရှင်ဆန်တဲ့ ဘာသာရေးခေါင်းဆောင်တွေက မျက်စိမှိတ်နာခံခိုင်းတယ်။ အဲဒါ ကျမတို့ တိုင်းပြည်နဲ့ ကျမတို့ဘာသာတရားအတွက် အင်မတန်အန္တရာယ်ကြီးတယ်။ ဒီအန္တရာယ်က ဖိနှိပ်တဲ့အစိုးရနဲ့ ဘာသာရေးအစွန်းရောက်ဝါဒ ပေါင်းကြလို့ပေါ်လာတာ။ ဒါ့အပြင် ကျမ သူငယ်ချင်းတချို့လည်း အစွန်းရောက် ဘာသာရေးခေါင်းဆောင်တွေရဲ့ နာမည်ပျက်စာရင်းမှာ ပါနေပြီး နှောင့်ယှက်တာ ခံနေရတယ်။"*

ဘာသာပေါင်းစုံ ချစ်ကြည်ရေးကိစ္စများနှင့်ပတ်သက်၍ ကြားနေသူများ ဥပမာ - ရှေ့နေများပင်လျှင် တိုက်ခိုက်ခံရသည်။ ၎င်းတို့သည် တရားရင်ဆိုင် နေရသော မွတ်စလင်များအတွက် တရားရေးဆိုင်ရာ အခွင့်အရေးများ ရရှိအောင် ကြိုးစားပေးမှုကြောင့် အာဏာပိုင်များက ဘာသာရေးနောက်ခံလုပ်ရပ်၊ အကြမ်းဖက်သဘာဝရှိသည့် လုပ်ရပ်များလုပ်သည်ဟု သတ်မှတ်ပြီး တိုက်ခိုက်ခံရခြင်း ဖြစ်သည်။ ရှေ့နေများက ၎င်းတို့၏ အမှုသည်များသည် အခြားသူများနည်းတူ တရားမျှတသည့် ကြားနာစစ်ဆေးခံခွင့်ရှိသဖြင့် ပြစ်မှု၊ လူမျိုးနောက်ခံ သို့မဟုတ် ဘာသာရေးယုံကြည်ချက်များကို မကြည့်ဘဲ အမှုလိုက် ပေးခြင်းသာ ဖြစ်သည်။ ရှေ့နေတစ်ဦးက ယခုလိုဆိုသည် -

*"တစ်ခါတစ်လေ ကျမ မွတ်စလင်တွေအတွက် ဥပဒေအထောက်အကူပေးတယ်။ ဒီအမှုတွေဟာ ဘာသာရေးအမှုတွေ အကြမ်းဖက်သမားအမှုတွေလို့ လူတွေက ပြောကြတယ်။ ဒါပေမယ့် ကျမကတော့ အဲလိုမမြင်ဘူး သူတို့က နိုင်ငံရေးအမှုတွေပါ။ အဲဒါအပြင် ကျမက သူတို့ကို လွှတ်ပေးဖို့ ဒါမှမဟုတ် ထောင်ချဖို့ ဒါမှမဟုတ် အပြစ်ရှိမရှိ သက်သေထူဖို့လုပ်တာ မဟုတ်ဘူး။ တရားမျှတတဲ့ ကြားနာစစ်ဆေးခွင့်ဆိုတဲ့ သူတို့ရဲ့ အခြေခံအခွင့်အရေးကို လေးစားဖို့ပါပဲ။"*

ဘာသာပေါင်းစုံချစ်ကြည်ရေး လှုပ်ရှားနေသည့် မွတ်စလင်အမျိုးသား HRD တစ်ဦးက ၎င်း၏ စိုးရိမ်မှုများသည် အာဏာ ပိုင်များကြောင့်မဟုတ်ဘဲ အရပ်ဖက်လူထု အသိုင်းအဝိုင်း၏ လုပ်ဆောင်မှုကြောင့် ပေါ်ပေါက်လာခြင်း ဖြစ်သည်ဟု ထောက်ပြသည်။ ၎င်းအနေဖြင့် ဆန့်ကျင်မှုများကို ရင်ဆိုင်ခဲ့ရပြီး လူထုအသိုင်းအဝိုင်းများအကြား သဘောကွဲလွဲမှုနှင့် အကြမ်းဖက်မှုတို့ကို အားပေးအားမြှောက်ပြုသည့် အထူးသဖြင့် ပြဿနာတက်နေသည့် ရခိုင်ပြည်နယ်တွင် အာဏာပိုင်များ၏ အခန်းကဏ္ဍနှင့် ပတ်သက်ပြီး စိုးရိမ်သောကရှိကြောင်း ဖွင့်ဟခဲ့သည်။ အမျိုးသားရေးနှင့် ဘာသာရေးအစွန်းရောက် အာဘော်များ၊ အထူးသဖြင့် ၉၆၉၊ မဘသလှုပ်ရှားမှုနှင့် အစွန်းရောက် ဗုဒ္ဓဘာသာဘုန်းကြီး ဦးဝီရသူတို့က ဖြန့်ချိနေသည့် အာဘော်များ တိုးမြှင့်လာခြင်းနှင့် မကြာသေးမီက ပြဋ္ဌာန်းလိုက်သည့် အမျိုးဘာသာစောင့်ရှောက်ရေး ဥပဒေများကြောင့် မြန်မာနိုင်ငံရှိ မတူကွဲပြားသည့် ဘာသာများ၊ ကိုးကွယ်ယုံကြည်မှုများ၊ လူထုအသိုင်းအဝိုင်းများအကြား တင်းမာမှုများနှင့် ကွဲပြားမှုများသည် ယခုလောက် တစ်ခါမျှ မထင်ရှားခဲ့ သို့မဟုတ် စိုးရိမ်စရာ မကောင်းခဲ့ပေ။

အစိုးရ၊ ဒေသခံအာဏာပိုင်များ၊ အချို့ ဘာသာရေးနှင့် အမျိုးသားရေးခေါင်းဆောင်များက အရပ်ဖက်အသိုင်းအဝိုင်းများကို ယခုကဲ့သို့ ထိရောက်စွာ အစိတ်စိတ်ကွဲအောင် လုပ်နိုင်နေသရွေ့ ယင်းကဲ့သို့သော ဘာသာရေးနှင့် လူမျိုးရေးအခြေခံ ခွဲခြားဖိနှိပ်မှုကို တညီတညွတ်တည်း မှန်ကန်စွာ ဆန့်ကျင်နိုင်ရန်၊ အယူဝါဒများကြား တွေ့ဆုံဆွေးနွေးရေးနှင့် ပူးပေါင်း ဆောင်ရွက်ရေးကို အားပေးရန် ဆက်လက်ခက်ခဲနေမည် ဖြစ်သည်။ ဘာသာရေးကိစ္စရပ်များသည် လက်ရှိတွင်ပင် တင်းမာမှု ဖြစ်ပွားရခြင်း၏ အကြောင်းရင်း ဖြစ်နေသည့်အပြင် မတူကွဲပြားသော အစုအဖွဲ့များကို စုစည်းလက်တွဲရန် ကြိုးပမ်းနေသည့် HRD များအပေါ် ချိုးဖောက်နှောင့်ယှက်မှုများနှင့် ပေါင်းလိုက်ပါက ပိုမိုကြောက်ရွံ့ဖွယ် ကောင်းသောဝန်းကျင်၊ မညီညွတ်မှုနှင့် ရပ်ရွာ ဘာသာရေး အကြမ်းဖက်မှု အခြေအနေကိုသာ ပေါ်ပေါက်စေမည် ဖြစ်သောကြောင့် နောက်ဆက်တွဲအဖြစ် ပိုမိုဆိုးဝါးသော လူထုအခွင့်အရေး ချိုးဖောက်မှုများ ကျယ်ပြန့်စွာ ဖြစ်ပေါ်လာနိုင်ပါသည်။

> **“** *ကျနော် ဒီကိစ္စတွေထဲ ပါဝင်ပတ်သက်ကတည်းက ကျနော်နဲ့ ကျနော့်မိသားစုကို ပတ်ဝန်းကျင်က ဖယ်ကျဉ်တာ ခံရတယ်။ ကျနော်တို့က ထောက်လှမ်းရေး စောင့်ကြည့် စာရင်းမှာပါလို့ လူတွေက ကျနော်တို့နဲ့ ဆက်ဆံရမှာ ကြောက်နေကြတယ်။* **”**

အာဏာပိုင်များနှင့် ရပ်ရွာအသိုင်းအဝိုင်းများဘက်မှ အသုံးပြုသော အဆိုပါနည်းနာများသည် အထက်တွင်ဖော်ပြခဲ့သည့် အမျိုးသမီးအခွင့်အရေးနှင့် LGBTIQ အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများ၏ အခြေခံအခွင့်အရေးများကို ထပ်မံ၊ တိုက်ရိုက်ချိုးဖောက်ခြင်းပင်ဖြစ်သည်။ တိုက်ခိုက်မှု၊ ခွဲခြားဖိနှိပ်မှုနှင့် အခြားလူ့အခွင့်အရေး ချိုးဖောက်မှုအားလုံးသည် ဘာသာပေါင်းစုံ ချစ်ကြည်ရင်းနှီးရေး လုပ်ဆောင်နေသော HRD များအပေါ် ဆိုးဝါးသည့် ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ ဖိစီးမှုပေးနေ၊ ၎င်းတို့၏ ကောင်းမွန်အေးချမ်းစွာ နေထိုင်မှုနှင့် တရားဝင်မှုရှိသော လူ့အခွင့်အရေးအလုပ် ဆက်လုပ်နိုင်စွမ်းကို ကြီးမားစွာထိခိုက်စေသည်။ ထို့အပြင် အမုန်းစကား၊ အစွန်းရောက် ဘာသာရေးစကားများ၊ ဘာသာရေးနှင့် လူမျိုးရေးအခြေခံ ခွဲခြားဖိနှိပ်မှုတို့ကို သီးသန့်ရွေးပြီး ရာဇဝတ်မှုမြောက်စေ၊ ပြစ်ဒဏ်ကျစေမည့် ဥပဒေများကို ပြဋ္ဌာန်းသင့်သည်။

## ၄. ၇ ရပ်ရွာလူထုများ စိတ်ဝမ်းကွဲမှုနှင့် အထီးကျန်ကင်းကွာမှု

HRD များ၏ လှုပ်ရှားမှုများကို သေသေ ချာချာ အနီးကပ်စောင့်ကြည့်ခြင်းဖြင့် ရဲနှင့် စစ်ထောက်လှမ်းရေးသည် ကြောက်ရွံ့စိုးရိမ် မှုဝန်းကျင်တစ်ခုကို ဖန်တီးကာ HRD များကို ၎င်းတို့၏ ရပ်ရွာ လူထုအတွင်း လူထုမှ မဆက်ဆံရဲအောင် အပယ်ခံ ဖြစ်အောင် လုပ်ဆောင်နေပါသည်။ HRD တစ်ဦးက ယခုလိုပြောသည် -

> *“ကျနော် ဒီကိစ္စတွေထဲ ပါဝင်ပတ်သက်ကတည်းက ကျနော်နဲ့ ကျနော့်မိသားစုကို ပတ်ဝန်းကျင်က ဖယ်ကျဉ်တာ ခံရတယ်။ ကျနော်တို့က ထောက်လှမ်းရေး စောင့်ကြည့် စာရင်းမှာပါလို့ လူတွေက ကျနော်တို့နဲ့ ဆက်ဆံရမှာ ကြောက်နေကြတယ်။”*

HRD အများအပြားက ၎င်းတို့၏ ရပ်ရွာအသိုင်းအဝိုင်းများအတွင်း အပယ်ခံများ ဖြစ်နေသည့်အကြောင်း ပြောပြကြသည်။ HRD များက ၎င်းတို့သက်တောင့်သက်သာ မနေနိုင်အောင်နှင့် HRD လုပ်ငန်းများ လုံခြုံမှုရှိစွာ ဆက်လက်မဆောင်ရွက်နိုင်လောက်အောင် ဒေသခံအာဏာပိုင်များနှင့် အစိုးရထောက်လှမ်း

## ဖြစ်ရပ်လေ့လာသုံးသပ်ခြင်း ၁ - သံဃာများ နှင့် ဒေသခံအာဏာပိုင်များအကြား ပူးပေါင်းကြံစည်မှု

စိတ်အနှောင့်အယှက်ဖြစ်စရာ ဥပမာတစ်ခုမှာ ကရင်ပြည်နယ် ဘားအံမြို့နယ်မှ ဘုန်းကြီးကျောင်းတစ်ခုနှင့် ပတ်သက်သည်။ ၂၀၁၄ ခုနှစ် အောက်တိုဘာလတွင် ထင်ရှားသည့် HRD ခြောက်ဦး ၏ ရုပ်ပုံပိုစတာများကို ဘုန်းကြီးကျောင်းတွင်ပြထားပြီး "မွတ်စလင် ဘက်တော်သားများ သို့မဟုတ် အမျိုးသားသစ္စာဖောက်များ" ဟု စာတန်းထိုးထားသည်။ ယင်း HRD များမှာ အမျိုးသမီးအခွင့်အရေး၊ နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေး၊ LGBTIQ အခွင့်အရေးနှင့် ဘာသာရေး ခွဲခြားဖိနှိပ်မှု စသည့်ကိစ္စရပ်များကို လှုပ်ရှားဆောင်ရွက်နေကြသည့် လူသိများသော တက်ကြွလှုပ်ရှားသူများ ဖြစ်သည်။

ကျောင်းထိုင်ဆရာတော်က ယင်း ပိုစတာများသည် အမျိုးဘာသာ သာသနာကို ကာကွယ်စောင့်ရှောက်ရန် ပြသထားခြင်းဖြစ်ပြီး ဘာသာရေးခေါင်းဆောင်များအနေဖြင့် လူ့အခွင့်အရေး တက်ကြွလှုပ်ရှားသူဟု အမည်ခံကာ လက်တွေ့တွင် တိုင်းပြည်ကို နိုင်ငံခြားသားများအား ရောင်းစားနေသူမည်သူ့ကိုမဆို ဆန့်ကျင်ရပ်တည်သွားမည်ဟု ရှင်းပြသည်။ ထိုဆရာတော်မှ ဒေသခံအာဏာပိုင်များကို "ဘာသာရေးပြဿနာများ" ကူညီဖြေရှင်းပေးရန် ပြောကြားခဲ့ရာ အာဏာပိုင်တို့က လုပ်နိုင်သမျှ လုပ် နေသော်လည်း လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများကြောင့် ထိရောက်သင့်သလောက် ထိရောက်စွာ မလုပ်နိုင်ကြောင်း၊ သံဃာများသည် ဘာသာရေး ခေါင်းဆောင်၊ ရပ်ရွာလူထုခေါင်းဆောင်များ ဖြစ်သည့်အလျောက် တိုင်းပြည်နှင့် အမျိုးဘာသာ သာသနာကိစ္စများ ဆောင်ရွက်ရာတွင် အဟန့်အတားဖြစ်နေသည့် လူ့အခွင့်အရေး တက်ကြွလှုပ်ရှားသူများကို ကိုင်တွယ်ဖြေရှင်းသင့်ကြောင်း အာဏာပိုင်များက ပြန်လည်လျှောက်တင်ခဲ့သည်။ HRD ခြောက်ဦးစလုံးမှာ ဆဲရေးတိုင်းထွာမှု ပုံစံအမျိုးမျိုးကို ရင်ဆိုင်ရသည့်အပြင် အချို့ စော်ကားမှုများမှာ လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်မှုဖြစ်ပြီး ဖုန်းဆက်၍သော်လည်းကောင်း၊ အမျိုးသမီးတစ်ဦးအား ရုပ်ခန္ဓာပိုင်း ခြိမ်းခြောက်မှု အပါအဝင် လူမှုမီဒီယာပေါ်မှ ခြိမ်းခြောက်၍လည်းကောင်း စော်ကားခြင်းများ ခံကြရသည်။ အာဏာပိုင်များနှင့် အမျိုးသားရေးပြင်းထန်သော သံဃာများအကြား ဤသို့ ပူးပေါင်းကြံစည်မှုမှာ အလွန်အန္တရာယ်ကြီးသော ကိစ္စဖြစ်သည်။

ရေးများက ရည်ရွယ်ချက်ရှိရှိဖြင့် အသေအချာလုပ်နေသည်ဟု ပြောဆိုကြသည်။ မိမိတို့ရပ်ရွာအသိုင်းအဝိုင်းအတွင်း ကြောက်ရွံ့မှုနှင့် မယုံကြည်မှုတို့ကြောင့် အလုပ်ရှာမရနိုင်၊ ဝင်ငွေမရှာနိုင်ဖြစ်ရသည်ဟု HRD အများအပြားကပြောကြသည်။ ယင်းအချက်ကို ရှမ်းပြည်နယ်မှ အမျိုးသမီး HRD တစ်ဦးက ဤသို့ အတည်ပြုခဲ့သည် -

*"ကျမ အရင်က ကျူရှင်ဆရာမလုပ် တယ်။ ဒါပေမယ့် အခုတော့ ဆက် မလုပ်နိုင်တော့ဘူး။ ဘာကြောင့်လဲဆိုတော့ မိဘတွေက သူတို့ကလေးတွေကို စာသင်ပေးဖို့ ကျမကိုငှားရမှာ ကြောက်နေလို့လေ။ နောက်ပြီး အာဏာပိုင်တွေဆီက ဖိအားလည်း ပါနိုင်တယ်။"*

အခြား HRD များကလည်း ၄င်းတို့ ကြိုးစားလုပ်ဆောင်နေသည့် လူ့အခွင့်အရေး အလုပ်ကို သဘောမတူ နားမလည်သော ရပ်ရွာလူထုများနှင့် အလုပ်လုပ်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲများအကြောင်း ပြောပြသည်။ ရှမ်းပြည်နယ်မှ HRD နောက်တစ်ဦးက ပြောပြရာတွင် -

*"ကျနော်တို့နေတာက ရှေးရိုးစွဲမြို့ကလေးပါ။ ဒါကြောင့် ရပ်ရွာက ကျနော်တို့ကို လူ့အခွင့်အရေးကိစ္စတွေလှုပ်ရှားရင် မဆက်ဆံချင်ကြဘူး။ ကျနော်တို့အားလုံးက ရှမ်းလူမျိုးတွေဖြစ်လို့ ကျနော်တို့ဟာ ရှမ်းလူမျိုးတွေရဲ့ ကောင်းတဲ့အချက်တွေကိုပဲ ပြောသင့်တယ်လို့ အများကယူဆကြတယ်။"*

၂၀၁၁ ခုနှစ်တွင် သမ္မတဦးသိန်းစိန်၏ အရပ်သားတစ်ပိုင်းအစိုးရ အာဏာရလာပြီးနောက် ယင်းအစိုးရက နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုများကို အသံကျယ်ကျယ်နှင့်ကြော်ငြာခဲ့ပြီး မြန်မာနိုင်ငံသည် ပွင့်လင်းသည့် ဒီမိုကရေစီလူ့ဘောင်ဆီသို့ မှန်မှန်ရွေ့လျားနေသည်ဟု လေသံလွှင့်ခဲ့သည်။ သို့သော်လည်း တွေ့ဆုံမေးမြန်းခဲ့သည့် HRD များ၏ အမြင်များကမူ အလွန်တရာကွဲပြားသော အခြေအနေကို ပြသနေသည်။ ၄င်းတို့က ချိုးဖောက်မှုစနစ်နှင့် နည်းနာများ ပုံသဏ္ဍာန်သာပြောင်းလဲ၊ လက်တွေ့တွင် အခိုင်အမာဆက်လက်တည်ရှိနေဆဲဖြစ်သည်ကို ဖော်ထုတ်ခဲ့ကြသည်။ ဥပမာ - အထက်ဖော်ပြပါ ဘာသာရေး နှင့် ယုံကြည်မှု ပေါင်းကူးခြင်းဆိုင်ရာ ခွဲခြားဖိနှိပ်မှုကဏ္ဍ၊ ပြောခဲ့သလို HRD အများအပြားမှာ ယခုအခါ အာဏာပိုင်များထံမှ သာမက အစိုးရဘက်တော်သားအချို့ဘာသာရေးခေါင်းဆောင်များနှင့် အစွန်းရောက် အမျိုးသားရေးဝါဒီများ ထံမှပါ နှောင့်ယှက်အနိုင်ကျင့်မှုနှင့် မတရားပြုမှုများကို ရင်ဆိုင်နေကြရသည်။ ထို့ပြင် မကြာသေးမီက ဖြစ်ရပ်တစ်ခု

တွင် ရပ်ရွာ လူထုထဲမှ နာမည်ဖျက် အပုပ်ချသည့် လှုပ်ရှားမှုများဖြင့် နှောင့်ယှက်မှုကိုပါ ကြုံရသည်။ ထို့ကြောင့် မြန်မာအစိုးရ၏ အခြေခံမဟာဗျူဟာမှာ အရပ်ဖက်အသိုင်းအဝိုင်းအတွင်း သဘောထားကွဲလွဲမှုကို မျိုးစေ့ချ ပျိုးထောင်ပြီး HRD များအပေါ် ရပ်ရွာလူထုများ၊ အထူးသဖြင့် ကျေးလက်ဒေသများရှိ လူထုများ၏ ထောက်ခံမှုမရရှိအောင် လုပ်ဆောင်ခြင်းဖြစ်သည်။ တနည်းအားဖြင့်ဆိုရလျှင် မြန်မာအစိုးရသည် HRD များကို ဗြောင်တိုက်ခိုက်စရာမလိုဘဲ HRD များနှင့် တက်ကြွလှုပ်ရှားသူများအား သိက္ခာချသည့် ညစ်ပတ်သောလုပ်ဆောင်မှုများကို အခြားသူများ လုပ်ဆောင်ရန် အားပေးအားမြှောက်ပြုခြင်း ဖြစ်သည်။

အရင်းခံပြဿနာမှာ မြန်မာအစိုးရ၊ ဒေသ ခံအာဏာပိုင်များနှင့် ရပ်ရွာလူထုခေါင်းဆောင်များ ပူးပေါင်းကြံစည်ပြီး ဒေသခံလူထုအတွင်း HRD များ နာမည်ပျက်စေရန်နှင့် အခွင့်အလမ်းများ ပျက်ပြားစေရန် လုပ်ဆောင်နေကြခြင်းပင်ဖြစ်သည်။ ထို့ကြောင့် HRD များအနေဖြင့် ပုံမှန်ဘဝကို ထိန်းထားရန်နှင့် မိမိရပ်ရွာ အသိုင်းအဝိုင်းများ အတွင်း၌လည်းကောင်း၊ မြန်မာနိုင်ငံတစ်ခုလုံး၌လည်းကောင်း လူ့အခွင့်အရေးများ လေးစားလိုက်နာမှု တိုးတက်အောင် လုပ် ဆောင်ရန် အလွန်ခဲယဉ်းလာသည်။ ၎င်းတို့နှင့် မိသားစုများအတွက် လုံခြုံမှုအတိုင်းအတာ တစ်စုံတစ်ရာရှိရေး အာမခံနိုင်ရန် ကာကွယ်စောင့်ရှောက်မှု ပေးရမည်ဖြစ်သည်။

## ၄. ၈ ဘဝများနှင့် အသက်မွေး ဝမ်းကျောင်းမှုများ ဖရိုဖရဲဖြစ်ခြင်း

အထက်တွင်ဆွေးနွေးခဲ့သလို ၎င်းတို့၏အလုပ်ကြောင့် HRD များသည် ၎င်းတို့၏အသိုင်းအဝိုင်းများကပင် အပြင်လူများအဖြစ် ကြည့်မြင်ခံရသူများ ဖြစ်ကြသည်။ ယင်းအမြင်များကြောင့် ၎င်းတို့မှာ မိမိတို့အသိုင်းအဝိုင်း၏ ထောက်ခံအားပေးမှုရရန် အားမကိုးနိုင်ဘဲ ဖြစ်ရလေ့ရှိသည်။ သို့ဖြစ်၍ HRD အများအပြားမှာ မိမိတို့အလုပ်အတွက် အခြားနေရာများသို့ ခရီးထွက်ရသည်။ မကွေးတိုင်းတွင် အလုပ်လုပ်နေသည့် HRD တစ်ဦးက သူနှင့် သူ့မိသားစု ကြုံတွေ့ရမည့်အခက်အခဲများကို ယခုလိုပြောပြသည် -

*“ကျနော် HRD စလုပ်ကတည်းက ကျနော့်မိသားစုအတွက် ဘာမှလုပ်မပေးနိုင်ဘူး။ ကျနော်က HR ကိစ္စပေါ်လာတိုင်း လှုပ်ရှားနေခဲ့တာ။ ဒါ့အပြင် ကိုယ့်ကိုယ်ကို အရည်အချင်းမြင့်အောင်လည်း သင်တန်းတချို့ လျှောက်တက်နေရတယ်။ ကျနော် ဒီအလုပ်ထဲမှာ ရုပ်ပိုင်းရော ငွေကြေးပိုင်းရော မြှုပ်နှံထားတယ်။ ဒီတော့ ကျနော့် မိသားစုအတွက် ဘာစီးပွားရေးမှ တကယ်တမ်း မလုပ်နိုင်ဘူး၊ ဒါမှမဟုတ် ကျနော့်အလုပ်ကနေ ဘာငွေမှ မစုနိုင်ဘူး။”*

သို့ရာတွင် ပြဿနာမှာ မြန်မာနိုင်ငံ၌သာ သီးသန့်ဖြစ်နေခြင်း မဟုတ်ပေ။ မြန်မာနိုင်ငံအပြင်ဘက်၊ အဓိကအားဖြင့် ထိုင်း - မြန်မာ နယ်စပ်တလျှောက် အခြေစိုက်သော HRD များကလည်း နိုင်ငံတွင်းလှုပ်ရှားနေသည့် HRD များနှင့် အလားတူ အခက်အခဲများကို ရင်ဆိုင်ရကြောင်း ဖော်ပြကြသည်။ မြန်မာနိုင်ငံ အပြင်ဘက်တွင် ကိုးနှစ် နေထိုင်လုပ်ကိုင်ခဲ့သော တွေ့ဆုံမေးမြန်းခဲ့သူတစ်ဦးက ယခုလိုပြောသည် -

*“ကျနော့် HRD ကွန်ရက်က အထဲမှာ ဖြစ်ပေမယ့် ကျနော့် လှုပ်ရှားမှုအများစုကို တိုင်းပြည်အပြင်ဘက်မှာ လုပ်နေရတယ်။ ဘာလို့လဲဆိုတော့ အခြေအနေက ကျနော့်အဖို့ ပြည်တွင်းမှာ ထိထိရောက် ရောက်လုပ်ခွင့် မပေးသေးဘူး။ ဒါပေမယ့် ကျနော် နိုင်ငံ့အပြင်မှာနေလည်း ကျနော့်မိသားစုနဲ့ ကျနော့်မိဘတွေကို အာဏာပိုင်တွေ ခြိမ်းခြောက်တာတွေ ခံနေရတုန်းပဲ။”*

သုတေသနလုပ်ငန်းတလျှောက် တွေ့ဆုံမေးမြန်းခဲ့သူ HRD များက လူ့အခွင့်အရေးအလုပ် လုပ်ခြင်းကြောင့် မိသားစုဝင်များအပေါ် မတရားစော်ကားမှုများ ကျရောက်မည်ကို ကြောက်ရွံ့မှု၊ မိသားစုများနှင့်နေဖို့ အချိန်အလုံအလောက် ရရှိရေး၊ လုံခြုံသည့် မိသားစု အစုအဝေး ထူထောင်ရေး၊ မိသားစုစီးပွားရေးလုပ်ငန်း ထူထောင်ထိန်းသိမ်းရေး၊ လုံလောက်သည့် ဝင်ငွေရရှိရေးနှင့် ပညာရေး လူမှုဖူလုံရေးတို့ကို လက်လှမ်းမှီရေးတို့ကဲ့သို့ ၎င်းတို့၏ လူနေမှုဘဝများနှင့် မိသားစုဘဝများအပေါ် ဆိုးကျိုးသက်ရောက်မှုများနှင့်ပတ်သက်ပြီး စိုးရိမ်သောကများကို ဖွင့်ဟခဲ့ကြသည်။ ဤသို့ HRD အလုပ်ကိုဆောင်ရွက်ခြင်းဖြင့် တက်ကြွလှုပ်ရှားသူများသည် ဝင်ငွေရရှိရေး အခွင့်အလမ်းများ လက်လှမ်းမှီနိုင်စွမ်းနှင့် မိမိတို့မိသားစုများအား လုပ်ကျွေး နိုင်စွမ်းတို့အပေါ် ကြီးစွာသော ကန့်သတ်မှုကို ရင်ဆိုင်နေရခြင်းပင် ဖြစ်သည်။ HRD တစ်ဦးက စိုးရိမ်ပူပန်ရမှုများအား ယခုကဲ့သို့ပြောသည် -

*“မိသားစုကိစ္စတွေက အရင်လာတယ်။ ကျနော့် [HRD] ကိစ္စတွေလုပ်တုန်းက မိသားစုကိစ္စတွေကို ကောင်းကောင်း အာရုံမစိုက်နိုင်ဘူး။ ဒုတိယ စိတ်ပူ*



*ပဲခူးတိုင်းနှင့် မကွေးတိုင်းများတွင် အမျိုးသားပညာရေးဥပဒေအား ဆန့်ကျင်ဆန္ဒပြနေသည့် ကျောင်းသားများ*
Copyright: Kaung Myat Min, Irrawaddy

*တာက ဘဏ္ဍာရေးအနှောင်အဖွဲ့တွေ၊ ကျနော့်မှာ ဝင်ငွေ အလေးထားရှာဖို့ အချိန်သိပ်မရဘူး။"*

အချို့နေရာများတွင် NGO များနှင့် CSO များက ကွယ်လွန်သွားသည့် HRD များ၏ ဆွေမျိုးများအတွက် ပညာရေး အထောက်အကူနှင့် အခြေခံလူနေမှု စားရိတ်များ ထောက်ပံ့ ကူညီမှုကို တိုးလုပ်လာခဲ့သည်။ သို့ရာတွင် အတိုင်းအတာအရ အလွန်နည်းပါး နေသည်။ ယင်းကဲ့သို့သော အကူအညီမှာ HRD များအတွက် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် အလုပ်လုပ်နေသဖြင့် ပုံမှန်ဝင်ငွေရလမ်း လျော့နည်းလာခြင်း ကြောင့် အထူးသဖြင့် တစ်စုံတစ်ရာ အဖြစ်ဆိုး ကျရောက်သည့် အခါမျိုး၊ လိုအပ်ချက်ကို ကာမိအောင် မဖြည့်စွမ်းနိုင်ပေ။

ထို့အပြင် HRD များကိုယ်တိုင်အပေါ်သော်လည်းကောင်း၊ ယင်းတို့၏ မိသားစုများအပေါ်သော်လည်းကောင်း သက်ရောက် သည့် HRD အလုပ်၏ စိတ်ခံစားမှုနှင့် စိတ်ဓာတ်ရေးရာ အကျိုး သက်ရောက်မှုတို့မှာ ပြင်းထန်လှသည်။ ၄င်းတို့လှုပ်ရှားမှုများ ကြောင့် ဖြစ်ပေါ်လာသည့် ဝင်ငွေချို့တဲ့မှုနှင့် ဘဏ္ဍာရေး မလုံ လောက်မှုတို့က မိသားစုဘဝအပေါ် အထူးဖိစီးမှု ဖြစ်စေသည်။ ထို့အပြင် ကျေးလက်ဒေသများ သို့မဟုတ် တိုင်းရင်းသားဒေသများ တွင် HRD တစ်ယောက်အဖြစ် ရပ်တည်ရာတွင် ရပ်ရွာမှ ထိတွေ့ ဆက်ဆံရန် စိုးရိမ်ကာ ကင်းကင်းနေခြင်းကြောင့် ဘဏ္ဍာရေး လူမှုရေး အခက်အခဲများ ဖြစ်ပေါ်လေ့ရှိရာ တွေ့ဆုံမေးမြန်းခဲ့သူ HRD များထဲမှ ၅၆ ရာခိုင်နှုန်းက ပုဂ္ဂိုလ်ရေး၊ ဘဏ္ဍာရေးနှင့် လူမှုရေးအခက်အခဲများနှင့် ရင်ဆိုင်နေရကြောင်း ဖွင့်ဟကြသည်။ ဝင်ငွေမရှိခြင်းနှင့် ဝင်ငွေရလမ်းများ ချို့တဲ့ခြင်းက ကလေးများ ကျောင်းတက်နိုင်စွမ်း၊ အခြားမှီခိုသူများ ကျန်းမာရေး စောင့် ရှောက်မှု ရရှိနိုင်စွမ်းနှင့် သင့်တော်သည့် လူနေမှုအဆင့်အတန်း တွင် ရပ်တည်နိုင်စွမ်းတို့အပေါ် ရိုက်ခတ်မှုများရှိသဖြင့် အလွန် တရာ စိုးရိမ်ပူပန်ဖွယ်ဖြစ်သည်။ ကချင်ပြည်နယ်၊ အမျိုးသမီး ကိစ္စရပ်များ လုပ်ဆောင်နေသော တက်ကြွလှုပ်ရှားသူ တစ်ဦးက ယခုလိုပြောသည် -

*"ကျမက မိသားစုကို အချိန်မပေးနိုင်ဘူးလေ။ တက်ကြွ လှုပ်ရှားသူဖြစ်နေတော့ ကျမမိသားစုကလည်း ကျမနဲ့*

*ပတ်သက်ပြီး အမြဲစိုးရိမ်ပူပန်နေတယ်။ ကျမအမေက ကျန်းမာရေး သိပ်မကောင်းတော့ဘူး။ ဒီတော့ အဲဒါ ကျမကြောင့်ဖြစ်တာလား ဆိုပြီး အပြစ်ရှိသလိုခံစားရ တယ်။ ကျမက စီးပွားရေးလည်း မလုပ်တော့ ပုံမှန်ဝင်ငွေ လည်း မရှိဘူး။"*

HRD အတော်များများက ထောင်မှလွတ်လာပြီးနောက် ယခုတိုင် အာဏာပိုင်များက ၄င်းတို့အပေါ် ဦးတည်လုပ်ဆောင်ခဲ့သည့် အာဃာတနှင့် မတရားစော်ကားမှုတို့ကို ပြောပြသည်။ မကွေးတိုင်းမှ မြေယာအခွင့်အရေး ကာကွယ်စောင့်ရှောက်သူ တစ်ဦးက ၄င်း၏ HRD လှုပ်ရှားမှုများကြောင့် မိသားစု နှောင့်ယှက်ခံရပုံ၊ ဝင်ငွေရင်းမြစ် ဆုံးရှုံးရပုံတို့ကို ဖော်ပြသည် -

*"ကျနော့်မိသားစုစီးပွားရေး ထိခိုက်သွားတယ်။ ကျနော်တို့မှာ မိတ္တူကူးဆိုင်လေးရှိတယ်။ အဲဒါက ခရိုင်ဦးစီး မှူးဆီက ငှားထား တာ။ ကျနော် ထောင်ကလွတ်တော့ သူက ကျနော့်အမျိုးသမီးကို ချက်ချင်းနေရာဖယ်ခိုင်း တယ်။ တကယ်တော့ ကျနော့်မိသားစု ဒုက္ခရောက် အောင်လုပ်တာ အစိုးရအစီအစဉ်နဲ့ပါပဲ။"*

ထို့ကြောင့် ဘဝများနှင့် အသက်မွေးဝမ်းကျောင်းမှုများ ဖရိုဖရဲဖြစ်ခြင်းသည် အစိုးရနှင့် ဒေသခံအာဏာပိုင်များက HRD များအပေါ် ဖိအားပေးပြီး ယင်းတို့၏ တရားဝင်မှုရှိသော လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် လှုပ်ရှားမှုများ ရပ်တန့်စေရန်လုပ်ဆောင်သည့် နောက်ထပ် နည်းလမ်းတစ်ခုဖြစ်ကြောင်း ထင်ရှားနေသည်။ ယင်းသည် မြန်မာနိုင်ငံရှိ HRD အများစုအနေဖြင့် မိမိတို့၏ တန်ဖိုးရှိပြီး တရားဝင်မှုရှိသော လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် အလုပ်ကို ဆက်လက် လုပ်ဆောင်ရာတွင် ဖြတ်ကျော်ရသည့် နောက်ထပ်ဆိုးဝါးသော အခက်အခဲနှင့် စိန်ခေါ်မှုများလည်းဖြစ်သည်။

## ၄. ၉ စောင့်ကြည့်ထောက်လှမ်းခြင်းနှင့် အထွေထွေနှောင့်ယှက်မှု

ကျောင်းသားလှုပ်ရှားတက်ကြွသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည့် FGD တွင် ၄င်းတို့မှ မြန်မာအစိုးရနှင့် ထောက်လှမ်းရေးများ ကျင့်သုံးသော ထိုးနှက်နှောင့်ယှက်မှုများအား အလေးပေးဖော်ပြကြပါသည်။ စောင့်ကြည့် ထောက်လှမ်းခြင်းကို HRD အားလုံးက အထွေထွေပြဿနာတစ်ခုအဖြစ် ကျယ်ကျယ်ပြန့်ပြန့် မြင်ကြသည့်အပြင် ကျောင်းသားလှုပ်ရှားတက်ကြွသူများမှာ တိုက်ရိုက်သော်လည်းကောင်း၊ လူမှုမီဒီယာမှတဆင့်သော်လည်းကောင်း အထူးတလည် နှောင့်ယှက်အနိုင်ကျင့်မှုကို ရင်ဆိုင်နေကြရကြောင်း ဖွင့်ဟကြသည်။

*"ရဲအထူးသတင်းတပ်ဖွဲ့က ကျနော်တို့နောက်ကို လိုက်တယ်၊ တစ်ယောက်ချင်းခေါ်ပြီး မေးခွန်းတွေမေး တယ်။ သူတို့က ကျနော်တို့အိမ်တွေကိုလည်းလာပြီး မိသားစုဝင်တွေကို ဟိုမေးဒီမေးလုပ် တယ်။ ရဲတွေက ကျနော်တို့အိမ်နား သို့မဟုတ် ရုံးနားက ဆိုက်ကားသမားတွေလို ဆင်းရဲသားတွေကို ပိုက်ဆံပေးပြီး ဒါမှမဟုတ် တရားမဝင်နှစ်လုံး သုံးလုံးထီ ရောင်းတဲ့သူတွေကို သတင်းပေးလုပ်ခိုင်းတယ်။ သူတို့က ရန်ကုန်မြို့က သံရုံးတွေနားမှာလဲ လာတဲ့ဧည့်သည်တွေကို စောင့်ကြည့်ဖို့ လူ ထားသေး တယ်။ အထူးသတင်းတပ်ဖွဲ့နဲ့ သတင်းပေးတွေက အွန်လိုင်းကနေ စောင့်ကြည့်တာ၊ ဖေ့စ်ဘွတ်အကောင့်တွေကို ဖောက်ဝင်တာ၊ သတင်းစာဆရာကွန်ရက် လူငယ်ကွန်ရက်တွေလို အများဆိုင်ရာအဖွဲ့တွေထဲ ဝင်ပါပြီး ပါဝင်သူတွေ ဖြန့်ဝေတဲ့သတင်း အချက်အလက်တွေကို စောင့်ကြည့်တယ်။"*

လူ့အခွင့်အရေး မတရားဖောက်ဖျက်မှုများကို ဖော်ထုတ်ဖွင့်ချရန်နှင့် အသိမြှင့်တင်ရန် လက်နက်ကိရိယာအဖြစ် ဖေ့စ်ဘွတ်ကို အလျှင်အမြန် တဟုန်ထိုး တိုးတက်သုံးစွဲလာနေချိန်တွင် ၄င်းကျောင်းသားများ၏ ပြောပြချက်မှာ အလွန်ထူးခြားနေသည်။ ၂၀၁၅ ခုနှစ် မတ်လ အမျိုးသားပညာရေးဥပဒေဆန့်ကျင်ရေး ကျောင်းသားဆန္ဒပြပွဲများအတွင်း အထူးသဖြင့် အသေအချာ မှတ်တမ်းတင် ထားလိုက်နိုင်သည့် ၂၀၁၅ ခုနှစ် မတ်လ ၁၀ ရက်နေ့ ပဲခူးတိုင်း လက်ပံတန်းမြို့မှ အကြမ်းဖက်ဖြိုခွဲမှုအတွင်း ဖေ့စ်ဘွတ်သည် ဆက်သွယ်ရေးနှင့် စည်းရုံးရေးကိရိယာဖြစ်လာသည်။ မြန်မာအစိုးရက အွန်လိုင်း စောင့်ကြည့် ထောက်လှမ်းမှုများ လုပ်ဆောင်နေသည်ကို ကျောင်းသားတက်ကြွလှုပ်ရှားသူများ သေချာသိနေသည့်အချက်က ကျောင်းသားများ ပုံမှန် ရင်ဆိုင်နေရသည့် ပြောင်ပြောင်တင်းတင်း ကိုယ်ရေးကိုယ်တာ စွက်ဖက်မှုနှင့် နှောင့်ယှက်မှုသဘာဝကို သက်သေပြနေသည်။

ထို့အပြင် HRD အများစုက အစိုးရ အဆင့်ဆင့်မှ လာသည့် စိန်ခေါ်မှုများကိုသာမက အချို့တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်း ထိန်းချုပ်နယ်မြေများရှိ ဒေသခံအုပ်ချုပ်ရေးအဖွဲ့များမှ နှောင့်ယှက်မှုများကိုလည်း ရင်ဆိုင်ရကြောင်း ဖော်ပြကြသည်။ ယင်းကဲ့သို့သော အသိုင်းအဝိုင်းများတွင် အမှန်တကယ်



*မဖြိုးဖြိုးအောင် - အထွေထွေအတွင်းရေးမှူး (ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်)*
*Copyright: James Mckay*

အားပေးထောက်ကူမှု မရရှိသည့်အတွက် ရပ်ရွာများအတွင်း အလုပ်လုပ်ရသည်မှာ လုံခြုံမှုမရှိသလို ခံစားရကြောင်း အတော်များများက၊ အထူးသဖြင့် အမျိုးသမီး HRD များက ဆိုကြသည်။ ဥပမာ - ရှမ်းပြည်နယ်တွင် တွေ့ဆုံမေးမြန်းခဲ့သည့် HRD များ အနက် ၇၂ ရာခိုင်နှုန်းမှာ မြေယာအခွင့်အရေး လှုပ်ရှားနေသူများ ဖြစ်ပြီး ၎င်းတို့အနေဖြင့် ပြည်နယ်မြို့တော် တောင်ကြီးမြို့တွင် သင်တန်းလုပ်ဖြစ်သည့် အခါမျိုး၌သာ သင်တန်းများ တက်နိုင်ကြောင်း ပြောကြသည်။ လုံခြုံရေး အခြေအနေသည် ကျေးလက်ဒေသများတွင် ဤသို့သော သင်တန်းများ ပြုလုပ်နိုင်မှု မရှိခြင်း၏ အကြောင်းရင်းတစ်ခု ဖြစ်သည်။ ကချင်ပြည်နယ်တွင် တွေ့ဆုံမေးမြန်းခဲ့သည့် HRD တစ်ဦးက ရန်ကုန်အခြေစိုက် မဟုတ်သည့်အတွက် ရင်ဆိုင်ရသော အခက်အခဲများကို အောက်ပါအတိုင်း ဖွင့်ဟသည် -

*“ရန်ကုန်မှာဆိုရင် တစ်ခုခုလုပ်ရင် အဆင်ပြေတယ်။ ဒါပေမယ့် ဒီမှာတော့ လုံခြုံရေးအခြေအနေကြောင့် အဲဒါက စိန်ခေါ်မှု ဖြစ်နေတယ်။ ကျနော်ဆိုရင် အဖမ်းခံရခါနီးဖြစ်သွားပြီး အိမ်ပြန်လို့မရတော့ဘူး။ သူငယ်ချင်းတစ်ယောက်အိမ်မှာ သုံးရက် လောက် ပုန်းနေရတယ်။ အန္တရာယ်နယ်မြေထဲမှာဖြစ်လို့ တစ်ခါတစ်လေလည်း ကျနော်တို့ ထိပ်တိုက်မတွေ့အောင် ရှောင်ဖို့လိုတယ်။”*

ထို့အပြင် အမျိုးသမီးကိစ္စရပ်များနှင့် လူကုန်ကူးမှု တားဆီးရေး လှုပ်ရှားနေသည့် HRD တစ်ဦးမှာလည်း အချို့ဝန်ကြီးများ အပါအဝင် အစိုးရအာဏာပိုင်များ၏ တိုက်ရိုက်ခြိမ်းခြောက်မှု ခံခဲ့ရပြီး ဒေသခံအာဏာပိုင်များမှ ကျင်းပသည့် အစည်းအဝေးများ မတက်ရောက်ရန် ကန့်သတ်ခံရဟု ဖော်ပြကြသည် -

*“ကျမကို အထက်လွှတ်တော်အမတ် ‘ဘူးလက်’ လှဆွေက ခြိမ်းခြောက်ခဲ့တယ်။ ဒါ့အပြင် ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေထဲမှာ ကျမပါရင် အစည်းအဝေးကို ရပ်လိုက်မယ်လို့ ဝန်ကြီးဦးအောင်မင်းနဲ့ ဝန်ကြီးဦးစိုးသိန်းတို့က ပြောခဲ့တယ်။”*

HRD နောက်တစ်ဦးကမူ -

*"ကျနော်တို့ကို 'သင်တန်း' နာမည် သုံးခွင့်မပေး ဒါမှ မဟုတ် အစည်းအဝေးလုပ်ခွင့်မပေးတဲ့ ဒေသခံအာဏာပိုင်တွေကို ရင်ဆိုင်ရတယ်။ ကျနော်တို့ကို စောင့်ကြည့်ထောက်လှမ်းနေပြီး သင်တန်းပေးနေတဲ့ ကာလတလျှောက်လုံး လာကြည့်နေတယ်။ ကျနော်တို့မှာ စိန်ခေါ်မှုတွေ အများကြီးပဲ။"*

သတင်းထောက်များနှင့် တွေ့ဆုံဆွေးနွေးခဲ့သည့် FGD တွင် တက်ရောက်သူအားလုံးက ဗဟိုအစိုးရနှင့် ဒေသခံအာဏာပိုင် နှစ်ဘက်စလုံးမှ နှောင့်ယှက်မှုနှင့် ဖိအားပေးမှု တို့ကြောင့် အလုပ်လုပ်ဖို့ ခက်ခဲလာသည့်အပြင် ဒေသခံအာဏာပိုင်တို့မှ လူထုနှင့် ထိတွေ့မှုအား ကန့်သတ်ရန် ရည်ရွယ်ချက်ရှိရှိ နာမည်ဖျက်မှုများလည်း ရှိသည်ဟု ထောက်ပြခဲ့သည်။ သတင်းထောက်တစ်ဦးမှ အောက်ပါအတိုင်း မှတ်ချက်ချသည် -

*"လက်ပံတန်း ကျောင်းသားဖြို့ခွဲမှု ဓာတ်ပုံပြပွဲကို ပြည်သူ့ဥယျာဉ်မှာ လုပ်ခွင့်မပေးဘူး၊ ဒါကြောင့် ပုဂ္ဂလိက ပန်းချီပြခန်းတစ်ခုကို စီစဉ်ခဲ့တယ်။ ဒါပေမယ့် အာဏာပိုင်တွေသိသွားတော့ ပြခန်းပိုင်ရှင်ကို ဖိအားပေးလို့ ပြပွဲကိုဖျက်လိုက်ရတယ်. . . "*

နောက်တစ်ဦးကလည်း ၄င်းတို့အလုပ်ကို ရဲများက တစ်ခါတစ်ရံစွက်ဖက်ပုံကို ပြောပြသည် -

*"ချင်းပြည်နယ်မှာ သတင်းထောက်နှစ်ယောက်က စစ်ဆေးရေးဂိတ်တစ်ခုကရဲတွေ ဘတ်စ်ကားတွေနဲ့ တခြားကားတွေဆီက ပိုက်ဆံတောင်းနေတာကို ဓာတ်ပုံ ရိုက်တယ်။ ရဲတွေက သူတို့ကို ဓာတ်ပုံမရိုက်ဖို့ပြောတယ်။ သတင်းထောက်တွေ ညအိပ်ဖို့ငှားထားတဲ့ တည်းခိုခန်းဆီပြန်တဲ့အခါကျတော့ တည်းခိုခန်းပိုင်ရှင်က တည်းခွင့်မပေးတော့ဘူး။ ရဲတွေက သူ့ကို ဖိအားပေးထားလို့ ဖြစ်တယ်။"*

အာဏာပိုင်များနှင့် ရပ်ရွာအသိုင်းအဝိုင်းများဘက်မှ ယင်းကဲ့သို့ နည်းနာများသုံးခြင်းမှာ HRD တစ်ဦးအနေဖြင့် မိမိ၏ ကိုယ်ရေးကိုယ်တာ၊ မိသားစု သို့မဟုတ် အိုးအိမ်အား နှောင့်ယှက်စွက်ဖက် မခံရပိုင်ခွင့်၊ UDHR အပိုဒ် ၁၂ ပါ မိမိ၏ ဂုဏ်သိက္ခာ သို့မဟုတ် အမည်သတင်းအား တိုက်ခိုက်မခံရခွင့်နှင့် အပိုဒ် ၁၃ ပါ လွတ်လပ်စွာလှုပ်ရှားခွင့်တို့ကဲ့သို့ အခြေခံလူ့အခွင့်အရေး တသီကြီးကို တိုက်ရိုက်ချိုးဖောက်ခြင်းပင်ဖြစ်သည်။

စာနယ်ဇင်းလွတ်လပ်ခွင့်များနှင့် အထွေထွေလုံခြုံရေး လုံးဝမရှိဘဲ အစိုးရလုပ်ရပ်များ၊ အကဲဆတ်သည့်ကိစ္စရပ်များ သို့မဟုတ် လူ့အခွင့်အရေး ချိုးဖောက်မှုများကို ဖော်ထုတ်တင်ပြရန် ကြိုးစားသည့် သတင်းသမားများအတွက် ကာကွယ်စောင့်ရှောက်မှု မရှိပေ။ မြန်မာနိုင်ငံတွင် သတင်းစာဆရာများအား နှောင့်ယှက်မှုမှာ လူပုဂ္ဂိုလ်အပေါ် တိုက်ရိုက်ကျူးလွန်ခြင်းနှင့် အလုပ်လုပ်ရာတွင် လုံခြုံမှုမရှိစေခြင်းဖြင့် သွယ်ဝိုက်တားဆီးခြင်းတို့ဖြစ်သည်။ ရပ်ရွာလူထုများနှင့် ရန်တိုက်ပေးခြင်းအပါအဝင် သတင်းသမားများ အလုပ်မလုပ်နိုင်အောင် တားမြစ်ခြင်းသည် တိုက်ရိုက်နှောင့်ယှက်မှုကဲ့သို့ပင် ၄င်းတို့အလုပ်အားထိခိုက်စေပြီး မြန်မာနိုင်ငံတလွှား ဆက်လက်ဖြစ်ပျက်နေသည့် လူ့အခွင့်အရေး ချိုးဖောက်မှုများကို သတင်းမပို့နိုင်အောင် တားဆီးနေသည်။

## ၄. ၁၀ အရပ်ဖက်လူထုအဖွဲ့အစည်းများကြား ဆက်စပ်ညှိနှိုင်းမှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် အရည်အချင်း မလုံလောက်မှု

HRD များကို စည်းလုံးညီညွတ်အောင် လုပ်ဆောင်ရာတွင် အခက်အခဲများရှိကြောင်းနှင့် ယင်းကဲ့သို့ မညီညွတ်မှုက စစ်မှန်သည့် လူ့အခွင့်အရေး တိုးတက်မှုရရှိရန် အဟန့်အတား ဖြစ်နေကြောင်း HRD အများအပြားက ထောက်ပြကြသည်။ HRD တစ်ဦးမှ -

*"ကျနော်တို့မှာ ပြဿနာတွေရှိတယ်၊ ကျနော်တို့က တကယ်တမ်း မညီညွတ်ကြဘူး၊ မဟာဗျူဟာအရ ဆက်စပ်ညှိနှိုင်းမှု မရှိကြဘူး။ လူတိုင်းက ကိုယ့်ဟာကိုယ် သီးခြားလှုပ်ရှားနေကြတယ်။ ကိုယ့်အတွက်ပဲ လုပ်နေတယ် ဒါမှမဟုတ် ကာကွယ်နေကြတယ်။"*

အကုန်လုံး မဟုတ်သော်လည်း HRD အများစုမှ HRD များ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ကူညီမှု အလုံအလောက် မရှိကြောင်း၊ ရဲဘော်ရဲဘက်စိတ်၊ ပူးပေါင်းလုပ်ဆောင်မှုနှင့် ညီညွတ်မှုတို့မှာ အားနည်းနေသေးကြောင်း ဖော်ပြကြသည်။ HRD တစ်ဦးမှ ယခုလို ထောက်ပြသည် -

*"ပိုဆိုးတာက တက်ကြွလှုပ်ရှားသူအားလုံးက အစစ်အမှန် မဟုတ်ဘူးဗျ။ တချို့က နာမည်ခံ တက်ကြွလှုပ်*

*ရှားသူတွေ။ သူတို့က လူတွေကို လမ်းပေါ်ထွက်အောင် စည်းရုံးတယ်။ ဒါပေမယ့် လူတွေအသတ်ခံရရင် ဘာမှ တာဝန်မယူဘူး။ ကျနော်တို့က ပကတိအခြေအနေကို နားလည်ဖို့လိုတယ်။”*

HRD များအကြား ပိုမိုရင်းနှီးစွာပူးပေါင်းဆောင်ရွက်နိုင်လျှင် ပူးပေါင်းလုပ်ကိုင်ခြင်းကြောင့် အကျိုးအမြတ်များစွာရလာနိုင်မည်၊ ပါဝင်ပတ်သက်သူတိုင်းအား အကျိုးရှိစေမည်ကို တွေ့ဆုံမေးမြန်းခဲ့သူ အများအပြားက အသိအမှတ်ပြုကြသည် -

*“ကွန်ရက်တွေကတဆင့် ကျနော်တို့ တစ်ယောက်ကို တစ်ယောက်ကူညီနိုင်တယ်။ မတူတဲ့ နယ်ပယ်တွေမှာ ကျွမ်း ကျင်သူတွေရှိတယ်လေ၊ ဥပမာ - ဥပဒေ အထောက်အကူ၊ သတ္တုတူးဖော်ရေးဥပဒေ၊ စသဖြင့်ပေါ့။ ဒါပေမယ့် အခု အဲ့ဒီကွန်ရက်တွေကို ထိုးဖောက်ဝင်နေ တာတွေ ပိုများလာနေလို့ ကွန်ရက်တွေ အသုံးချဖို့ ခက်လာတယ်။ အရင်ကတော့ ဘယ်သူက ဘာဆိုတာ ရှင်းတယ်၊ အခုတော့ အဲ့လောက် မရှင်းတော့ဘူး။”*

HRD များ၊ ၎င်းတို့၏ သတင်းအချက်အလက်များနှင့် ကွန်ရက်များကို မည်သို့ကာကွယ်မည်ဆိုသည့် ကျွမ်းကျင်မှုနှင့် သုတပညာအချို့ပေးခြင်းဖြင့် ပိုမိုအားကောင်းပြီး စုစည်းညွတ်မှုရှိသည့် HRD နှင့် CSO ကွန်ရက်များ သေချာပေါက် ပေါ်ပေါက်လာနိုင်ပြီး သတင်း အချက်အလက်လုံခြုံရေး၊ နည်းပညာအသုံးပြုရေးတို့နှင့် ပတ်သက်ပြီး ၎င်းတို့တစ်ဦးချင်းနှင့် အဖွဲ့အစည်းများ၏ စွမ်းရည်ကို တိုးမြင့်ပေးနိုင်ပါက ပူးပေါင်းဆောင်ရွက်နိုင်ဖို့ အခွင့်အလမ်းလည်း ပိုများလာလိမ့်မည်ဟု HRD အများစုမှ ယုံကြည်ကြပါသည်။ တွေ့ဆုံမေးမြန်းခဲ့သည့် HRD အများစု၏ အမြင်မှာ ယိုယွင်းလာနေသည့် လူ့အခွင့်အရေး အခြေအနေအောက်တွင် အထက်ပါဟာကွက်များကို ဖြည့်ဆည်းခြင်း၊ အားကောင်းခိုင်မာသည့် ဆက်သွယ်မှုဖော်ထုတ်ခြင်းတို့သည် မြန်မာနိုင်ငံ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့်လုပ်ငန်း တိုးတက်စေရာတွင် အဖိုးမဖြတ်နိုင်သည့် အကျိုးဖြစ်စေမည်ဟု ယူဆကြသည် -

*“ကျနော်မြင်တာတော့ ပူးပေါင်းဆောင်ရွက်မှု ချို့တဲ့နေသေးတယ်ဗျ […] ပြည်သူတွေရဲ့ အခြေခံ မူလ အခွင့်အရေးတွေ လျစ်လျူရှုခံနေရတယ်၊ ပြည်သူလူထုတွေ ဖိနှိပ်ခံနေရတယ်။ ဒါကြောင့် ရပ်ရွာလူထုထဲမှာ အားကောင်းတဲ့အင်အားစု ထူထောင်နိုင်ဖို့ အဲ့ဒီလူတွေကို စုစည်းပြီး လုပ်နိုင်စွမ်းနဲ့ သြဇာမြှင့်တင် ကူညီပေးဖို့ အင်မတန်အရေးကြီးတယ်။”*

ဒေသခံအာဏာပိုင်များထံမှ မည်သည့် ထောက်ကူအားပေးမှုမှမရသည်မှာ သေချာနေပြီး လူ့အခွင့်အရေးလုပ်ငန်း ဆောင်ရွက်နိုင်ရန်အတွက် ကိုယ်ထူကိုယ်ထ ဒေသန္တရကာကွယ်စောင့်ရှောက်ရေး ကွန်ရက်များနှင့် ယန္တရားများမှာ မရှိမဖြစ်အရေးပါလာသည်။ HRD များ၏ ဘေးကင်းလုံခြုံမှုကို အာမခံနိုင်ရန် အသုံးပြုသည့်နည်းနာများထဲတွင် ဒေသန္တရ ဗဟုသုတနှင့် ဆင်ခြင်တုံတရားသုံးသည့် နည်းလမ်းများကသာ လွှမ်းမိုးနေပုံရသည် -

*“ကျနော်ကတော့ အန္တရာယ်ကင်းအောင်နေတယ်။ တစ်နေရာရာ မသွားခင်မှာ သွားသင့်တဲ့နေရာ မသွားသင့်တဲ့နေရာတွေအကြောင်း အရင်စဉ်းစားတယ်။ ကျနော့်မှာ လုံခြုံရေးအစီအစဉ် အန္တရာယ်ကင်းရေးအစီအစဉ် ဘာမှ မရှိသေးဘူး၊ နည်းလမ်းကောင်းတွေ လေ့လာချင်တယ်။”*

HRD အသိုင်းအဝိုင်းအတွင်း ပို၍ပို၍ စိတ်ဝမ်းကွဲမှု၊ မညီညွတ်မှုနှင့် မယုံကြည်မှုတို့မှာ သိသာထင်ရှားသည့် ပြဿနာ ဖြစ်လာနေသည်။ HRD အများအပြားက ၎င်းတို့လုပ်ငန်း အောင်မြင်စွာလုပ်ကိုင်နိုင်ရေးအတွက် မရှိမဖြစ်လိုအပ်သော ပူးပေါင်းဆောင်ရွက်မှုနှင့် သတင်းအချက်အလက်ဖလှယ်မှုတို့ လုပ်ဆောင်နိုင်ရန် အဓိကျသည့် HRD ကွန်ရက်များ ဖွံ့ဖြိုးခိုင်မာရေးနှင့် ပတ်သက်၍ လုပ်စရာများစွာ ကျန်နေသေးသည်ဟု ယူဆကြပါသည်။ အထူးသဖြင့် ကျေးလက် သို့မဟုတ် တိုင်းရင်းသား ဒေသများတွင် လုပ်ငန်းလုပ်ကိုင်သည့်အခါ ဒေသခံရပ်ရွာ လူထု နှင့် ထိတွေ့ဆက်ဆံရေးသည် HRD များ ရင်ဆိုင်နေရသည့် ပြဿနာများအနက် အကြီးဆုံးစိန်ခေါ်မှုတစ်ခု ဖြစ်နေပုံရသည်။ ကချင်ပြည်နယ်တွင် လှုပ်ရှားနေသည့် HRD တစ်ဦးမှ -

*“ကျနော်မြင်တာတော့ ပူးပေါင်းဆောင်ရွက်မှု ချို့တဲ့ နေသေးတယ်ဗျ […] ပြည်သူတွေရဲ့ အခြေခံ မူလ အခွင့်အရေးတွေ လျစ်လျူရှုခံနေရတယ်၊ ပြည်သူလူထုတွေ ဖိနှိပ်ခံနေရတယ်။ ဒါကြောင့် ရပ်ရွာလူထုထဲမှာ အားကောင်းတဲ့ အင်အားစု ထူထောင်နိုင်ဖို့ အဲ့ဒီလူတွေကို စုစည်းပြီး လုပ်နိုင်စွမ်းနဲ့ သြဇာမြှင့်တင် ကူညီပေးဖို့ အင်မတန်အရေးကြီးတယ်။”*

*"၁၉၈၈ ခုနှစ် ကလိုမျိုး တစ်ယောက်ကိုတစ်ယောက် ကူညီကြတဲ့အကျင့်က ပျောက်သွားပြီ။ ဒီကနေ့မှာတော့ ခင်ဗျားသူ ငယ်ချင်းတွေတောင် မနက်ဖြန်ကျရင် ရန်သူတွေဖြစ်နိုင်ပြီး ခင်ဗျားကို ခြိမ်းခြောက်နိုင်တယ်။ ဒါကြောင့် ကျနော့်အနေနဲ့ ဘာအကြောင်းအရာလေး ဖြစ်ဖြစ် အင်မတန်သတိထားဖို့လိုတယ်၊ လူတွေကို အလွယ်တကူယုံလို့ မရတော့ဘူး။ လောကကြီးက ပြောင်းလဲသွားပြီ၊ ဒါကြောင့် ကျနော်တို့အမူအကျင့်တွေလဲ ပြောင်းကုန်ပြီ။ ဒါ မကောင်းဘူးဗျ၊ အခြေအနေက မကောင်းဘူး။"*

အခြေခံလုံခြုံရေးနည်းနာများ သင်တန်းပေးခြင်းဖြင့် လုံခြုံရေးအစီအမံများ သေချာပေါက် တိုးတက်လာပါလိမ့်မည်။ လူမှုမီဒီယာနှင့် အင်တာနက်၊ အီးမေးလ်ကဲ့သို့ သတင်းအချက်အလက်နည်းပညာ အသုံးပြုခြင်းတို့သည် HRD များအတွက် သတင်းအချက်အလက် ဖြန့်ဖြူးရန်နှင့် ထောက်ခံအားပေးမှုရယူရန် အများဆုံးအသုံးပြုသည့် နည်းလမ်းဖြစ်လာနေသည်။ သို့ရာတွင် တွေ့ဆုံမေးမြန်းခဲ့သူ HRD အများစုကမူ ၎င်းတို့အနေဖြင့် ယင်းအစီအမံများနှင့် ပတ်သက်၍ အသိပညာ သို့မဟုတ် သင်တန်းတက်ရောက်ထားမှု မရှိကြောင်း ဖော်ပြကြပါသည်။

## ၄. ၁၁ အလှူရှင်နှင့် INGO များ၏ ထိရောက်မှုမရှိသော မဟာဗျူဟာများ

အချို့ HRD များက ၎င်းတို့တွေ့ကြုံရသော ပြဿနာများမှာ အလှူရှင်နှင့် INGO မဟာဗျူဟာများ၏ တိုက်ရိုက်ရလာဒ် ဖြစ်သည်ဟု မှတ်ချက်ပေးကြသည်။ ဘာသာပေါင်းစုံ ချစ်ကြည်ရေးနှင့် ရပ်ရွာလူထုထိတွေ့ဆက်ဆံရေးလုပ်ငန်းများ အပါအဝင် ကိစ္စရပ်ပေါင်းစုံကို မန္တလေးမြို့တွင်လုပ်ဆောင်နေသည့် တက်ကြွလှုပ်ရှားသူတစ်ဦးက INGO များအနေဖြင့် ရန်ကုန်မြို့ပြင်ပရှိ နယ်မြေများ၊ လုပ်ငန်းများနှင့် ကိစ္စရပ်များအပေါ် စိတ်ဝင်စားမှု နှစ်မြုပ်လုပ်ကိုင်မှု သိသိသာသာ နည်းပါးပုံကို အောက်ပါအတိုင်း ဆွေးနွေးသွားသည် -

*"အလှူရှင်မဟာဗျူဟာက အားနည်းနေတုန်းပဲ။ ဥပမာဆိုရင် မန္တလေးမှာ ရန်ကုန်လောက် အခွင့်အလမ်းများများ မရဘူး။ တချို့ INGO တွေက မန္တလေးကိုတော့ လာပါတယ်။ ဒါပေမယ့် သူတို့ ဝန်ထမ်းတွေ သီးသန့်ပရောဂျက်တွေနဲ့လာတာ။ တကယ်တော့ မန္တလေးက လူတွေက ကိုယ့်အလုပ်နဲ့ ကိုယ့်ပြဿနာတွေနဲ့ အလုပ်ရှုပ်နေတာဆိုတော့ အချိတ်အဆက်တွေက တကယ်တမ်း မမိဘူး။ ဒီ NGO တွေကလည်း ကျနော်တို့နဲ့ တိုက်ရိုက်တွဲလုပ်လို့ အစိုးရငြိုငြင်မှာစိုးကြတယ်။ ကျနော် NGO တွေ အများကြီးတွေ့ဖူးတယ်။ ဒါပေမယ့် သူတို့ဟာ ဧည့်သည်တွေလိုပဲ ကျနော်ခံစားမိတယ်။ သူတို့ သိချင်တာရှိရင်လာတယ် ကျနော်တို့နဲ့ တစ်ခါလောက်တွေ့တယ်၊ ပြီးရင် ပြန်ပေါ်မလာတော့ဘူး။ ပြန်လာနေတဲ့ တစ်ခုတည်းသော အဖွဲ့ကတော့ ရွေးကောက်ပွဲ စောင့်ကြည့်ရေးအဖွဲ့ပဲရှိတယ်။"*

ရန်ကုန်မြို့အပြင်ဘက် အခြားမြို့နယ်များ၊ နိုင်ငံတကာအဖွဲ့အစည်း တည်ရှိမှု နည်းပါးခြင်းကို HRD အများအပြားက ထောက်ပြဝေဖန်ကြပြီး INGO များ လာခဲ့ပါက အကြံဉာဏ်နှင့် အထောက်အကူကို ကြိုဆိုလက်ခံရန် အဆင်သင့်ရှိသည်ဟု ဆိုကြသည်။ တွေ့ဆုံမေးမြန်းခဲ့သူ HRD အတော်များများက ယင်းကိစ္စသည် ၎င်းတို့ခြိမ်းခြောက်ခံရမှုနှင့် စိုးရိမ်ရမှုများအတွက် အရေးပါသည့်ကိစ္စအဖြစ် ထောက်ပြကြပြီး INGO များနှင့် ခိုင်မာသည့် ကွန်ရက်များ တည်ဆောက်ခြင်း၊ ထိတွေ့ဆက်ဆံခြင်းက ကျေးလက်ဒေသများတွင် ၎င်းတို့ ပိုမိုခိုင်မြဲစွာ ခြေကုတ်ယူနိုင်ဖို့ အထောက်အကူဖြစ်မည်ဟု ယုံကြည်ကြသည်။ ကွဲပြားခြားနားသည့် ဒေသများတလွှားတွင်လည်းကောင်း၊ တိုင်းရင်းသား နယ်နိမိတ်များကို ကျော်ဖြတ်၍လည်းကောင်း ကွန်ရက်များ ဖွဲ့စည်းခြင်းသည် မြန်မာအရပ်ဖက် လူထုအဖွဲ့အစည်းများ ခိုင်မာရေးအတွက် အရေးကြီးသည်ဖြစ်ရာ ယင်းအခွင့်အလမ်းများကို ရန်ကုန်မြို့ပြင်ပသို့လည်း ဆောင်ကျဉ်းပေးနိုင်ရန် အာမခံရေးမှာ INGO များ အထူးပြုဆောင်ရွက်ရမည့် တာဝန်ဖြစ်သည်။ အဓိကကျသော အချက်မှာ ၎င်းတို့၏ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် လုပ်ငန်း အောင်မြင်ထမြောက်စေရေးအတွက် HRD များ စည်းလုံးညီညွတ်စေရန်၊ သတင်းအချက်အလက်ဝေမျှရန်၊ အထူးသဖြင့် ထိရောက်သည့် ကာကွယ်စောင့်ရှောက်ရေး ယန္တရားများအတွက် စိတ်ကူးစိတ်သန်းများမျှဝေရန်နှင့် လှုပ်ရှားမှုများကို အပြန်အလှန် အားပေးလုပ်ဆောင်ကြရာတွင် INGO များမှ ကူညီပေးသင့်သည်။

သို့ရာတွင် မည်သူက လူမှုဖူလုံရေးနှင့် အထောက်အကူလိုအပ်သည်ကို အတိအကျသတ်မှတ်နိုင်ရန် ခဲယဉ်းသည်။ AAPP အပါအဝင် CSO အချို့မှ နိုင်ငံရေးအကျဉ်းသားများနှင့် မိသားစုများကဲ့သို့ အချို့သော အစုအဖွဲ့များကို ကူညီမှုများပေးခဲ့သည်။ သို့ရာတွင် လူမှုရေးနှင့် စီးပွားရေးအနေအထား

နှစ်မျိုးစလုံး ထိခိုက်နစ်နာခဲ့ပြီး ၎င်းတို့၏ HRD အလုပ်ကြောင့် အသက်မွေး ဝမ်းကျောင်းများ မကြာခဏ ခြိမ်းခြောက်ခံရလေ့ရှိသော HRD များ လိုအပ်နေသည်များအား အကူအညီပေးရုံသက်သက်မှာ INGO များအတွက် ခက်ခဲပြီး လက်တွေ့မကျသော လုပ်ငန်းဖြစ်လိမ့်မည်။

ထို့အပြင် ရခိုင်ပြည်နယ်တွင် လူမျိုးရေး ဘာသာရေး ပြဿနာများနှင့်ပတ်သက်၍ INGO များ လုပ်ပေးနိုင်သော ကာကွယ် စောင့်ရှောက်မှုမှာ အလွန်အငြင်းပွားစရာဖြစ်နေ၊ မြေယာကိစ္စရပ်များ လုပ်ဆောင်နေသည့် အနောက်တိုင်း INGO တစ်ခုမှ တွေ့ဆုံမေးမြန်းခဲ့သူတစ်ဦးက မြန်မာနိုင်ငံတွင် လူသားချင်း စာနာမှု အကူအညီပေးသည့် လုပ်သားများသည် INGO များအတွက် အလုပ်လုပ်နေသောကြောင့် ဒေသခံရပ်ရွာလူထုများထံမှ စိန်ခေါ်မှုများ၊ ခြိမ်းခြောက်မှုများ မတရားနှောင့်ယှက်မှုများ ရင်ဆိုင်ရပုံကို ယခုလိုဆွေးနွေးပြသည် -

*“လွန်ခဲ့တဲ့နှစ်နှစ်လောက်က ရန်ကုန်မှာအခြေစိုက်ပြီး လူသားချင်းစာနာမှု အကူအညီပေးတဲ့လုပ်ငန်းမှာ လုပ်နေတဲ့ မြန်မာမွတ်စလင် သူငယ်ချင်းတစ်ယောက် စစ်တွေမြို့မှာ တိုက်ခိုက်ခံရလို့ သတိလစ်ပြီး ဆေးရုံ ငါးရက်တက်ရတယ်။ နောက်ပြီး ရခိုင်လူမျိုး သူငယ်ချင်းတစ်ယောက်လည်း လူသားချင်းစာနာမှုကူညီရေး NGO ကနေ အလုပ်ထွက်ဖို့ ငြင်းဆန်လို့ သတ်မယ်ဖြတ်မယ် ခြိမ်းခြောက်ခံရပြီး စစ်တွေကခွာခဲ့ရတယ်။ တိုက်ခိုက်မှုတွေ ခြိမ်းခြောက်မှုတွေက ဒေသခံလူထုတွေဆီကလာတာ။”*

ရပ်ရွာလူထုများအတွင်းမှ အဆိုပါပြဿနာရပ်များကို INGO များတည်ရှိနေရုံဖြင့် ဖြေရှင်းနိုင်မည်မဟုတ်ပေ။ ထို့အပြင် NGO များ၊ CSO များနှင့် ရပ်ရွာလူထုများကြား ဆက်ဆံရေးတွင် ယုံကြည်မှုများ မည်ကဲ့သို့တည်ဆောက်နိုင်မည်ကို အလေးထားရန် အရေးကြီးသည်။ HRD တစ်ဦးက ယခုလိုပြောသည် -

*“နိုင်ငံတကာအသိုင်းအဝိုင်းက မြန်မာပြည်မှာ သူတို့လုပ်ချင်တဲ့ အလုပ်တွေလုပ်လို့ရနိုင်ဖို့ သိပ်လွယ်မှာမဟုတ်ဘူး၊ ဘာလို့လဲဆိုတော့ သူတို့အလုပ်ကို ကန့်သတ်မယ့် ဖုံးကွယ်ထားတဲ့ ကန့်သတ်ချက်တွေ အများကြီးရှိတယ်။ ပြဿနာက ကျနော်တို့က ဒီမှာ တစ်ယောက်ကို တစ်ယောက်တောင်မှ တကယ်တမ်း မယုံကြည်နိုင်ကြဘူး ဆိုတော့ အပြင်ကလူကို ယုံကြည်ဖို့ဆိုရင် ပိုတောင်ခက်တယ်။ NGO တွေအနေနဲ့ ယုံကြည်မှုတည်ဆောက်ရေးကို အရင်ဆုံးစဖို့လိုတယ်။”*

ပြင်ပ လွှမ်းမိုးမှုအပေါ် ပြည်တွင်းဒေသခံအချို့၏ အဆိုးမြင် သံသယရှိသည့် သဘောထားများအပြင် INGO များအနေဖြင့် မြန်မာအစိုးရနှင့်၊ ဒေသခံအာဏာပိုင်များနှင့် ဆက်ဆံရေးကို မပျက်ယွင်းစေဘဲ တစ်ဘက်တွင် အရပ်ဖက်လူထု အဖွဲ့အစည်းများကို မည်သို့ထိတွေ့ဆက်ဆံမလဲဆိုသည်မှာ INGO အားလုံး ရင်ဆိုင်ရသော စိန်ခေါ်မှုဖြစ်သည်။ HRD တစ်ဦးက အရပ်ဖက်လူထုအဖွဲ့ အစည်းများနှင့် ထိတွေ့ဆက်ဆံရန် နိုင်ငံတကာ အသိုင်းအဝိုင်း၏ တာဝန်ရှိမှုအပေါ် ယခုလို သဘောထား ပေးသည် -

> *“INGO တွေ အများကြီးရှိတယ်၊ ဒါပေမယ့် သူတို့မှာ စည်းမျဉ်းစည်းကမ်းတွေ တအားများပြီး တကယ်တမ်းကျတော့ အစိုးရအမြဲအငြင်ကိုလည်း မခံရဲကြဘူး။ အစိုးရမကြိုက်တဲ့ကိစ္စတွေ အစိုးရမကြိုက်တဲ့ အဖွဲ့အစည်းတွေနဲ့ မလုပ်ရဲကြဘူး။ ဒီတော့ တကယ့်အလုပ်တွေကို ဒေသခံ NGO တွေကပဲ လုပ်ရတယ်။ INGO တွေက လုပ်တာမဟုတ်ဘူး။ သူတို့အနေနဲ့ ဒေသခံတွေ၊ အောက်ခြေလူထုတွေနဲ့ ပူးပေါင်းဆောင်ရွက် သင့်တယ်။ ပါးစပ်ကပြောနေရုံနဲ့ စာရွက်ပေါ်က အကွက်လေးတွေမှာ ခြစ်ရုံနဲ့ မပြီးဘူး။”*

တွေ့ဆုံမေးမြန်းခဲ့သည့် HRD များ အကြံပေးသလို မလုပ်ဆောင်ပါက၊ ရပ်ရွာလူထုစည်းရုံးရေး ကြိုးပမ်းချက်များကို ကူညီရန်နှင့် ပိုမိုခိုင်မာသည့် ကွန်ရက်များကို အားပေးထောက်ကူရန် အချိန်နှင့် ရင်းမြစ်များ ရေရှည် ရင်းနှီးမြှုပ်နှံမှု မလုပ်ဆောင်ပါက ဤဒေသများတွင် INGO များအနေဖြင့် သြဇာသက်ရောက်မှု နည်းပါးနိုင်သည်။ ထို့အပြင် မြန်မာနိုင်ငံ၏ ဝေးလံသည့် ကျေးလက်ဒေသများ၊ လှုပ်ရှားလုပ်ဆောင်နေသော INGO များအတွက် လက်တွေ့အခက်အခဲ၊ ထောက်ပံ့ရေးအခက်ခဲ များမှာလည်း ရေရှည်ဆက်ရှိနေမည့် ပြဿနာတစ်ခုဖြစ်သည်။ ပြင်ပ လွှမ်းမိုးမှုကို သံသယထားကာ ရန်လိုသည့် ရပ်ရွာအသိုင်းအဝိုင်းများနှင့် ထိတွေ့ရာတွင် အလောတကြီး ထိတွေ့ဆက်ဆံရန် ကြိုးစားခြင်းထက် သေချာအချိန်ယူ လုပ်ဆောင်ရပါလိမ့်မည်။

တွေ့ဆုံမေးမြန်းခဲ့သူအချို့၏အဆိုအရ ကျေးလက်ဒေသများသို့ လာရောက်သည့် INGO များတွင် ယေဘုယျအားဖြင့် ကြိုတင်ဆုံးဖြတ်စီစဉ်ထားပြီးသား အစီအစဉ်များပါလာတတ်သည်။ အဓိက ဝေဖန်သုံးသပ်ချက်တစ်ခုမှာ လာခဲ့ပါကလည်း ၄င်းတို့သည် သက်ဆိုင်ရာနယ်မြေတွင် နှစ်မြှုပ်လုပ်ကိုင်လေ့မရှိ ဒေသခံရပ်ရွာလူထုများနှင့် သင့်တော်စွာထိတွေ့ဆက်ဆံခြင်း မရှိသည့်အတွက် ကာလတိုတစ်ခု လာရောက်နေထိုင်လည်ပတ်သည့် သဘောသာ ဖြစ်သည်ဟု ဆိုကြပါသည်။ ဤဒေသများတွင် ထိထိရောက်ရောက် လုပ်ကိုင်လိုသည်ဆိုပါက ၄င်းတို့အနေဖြင့် HRD များ၏ လိုအပ်ချက်များကို သုံးသပ်အကဲဖြတ်ရန်နှင့် သတ်မှတ်နိုင်ရန် ဒေသခံအရပ်ဖက် လူထုအဖွဲ့အစည်းများနှင့် အရင်ဦးဆုံး ထိတွေ့ဆက်ဆံရမည်ဖြစ်ပြီး ယင်းတို့၏ လိုအပ်ချက်များကို ထင်ဟပ်စေမည့် ကွန်ရက်များနှင့် လုပ်ငန်းစဉ်များ ထူထောင်ရမည်ဖြစ်သည်။ ယင်းကွန်ရက်များ လုပ်ငန်းစဉ်များမှာ အထူးသဖြင့် ကျေးလက်ဒေသများတွင် ချို့တဲ့နေသည်ဟု HRD အများအပြားက ထုတ်ဖော်ပြောဆိုခဲ့ပြီး ဖြစ်သည်။

ပို၍ယေဘုယျကျကျပြောရလျှင် မြန်မာနိုင်ငံရှိ INGO များရင်ဆိုင်နေရသည့် များမြောင်လှစွာသော ကန့်သတ်ထိန်းချုပ်မှုများ၊ အကန့်အသတ်များနှင့် မပြည့်စုံခြင်းများကြောင့် နိုင်ငံတကာအသိုင်းအဝိုင်း၏ အပြုသဘောဆောင်သည့် ဩဇာသက်ရောက်မှု အလားအလာမှာ လျော့နည်းကျဆင်းသွားပါသည်။ တိုင်းရင်းသားဒေသအများအပြားနှင့် ရန်ကုန်ပြင်ပ မြို့ရွာဒေသများမှ တွေ့ဆုံဆွေးနွေးခဲ့သူများက INGO များနှင့် ၄င်းတို့ ထိတွေ့ဆက်ဆံရာ၌ ရင်ဆိုင်ရသည့် လက်ရှိပြဿနာရပ်များကို ထောက်ပြကြသည်။ သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများနှင့် CSO ကွန်ရက်များ ထူထောင်ရန်ကြိုးစားမှုတို့မှာ အဓိကအားဖြင့် ရန်ကုန်မြို့တွင်သာ ဖြစ်ပေါ်နေပြီး အခြားဒေသများရှိ HRD များအတွက် ယင်းအခွင့်အလမ်းများ မရှိသလောက် အခြေအနေဖြစ်နေသည်။ တစ်ခါတစ်ရံတွင် ဘေးကင်းစွာ ခရီးသွားလာခွင့်ကို အချို့ဒေသများတွင် သိသာထင်ရှားစွာကန့်သတ်ခြင်းများ ရှိသည်မှာ မှန်သော်လည်း သင်တန်းများနှင့် အလုပ်ရုံ ဆွေးနွေးပွဲများမှာ မကြာခဏပင် တစ်နေရာတည်း၌ တက်ရောက်သူ အပြောင်းအလဲမရှိဘဲ လုပ်နေကြသည်ဟု တွေ့ဆုံ မေးမြန်းခဲ့သူအများအပြားက ၄င်းတို့အမြင်ကို ထုတ်ဖော်ပြောခဲ့သည်။ ယင်းကဲ့သို့သော သင်တန်းများတွင် ဖြစ်နိုင်သမျှ လူအများပါဝင်နိုင်စေရန် လုပ်ဆောင်ခြင်းဖြင့် ပိုမိုကျယ်ပြန့်သည့် HRD အဝန်းအဝိုင်းနှင့် ပိုမိုအားကောင်းသော ဆက်ဆံရေးများ တည်ထောင်နိုင်မည် သာမက ယခင်က ဤသို့သော သင်တန်းများကို လက်လှမ်းမမီ သို့မဟုတ် အခွင့်အလမ်းမရနိုင်ခဲ့သည့် ဒေသများအတွက် သင်ယူလေ့လာရေး အခွင့်အလမ်းများ ရရှိလာစေမည် ဖြစ်သည်။ တိုင်းရင်းသားဒေသများနှင့် မြေသိမ်းမှုများ ဖြစ်ပွားနေသည့် ဒေသများတွင် ဒေသခံရပ်ရွာလူထုများကို တိုက်ရိုက် ပါဝင်ပတ်သက်စေသည့် သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ လုပ်ခြင်းဖြင့် ပိုအကျိုးရှိနိုင်သည်ဟူသော အမြင်ကို တွေ့ဆုံမေးမြန်းခဲ့သူ အများအပြားမှ ဖော်ပြခဲ့ပါသည်။ ဤနယ်မြေများမှ HRD များအား အခြေခံလူ့အခွင့်အရေး၊ လူ့အခွင့်အရေး မူဝါဒများနှင့်တကွ သင့်တော်သည့် ကာကွယ်စောင့်ရှောက်ရေး ယန္တရားများ အကြောင်း ပညာပေးခြင်းဖြင့် ယင်းကျွမ်းကျင်မှုများ အသိများသည် ရန်ကုန်မြို့ (နှင့် တစ်ခါတစ်ရံ မန္တလေးမြို့) တွင်သာ အဓိကတွင်ကျယ်မနေဘဲ အခြားဒေသများသို့ပါ ပျံ့နှံ့စေရန် အာမခံနိုင်မည် ဖြစ်သည်။

ရှမ်းပြည်နယ်တောင်ပိုင်းမှ HRD တစ်ဦးက UN ၏ လုပ်ငန်းလုပ်ဆောင်ပုံသည် ဒေသခံပြည်သူများအား ဖျက်ဆီးနေသည့် သဘော ဖြစ်နေကြောင်း မှတ်ချက်ချသည်။ ဆိုလိုသည်မှာ UN အဖွဲ့အစည်းများလာ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများ စသည်တို့ လုပ်ဆောင်သည့်အခါ တက်ရောက်သူ ဒေသခံများကို နေ့စဉ်အသေးသုံး၊ ခရီးစားရိတ်နှင့် အခြားစားရိတ်စားခများ အများအပြား ထုတ်ပေးခြင်းဖြစ်သည်။ ထို့ကြောင့် UN လိုဘဏ္ဍာရေး မတောင့်တင်းသည့် အခြား NGO များ သို့မဟုတ် ပြည်တွင်း NGO များက အလားတူ ရည်ရွယ်ချက်များအတွက် ဒေသတွင်းလာရောက်သည့်အခါ လူများက နေ့စဉ်အသေးသုံးနှင့် ခရီးစားရိတ် မည်မျှရမည်ကို အရင်မေးကြပြီး ထိုအဖွဲ့အစည်းများက UN ပေးသလို တန်းတူမပေးနိုင်သည့်အခါ လူအများမှာ အလုပ်ရုံဆွေးနွေးပွဲများနှင့် သင်တန်းများ သို့လာရန် စိတ်မပါတော့ပေ။ ထို့ကြောင့် UN လာရောက်သွားပြီးနောက်ပိုင်းဆိုလျှင် ဒေသခံ NGO များအတွက် အလုပ်လုပ်နိုင်ရန် ခဲယဉ်းသွားသည်။

HRD များကို ကာကွယ်စောင့်ရှောက်ရာတွင် INGO များ၏ အခန်းကဏ္ဍကိုလည်း တွေ့ဆုံမေးမြန်းမှုများတလျှောက်လုံး ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးခဲ့ကြသည်။ တူညီသည့် အကြံပြုချက်တစ်ခုမှာ INGO များအနေဖြင့် လေ့လာသူနှင့် သင်တန်းပေးသူ အခန်းကဏ္ဍအပြင် လိုအပ်သည့် ငွေကြေးထောက်ပံ့မှု ရင်းမြစ်အခန်းကဏ္ဍကိုလည်း တာဝန်ယူနိုင်သည်ဟု အကြံပြုကြသည်။ HRD တစ်ဦးဦး အဖမ်းခံရသည့် အခါမျိုးတွင် နိုင်ငံတကာ အသိုင်းအဝိုင်းက ဖမ်းဆီးထိန်းသိမ်းမှုအကြောင်း လူသိအောင် ကူညီခြင်း၊ မြန်မာအစိုးရအပေါ် ဖိအားပေးခြင်းနှင့် ၄င်းတို့ လွတ်မြောက်ရေးအတွက် စည်းရုံးလှုံ့ဆော်ခြင်း စသည်တို့ကို လုပ်ဆောင်

## ဖြစ်ရပ် လေ့လာသုံးသပ်ခြင်း ၂ - အကျယ်တဝင့် မြင်ကွင်း . . . အထူးဒုက္ခခံစားရသည့်အခြေအနေ

မြန်မာနိုင်ငံရှိ HRD များ ရင်ဆိုင်ရသည့် စိန်ခေါ်မှုမျိုးစုံနှင့် အန္တရာယ်များကို ခြုံငုံကြည့်သည့်အနေနှင့် နိုင်ငံရေး၊ စိုက်ပျိုးရေးနှင့် မြေယာအခွင့်အရေးဆိုင်ရာ ကိစ္စရပ်များအား နှစ် ၂၀ ကျော် လုပ်ဆောင်နေခဲ့သည့် HRD တစ်ဦး၏ ထောင်မှလွတ်လာပြီးနောက် အပြင်းအထန် နှိပ်စက်ညှဉ်းပန်းမှုအပါအဝင် သူမနှင့် သူမမိသားစု ရင်ဆိုင်ရသည့် လူ့အခွင့်အရေး ချိုးဖောက်မှုများ၊ စိန်ခေါ်မှုများ၊ အန္တရာယ်များနှင့် ဒုက္ခများ၏ အတိုင်းအတာ အတွေ့အကြုံ အပြည့်အစုံကို တင်ပြထားသည်ကို နားထောင်ကြည့်သင့်သည် -

*“ကျမ နိုင်ငံရေးနယ်မှာ စလုပ်ကတည်းက ကျမရဲ့ အလှပြင်ဆိုင်စီးပွားရေးကို လက်လွှတ်လိုက်ရတယ်။ အစိုးရအမှုထမ်းဖြစ်တဲ့ ကျမမိသားစုဝင်တချို့ ကျမလုပ်ရပ်တွေကြောင့် ရာထူးမတိုးတော့ဘဲ ဖမ်းဆီးခံရ၊ စစ်ကြောခံရ၊ နှိပ်စက် ညှဉ်းပန်းခံရပြီး ကျမလုပ်ရပ်တွေကို အတင်းဖြောင့်ချက်ပေးခိုင်းခံရတယ်။ ကျမမိသားစုထဲမှာ ကသိကအောက် စဖြစ်လာပြီး သူတို့က ကျမကို NLD က ထွက်ဖို့ပြောတယ်။ နောက်ဆုံးတော့ ကျမကို သူတို့က လျစ်လျူရှုထားလိုက်တယ်။ ကျမ ၁၉၉၇ ခုနှစ်မှာ ယောကျ်ားနဲ့ ကွာရှင်းလိုက်တယ်၊ ကလေးနှစ်ယောက်ကိုထားခဲ့ပြီး ရန်ကုန်ကိုထွက်လာခဲ့တယ်။ ရန်ကုန်မှာ အိမ်ထောင်ထပ်ပြုခဲ့တယ်။ နောက်ပိုင်းမှာ ကျမထောင်ကျတော့ သားတွေရဲ့ ပညာရေးထိခိုက်ခဲ့တယ်။ ထောင်ကလွတ်လာတော့လည်း နိုင်ငံရေး ဆက်လုပ်တယ်။ ဒီနောက်မှာ သားကြီး အဖမ်းခံရပြီး စစ်ကြောခံရတယ်၊ ကျမအကြောင်း အချက်အလက်တွေ အတင်းအကြပ် ပြောပြခိုင်းတယ်။ သူ့ကို သွားတွေကျွတ်ထွက်ကုန်တဲ့အထိ အင်မတန် ကြမ်းကြမ်းတမ်းတမ်း နှိပ်စက်ညှဉ်းဆဲလို့ စိတ်ဓာတ်ကျ သွားတယ်။ သူစိတ်ကျရောဂါကနေ နာလံပြန်ထဖို့ နှစ်နှစ်နီးပါးလောက် ကြာခဲ့တယ်။ မိသားစုနဲ့ကလေးတွေကို ဂရုမစိုက်လို့၊ ကျမသားတွေကို ဦးစားမပေးဘဲ အလုပ်ကိုပဲ အားသန်နေလို့ဆိုပြီး ကျမကို နှလုံးသားမရှိဘူးလို့ အပြစ်တင်ကြတယ်။”*

၎င်း HRD အနေဖြင့် အာဏာပိုင်များ၏လက်တွင်း ကိုယ်တိုင် ဒုက္ခရောက်ခဲ့ရရုံသာမကဘဲ သူမ၏သားများမှာလည်း ဆိုးဝါးသည့် ရုပ်ခန္ဓာပိုင်း နှိပ်စက်ညှဉ်းပန်းမှု ခံခဲ့ရသဖြင့် ရေရှည် ဒဏ်ရာ ရခဲ့ကြသည်။ နိုင်ငံရေးအလုပ်ကို ဆက်လုပ်ခြင်းကြောင့် သူမကို သူမအသိုင်းအဝိုင်းကပါ မလိုမုန်းထားရှိကြပြီး ပတ်ဝန်းကျင်မှ လူများ၏ အားပေးထောက်ခံမှု မရနိုင်သလောက် ဖြစ်ခဲ့ သည်။ သူမ၏ HRD အလုပ်နှင့် နိုင်ငံရေးအလုပ်တို့ကြောင့် သူမ၏ တစ်ခုတည်းသော ဝင်ငွေရလမ်းလည်း ဆုံးရှုံးခဲ့ရသည်။

မတရားအနိုင်ကျင့်မှု၊ ခွဲခြားဖိနှိပ်မှု၊ စီးပွားရေးနှင့် လူမှုရေး အရ ဆုံးရှုံးမှုများနှင့် စွန့်လွှတ်အနစ်နာခံမှုတို့အကြောင်း အထက် ပါ အမျိုးသမီး၏ ထွက်ဆိုချက်မှာ မြန်မာနိုင်ငံရှိ HRD အများအပြား ရင်ဆိုင်နေရသော အန္တရာယ်များပြီး ရန်လိုသည့် ပတ်ဝန်းကျင်ကိုဖော်ပြနေခြင်း ဖြစ်သည်။ ထို့အပြင် ထိုသို့သော အခက်အခဲများအား အမှုမထားဘဲ တစိုက်မတ်မတ် လုပ်ဆောင်ခြင်းနှင့် အကျိုးဆက်အားဖြင့် မြန်မာနိုင်ငံတွင် လူ့အခွင့်အရေးများ အမှန်တကယ် လေးစားလိုက်နာမှုကို အားပေး မြှင့်တင်ရန်နှင့် ကာကွယ် စောင့်ရှောက်ရန် လှုပ်ရှားနေကြသည့် HRD များ၏ တန်ဖိုးရှိ သော အလုပ်သဘာဝကို မီးမောင်းထိုးပြမှုဖြစ်သည်။

ယင်းသို့ လူ့ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် အလုပ်မှာ မြန်မာအစိုးရ တာဝန်ယူရမည့် အခန်းကဏ္ဍဖြစ်သော်လည်း နိုင်ငံတလွှားမှ သတ္တိရှင် ပြည်သူတစ်ဦးချင်းကသာ ၎င်းတို့အား ကာကွယ်စောင့်ရှောက်မှုပေးသင့်သည့် ပုဂ္ဂိုလ်အတော်များများ၏ ရန်လိုမှုနှင့် နှောင့်ယှက်အနိုင်ကျင့်မှုတို့ကို ကြံ့ကြံ့ခံ ရင်ဆိုင်ရင်း မိမိတို့မိသားစုများနှင့် ရပ်ရွာ လူထုများ၏ အခွင့်အရေးများကို မိမိတို့ ဖာသာ တာဝန်ယူပြီး ကာကွယ်နေကြရခြင်း ဖြစ်ပါသည်။

---

ကာ အရေးပါသည့်အခန်းမှ ပါနိုင်သည်ဟုလည်း အကြံပြုကြပါသည်။ အချို့ INGO များက ထိုသို့သော လုပ်ဆောင်မှုအချို့ စတင်လုပ်ဆောင်နေပြီ ဖြစ်သော်လည်း လောလောဆယ်တွင် အလွန်နည်းပါးနေသေးသည်။ HRD တစ်ဦးက ယခုလို အကြံပေးသည် -

*“တချို့ INGO တွေမှာ ဒီနယ်ပယ်ထဲက လူတစ်ဦးချင်းစီရဲ့ ကိုယ်ရေးရာဇဝင်တွေရှိလို့ ကျနော်တို့အကြောင်းကို သိကြတယ်။ တကယ်လို့ ကျနော်အဖမ်းခံရရင် ကျနော့်မိန်းမ သို့မဟုတ် လုပ်ဖော်ကိုင်ဖက်တွေက ကျနော့်အဖွဲ့အစည်းနဲ့ တခြားကွန်ရက်တွေကို အကြောင်းကြားနိုင်တယ်၊ ဒီတော့ ကျနော် ထောင်ထဲရောက်ရင် သူတို့က ကူညီနိုင်တယ်။ ဒီလိုမျိုးတွေများများရှိရင် အကျိုးရှိမယ်”*

INGO များသည် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် လှုပ်ရှားမှုမျိုးစုံနှင့် ဒေသမျိုးစုံမှ ကွဲပြားခြားနားသည့် အဖွဲ့အစည်း အများအပြားကို စုစည်းနိုင်သည်ဟုလည်း ယူဆကြသည်။ ဤအချက်ကို လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်မှု အလုပ်အတွက် လုံခြုံရေးပိုပေးနိုင်မည့် ယေဘုယျ အလားအလာကောင်း တစ်ခုအဖြစ် ရန်ကုန်အခြေစိုက် နိုင်ငံတကာ HRD တစ်ဦးက ယခုလို ဆွေးနွေးပြသည် -

*"ကျနော့်အထင်တော့ အရေးကြီးဆုံးဟာက လှုပ်ရှားမှုတွေအတွက် အယူအဆသစ်တွေ ဖော်ထုတ်ကြည့်ဖို့ဖြစ်တယ်။ ကျနော်တို့အတွက် အကြီးဆုံးစိန်ခေါ်မှုက တိကျမှန်ကန်တဲ့ သတင်းအချက်အလက်တွေ ကောင်းကောင်းရဖို့ပဲ။ နောက်ပြီးတော့ တရားရုံး တင်တာတွေ၊ ဖမ်းဆီးမှုတွေနဲ့ နှောင့်ယှက်မှုတွေအကြောင်း သတင်းအချက်အလက်တွေရဖို့ ပိုကောင်းတဲ့ နည်းလမ်းတွေ ရှာဖို့၊ ဒါတွေကို အဖွဲ့အစည်းတွေကြား မျှဝေဖို့ဖြစ်တယ်။ အဲဒါ အကောင်းဆုံးပဲ။ ဘာလို့လဲဆိုရင် လူတွေအများကြီးက မတူတဲ့ ကိစ္စတွေလုပ်နေကြတော့ ဘာတွေဖြစ်နေတယ် ဆိုတာ ကျနော်တို့က အမြဲမသိနိုင်ဘူး။"*

အခြားအကြံပြုချက်မှာ အစိုးရ၊ အစိုးရမဟုတ်သည့် အာဏာပိုင်အဖွဲ့များ၊ အတိုင်ပင်ခံအဖွဲ့များ၊ လူ့အခွင့်အရေးကိစ္စများ ဆောင်ရွက်နေသည့် INGO များ၊ CSO များအကြား ကွန်ရက် တစ်ခုအဖြစ် ပုံမှန်တိုင်ပင်ဆွေးနွေးမှုများ လုပ်ရန်ဖြစ်ပြီး ထိုသို့ လုပ်ခြင်းဖြင့် သင့်တော်သည့် ကာကွယ်စောင့်ရှောက်ရေး ယန္တရားများကို စုပေါင်းဆွေးနွေးဖော်ဆောင်နိုင်မည် ဖြစ်သည် -

*"လူ့အခွင့်အရေးအဖွဲ့တွေ၊ လူ့အခွင့်အရေးဌာနတွေ၊ သင်တန်းဆရာတွေနဲ့ တိုင်ပင်ဆွေးနွေးမှု အရေးတကြီး လိုအပ်နေတယ်။ အဲလိုဆွေးနွေးမှုကနေ ယန္တရားတစ်ခုပေါ်လာလိမ့်မယ်။ အစပိုင်းမှာ လူ့အခွင့်အရေး ဖိုရမ်တွေကို MNHRC၊ ဒေသခံ NGO တွေနဲ့ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့၊ လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ တို့လို INGO တွေနဲ့ လုပ်ဖို့လိုတယ်။ ဒါမှ အစိုးရလည်း အကျိုးရှိနိုင်မယ်။ အဲဒါဆိုရင် နေ့ကြီးရက်ကြီးတွေမှာ တချို့ကိုလွှတ်ပေးပြီး နောက်ပိုင်း ကျတော့ လွှတ်ပေးတာထက် ပိုများများပြန်ဖမ်းတဲ့ နိုင်ငံရေးအကျဉ်းသား သံသရာကို ချိုးဖျက်ပစ်နိုင်မယ်။"*

HRD တော်တော်များများက အခြားအဖွဲ့အစည်းများနှင့် ၎င်းတို့ဆက်ဆံရေးအကြောင်း ဆွေးနွေးခဲ့ရာ ကွဲပြားခြားနားသည့် အဖွဲ့အစည်းများအကြား သတင်းအချက်အလက်ဖလှယ်မှု ပို၍ လွယ်ကူလာပုံကို အများအပြားက ထောက်ပြကြသည်။ ကွန်ရက် အများစုမှာ အလွတ်သဘောဖွဲ့စည်းထားသည့် ကွန်ရက်များဖြစ်သော်လည်း ဦးတည်ချက်တစ်ခုတည်းအောက်၊ လှုပ်ရှားလုပ်ဆောင်ကြသူများအနေဖြင့် ထိုကဲ့သို့သော ချိတ်ဆက်မှုများ၏ အရေးပါပုံကို ပိုမိုနားလည်ကြောင်းတွေ့ရသည်။ ၎င်းတို့အနေဖြင့် ခံယူချက်ခိုင်မာသည့် လုပ်ဖော်ကိုင်ဖက်များ၏ လုံခြုံမှုရှိသော ကွန်ရက်များအဖြစ် ပံ့ပိုးသော အကူအညီမျိုး ပေးရုံသာမကဘဲ မြေသိမ်းမှုများကဲ့သို့ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖြစ်ပွားနေသည့် ပြဿနာများကိုဆန့်ကျင်ရန် ညီညွတ်သော တပ်ပေါင်းစုဖွဲ့ရန်ကဲ့သို့ ပိုမိုကြီးမားသည့် အခွင့်အလမ်းများလည်း ရှိနေသည်။ ပြည်တွင်း ပြည်ပ HRD များ ပါဝင်လုပ်ဆောင်သည့် ကွန်ရက်များကို အလွန်လိုလားနေကြသည်ကို ရန်ကုန်အခြေစိုက် HRD တစ်ဦးက ယခုလို အနှစ်ချုပ်ပြောပြသည် -

> *"ကျနော်တို့ကိုယ် ကျနော်တို့ ဘယ်လိုစနစ်တကျ ကာကွယ်စောင့်ရှောက်မလဲ ဆိုတဲ့ သုတပညာကို ဒေသခံနဲ့ နိုင်ငံတကာ HRD တွေကြား မျှဝေတာဟာ စိတ်ကူးကောင်းတစ်ခုပဲဗျ - အဲဒါဆို ကိုယ့်ကိုယ်ကို ဘယ်လို ကာကွယ်စောင့်ရှောက်ရမလဲဆိုတာ ကျနော်တို့ သိလာမယ်။"*

ထို့အပြင် HRD တစ်ဦးကို ရှေ့နေတစ်ဦးက ထိရောက်စွာကိုယ်စားပြုနိုင်ရန် လိုအပ်သည့်အချိန်နှင့် သက်ဆိုင်ရာကုန်ကျစားရိတ် နှစ်မျိုးစလုံးကို နားလည်သဘောပေါက်သည့် INGO များအနေဖြင့် HRD အမှုများ လိုက်လံကိုယ်စားပြု ဆောင်ရွက်ပေးသည့် ဥပဒေရေးရာအဖွဲ့များ၊ တစ်သီးပုဂ္ဂလ ရှေ့နေများနှင့် စတင်ထိတွေ့ ဆက်ဆံနိုင်သည်။ ရှေ့နေများအနေဖြင့် မကြာခဏ ခရီးသွားရန် လိုအပ်ချက်ရှိခြင်းနှင့် ထိုသို့ခရီးမကြာခဏ ထွက်ရသည့်အတွက် ငွေကုန်ခြင်းနှင့် သက်မွေးဝမ်းကျောင်းအတွက် ဝင်ငွေရနိုင်သည့် အခြားအမှုများအတွက် အချိန်မပေးနိုင်ခြင်းတို့မှာ သတိပြုရမည့် အရေးကြီးသည့် အချက်များဖြစ်ပါသည်။ HRD အမှုများကို ကိုင်တွယ်သည့် ရှေ့နေများ၏ ဥပဒေအထောက်အကူအတွက် INGO များမှ ထောက်ပံ့မှုများ

ပေးခြင်းဖြင့် ဥပဒေမဲ့ဖမ်းဆီး ထိန်းသိမ်းခြင်းအပါအဝင် လူ့အခွင့်အရေးချိုးဖောက်မှုများ ခံရသူတို့အနေဖြင့် UDHR အပိုဒ် ၁၁ (၁) တွင် ပြဋ္ဌာန်းထားသည့်အတိုင်း အရေးပါသည့် ဥပဒေအရ ကိုယ်စားပြုခုခံမှု ရရှိစေရန် အာမခံပေးရာ ရောက်မည်ဖြစ်သည်။

ကျောင်းသားတက်ကြွလှုပ်ရှားသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည့် FGD တွင်လည်း နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် HRD တို့၏ မိသားစုများသို့ လူမှုဖူလုံရေးနှင့် အထောက်အပံ့များပေးခြင်းဖြင့် ကူညီနိုင်သည်ဟု အကြံပေးကြသည် -

> *"မိသားစုအတွက် လူမှုဖူလုံရေးနဲ့ အထောက်အပံ့ပေးတာက ကာကွယ်စောင့်ရှောက်မှု နောက်တစ်နည်းပဲဗျ။ ကျနော်တို့ ပုန်း နေရချိန်ဖြစ်ဖြစ်၊ ထောင်ထဲရောက်နေချိန်ဖြစ်ဖြစ် အချိန်အများစုမှာ ကျနော်တို့မိသားစုတွေအပေါ် ဝန်ထုပ်ဝန်ပိုးကြီးပိတယ်ဗျ။ အဲဒါကြောင့် တစ်ခါတစ်လေဆိုရင် ကျနော်တို့ဟာ စွန့်စားရမှာ တွန့်ဆုတ်နေတယ်။"*

# (၅) နိဂုံး

ယခုအစီရင်ခံစာတွင် တင်ပြထားသည့်အတိုင်း မြန်မာနိုင်ငံ ရှိ HRD များမှာ ၂၀၁၅ ခုနှစ်မှာပင် နှိပ်ကွပ်မှုများနှင့် ချိုးဖောက်မှုများကို ဆက်လက်ရင်ဆိုင်နေရဆဲဖြစ်သည်။ ထိုချိုးဖောက် မှုများ နှိပ်ကွပ်မှုများထဲတွင် ဥပဒေမဲ့သတ်ဖြတ်ခြင်းနှင့် အကြမ်းဖက်မှုများ၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ၊ ခွဲခြားဖိနှိပ်မှုမျိုးစုံ၊ စောင့်ကြည့်ထောက်လှမ်းမှုနှင့် အထွေထွေနှောင့်ယှက် အနိုင်ကျင့်မှု၊ ဥပဒေပိုင်းနှင့် တရားစီရင်ရေးပိုင်း နှောင့်ယှက်မှု၊ တရားလက်လွတ် ဖမ်းဆီး ချုပ်နှောင်မှုတို့ ပါဝင်ပြီး HRD များကို ဥပဒေမဲ့ ဖမ်းဆီးချုပ်နှောင်မှုအရေအတွက်မှာ လျော့နည်းမသွားသည့် အပြင် တဖြည်းဖြည်း တိုးပွားလာနေသည်မှာ အမှန်ပင် ဖြစ်ပါသည်။ AAPP ၏ မှတ်တမ်းများအရ ၂၀၁၅ ခုနှစ် ဇွန်လ ၁၈ ရက်တွင် နိုင်ငံရေးအကျဉ်းသား ၁၆၄ ဦး ထောင်ထဲ ရှိနေပြီး အများအပြားမှာ HRD များ ဖြစ်ကာ နောက်ထပ် ၄၃၈ ဦးမှာ စွဲချက်အမျိုးမျိုးဖြင့် အမှုရင်ဆိုင်နေရဆဲ ဖြစ်ပါသည်[78]။

ထိုမျှသာမက ယခုအခါတွင် HRD များအနေဖြင့် နည်းနာအသစ်အဆန်းများနှင့် လက်သီးပုန်းထိုး ပစ်မှတ်ထား တိုက်ခိုက်ခြင်းကို ရင်ဆိုင်နေကြရပါသည်။ HRD များကို ပစ်မှတ်ထားနှိပ်ကွပ်ခြင်းကြောင့် ၎င်း HRD တို့မှ ကာကွယ်စောင့် ရှောက်ပေးနေသည့် သို့မဟုတ် ကာကွယ်စောင့်ရှောက်ရန် ကြိုး စားနေသည့် တိုင်းရင်းသား၊ ဘာသာရေးနှင့် လူမှုရေး လူနည်းစုများ အပါအဝင် ဆင်းရဲသည့် အပစ်ပယ်ခံ ထိခိုက်လွယ် အသိုင်း အဝိုင်းများနှင့်တကွ ဒေသခံအောက်ခြေလူထု အသိုင်းအဝိုင်းများ အနေဖြင့် အန္တရာယ်အလားအလာ အထူးကြုံနေရသည်။ အဘယ့်ကြောင့်ဆိုသော် ဤဒေသခံများအနေဖြင့် တိုင်းရင်းသားဒေသများ၊ ကျေးလက်ဒေသများ၊ ဖြစ်ပွားနေသည့် မြေယာအခွင့်အရေးနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများစွာကို အရင်ဦးဆုံး ရင်ဆိုင်ခံစားရ သူများဖြစ်ပြီး ၎င်းတို့အား ကာကွယ်စောင့်ရှောက်ပေးမည့်သူများ မရှိပါက ပိုမိုဆိုးဝါးသည့် ချိုးဖောက်မှုများစွာကို ထပ်မံရင်ဆိုင်နိုင် ရသောကြောင့် ဖြစ်သည်။

သို့ဖြစ်၍ HRD များသည် ဥပဒေပိုင်း၊ တရားစီရင်ရေးပိုင်း၊ ရုပ်ဝတ္ထုပိုင်း၊ ဘဏ္ဍာရေးပိုင်းနှင့် အခြားအပိုင်းများမှ ကာကွယ်စောင့်ရှောက်မှုကို အထူးအရေးတကြီးလိုအပ်ကြောင်း ပေါ်လွင်နေသည်။ တိုင်းပြည်တဝှမ်းကဏ္ဍမျိုးစုံမှ HRD များ၏ အတွေ့အကြုံများကို အခြေခံပြီး မြန်မာနိုင်ငံ၏ လူ့အခွင့်အရေး အခြေအနေတစ်စုံလုံးကို သုံးသပ်ခြင်းမှာ တန်ဖိုးမဖြတ်နိုင်သည့် သုံးသပ်အကဲဖြတ်မှုဖြစ်ပါသည်။ ရာနှုန်းပြည့်စုံလင်မှု မရှိသေးသော်လည်း အောက်ဖော်ပြပါ မူဝါဒပိုင်း အကြံပြုတိုက်တွန်းချက်များသည် ဤအစီရင်ခံစာအတွက် တွေ့ဆုံမေးမြန်းခဲ့သည့် HRD များ၏ အတွေ့အကြုံများ၊ အမြင်သဘောထားများ၊ လိုအပ်ချက်များ၊ စိုးရိမ်ပူပန်မှုများမှ အဓိကကောက်နုတ်ထားခြင်း ဖြစ်ပါသည်။ ဤအစီရင်ခံစာသည် HRD များနှင့် အခြားသူများအား ၎င်းတို့၏ လုံခြုံရေးကို တိုးမြင့်စေမည့် ခိုင်မာသောလက်တွေ့ အပြောင်းအလဲများလုပ်ရန်နှင့် ထိုမှတဆင့် ၎င်းတို့အလုပ်ကို ပိုမိုထိရောက်စေရေးကူညီနိုင်ရန်သာမက မြန်မာအစိုးရနှင့် အခြားအဓိက သက်ဆိုင်သူများအပေါ်တွင်လည်း အမှန်တကယ် ဖိအားသက်ရောက်စေမည်ဟု မျှော်လင့်ပါသည်။ ဤသို့ဖြင့် မြန်မာနိုင်ငံမှ HRD များ၏ အခြေအနေ တိုးတက်ကောင်းမွန်လာပြီး ၎င်းတို့၏ တန်ဖိုးရှိပြီး တရားဝင်မှုရှိသော လူ့အခွင့်အရေး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ခွင့် ရစေမည်ဟုလည်း မျှော်လင့်ရပါသည်။

မြန်မာအစိုးရ၏ သိသာထင်ရှားသည့် ရည်ရွယ်ချက်မှာ သဘောထားမတူသူများကို နှိမ်နင်းရန်၊ အတိုက်အခံအသံများ တိတ်ဆိတ်သွားစေရန်နှင့် ထိုမှတဆင့် မြန်မာ့ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးကို လမ်းခုလတ်၌ ရပ်တန့်သွားစေရန် ဖြစ်သည်။ အာဏာချုပ်ကိုင်ထားသူများအနေဖြင့် ရှင်းလင်းတိကျသည့် ပထဝီနိုင်ငံရေးနှင့် စီးပွားရေးရည်မှန်းချက်များ ရရှိရန်အတွက် ကနဦး၊ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးကို အတိုင်းအတာတစ်ခု အထိလုပ်ဆောင်ရန် သို့မဟုတ် လုပ်ဆောင်နေသယောင် ပြသလို သည့် ဆန္ဒရှိကြပုံရသော်လည်း ယခုအခါတွင်မူ မျက်နှာဖုံးကွာကျကာ နဂိုမူလ ဖိနှိပ်အုပ်ချုပ်ရေး အခြေအနေသို့ ပြန်ရောက်စေရန် ကြိုးပမ်းနေသည်ကို တွေ့ရပါသည်။

အကယ်၍ မြန်မာအစိုးရက HRD များကို ကာကွယ်စောင့်ရှောက်ပြီး ၎င်းတို့အခွင့်အရေးများကို လေးစားမြှင့်တင်ပေးပါက HRD များအနေဖြင့် ၎င်းတို့၏ တရားဝင်မှုရှိသော လူ့အခွင့်အရေးလုပ်ငန်းများကို ပိုမိုကောင်းမွန်စွာ လုပ်ဆောင်နိုင်မည်ဖြစ်သဖြင့် မြန်မာနိုင်ငံ၏ အထွေထွေ လူ့အခွင့်အရေး အခြေအနေ တိုးတက်ကောင်းမွန်လာပြီး ပြည်သူလူထုအားလုံး အကျိုးရှိမည်ဖြစ်သည်။ အကယ်၍ အစိုးရက ထိုအမြင်ကိုလက်ခံပြီး အကျိုးရှိသည့်မူဝါဒများကို ဦးဆောင်ကျင့်သုံးခဲ့လျှင် အားလုံးအတွက် အကျိုးဖြစ်ထွန်းမှုကို မကြာမီတွေ့မြင်ရမည် ဖြစ်သည်။ ထိုကဲ့သို့ ချဉ်းကပ်နည်းသည် ၂၀၁၅ ခုနှစ် အထွေထွေ ရွေးကောက်ပွဲအတွက် ပြင်ဆင်နေချိန်တွင် မြန်မာပြည်သူတို့ မြင်တွေ့လိုသည့် ချဉ်းကပ်နည်းဖြစ်ပါသည်။

---

*78. Latest political prisoner figures available at: http://aappb.org/political-prisoner-data/*

# (၆) အကြံပြုတိုက်တွန်းချက်များ

<u>မြန်မာအစိုးရ</u>

- အောက်တွင်ဖော်ပြထားသည့် လွှတ်တော်နှင့် တရားစီရင်ရေးမဏ္ဍိုင် အတွက် အကြံပြုတိုက်တွန်းချက်များ အားလုံးကို စတင်ဆောင်ရွက်ရန်၊
- ဖိနှိပ်ရေးဥပဒေများ၊ အမှုဆင်တရားစွဲမှုများအား အသုံးပြုကာ HRD များ၏ တရားဝင်မှုရှိသော လူ့အခွင့်အရေး လုပ်ဆောင်မှုများကို ရာဇဝတ်မှုမြောက်စေခြင်းဖြင့် ယခုအချိန်ထိဖြစ်နေသည့် HRD များအား ပစ်မှတ်ထားမှု၊ ဖိနှိပ်မှု၊ ကန့်သတ်မှု၊ ချုပ်ကိုင်မှု၊ နှုတ်ပိတ်မှုများအား ချက်ခြင်းရပ်စဲပြီး အခြေခံအခွင့်အရေးများဖြစ်သော စုဝေးခွင့်၊ သင်းပင်းဖွဲ့စည်းခွင့်နှင့် ထုတ်ဖော်ပြောဆိုခွင့် တို့ကို အမြဲတမ်း လေးစားစောင့်ရှောက် မြှင့်တင်အားပေးရေး အာမခံရန်၊
- ဒေသခံအာဏာပိုင်များ သို့မဟုတ် နိုင်ငံတော်အာဏာပိုင်များက HRD များအား ဥပဒေမဲ့ ဖမ်းဆီးချုပ်နှောင်ခြင်း လုပ်ဟန်များနှင့် အခြားခြိမ်းခြောက်မှု၊ နှောင့်ယှက်မှု၊ စောင့်ကြည့် ထောက်လှမ်းမှုနှင့် အနိုင်ကျင့်မှု အသွင်သဏ္ဍာန် အားလုံးကို ချက်ခြင်း ရပ်စဲရန်၊
- HRD များနှင့် နိုင်ငံရေးအကျဉ်းသားအားလုံးကို ခြွင်းချက်မရှိလွှတ်ပေးပြီး အမှုရင်ဆိုင်နေရသည့် HRD များအပေါ် စွဲဆိုထားသည့် အမှုများအား ပယ်ဖျက်ပေးရန်၊ ဖမ်းထားသည့် အရေအတွက်နှင့် ပတ်သက်သည့် ကွဲလွဲမှုမှန်သမျှကို လွတ်လပ်သည့် စစ်ဆေးရေးအဖွဲ့ဖြင့် စေ့စေ့စပ်စပ်စုံစမ်းစစ်ဆေးရန်နှင့် ယင်းအဖွဲ့ကို နိုင်ငံရေး အကျဉ်းသားဟောင်းများနှင့် ကုလကိုယ်စားလှယ်များ အပါအဝင် အရည်အချင်းပြည့် ပြည်တွင်းနှင့် နိုင်ငံတကာ ကျွမ်းကျင်သူများ ထည့်သွင်း ဖွဲ့စည်းရန်၊
- မြန်မာနိုင်ငံတွင် တရားဥပဒေစိုးမိုးရေး ထူထောင်ပြီး တရားသူကြီးများ၊ ရှေ့နေများ၊ ဆွဲချများတို့၏ လွတ်လပ်မှု၊ အရည်အချင်းပြည့်မှီမှု၊ ဘက်မလိုက်မှုနှင့် တာဝန်ခံမှုတို့ကို အာမခံနိုင်ရန် အရေးတကြီးလိုအပ်သည့် တရားစီရင်ရေးမဏ္ဍိုင် ပြုပြင်ပြောင်းလဲရေးများ လုပ်ဆောင်ရန် - သို့မှသာ မည်သည့် နေရာတွင်ဖြစ်စေ၊ မည်သည့်အကြောင်းကြောင့်ဖြစ်စေ တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်ပြီး ကန့်သတ်ချုပ်ချယ်ခြင်း၊ မလျော်သြဇာသုံးခြင်း၊ ဖျားယောင်းသွေးဆောင်ခြင်း၊ ဖိအားပေးခြင်း၊ ခြိမ်းခြောက်ခြင်း သို့မဟုတ် စွက်ဖက်ခြင်းများမှ လွတ်ကင်းမည် ဖြစ်သည်၊
- နိုင်ငံတော်ဘတ်ဂျက်မှ အပြည့်အဝကျခံကာ လွတ်လပ်ပြီး အစိုးရလက်အောက်ခံ မဟုတ်သည့် အဖွဲ့အစည်းတစ်ခု၏ စီမံခန့်ခွဲခြင်းမှတဆင့် HRD အားလုံးကို သင့်တော်သည့် ဥပဒေအထောက်အကူပေးရန် - သို့မှသာ လူ့အခွင့်အရေး ရှေ့နေများအနေဖြင့် နှောင့်ယှက်မှု၊ စွက်ဖက်မှု သို့မဟုတ် ကန့်သတ်မှုမရှိဘဲ HRD များကို ဥပဒေကြောင်းညီသည့် ခုခံကာကွယ်မှုများ ပံ့ပိုးပေးနိုင်မည် ဖြစ်သည်၊
- လက်စဖျောက်မှု၊ ဥပဒေမဲ့သတ်ဖြတ်မှု၊ ညှဉ်းပန်းနှိပ်စက်မှု၊ ရုပ်ခန္ဓာပိုင်းအကြမ်းဖက်မှု၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု၊ စော်ကားမှု၊ နှောင့်ယှက်မှု၊ ခြိမ်းခြောက်အနိုင်ကျင့်မှုနှင့် ခွဲခြားဖိနှိပ်မှု စသည့် မြန်မာနိုင်ငံရှိ HRD များအပေါ် ကျူးလွန်သော ဆိုးဝါးသည့် လူ့အခွင့်အရေး ချိုးဖောက်မှုအားလုံးကို ပွင့်လင်းမြင်သာပြီး လွတ်လပ်သည့် စုံစမ်းစစ်ဆေးမှု အပြည့်အဝ စတင်ဆောင်ရွက်ရန်၊ အင်အားကြီးကုမ္ပဏီများ သို့မဟုတ် မြန်မာစစ်တပ်၏ အဖွဲ့ဝင်များပင်ဖြစ်စေ ကျူးလွန်သူမည်သူကိုမဆို အရေးယူရေးနှင့် အပြည့်အဝတာဝန်ယူစေရေး ဆောင်ရွက်ရန်၊
- မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် (MNHRC) ကို လွတ်လပ် ပွင့်လင်းမြင်သာပြီး ထိရောက်ကာ လူ့အခွင့်အရေး ချိုးဖောက်မှုအားလုံးကို သြဇာအာဏာရှိရှိ အကန့်အသတ်မရှိ စုံစမ်းစစ်ဆေးနိုင်သည့်အဖွဲ့၊ လူ့အခွင့်အရေးများ အထူးသဖြင့် တရားစီရေးပိုင်း၏ နှောင့်ယှက်မှု၊ ဥပဒေမဲ့ ဖမ်းဆီးထိန်းသိမ်းမှု တို့နှင့်ပတ်သက်သည့် လူ့အခွင့်အရေးများကို အားပေးမြှင့်တင်ကာကွယ်စောင့်ရှောက်နိုင်သည့် အဖွဲ့ဖြစ်လာစေရန် UN ပါရီ အခြေခံမူများနှင့် အပြည့်အဝ ကိုက်ညီအောင် ပြုပြင်ပြောင်းလဲရန်၊
- UN အထူးကိုယ်စားလှယ်များ၏ ခရီးစဉ်တိုင်းကို UN မှ တောင်းဆိုသည့်အတိုင်း အဆင်ပြေအောင် စီစဉ်ပေးရန်၊

- UN လူ့အခွင့်အရေးကောင်စီ ကဏ္ဍအမှတ် ၄ မှ ပေးအပ်ထားသော လုပ်ပိုင်ခွင့်ဖြစ်သည့် စုံစမ်းစစ်ဆေးခွင့်နှင့် စောင့်ကြည့် အကဲခတ်ခွင့်အား အပြည့်အဝပေးအပ်ကာ UN လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး (OHCHR) ၏ မြန်မာနိုင်ငံဆိုင်ရာရုံး ဖွင့်လှစ်နိုင်ရေး ကမ်းလှမ်းချက်ကို အမြန်ဆုံးသဘောတူရန်၊
- နိုင်ငံအဆင့် အဆောက်အအုံများ၊ ဒေသခံအာဏာပိုင်များ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ရပ်ရွာလူထုများအတွက် လုံခြုံရေးနှင့် စောင့်ရှောက်ရေး ယန္တရားများအကြောင်း၊ အမျိုးသမီးအခွင့်အရေး၊ LGBTIQ အခွင့်အရေးနှင့် ခွဲခြားဖိနှိပ်ခြင်း တို့အပါအဝင် အခြေခံလူ့အခွင့်အရေးများအကြောင်း၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု၊ ချိုးဖောက်မှု၊ နှောင့်ယှက်မှုနှင့် ခြိမ်းခြောက်မှု အကြောင်း တို့ကို ဆွေးနွေးရန်အတွက် သင်တန်း၊ ပညာပေးအစီအစဉ်၊ အလုပ်ရုံဆွေးနွေးပွဲနှင့် ဖိုရမ်များ စီစဉ်ပေးရန်၊
- ဘာသာရေးနှင့် လူမျိုးရေးခွဲခြားမှုများကို နောက်ကွယ်မှ အားပေးထောက်ကူနေမှုများ ရပ်စဲရန်၊ ဘာသာရေး အကြမ်းဖက်မှု၊ အမုန်းစကား၊ ဘာသာရေး အစွန်းရောက်စကားများ၊ ဘာသာရေးနှင့် လူမျိုးရေး ခွဲခြားဖိနှိပ်မှု လုပ်ရပ်အားလုံးကို အပြစ်ပေး အရေးယူရန်။

## အစိုးရ၏ တရားစီရင်ရေးနှင့် လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေး

- မြန်မာအစိုးရသို့ အကြံပြုတိုက်တွန်းချက်များတွင် ဖော်ပြထားသော ချိုးဖောက်မှုများ အပါအဝင် ဆိုးဝါးသည့် လူ့အခွင့်အရေး ချိုးဖောက်မှု ကျူးလွန်သူအားလုံး တရားဥပဒေရှေ့မှောက်ရောက်စေရေးနှင့် အပြည့်အဝတာဝန်ယူစေရေး အာမခံရန်၊
- မြန်မာနိုင်ငံတွင် HRD များအား တရားစွဲဆိုမှု မှန်သမျှတွင် UDHR နှင့် ICCPR တို့၌ ပြဋ္ဌာန်းထားသည့်အတိုင်း တရားမျှတ သည့် တရားခွင်အခွင့်အရေး အားလုံးကို လိုက်နာကျင့်သုံးရန်၊ ယင်းအခွင့်အရေးများထဲတွင် HRD များသည် လွတ်လပ်ပြီး အရည်အသွေးရှိ ရှေ့နေများနှင့် ဥပဒေအထောက်အကူကို သင့်လျော်စွာနှင့် အပြည့်အဝရရှိရန်၊ အပြစ်ရှိကြောင်း အမိန့်မချမှတ်မီ အပြစ်ကင်းသူအဖြစ် ယူဆရန်၊ ဥပဒေမဲ့ ဖမ်းဆီးချုပ်နှောင်ခြင်းအပါအဝင် တရားစီရင်ရေးပိုင်းနှင့် ဥပဒေပိုင်းအရ နှောင့်ယှက် အနိုင်ကျင့်မှု အားလုံးကို တန်ဖိုးရှိသည့် တရားရုံးအချိန်နှင့် ရင်းမြစ်များ ဖြုန်းတီးမှုအဖြစ် ပြစ်ဒဏ်ပေး အရေးယူရန်၊
- တရားရုံးတွင်း မည်သည့်ကြားနာလျှောက်လဲမှုကိုမဆို လုပ်ဆောင်ရာ၌ UDHR နှင့် ICCPR တို့တွင် ပြဋ္ဌာန်းထားသည့်အတိုင်း လွတ်လပ်စွာစုဝေးခွင့်၊ သင်းပင်းဖွဲ့စည်းခွင့်နှင့် ထုတ်ဖော်ပြောဆိုခွင့် စသည့်အခြေခံအခွင့်အရေးများ အပါအဝင် သက်ဆိုင်သည့် နိုင်ငံတကာလူ့အခွင့်အရေးဥပဒေအားလုံးကို လိုက်နာကျင့်သုံးရန်၊
- တရားသူကြီးများ၊ ရှေ့နေများ၊ ဆွဲချများနှင့် တရားရေးဝန်ထမ်းအားလုံးသည် အရည်အချင်းပြည့်မီမှု၊ ကောင်းစွာ သင်တန်း ပေးထားမှုနှင့် လွတ်လပ်အမှီခိုကင်းမှုရှိရမည်ဖြစ်ပြီး ၎င်းတို့အား မည်သည့်နေရာမှဖြစ်စေ၊ မည်သည့် အကြောင်းကြောင့်ဖြစ်စေ တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်ပြီး ကန့်သတ်ချုပ်ချယ်ခြင်း၊ မလျော်ဩဇာသုံးခြင်း၊ ဖျားယောင်းသွေးဆောင်ခြင်း၊ ဖိအားပေးခြင်း၊ ခြိမ်းခြောက်ခြင်း သို့မဟုတ် စွက်ဖက်ခြင်းများ မလုပ်ဆောင်နိုင်စေရေး အာမခံရန်နှင့် ထိုသို့လုပ်ဆောင်ရန် UN အပါအဝင် သက်ဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းများထံမှ လိုအပ်သည့် အကူအညီရယူရန်။

## မြန်မာလွှတ်တော်

- HRD များနှင့် ၎င်းတို့အလုပ်ကို ဆိုးကျိုးသက်ရောက်စေသည့် ငြိမ်းချမ်းစွာစုဝေးစီတန်းလှည့်လည်ခွင့်ဥပဒေ၊ ရာဇသတ်ကြီး ဥပဒေ၊ မတရားအသင်း ဥပဒေ၊ အစိုးရလျှို့ဝှက်လုပ်ငန်း ဥပဒေ၊ မီဒီယာ ဥပဒေများနှင့် မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ အထူး ကိုယ်စားလှယ်ဟောင်း မစ္စတာကင်တားနား တင်သွင်းခဲ့သည့် အစီရင်ခံစာ (A/HRC/၂၂/၅၈) တွင် ထောက်ပြထားသည့် အခြားဥပဒေများ အပါအဝင်၊ လက်ရှိအသုံးပြုနေသည့် ဖိနှိပ်ရေးဥပဒေအားလုံးအား UDHR နှင့် ICCPR တို့နှင့် အခြား နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေများ၊ စံချိန်စံညွှန်းများနှင့် အပြည့်အဝကိုက်ညီစေရေးအတွက် အမြန်ဆုံး သုံးသပ်၊ ပြင်ဆင် သို့မဟုတ် ပယ်ဖျက်ရန်၊ HRD များ၏ အခြေခံလွတ်လပ်ခွင့်များအား ကန့်သတ်ချုပ်ချယ်မှုမပြုဘဲ အားပေးထောက်ကူရန်၊
- တရားစီရင်ရေးပိုင်း၏ နှောင့်ယှက်မှုမှ ကာကွယ်စောင့်ရှောက်ပေးမည့် ဥပဒေများကို ပြဋ္ဌာန်းရန် - ယင်းဥပဒေများသည် HRD များ၏ အခွင့်အရေးများကို ထိရောက်စွာ ကာကွယ်စောင့်ရှောက်ပြီး ၎င်းတို့အလုပ်ကို ဆက်လက် ဆောင်ရွက်နိုင်စေရမည်၊

နိုင်ငံတကာလူ့အခွင့်အရေးဥပဒေများ စံချိန်စံညွှန်းများနှင့် ကိုက်ညီရမည်၊ အရပ်ဖက်လူထု အဖွဲ့အစည်းများ၊ HRD များနှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများကြောင့် ထိခိုက်ခဲ့ရသည့် ရပ်ရွာလူထုများကို ယင်းဥပဒေများ ဆွေးနွေးမှု၊ ရေးဆွဲမှုနှင့် ပြဋ္ဌာန်းမှု တို့တွင် ပွင့်လင်းမြင်သာစွာနှင့် လက်ခံမှုရှိစွာ ပါဝင်ဆောင်ရွက်စေရမည်၊ ယင်းဥပဒေများကို သင့်လျော်စွာနှင့် အပြည့်အဝ ကျင့်သုံးပြီး ကြပ်မတ်စောင့်ထိန်းရမည်၊

- အမျိုးသမီး၊ LGBTIQ ၊ ဘာသာရေးနှင့် တိုင်းရင်းသားလူနည်းစုများကဲ့သို့ ထိခိုက်လွယ်အစုအဖွဲ့များနှင့် HRD များ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်သည့် ဥပဒေများ ပြဋ္ဌာန်းရန်၊ ယင်းကဲ့သို့သော အစုအဖွဲ့များအပေါ် ခွဲခြားဖိနှိပ်မှုကို ဥပဒေအရ တားမြစ်ရန်၊ အထူးသဖြင့် ဘာသာခြားလက်ထပ်ထိမ်းမြားရေးဥပဒေကို ပယ်ဖျက်ပြီး ၄င်းနှင့် တွဲဖက်နေသည့် ဥပဒေကြမ်းများ အတည်ပြုရေး အားထုတ်မှုများကို ရပ်တန့်ရန်၊
- အဓိက နိုင်ငံတကာ စာချုပ်စာတမ်းများ အထူးသဖြင့် အပြည်ပြည်ဆိုင်ရာ နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် ICCPR နှင့် ၄င်း၏ နောက်ဆက်တွဲ လုပ်ထုံးလုပ်နည်းနှစ်ခုအား လက်မှတ်ရေးထိုးရန်၊ ပြည်တွင်းဥပဒေများအား နိုင်ငံတကာ လူ့အခွင့်အရေး စာချုပ်စာတမ်းများ စံများနှင့် ကိုက်ညီအောင် ပြင်ဆင်ရေးဆွဲရန်၊
- ညှဉ်းပန်းနှိပ်စက်ခြင်းအား ဆန့်ကျင်သည့် UN သဘောတူစာချုပ် (UNCAT) အား လက်မှတ်ရေးထိုးရန်၊ ဤသဘောတူစာချုပ်ပါ အစီအမံများကို လိုက်နာကျင့်သုံးကာ HRD များနှင့် တက်ကြွလှုပ်ရှားသူများအား စနစ်တကျညှဉ်းပန်းနှိပ်စက်နေမှု အဆုံးသတ်ရန်၊
- UN လူ့အခွင့်အရေး ကြေညာစာတမ်းအား လိုက်နာအကောင်အထည်ဖော်ရန်။

<u>နိုင်ငံရေးပါတီများ</u>

- အထက်ပါ အကြံပြုတိုက်တွန်းချက်များကို အမြန်ဆုံး အကောင်အထည်ဖော်စေရန် မြန်မာအစိုးရအား သင့်တော်သည့် ဒီမိုကရေစီနည်းလမ်းများဖြင့် ဖိအားပေးရန်၊
- အထက်၌ မြန်မာလွှတ်တော်သို့ အကြံပြုတိုက်တွန်းထားသည့် လိုအပ်သောလုပ်ဆောင်မှုများအားလုံးကို စတင် လှုံ့ဆော်အကောင်အထည်ဖော်ရန်၊
- တရားစီရင်ရေးပိုင်း ပြုပြင်ပြောင်းလဲရေးနှင့် MNHRC ဥပဒေပြင်ဆင်ချက်နှင့် ပြုပြင်ပြောင်းလဲရေးတို့ကို တွန်းအားပေးရန်၊
- UNCAT အား လက်မှတ်ထိုးရေးကို တွန်းအားပေးရန်၊
- မြန်မာနိုင်ငံရှိ HRD များအပေါ် လူ့အခွင့်အရေးချိုးဖောက်မှုများ ထပ်မံမကျူးလွန်စေဖို့ စောင့်ကြပ်သူအဖြစ် ဆောင်ရွက်ရန်၊
- လူ့အခွင့်အရေးလုပ်ငန်းများ လုပ်ဆောင်မှုကြောင့် ထိန်းသိမ်း အကျဉ်းချခံရသည့် HRD များကို တတ်နိုင်သမျှ အထောက်အကူအားလုံးပံ့ပိုးပေးပြီး ၄င်းတို့အမှုများအကြောင်း လူသိများအောင်လုပ်ပေးကာ ၄င်းတို့ လွတ်မြောက်ရေးအတွက် တက်ကြွစွာ စည်းရုံးလှုံ့ဆော်ရန်၊
- မိမိတို့ပါတီ၏ လူ့အခွင့်အရေး မူဝါဒများနှင့် နိုင်ငံရေးရပ်တည်ချက်များကို အများပြည်သူသိအောင် ထုတ်ပြန်ရန်၊ HRD များနှင့် ၄င်းတို့အလုပ်အား ကာကွယ်စောင့်ရှောက်ရေးအတွက် ပွင့်ပွင့်လင်းလင်း ကတိပြုအာမခံရန်။

## <u>UN</u>

- လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများဆိုင်ရာ UN အထူး ကိုယ်စားလှယ်၊ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် စုဝေးခွင့်ဆိုင်ရာ UN အထူးကိုယ်စားလှယ်တို့ကို မြန်မာနိုင်ငံတွင် ကွင်းဆင်းစုံစမ်းနိုင်ရန် ဖြစ်နိုင်သမျှ အစီအမံအားလုံးနှင့် စီစဉ်ရန်၊ မြန်မာနိုင်ငံရှိ HRD များကို ကာကွယ်စောင့်ရှောက်ရေးနှင့် စပ်လျဉ်း၍ ပိုမိုပူးပေါင်းဆောင်ရွက်မှုနှင့် ထိရောက်သည့် စည်းရုံးလှုံ့ဆော်မှုလုပ်ရေး အာမခံနိုင်ရန် မြန်မာနိုင်ငံ လူ့အခွင့်အရေး အခြေအနေဆိုင်ရာ UN အထူးကိုယ်စားလှယ်နှင့် အနီးကပ်ပူးပေါင်းဆောင်ရွက်ရန်၊

- ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၂၉ ရက်တွင် ချမှတ်ခဲ့သည့် UNGA ဆုံးဖြတ်ချက် ၆၉/၂၄၈ ပါ အကြံပြုတိုက်တွန်းချက်များကို မြန်မာအစိုးရက အကောင်အထည်ဖော်ရန်ပျက်ကွက်မှုအား ထောက်ပြနိုင်ရန် မြန်မာနိုင်ငံဆိုင်ရာ ဆုံးဖြတ်ချက်အား ဆက်ထားရန်၊
- UN လူ့အခွင့်အရေးကောင်စီ ကဏ္ဍအမှတ် ၄ မှ ပေးအပ်ထားသော လုပ်ပိုင်ခွင့်ဖြစ်သည့် စုံစမ်းစစ်ဆေးခွင့်နှင့် စောင့်ကြည့်အကဲခတ်ခွင့် အပြည့်အဝရှိသော UN လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး (OHCHR) ၏ မြန်မာနိုင်ငံဆိုင်ရာရုံး ဖွင့်လှစ်နိုင်ရေး ဖြစ်နိုင်သမျှအစီအမံအားလုံးနှင့် ဆက်လက်ဆောင်ရွက်ရန်၊
- မြန်မာနိုင်ငံရှိ HRD များ၏ အခြေအနေ တိုးတက်အောင် လုပ်ဆောင်ရန်အတွက် မြန်မာအစိုးရ လိုအပ်နိုင်သည့် လူ့အခွင့်အရေး အထောက်အပံ့အားလုံး ပေးအပ်ရန်။

## <u>နိုင်ငံတကာအစိုးရများနှင့် သံရုံးများ</u>

- အထက်တွင် ဖော်ပြထားသည့် သက်ဆိုင်ရာ အကြံပြုတိုက်တွန်းချက်များကို မြန်မာအစိုးရ၊ မြန်မာလွှတ်တော်နှင့် တရားစီရင်ရေးကဏ္ဍတို့မှ အမြန်ဆုံး အကောင်အထည်ဖော်ရေး တိုက်တွန်းရန်၊
- အကယ်၍ မြန်မာနိုင်ငံတွင် တရားဝင်မှုရှိသော လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက် လှုပ်ရှားနေသော HRD များကို မြန်မာအစိုးရအနေဖြင့် ကာကွယ်စောင့်ရှောက်ရန် ဆက်လက်ပျက်ကွက်နေပါက၊ ဆက်လက်ပြီး ဦးတည်တိုက်ခိုက်နေပါက သင့်တော်ပြီးပြတ်သားသည့် နိုင်ငံတကာ နိုင်ငံရေး သို့မဟုတ် စီးပွားရေး ကိုင်တွယ်အရေးယူမှုများ ချမှတ်ဆောင်ရွက်ရန်၊
- မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ UN အထူးကိုယ်စားလှယ်မှ တင်ပြသည့် လူ့အခွင့်အရေးဆိုင်ရာ အကြံပြုတိုက်တွန်းချက်များကို ထောက်ခံအားပေးပြီး ယင်းတို့ကိုလိုက်နာ ကျင့်သုံးရေး မြန်မာအစိုးရကို ဖိအားပေးရန်၊
- မြန်မာနိုင်ငံရှိ HRD များအပေါ် လူ့အခွင့်အရေးချိုးဖောက်မှုများကို စောင့်ကြပ်ကြည့်ရှုသူအဖြစ် ဆောင်ရွက်ရန်၊
- ထိန်းသိမ်း အကျဉ်းချခံနေရသည့် HRD များ လွတ်မြောက်ရေးအတွက် နိုင်ငံတကာတွင် စည်းရုံးလှုံ့ဆော်ပေးရန်၊ ၎င်းတို့မိသားစုများကို လူမှုဖူလုံရေးနှင့် အထောက်အကူများပေးရန်။

## <u>နိုင်ငံတကာ NGO များနှင့် အလှူရှင်များ</u>

- ရန်ကုန်မြို့ပြင်ပ အခြားဒေသများရှိ HRD များ ရင်ဆိုင်ရသည့် အခက်အခဲများကို အသိအမှတ်ပြုကာ အောက်ခြေထုမှ CSO/NGO များနှင့် ဒေသခံကျေးလက်ရပ်ရွာ လူထုအသိုင်းအဝိုင်းများနှင့် အပြည့်အဝ ထိတွေ့ဆက်ဆံရန်၊ ပိုမိုခိုင်မာသည့် HRD ကွန်ရက်များ မြေတောင်မြှောက်ပေးရန်၊ ယုံကြည်မှုတည်ဆောက်ခြင်းများ ပြုလုပ်ရန်နှင့် ရပ်ရွာအဝန်းအဝိုင်း တည်ဆောက်ရေး ကြိုးပမ်းမှုများအတွက် ရေရှည်အတွက်ရည်ရွယ်သော အချိန်နှင့် အရင်းအမြစ်များကို ကတိကဝတ်ပြုရန်၊
- ဒေသခံ CSO များနှင့် HRD များ၏ လိုအပ်ချက်များကို ဖော်ထုတ်သတ်မှတ်ခြင်း၊ လုံခြုံရေးနှင့်သက်ဆိုင်သော သတင်းအချက်အလက်များ ဖြန့်ဝေရေး အကြံဉာဏ်နှင့် အထောက်အကူပေးရေးတို့ကို ဦးစားပေးအဖြစ် အစီအစဉ်ဆွဲခြင်း၊ အလိုအပ်ဆုံး ဒေသများတွင် အထက်ပါလုပ်ငန်းစဉ်တို့အတွက် ငွေကြေးထောက်ပံ့ခြင်းနှင့် အကောင်အထည်ဖော်ခြင်း၊ HRD ဖိုရမ်များနှင့် သင်တန်းများကို အားပေးထောက်ပံ့ခြင်း တို့ကဲ့သို့ လူ့အခွင့်အရေး လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရာတွင် မဟာဗျူဟာကျကျ ပိုမိုပြည့်စုံအောင် လုပ်ဆောင်ရန်၊
- HRD ကာကွယ်စောင့်ရှောက်ရေး ယန္တရားများနှင့် ပတ်သက်၍ စိတ်ကူးသစ်များနှင့် လုပ်ဆောင်ချက်အသစ်များ ဖန်တီးမိတ်ဆက်ပေးရန်၊ HRD များအတွက် ကာကွယ်စောင့်ရှောက်မှု တိုးမြင့်ပေးရန်ရည်ရွယ်ပြီး ဒေသတွင်းနှင့် နိုင်ငံတကာ တိုင်ပင်ညှိနှိုင်းမှုများကို ဆက်စပ်ဆောင်ရွက်ရန်၊

- မြန်မာနိုင်ငံ HRD များအား ကိုယ်ရေးမှတ်တမ်းပြုလုပ်ထားရန် - ယင်းသို့အားဖြင့် ၎င်းတို့၏ပုံရိပ်ကို မြင့်ပေးနိုင်ပြီး ဖမ်းဆီးထိန်းသိမ်းမှုမှန်သမျှကို အများသိမြင်အောင် ဖွင့်ဟဖြန့်ဝေနိုင်၊ မြန်မာအစိုးရအပေါ် ဖိအားပေးနိုင်၊ HRD များ လွတ်မြောက်ရေးအတွက် စည်းရုံးလှုံ့ဆော်နိုင်မည်၊
- HRD များ ကြုံတွေ့နေရသော စိန်ခေါ်ချက်၊ ချိုးဖောက်ခံရမှု၊ နှောင့်ယှက်ခံရမှုများကို စေ့စပ်သေချာစွာ မှတ်တမ်းတင်ရန်နှင့် နိုင်ငံတကာ အသိုင်းအဝိုင်းနှင့် မြန်မာအစိုးရမှ HRD များအား ကာကွယ်စောင့်ရှောက်မှု လုပ်ဆောင်ရေး အတွက် တက်ကြွစွာ စည်းရုံးလှုံ့ဆော်ရန်၊
- Protection International မှ ပြုစုသည့် လက်စွဲစာစောင်ကဲ့သို့ သက်ဆိုင်သည့် HRD လက်စွဲစာစောင်များအား မြန်မာဘာသာသို့ ပြန်ဆို ဖြန့်ဖြူးရန်၊
- အန္တရာယ်တစ်စုံတစ်ရာ ကြုံတွေ့လာရပါက ဆက်သွယ်နိုင်ရန် HRD အားလုံးအတွက် HRD အရေးပေါ် တိုက်ရိုက် ဆက်သွယ်ရေးစနစ်တစ်ခုတည်ထောင်ရန်၊
- မြန်မာနိုင်ငံရှိ HRD များအား အမှုတစ်ခုချင်းအလိုက် အချိန်နှင့်တပြေးညီ အကူအညီ ချက်ချင်းပေးနိုင်ရန်အတွက် HRD တို့၏ ဥပဒေပိုင်း၊ ထောက်ပံ့ရေးပိုင်း၊ ဘဏ္ဍာရေးပိုင်း၊ စည်းရုံးဆော်ဩရေးပိုင်း၊ နည်းပညာပိုင်း၊ လုံခြုံရေးပိုင်း သို့မဟုတ် အခြားသော လိုအပ်ချက်များပေါ် မူတည်မည့် HRD ရံပုံငွေနှင့် ယန္တရားစနစ်တစ်ခု ထူထောင်ရန်။

## <u>HRD များနှင့် မြန်မာနိုင်ငံ အရပ်ဖက်လူထုအဖွဲ့အစည်းများ</u>

- ပကတိရှိသည့် ခြိမ်းခြောက်မှု အန္တရာယ်အားလုံးကို တိတိကျကျ အကဲဖြတ်ရန်၊ ကြိုတင်သတိရှိပြီး ကျိုးကြောင်း ဆီလျော်သော ကာကွယ်တားဆီးရေး အစီအမံများ လုပ်ဆောင်ရန်၊ သက်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို လေ့လာရန်၊ လူ့အခွင့်အရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် ထိရောက်သည့် အရေးပေါ် အစီအစဉ်များနှင့် ခိုင်မာသည့် မဟာဗျူဟာများ ချမှတ်ရန်၊
- ဆက်သွယ်ရေး လုံခြုံမှု တိုးမြှင့်နိုင်ရန် သင့်တော်သော IT လုံခြုံရေး နည်းပညာ အစီအမံများအား ကျင့်သုံးရန်၊
- သတင်းအချက်အလက်နှင့် ဆက်သွယ်ရန် အချက်အလက်များ မျှဝေရန်၊ အပြန်အလှန် ပူးပေါင်းလုပ်ဆောင်ရန်နှင့် အားပေးထောက်ခံရန်၊ ခိုင်မာသည့်ဆက်သွယ်ရေးနှင့် လုံခြုံရေးနည်းလမ်းများ ထူထောင်ထိန်းသိမ်းရန်နှင့် အန္တရာယ်များ၊ ခြိမ်းခြောက်မှုများ၊ နည်းနာများအကြောင်း အသိပညာပေး မြင့်တင်ရေးများ လုပ်ဆောင်ရန်အတွက် LGBTIQ နှင့် အမျိုးသမီးကွန်ရက်များ အပါအဝင် ဒေသန္တရ၊ ဒေသတွင်းနှင့် နိုင်ငံလုံးဆိုင်ရာ HRD ကွန်ရက်များ ထူထောင်ရန်၊
- HRD ဖိုရမ်များတွင် တက်ရောက်ပါဝင်ဆောင်ရွက်ရန်၊
- လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်း၊ အန္တရာယ်များနှင့် စိန်ခေါ်မှုများ၊ ကာကွယ်စောင့်ရှောက်ရေး ယန္တရားများ အပါအဝင် လူ့အခွင့်အရေးတစ်စုံလုံးနှင့် သက်ဆိုင်သည့် အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများကို စီစဉ်ဆောင်ရွက်ရန်နှင့် ပါဝင်တက်ရောက်ရန်၊
- မြန်မာနိုင်ငံတွင်ထူထောင်ထားသည့် မည်သည့် HRD ရံပုံငွေ သို့မဟုတ် အရေးပေါ် တိုက်ရိုက်ဆက်သွယ်ရေးစနစ် တို့အား လက်လှမ်းမီစေရေး လုပ်ဆောင်ရန်၊
- Protection International မှ ပြုစုသည့် လက်စွဲစာစောင်ကဲ့သို့ သက်ဆိုင်သည့် HRD လက်စွဲစာစောင်များအား ရယူလေ့လာရန်၊
- HRD များအား လူသိများစေရန်နှင့် အန္တရာယ်ကြုံလာပါက အကူအညီအခွင့်အလမ်း များပြားစေရန် သတင်းဌာနများ၊ ရှေ့နေများ၊ လူ့အခွင့်အရေးအဖွဲ့အစည်းများ စသည်တို့နှင့် တတ်နိုင်သမျှ လက်လှမ်းမီထိတွေ့လုပ်ဆောင်ရန်။

# နောက်ဆက်တွဲ ၁ - အင်တာဗျူးမေးခွန်းလွှာ

***နောက်ခံအချက်အလက်များ -***

၁။ အမည်နှင့်အသက်။

၂။ ဘာတိုင်းရင်းသားလူမျိုးလဲ။

***လုပ်ရှားမှုများ -***

၃။ ဘာကိစ္စရပ်(တွေ)အပေါ် လှုပ်ရှားနေသလဲ။ ဘယ်နေရာဒေသ (တွေ) မှာလဲ။

၄။ (အဲဒီကိစ္စရပ်တွေနဲ့ပတ်သက်ပြီး) ဘာလှုပ်ရှားမှုတွေ လုပ်သလဲ။

၅။ တစ်ယောက်တည်းလုပ်သလား၊ ကွန်ရက်တစ်ခု အစိတ်အပိုင်းလား၊ အဖွဲ့အစည်းတစ်ခုရဲ့ အဖွဲ့ဝင်အဖြစ်လား သို့မဟုတ် နှစ်မျိုးစလုံးလား သို့မဟုတ် သုံးမျိုးစလုံးလား။

၆။ ကိုယ့်ကိုယ်ကို လူ့အခွင့်အရေးကာကွယ်သူတဦးလို့ ယူဆသလား။ လူ့အခွင့်အရေးကာကွယ်သူဆိုတာ ဘယ်လိုလူတွေကို ဆိုလိုတယ်လို့ ထင်ပါသလဲ။

***ဒီနယ်ပယ်ထဲမှာလုပ်တာ ဘယ်လောက်ကြာပြီလဲ။ အန္တရာယ်များ။ခြိမ်းခြောက်မှုများ။စိန်ခေါ်မှုများ -***

၇။ လုပ်နေတဲ့ အလုပ်မှာ စိန်ခေါ်မှုတွေရှိသလား၊ ရှိရင် ဘာတွေလဲ။

၈။ သင်ကိုယ်တိုင်ဖြစ်ဖြစ် ဒါမှမဟုတ် သင်သိတဲ့တခြားတစ်ယောက်ဖြစ်ဖြစ် ရုပ်ခန္ဓာပိုင်းတိုက်ခိုက်မှု၊ ချုပ်ချယ်မှု၊ ခွဲခြားဖိနှိပ်မှု၊ ခြိမ်းခြောက်မှု၊ အနိုင်ကျင့်မှု၊ တရားစီရင်ရေးပိုင်းဆိုင်ရာ နှောင့်ယှက်မှု၊ လိင်ပိုင်းဆိုင်ရာနှောင့်ယှက်မှု သို့မဟုတ် အကြမ်းဖက်မှု၊ ဖမ်းဆီးမှု သို့မဟုတ် အပြစ်ပေးမှုတွေ တွေ့ကြုံဖူးလား။ ကြုံဖူးတယ်ဆိုရင် ဘယ်သူက လုပ်တာလဲ၊ ဘယ်ကလဲ။

၉။ လုပ်နေတဲ့အလုပ်နဲ့ပတ်သက်လို့ တစ်ခုခုကို စိုးရိမ်ရတာရှိသလား။

၁၀။ သင့်မှာ ထိခိုက်လွယ်အားနည်းချက်တွေရှိတယ်ထင်လား၊ ရှိတယ်ဆိုရင် ဘာတွေလို့ပြောမလဲ။

၁၁။ လူကိုယ်တိုင် စောင့်ကြည့်တာ သို့မဟုတ် နည်းပညာပိုင်းအရ စောင့်ကြည့်ထောက်လှမ်းခံနေရတယ်လို့ ခံစားမိသလား။

***ကာကွယ်စောင့်ရှောက်ရေးယန္တရားများ -***

၁၂။ ကာကွယ်စောင့်ရှောက်ရေးယန္တရားတစ်ခုခုကို သင်လက်လှမ်းမှီသလား။

၁၃။ စိန်ခေါ်မှု၊ အန္တရာယ်နဲ့ ခြိမ်းခြောက်မှုတွေကို ရင်ဆိုင်ကိုင်တွယ်ဖို့ သင့်မှာ ဘာမဟာဗျူဟာရှိသလဲ၊ သင့်မှာ လုံခြုံရေးအစီအစဉ်ရော ရှိသလား။

၁၄။ အလုပ်ကိစ္စတွေအတွက် ဘာဆက်သွယ်ရေးကိရိယာတွေသုံးသလဲ၊ အင်တာနက်သုံးသလား၊ အဲဒီဆက်သွယ်ရေး နည်းလမ်းတွေက လုံခြုံမှုရှိတယ်လို့ ယူဆသလား။

၁၅။ ခရီးသွားတဲ့အခါ လုံခြုံစိတ်ချမှုရှိလား။

၁၆။ ပုန်းခိုအိမ် သို့မဟုတ် တခြားစိတ်ချရတဲ့နေရာတခုကို လက်လှမ်းမှီသလား။

၁၇။ တရားစီရင်ရေးစနစ်အပေါ် ယုံကြည်မှု သို့မဟုတ် အားကိုးမှုရှိသလား၊ ဥပဒေတွေရဲ့ ကာကွယ်စောင့်ရှောက်မှု ရတယ်လို့ ယူဆသလား။

၁၈။ တခြား HRD တွေ သို့မဟုတ် တက်ကြွလှုပ်ရှားသူတွေနဲ့ သတင်းအချက်အလက်တွေ ဖလှယ်နိုင်သလား။

၁၉။ ပြည်တွင်း သို့မဟုတ် နိုင်ငံတကာက လူ့အခွင့်အရေးအဖွဲ့အစည်းတွေ သို့မဟုတ် အရပ်ဖက်လူထုအဖွဲ့အစည်းတွေဆီက သင်တန်း သို့မဟုတ် အထောက်အကူ ရဖူးသလား၊ လိုအပ်ချက်တွေရှိယင် အကြံပြုတိုက်တွန်းချက်တွေ ဘာလဲ။

၂၁။ အရပ်ဖက်လူမှုအသင်းအဖွဲ့တွေ သို့မဟုတ် ကွန်ရက်တွေ သို့မဟုတ် တစ်ဦးချင်းတွေက ဘယ်လို အပြန်အလှန် အားပေးထောက်ခံ ပံ့ပိုးနိုင်သလဲ။

၂၂။ နိုင်ငံတကာအသိုင်းအဝိုင်းက သင့်အလုပ် သို့မဟုတ် တခြား HRD တွေရဲ့အလုပ်ကို ဘယ်လိုပံ့ပိုးနိုင်သလဲ။

၂၃။ အစိုးရ၊ လွှတ်တော်၊ တရားစီရင်ရေး၊ ရဲ၊ အမျိုးသားလူ့အခွင့်အရေးကော်မရှင် စသည်တို့လို နိုင်ငံတော်အစိုးရအဆောက်အအုံတွေက HRD တွေကို ကာကွယ်စောင့်ရှောက်ပေးနိုင်ဖို့နဲ့ သူတို့အလုပ်တွေကို အားပေးမြှင့်တင်ပေးနိုင်ဖို့ ဘာလုပ်ပေးသင့်တယ်ထင်လဲ၊ ဘာလုပ်ပေးတာ မြင်ချင်သလဲ။

## *နိဂုံးချုပ်မေးခွန်းများ -*

၂၄။ HRD တွေအပေါ် ဆက်ဆံရေးနဲ့ HRD တွေလုပ်ကိုင် လှုပ်ရှားရတဲ့ ပတ်ဝန်းကျင်မှာ လတ်တလော အပြောင်းအလဲတွေ သတိထားမိတာရှိသလား။

၂၅။ HRD အလုပ်ကို လုပ်ဆောင်လို့ သင်နဲ့ သင့်မိသားစုရဲ့ လူမှုရေး၊ ကျန်းမာရေးနဲ့ အသက်မွေး ဝမ်းကျောင်း အခွင့်အလမ်းတွေ ဘယ်လိုထိခိုက်သလဲ။

# နောက်ဆက်တွဲ ၂ - FGD လမ်းညွှန်

***နောက်ခံမေးခွန်းများ -***

- တစ်ယောက်တည်းလှုပ်ရှားသလား သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုအနေနဲ့လား။
- ဘာကိစ္စရပ်ကို လှုပ်ရှားနေသလဲ။
- လောလောဆယ် ဘယ်မှာလုပ်သလဲ။
- သင် သို့မဟုတ် သင့်အဖွဲ့အစည်းက ဘယ်လိုကိစ္စမျိုးတွေ လုပ်သလဲ။

***အတွေ့အကြုံ -***

- HRD အလုပ်လုပ်ရာမှာ လောလောဆယ်ရင်ဆိုင်နေရတဲ့ အကြီးဆုံးစိန်ခေါ်မှုက ဘာလဲ။
- တိုက်ခိုက်မှုတွေ၊ ချုပ်ခြယ်မှုတွေ၊ ခွဲခြားဖိနှိပ်မှုတွေ၊ ခြိမ်းခြောက်မှုတွေ၊ အနိုင်ကျင့်မှုတွေ သို့မဟုတ် အပြစ် ပေးမှုတွေက သင့်ရဲ့ လူ့အခွင့်အရေးအလုပ် လုပ်နိုင်စွမ်းကို ဘယ်လိုနည်းနဲ့ ထိခိုက်စေသလဲ။
- ဒီခြိမ်းခြောက်မှုတွေ ဘယ်နေရာ။ဘယ်သူ့ဆီကလာသလဲ၊ ဘယ်သူတွေက လုပ်တာလဲ။
- ဘယ်လို ထောက်ပံ့အားပေးမှုမျိုး ရသလဲ၊ ဆိုလိုတာက ကွန်ရက်တခုခုထဲမှာပါဝင်လုပ်ဆောင်လို့ ရတာမျိုး။
- သင် သို့မဟုတ် သင့်အဖွဲ့အစည်းက ဘာကိုအစိုးရိမ်ဆုံးလဲ။

***ပြဿနာ အခက်အခဲတွေကို ဘယ်လိုဖြေရှင်းမလဲ -***

- သင့်အမြင်အရ HRD တွေရဲ့အခြေအနေ တိုးတက်အောင် ဘာလုပ်သင့်တယ်ထင်လဲ။
- လူ့အခွင့်အရေးအလုပ်တွေ အဆင်ပြေချောမွေ့အောင် NGO တွေနဲ့ INGO တွေ ဘယ်ကဏ္ဍကပါသင့်တယ် ထင်လဲ။
- HRD အလုပ်ကိုအကူအညီပေးဖို့ အစိုးရအနေနဲ့ ဘယ်ကဏ္ဍက ပါဝင်လုပ်ဆောင်သင့်သလဲ။
- လောလောဆယ် အသင့်ရှိနေတဲ့ ကာကွယ်စောင့်ရှောက်ရေး ယန္တရားအမျိုးအစားကဘာလဲ၊ အနာဂတ်မှာ ဘယ်လို ယန္တရားတွေ လုပ်ဆောင်လာတာ မြင်ချင်သလဲ။

***နောက်ထပ်မှတ်ချက်များ -***

# ကျေးဇူးတင်လွှာ

ပုဂ္ဂိုလ်ရေးပိုင်းနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အန္တရာယ်များကြားမှ ဤအစီရင်ခံစာအတွက် သုတေသနလုပ်ငန်းစဉ်တွင် အချိန်ပေး ပါဝင်လုပ်ဆောင်ခဲ့ကြသည့် HRD များနှင့် သုတေသီများကို မိမိတို့မှ ကျေးဇူးအထူးတင်ရှိကြောင်း မှတ်တမ်းတင်အပ်ပါသည်။ ဆွီဒင်နိုင်ငံ နိုင်ငံတကာဖွံ့ဖြိုးရေးအေဂျင်စီမှ ငွေကြေးထောက်ပံ့အားပေးကူညီထားသည့် Civil Rights Defenders အဖွဲ့အားလည်း ကျေးဇူးအထူးတင်ရှိပါသည်။ ယင်းအေဂျင်စီ၏ ရက်ရောသောထောက်ပံ့ကူညီမှုကြောင့် ဤအစီရင်ခံစာပေါ်ထွက်လာခြင်း ဖြစ်ပါသည်။ ယခုအစီရင်ခံစာပါ အကြောင်းအရာများမှာမူ AAPP နှင့် BP တို့၏ တာဝန်နှင့် လုပ်ဆောင်မှုသာ ဖြစ်ပါသည်။